# သုတ်သုံးကျမ်း

(ဦးဧသာဓဝင်)

၁၉၄၈

# သုတ်သုံးကျမ်း

## ဦးသော်ဇင်



စာပလွေ စာအုပ်တိုက်
အမှတ် ၁၁၆/၇၊ ရန်ကင်းမြို့၊ ရန်ကုန်

မြနန္တာ—

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၃၅၈၃)

ပထမအကြိမ် အုပ်ရေ( ၂၀၀၀ )
၁၉၆၉-ခု၊ အောက်တိုဘာလ

(ရန်ကုန်မြို့ တော်ဝင်ဥက္ကလာပ ဟံသာဝတီလမ်း အမှတ် ၁၀၅ ဥယျာဉ်မှူးစာပေ (၀၇၈၉-မြ)ဦးသော်ဇင်က ထုတ်ဝေ၍ ရန်ကုန်မြို့ အမှတ် ၂၈၅ သဇ္ဇာလမ်း ကန်ဘဲ့ မြနန္ဒာပုံနှိပ်တိုက်(၀၇၆၈-မြ) ဦးအုန်းတင်က ပုံနှိပ်သည်၊ မျက်နှာဖုံး-ဇမ္ဗူသီရိ ကိုဝင်း)

# လေးနက်လှပါသည်
# သို့ရာတွင် လွယ်ကူသည်

သုတ်,ဝိနည်း,အဘိဓမ္မာ ဟူ၍ ပိဋကသုံးပုံ ရှိ၏၊ သုတ် သုံးကျမ်း, ဝိနည်း ငါးကျမ်းနှင့် အဘိဓမ္မာ ခုနစ်ကျမ်း ဖြစ်၏၊ သုတ်သုံးကျမ်းမှာ သုတ်သီလက္ခန်, သုတ်မဟာဝါ,သုတ်ပါထေယျ တို့ဖြစ်ကြ၏၊ ယင်း သုတ် သုံးကျမ်းကို အကျဉ်းချုပ်ကာ အဆီထုတ်ပြီး တအုပ်တည်း စုပေါင်းထားပါသည်၊ မြန်မာစာ ဖတ်တတ်သူတိုင်း ပိဋက တပုံကို တထိုင်တည်းဖြင့် ဆောင်နိုင်၏၊ မြတ်စွာဘုရား၏ စကားဘိုမှာ အစ, အလယ်, အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံသည် ဆိုသော်လည်း, သံဂါယနာတင်၍ မြန်မာပြန်သော်လည်း ဖတ်လို့မတတ်ပါ ဆိုသူများ ဝတ္ထု ဆောင်းပါး သတင်းစာ ဖတ်သလို လွယ်ကူစွာ ဖတ်နိုင်၏၊စာအုပ်ငယ်သော်လည်း ကြီးကျယ်ခမ်းနား ဆန်းပြားသော သုတ္တန်ဓမ္မ အနှစ်သာရဘိုဖြင့် တောက်ပ ထွန်းလင်း နေပါသည်။

—စာပဒေ္သ

# ဧဟိ ပဿိ-
# လာလှည့်-ရှုလှည့်

နိဂြောဓ မစဉ်းလဲ မလျှည့်စား ဖြောင့်မတ်သော ပညာရှိ ပုဂ္ဂိုလ် လာပါစေ၊ ငါ ဆုံးမ သွန်သင်အံ့၊ တရားဟောအံ့၊ ငါ ဆုံးမ သွန်သင်သည့် အတိုင်း ကျင့်သူသည် သာသနာ၏ အထွတ်အထိပ် ဖြစ်သော အတုမဲ့ အကျိုးကို ခုနစ်ရက်အတွင်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ကပ်ရောက်၍ နေရမည်၊ရဟန်း ဂေါတမသည် ငါတို့ကို တပည့်ခံစေလို၍ ဤစကား ဆိုသည်ဟု မမှတ်အပ်၊သင်တို့၏ ဆံရာသာလျှင် သင်တို့၏ ဆရာ ဖြစ်ပါစေ၊သင်တို့၏ ကျမ်းစာသာလျှင် သင်တို့၏ ကျမ်းစာ ဖြစ်ပါစေ၊ သင်တို့၏ ကျင့်စဉ်သာလျှင် သင်တို့၏ ကျင့်စဉ် ဖြစ်ပါစေ။

—ဥဒုမ္ဗရိက သုတ်



# မာတိကာ


နိဒါန်း .... .... .... .... ၁


## သုတ် သီလက္ခန်


၁- ဗြဟ္မဇာလ သုတ် .... .... .... ၁၅
၂- သာမည ဖလ သုတ် .... .... .... ၂၃
၃- အမ္ဗဋ္ဌ သုတ် .... .... .... .... ၃၆
၄- သောဏ ဒဏ္ဍ သုတ် .... .... .... ၄၇
၅- ကူဋ ဒဏ္ဍ သုတ် .... .... .... ၅၅
၆- မဟာလိ သုတ် .... .... .... ၆၃
၇- ဇာလိယ သုတ် .... .... .... ၆၇
၈- မဟာ သီဟနာဒ သုတ် .... .... ၆၈
၉- ပေါဋ္ဌပါဒ သုတ် .... .... .... ၇၄

၁၀- သုဘ သုတ် .... .... .... .... ၈၇
၁၁- ကေဝဋ္ဋ သုတ် .... .... .... .... ၈၉
၁၂- လောဟိစ္စ သုတ် .... .... .... ၉၃
၁၃- တေဝိဇ္ဇ သုတ် .... .... .... .... ၉၈

## သုတ် မဟာဝါ

၁- မဟာ ပဒါန သုတ် .... .... .... ၁၀၇
၂- မဟာ နိဒါန သုတ် .... .... .... ၁၁၀
၃- မဟာ ပရိနိဗ္ဗာန သုတ် .... .... ၁၁၅
၄- မဟာ သုဒဿန သုတ် .... .... ၁၃၇
၅- ဇနဝသဘ သုတ် .... .... .... ၁၄၂
၆- မဟာ ဂေါဝိန္ဒ သုတ် .... .... .... ၁၄၄
၇- မဟာ သမယ သုတ် .... .... .... ၁၄၇
၈- သက္ကပဉှာ သုတ် .... .... .... ၁၅၀
၉- မဟာ သတိပဋ္ဌာန သုတ် .... .... ၁၅၃
၁၀- ပါယာသိ သုတ် .... .... .... ၁၅၆

# သုတ်ပါထေယျ


၁- ပါထိက သုတ် .... .... .... .... ၁၆၈
၂- ဥဒုမ္ဗရိက သုတ် .... .... .... .... ၁၇၆
၃- စက္ကဝတ္တိ သုတ် .... .... .... ၁၇၉
၄- အဂ္ဂည သုတ် .... .... .... .... ၁၈၆
၅- သမ္ပသာဒနီယ သုတ် .... .... .... ၁၉၃
၆- ပါသာဒိက သုတ် .... .... .... ၁၉၆
၇- လက္ခဏ သုတ် .... .... .... .... ၁၉၈
၈- သိင်္ဂါလ သုတ် .... .... .... .... ၂၀၁
၉- အာဋာနာဋိယ သုတ် .... .... ၂၀၄
၁၀- သံဂီတိ သုတ် .... .... .... .... ၂၀၆
၁၁- ဒသုတ္တရ သုတ် .... .... .... .... ၂၀၉
နိဂုံး .... .... .... .... .... .... ၂၁၅




# မိမိသည်သာ ကိုးကွယ်ရာ
# တရားကိုသာ မှီခိုပါ

အာနန္ဒာ တထာဂတသည် အလုံးစုံသော အာရုံနိမိတ်တို့ကို နှလုံးမသွင်းခြင်းကြောင့်၎င်း, အချို့သော ဝေဒနာတို့၏ ချုပ်ခြင်းကြောင့်၎င်း, သင်္ခါရနိမိတ်ကို အာရုံ မပြုသော သမာဓိသို့ ရောက်နေ၍ ကိုယ် ခန္ဓာသည် သာလွန်၍ အေးချမ်းပေ၏၊ ထိုကြောင့် သင်တို့သည် မိမိ ကိုယ်ကိုသာ မှီခိုရာ ဖြစ်၍ မိမိမှတပါး ကိုးကွယ်ရာ မရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေကုန်လော့၊ တရားကိုသာ မှီခိုရာ ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေကုန်လော့။

—မဟာပရိနိဗ္ဗာန သုတ်



# နိဒါန်း

အမှန်တရားကို သိ၍ လွတ်မြောက်သူသည် စိတ်လည်း ငြိမ်သက်၏၊ စကားလည်းငြိမ်သက်၏၊ အလုပ်လည်း ငြိမ်သက်၏။

—ဓမ္မပဒ

လောကဓံ တရားဟုရှိ၏၊ လောက၏ သဘာဝ တရားပင်၊ လောက၌ တခါတရံ ပစ္စည်းဥစ္စာ ပေါများ၏၊ တခါတရံ ရှားပါး၏၊ အပေါင်းအသင်း များသည့်အခါလည်း ရှိ၏၊ တခါတလေ အပေါင်းအသင်း မရှိပေ၊ တခါတရံ ရှုတ်ချ ပြစ်တင်ခံရ၍ တခါတရံ ချီးမွမ်း ဂုဏ်ပြုခြင်း ခံရ၏၊ ထို့အတူ ချမ်းသာသည့် အခါလည်း ရှိ၏၊ ဆင်းရဲသည့် အခါလည်း ရှိ၏၊ ဤသဘော တရား ရှစ်ပါးသည် လောက၏သဘာဝ လောကဓံ တရားဖြစ်၏၊ လောကဟူသည် ဤစုံတွဲ သဘာဝနှင့် မကင်းကွာချေ၊ ယင်းတရား ရှစ်ပါးတို့ အပြန်အလှန် လှည့်လည် ဖြစ်ပျက်နေခြင်းကိုပင် လောကဟုခေါ်၏။

လောကတွင် ဤစုံတွဲ တရားတို့ မရှိသော နေရာ မရှိချေ၊ ထို တရားတို့သည် တခု မဟုတ် တခု နေရာ တကာတွင် ရှိနေ၏၊ လောကသား တိုင်းမှာ ဖြစ်ပျက်နေ၏၊ သို့ရာတွင် အချို့လူသည် ဤတရားတို့၏ ဒဏ်ကို ခံနိုင်၏၊ အချို့မှာ မခံနိုင်ချေ၊ မခံနိုင်သူ သည် လောက၏ အမှန်တရားကို ဆန့်ကျင်ပြီး အချည်းနှီး မိမိ ကိုယ်ကို မိမိ ညှင်းဆဲခြင်းဖြစ်၏၊ သို့ရာတွင် ယင်းသဘောတရား ရှစ်ပါးကား တပြောင်းပြန်ပြန် အမှန် ဖြစ်ပျက်နေမည်သာတည်း၊ ဤသဘောတရားတို့ဖြင့် တွေ့ထိသော်လည်း မတုန်လှုပ်သောသူ သည် စိုးရိမ်မှုကင်း၏၊ မြူကင်း၏၊ အေးချမ်း၏၊ လောကမှာ လောကဓံတရားကတော့ ရှိမည်သာတည်း၊ ခံနိုင်ရည်ရှိဘို့သာလို၏။

ဝင်ငွေဖြောင့်၍ တက်ကြွနေလျှင် သို့မဟုတ် ဝင်ငွေမရှိ၍ စိတ် ညစ်နေလျှင် ငါတို့သည် ဘယ်အလုပ်ကို လုပ်၍ ဖြစ်တော့မည် နည်း၊ ပူချည်းနေ၍လည်း မဖြစ်၊ ပူ၍ချည်လည်း မနေပါ၊ အေး ချည်းနေ၍လည်း မဖြစ်၊ အေး၍ချည်းလည်း မနေပါ၊ အပူတလှည့် အအေးတလှည့် ဖြစ်နေပါမှ နေသာထိုင်သာ ဖြစ်သကဲ့သို့ လော ကဓံတရား ရှစ်ပါးသည်လည်း အလှည့်အလည် ဖြစ်နေခြင်းဖြင့် လောကကို နေသာထိုင်သာအောင် ပြုနေ၏၊ လောကသည် လော ကဓံတရားတို့ဖြင့် လှိုင်းထနေသကဲ့သို့ လောကသားတို့လည်း လှိုင်း ကြားတွင် လိမ့်ပြန်နေကြ၏၊ အမျိုးမျိုးသော အလို အစွဲ အယူ တို့ဖြင့် ငြူစူကြ၏၊ ကြည်ဖြူကြ၏၊ မိမိ အလို အစွဲ အယူနှင့် တိုက်ဆိုင်လျှင် ကြည်ဖြူ၏၊ မတိုက်ဆိုင်လျှင် ငြူစူ၏၊ အချို့မှာ ကောင်းသော အလို အစွဲ အယူရှိ၏၊ အချို့မှာ မကောင်းသော အလို အစွဲ အယူရှိ၏၊ စင်စစ် ကောင်း မကောင်းသည်လည်း

မိမိ၏ အလို အစွဲ အယူအတိုင်းပင် ဖြစ်၏၊ မိမိ၏ အလိုအားလျော်စွာ အကောင်းဟု စွဲထားသော အယူအဆသည် သူတပါး၏ အလိုအားလျော်စွာ စွဲယူချက်နှင့် ညီညွတ်ချင်မှ ညီညွတ်မည်။

လွန်ခဲ့သော သုံးလေးနှစ်က မိမိသည် မိလိန္ဒပဥှာ ပါဠိတော် ကျမ်းစာအုပ်ကြီးကို စာအုပ်ငယ်အဖြစ် အကျဉ်းချုပ်လိုက်ပါသည်၊ ထိုအခါ ဗုဒ္ဓသာသနာအဖွဲ့ အုပ်ချုပ်ရေး အရာရှိချုပ် ဝဏ္ဏကျော်ထင် ဦးချစ်တင်က "ဒီအဖွဲ့က ထုတ်တဲ့ ပိဋက မြန်မာပြန် စာအုပ်ကြီး တွေဟာ ကြီးကျယ်ခန်းနားလို့ ခေတ်လူငယ်တွေ မဖတ်နိုင်ကြဘူး၊ အိမ်ဦးခန်းမှာ ကိုးကွယ်ထားဘို့ဘဲ ဖြစ်နေတယ်၊ ဦးသော်ဇင်ရဲ့ စာအုပ်မျိုးမှ လူထုလက်ထဲ ရောက်နိုင်တယ်၊ မနေ့က ကြေးမုံ သတင်းစာမှာ ဦးသော်ဇင်ရဲ့ မိလိန္ဒပဥှာကို အတော် ချီးကျူး ထားတယ်၊ ကျွန်တော်တို့ အဖွဲ့ကလဲ ဒီလို လူတိုင်းဖတ်နိုင်တဲ့ ပိဋက ဘာသာပြန် အကျဉ်းချုပ် စာအုပ်တွေ ထုတ်ရ ကောင်းမလားလို့" ဟု သူ၏ စဉ်းစားချက်ကို ပြောပြ၏၊ ဦးချစ်တင်၏ အလိုအားလျော်စွာ စွဲယူချက်မှာ ပိဋက ဘာသာပြန် အကျဉ်းချုပ် စာအုပ်ကို နှစ်သက်သည်၊ သဘောကျသည်၊ ယင်းဖြင့် လူအများ အကျိုးစီးပွား ဖြစ်လိမ့်မည်ဟု ယုံကြည်၏၊ ထိုမှတပါး ဤကဲ့သို့ ယုံကြည်သူ အများအပြားရှိပေဦးမည်။ မိမိ၏ အလို အစွဲ အယူနှင့် မကိုက်ညီသူ တို့လည်း အမှန်ပင်ရှိကုန်၏၊ သို့ရာတွင် ချီးကျူး၍ တက်ကြွနေပြီး ရှုတ်ချ၍ ဆုတ်နစ်နေပါက ဆက်လက်၍ အလုပ် လုပ်နိုင်တော့ မည် မဟုတ်ချေ။

"အကျော်အစောကို အဆိပ်သဖွယ် ကြောက်ရွံ့၍ ကဲ့ရဲ့ ရှုတ်ချ ခြင်းကို အမြိုက် သုဓာသဖွယ် လိုလား တောင့်တသူသာလျှင် မြင့်

မြတ်၍ ကျမ်းစာနှင့် ဘုရားသခင်ကို သိမြင်နိုင်၏” ဟု မနုရှင် ရသေ့ ဆို၏၊ စုံတွဲ သဘောတရား သို့မဟုတ် လောကဓံဖြင့် မတုန် လှုပ်မူ၍ ယင်းတို့ကို အညီအမျှ ခံယူရန် ဖြစ်၏၊ မခံယူနိုင်၍ လှုပ် ရှားခြင်းသည် လောက သံသရာ ဖြစ်၏၊ ဓမ္မတရားတို့ သူ့သဘော သူဆောင်နေခြင်းကို သိမြင်၍ ခံယူနိုင်သူ အချို့လည်း ရှိကုန်၏၊ ထိုအခါ လှုပ်ရှားခြင်း မရှိ၍ ငြိမ်သက်နေ၏၊ ယင်းသည် အေး ချမ်းသော နိဗ္ဗာန်ဖြစ်၏။

မိမိ အလိုအားလျော်စွာ စွဲယူချက်မှာကား မိမိသည် ထမင်း အိုး ဟင်းအိုးကြီးတို့မှာ ရှိသော မွန်မြတ်သော ထမင်းဟင်းတို့ကို စားလောက်ရုံမျှ အနေတော် ခူးခပ် ပြင်ဆင် ပေးခြင်းဖြစ်၏၊ တနည်း- ရာဝင် အိုးကြီးတွေထဲမှာ သိုလှောင်ထားသော စတုမဓုကို ပုဂ္ဂံယ်ဖြင့် ခပ်ယူပွဲတည်ပေးခြင်းဖြစ်၏၊ လောကတွင် အလုံးစုံ တူညီမှု မဖြစ်နိုင်ချေ၊ ရေလှိုင်းတို့သည် တခုနှင့်တခု မတူသကဲ့သို့ လောကဓံတို့လည်း မတူကြချေ၊ ငြိမ်သက်သော အခိုက်အခါသို့ ရောက်မှ တူမျှပေမည်၊ ငြိမ်သက်နေသော ရေပြင်ကို လှုပ်ပေးက လှုပ်ရှား၏၊ ပြီးနောက် ငြိမ်သက်သွား၏၊ ယင်းသည် လောကနှင့် လောကုတ္တရာ ဖြစ်၏၊ ပညတ်နှင့် ပရမတ် ဖြစ်၏၊ သံသရာနှင့် နိဗ္ဗာန် ဖြစ်၏။

တနေ့ စာရေးဆရာ သတင်းစာဆရာဦးကြီးမောင်(ငွေဥဒေါင်း) နှင့် ဆုံမိ၍ သုတ်သုံးကျမ်းကို အကျဉ်းချုပ် ဘာသာပြန် မည့် အကြောင်း စကားစပ်မိရာ-“ကျနော် ဆရာ စန္ဒြ လုပ်တယ်၊ ဒီစာအုပ်ဟာ မိလိန္ဒပဉ္စာလိုဘဲ လူကြိုက် များလိမ့်မယ်လို့၊ ဘာပြုလို့ လဲဆိုတော့ လူတိုင်းလိုလိုဘဲ သုတ္တန်တွေကို ဖတ်ချင်နေကြတယ်၊

ဒါပေမဲ့ မဖတ်နိုင်ကြဘူး၊ ဒီအတိုင်းသာဆိုယင် ဘုရားစကားဟာ အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်း ဆိုဒါတောင် သံသယဖြစ်စရာ ဖြစ်နေတယ်၊ ပြန်ပါဆရာ, တကယ် လုပ်သင့်တဲ့ အလုပ်ဘဲ-''ဟု လှိုက်လှိုက်လှဲလှဲ တိုက်တွန်း၏။

''အင်မတန် ကျယ်ကျယ်ဝန်းဝန်း ချဲ့ထွင်ထားတဲ့ စကားတွေကို အကျဉ်းချုပ် လိုက်ရုံ, စကား အထပ်ထပ် အကြိမ်ကြိမ် ဆိုထား ဒါတွေကို တကြိမ်ထဲပေါင်းပြီး ဆိုရုံ, သုံးလေးသုတ် ဆက်ဆက် ပါနေတဲ့ အကြောင်းအရာတွေကို မျှတပေးရုံသာ မဟုတ်ဘဲ ခုခေတ် အနေနဲ့ အရေးမကြီးဘူးထင်တဲ့ အကြောင်းအရာ အဘော်များများ တွေကိုလဲ ချန်ထားမယ်လို့ စိတ်ကူးထားတယ်''။

''ဒါ အရေးကြီးဒါပေါ့၊ ဥပမာ-ဝါဒချင်း ယှဉ်ပြိုင် ဆွေးနွေး တဲ့အခါမှာ ဦးခေါင်း ခုနစ်စိပ် ကွဲသွားလိမ့်မယ်လို့ ခြိမ်းခြောက် ထားမျိုးတွေဟာ ဘုရားဂုဏ်တော်,တရားဂုဏ်တော်တွေနဲ့ ဆန့်ကျင် နေတယ်၊ ကျနော်တော့ စာရေးယင် ဒါမျိုးတွေကို ဘယ်တော့မှ မတွေ့ဘူး''။

သို့ဖြင့် မိမိသည် သုတ်သုံးကျမ်းကို အကျဉ်းချုပ် ပြန်ဆိုပြီး စာမူအကြမ်းကို ရန်ကုန်မြို့ ရှစ်မိုင် ပေါက်စေတီကျောင်းတိုက် ဦးဇင်းဉက္ကဋ္ဌဆရာတော် စေတီယင်္ဂဏနှင့် သိင်္ဂုဏပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ် အလှူခံရသော အရှင်သုမိတ္တာဘိဝံသထံသို့ အခြောကိုင် ရန် ပေးပို့လိုက်ပါသည်၊ ဆရာတော်သည် ယင်းစာမူကို ရဟန်းငယ် တပါးအား ဖတ်စေ၏၊ ရဟန်းငယ်သည် ကောင်းစွာ ဖတ်ပြီး နောက်-''သုတ္တန်တွေကို ချောချောမောမော ဖတ်ဖြစ်အောင် ဘယ် လိုများ ပြန်လိုက်ပါလိမ့်-''ဟု တအံ့တသြ ပြောပြကြောင်းနှင့်

ဆရာတော်က အားပေး၏၊ ထို့ပြင် အခြား ပိဋကများကိုလည်း ဆက်လက်ပြန်ဆိုနိုင်စေရန် လိုအပ်သော ပိဋက စာအုပ်များကို ထုတ်ပေးသည်၊ သုတ်သုံးကျမ်းဟု လွယ်ကူအောင် ပေးထားသော အမည်ကိုလည်း ခန့်ငြားအောင် သုတ္တန်ဒေသနာဟု အမည်ပေး သင့်ကြောင်း အကြံပေး၏။

မြတ်စွာဘုရားသည် အတူမရှိသော ဝါ-အလွန် မရှိသော သဗ္ဗညုတ ဉာဏ်ကို သိတော်မူ၍ ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ် ဖြင့် ပရိနိဗ္ဗာန် ပြုမူသည်၏ အကြား လေးဆဲ့ငါးဝါတို့ ပတ်လုံး နတ် လူ နာဂ ယက္ခ စသူတို့ကို ဆုံးမ ကံမြစ်တော်မူသဖြင့်ရင်း ဆင်ဆင်တော်မူသဖြင့်ရင်း ဟောတော်မူအပ်သော ထို အလုံးစုံသော တရားသည် တပါတည်းသော ရသ ရှိ၏၊ ကိလေသာမှ လွတ်မြောက် ခြင်း ဝိမုတ္တိ ရသသာလျှင် ဖြစ်၏၊ မြတ်စွာဘုရား၏စကား တရား ဟူသမျှကို ရသ၏ အစွမ်းဖြင့် ဝေဖန်ပါလျှင် ဝိမုတ္တိရသ တပါးတည် သာ ဟု ဆိုလို၏၊ ထိုမှတပါး ဘုရားစကားများကို ဓမ္မ ဝိနယ အားဖြင့်လည်း ဝေဖန် ပြောဆိုကြသေး၏၊ ဓမ္မ ဝိနယဟု ဆိုလျှင် လည်း မြတ်စွာဘုရား၏ စကား ဟူသမျှ အလုံးစုံ အကုန်ပါဝင်၏၊ ဝိနယ ပိဋကသည် ဝိနည်း မည်၏၊ ကြွင်းသော ဘုရား စကားသည် ဓမ္မ မည်၏၊ ရှေးဦးစွာသော ဘုရားစကား အလယ်ဖြစ်သော ဘုရား စကား အဆုံးစွန်သော ဘုရားစကား ဟူ၍လည်း သုံးပါးအဘို့ဖြင့် ဝေဘန် ပြောဆိုကြသေး၏။

လွန်စွာထင်ရှား၍ လူသိများသော ဝေဖန်နည်းမှာ ပိဋကသုံးပုံ ဖြစ်၏၊ မြတ်စွာဘုရားစကား အလုံးစုံကို ပိဋက သုံးပုံဖြင့် ခွဲဝေလိုက် ပါသော် အချို့သော ဘုရားစကားတို့သည် ဝိနယ ပိဋကတွင် သက်

ဝင်ကုန်၏၊ အချို့သော ဘုရားစကားတို့သည် သုတ္တန် ပိဋကတွင် သက်ဝင်ကုန်၏၊ အချို့သော ဘုရားစကားတို့သည် အဘိဓမ္မ ပိဋကတွင် သက်ဝင်ကုန်၏၊ ပိဋကသုံးပုံဟုဆိုလျှင် ဘုရားစကား အလုံးစုံ အကုန်ပါဝင်၏၊ ပညာရှိတို့သည် မြတ်စွာဘုရား စကားတို့ကို နိကာယ်ငါးရပ်ဖြင့် ဝေဖန် ပြောကြားကြ၏၊ သို့ရာတွင် လူအများကား သုတ် ဝိနည်း အဘိဓမ္မာ ဟုသော ပိဋက သုံးပုံဖြင့်သာ ပြောဆိုကြသည်။

> ပိဋက သဒ္ဒါသည် သင်အပ်သော ပရိယတ္တိ အနက်၌လည်း ဖြစ်၏၊ ခြင်းတောင်း အနက်၌လည်း ဖြစ်၏၊ သင်အပ်သော ပရိယတ္တိ အနက်မှာလည်း ပိဋက သဒ္ဒါကို သုံးစွဲလေ့ရှိသည်၊ တည်ရာ ထည့်ရာ ဖြစ်သော ခြင်းတောင်း အနက်မှာလည်း ပိဋက သဒ္ဒါကို သုံးစွဲလေ့ရှိ၏၊ ဤအနက် နှစ်နက်လုံးပင် ဤတွင် သက်ဝင်နိုင်၏၊ သုတ် ဝိနည်း အဘိဓမ္မာတို့သည် သင်ကြားအပ်သောကြောင့် ပိဋကတို့ မည်ကုန်၏၊ ထိုပြင် သုတ် ဝိနည်း အဘိဓမ္မာတို့၏တည်ရာ ထည့်ရာ ခြင်းတောင်းဖြစ်သောကြောင့်လည်း ပိဋက မည်၏၊ သုတ္တန်တို့ကို ထည့်ထားသော ခြင်းတောင်း ဝိနည်းတို့ကို ထည့်ထားသော ခြင်းတောင်း အဘိဓမ္မာတို့ကို ထည့်ထားသော ခြင်းတောင်းဟု ခေါ်ဆိုနိုင်လေသည်၊ ဤစာအုပ်ကား သုတ္တန်ပိဋက ဖြစ်၏-
>
> မိမိ၏အကျိုး သူတထူး၏ အကျိုးတို့ကို ပြတတ်သော 'သုတ'အနက်ကြောင့်လည်း သုတ္တန် မည်၏၊

အဓိပ္ပာယ်မှာ သုတ္တန်ကို နာသောသူ ဆောင်သော သူ သရဇ္ဈာယ်သောသူတို့အား သုတ္တန်သည် ထိုသူ၏ အကျိုး တပါးသောသူတို့၏ အကျိုးတည်းဟူသော ဒိဋ္ဌဓမ္မိကအကျိုး သမ္ပရာယိကအကျိုး လောကီ လောကုတ္တရာ အကျိုးတို့ကိုလည်း ပြတတ်၏ဟု ဆိုလို၏။

တနည်းကား-မိမိ၏ အနက် သူတပါး၏ အနက် တို့ကို ပြတတ်သော 'သူစ' အနက်ကြောင့်လည်း သုတ္တန် မည်၏၊ ဤသို့ အနက်ကို ယူမူ သုတ္တန် ပိဋကသည်ကား သကတ္တဟူသော သဘောအလျောက် ဟောအပ်သော အနက်ကိုလည်း ပြတတ်၏၊ ပရတ္တ တည်းဟူသော တိတ္ထိတို့၏ အယူတည်း ဟူသော အနက်ကိုလည်း ပြတတ်၏ဟု ဆိုလို၏။

ဤသုတ္တန် ပိဋကဉ် ဝေနေယျ ပုဂ္ဂိုလ်တို့၏ အလိုအား လျောက်ပတ်သဖြင့် ဟောအပ်သော ကြောင့် ကောင်းစွာ ဟောအပ်၏၊ထိုကြောင့်လည်း ဤပိဋကသည် အနက်တို့ကို ပွားစေတတ်၏၊ ကောက်ပင်သည် စပါးကို ပွားစေသကဲ့သို့တည်း။

သားငယ်ရှိသော နွားမသည် နို့ကို ယိုစေတတ် သကဲ့သို့ ဤသုတ္တန်ပိဋကသည် အနက်တို့ကို ယိုစေ တတ်၏၊ ယင်းသို့ အနက်တို့ကို ယိုစေတတ်သော ကြောင့်လည်း သုတ္တန်မည်၏။

> တမျဉ်းချည်သည် တစည်းသမား (လက်သမား) တို့အား အတိုင်း အတာ ပမာဏ ဖြစ်သကဲ့သို့ ထိုသုတ္တန် ပိဋကသည်လည်း ပညာရှိတို့အားအတိုင်း အတာ ပမာဏ ဖြစ်၏၊ ချည်ဖြင့် သိအပ်ကုန်သော ပန်းတို့သည် ဖရိုဖရဲ မရှိကုန်သကဲ့သို့ မပျက်စီးကုန်သကဲ့သို့ သုတ္တန်ပိဋကဖြင့် ရေတွက်အပ်ကုန်သော အနက်တို့သည် ဖရိုဖရဲ မရှိကုန်၊ မပျက်စီးကုန်၊ ထိုကြောင့်လည်း သုတ္တန်ဟူ၍ ဆိုအပ်၏။

သုတ္တန် ပိဋကမှာ သီလက္ခန္ဓဝဂ္ဂ မဟာဝဂ္ဂ ပထိကာဝဂ္ဂဟူ၍ သုံးကျမ်းရှိ၏၊ ယင်းကို သုတ်သုံးကျမ်းဟု ခေါ်၏၊ မြန်မာတို့က သီလက္ခန္ဓဝဂ္ဂကို သုတ်သီလက္ခန် မဟာဝဂ္ဂကို သုတ်မဟာဝါ ပါထိကာဝဂ္ဂကို သုတ်ပါထေယျဟု အသီးသီးခေါ်ဆိုကြ၏၊ သုတ်သီလက္ခန်တွင် ၁၃-သုတ် သုတ်မဟာဝါတွင် ၁၀-သုတ်နှင့် သုတ်ပါထေယျတွင် ၁၁-သုတ်အားဖြင့် သုတ်သုံးကျမ်းတွင် သုတ်ပေါင်း ၃၄ သုတ်ရှိ၏၊ ယင်းသုတ်သုံးကျမ်းသည် ပါဠိဘာသာ၌လည်း ပိဋကစာအုပ်ကြီးများ အရွယ်ဖြင့် တကျမ်း တအုပ် သုံးအုပ်ရှိ၍ မြန်မာပြန်၌လည်း ထိုအတူ သုံးအုပ်ရှိ၍ အဖိုးတအုပ်တဆယ်နှင့် သုံးကျမ်း သုံးဆယ်ဖြစ်၏။

ဤစာအုပ်မှာ ထိုစာအုပ်နှင့် ယှဉ်ပါလျှင် အလုံးစုံ အကုန်ကွာခြား၏၊ အရွယ်လည်း ငယ်သည်၊ စာမျက်နှာလည်း နည်းသည်၊ ထိုကြောင့် အဖိုးလည်း လျော့သည်၊ ထိုသုတ်သုံးကျမ်းတွင် တကျမ်း၏ သုံးပုံ့ တပုံပင် ရှိမှ ရှိမည်၊ ထိုကြောင့် ဤစာအုပ်ငယ်တွင် သုတ်သုံးကျမ်း အလုံးစုံ အကုန် ပါဝင်နိုင်ပါမည်လော

ဟု မေးဖွယ်ရှိ၏၊ အကုန်ပင် ပါဝင်၏၊ သို့ရာတွင် အပို မပါချေ၊ လိုရင်းအချက်ကို ကွက်ကွက် ကွင်းကွင်း အမိဖမ်းထား၏၊ ထို့ကြောင့် စာအုပ် အရွယ် ငယ်သော်လည်း သုတ်သုံးကျမ်းမှ ၃၄ သုတ်လုံးကို လက်တွင်းမှာ ဆုပ်ကိုင်ထားနိုင်၏။

မိမိသည် ရှေးအခါက သုတ်သုံးကျမ်းကို ပလ္လင်ပေါက် ဖတ်မည်ဟု ဆောက်တည်ကာ အကြိမ်ကြိမ်ဖတ်ခဲ့ဘူး၏၊ သို့ရာတွင် ပါဠိတော်၏ မူအတိုင်း အဖန်ဖန် အခါခါ အထပ်ထပ် ပါသော စကားတို့ကို ငြီးငွေ့သဖြင့် အကြိမ်ကြိမ် ပျက်ကွက်ခဲ့၏၊ နောက်ဆုံးတွင် အဓိဋ္ဌာန်ဖြင့် ကြိုးစား ဖတ်လိုက်ရ၏၊ ပါဠိတော်တို့၏ လက်ရှိပုံစံသည် ရှေးဦးစွာ သံဂါယနာ တင်စဉ်အခါက စာရှုသူတို့၏ စရိုက်နှင့် အလိုက်သင့် ဖြစ်ကောင်း ဖြစ်မည်၊ ထိုမူသည် ယခု လူတို့အတွက်မှာ ခက်နေသည်၊ စိတ်ဝင်စားအောင် မဆွဲဆောင်တော့ချေ၊ အဓိပတိ ပစ္စည်းဖြင့် ကြိုးစားပြီး ဖတ်လေမှ ဖတ်ဖြစ်တော့မည်၊ စာပေသမားဟူသော အမည်ကို ခံယူသူ အတော်များများပင် ပါဠိတော်တို့ကို ဖတ်ရှုလေ့လာရန် စိတ်အား ထက်သန်ခြင်း မရှိကြ၊ အကြောင်းကား အဖတ်ရ ခက်သောကြောင့်ဖြစ်၏၊ အကယ်၍ လူတိုင်း ဖတ်နိုင်ပါသော် အဘယ်မျှ နေရာကျချိမ့်မည်နည်း။

မြတ်စွာဘုရား၏ စကားသည် ကောင်း၏၊ အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံ၏၊ ကောင်းစွာ ဟောကြားသော တရားတို့ ဖြစ်ပါ၍ စာဖတ်တတ်သူတိုင်း တရားအဆီကို လွယ်ကူစွာ သုံးဆောင်နိုင်စေရန် စီစဉ်လိုက်ခြင်း ဖြစ်၏၊ အတော်ပင် အကျဉ်းချုပ်လိုက်သော်လည်း အရေးကြီး

သော အချက်အလက်တို့ လွတ်ထွက်မသွားစေရန် အကူး သတိထား ပါသည်၊ ရှေးဆရာမြတ်တို့၏ ဝေါဟာရ အသုံး အနှုန်းတို့ကိုလည်း စောင့်သုံးလျက် ဤခေတ်ဘွင် အဆင်ပြေစေရန်လည်း ကြံဆောင် ထားပါ၏၊ မြတ်စွာဘုရားသည် အစွန်းနှစ်ဘက်လွတ်သော မဇ္ဈိမ ပဋိပဒါခေါ် အလယ်လမ်းကို ချီးကျူးတော်မူ၏၊ ဤစာအုပ်သည် ထိုလမ်း၏ တပွင့်ပန်းကဲ့သို့ ဖြစ်၏၊ မကျယ်လွန်း မကျဉ်းလွန်း မခက်လွန်း မလွယ်လွန်းတို့၏ အလယ် ဗဟိုဟု ဆိုလိုပါသည်။

ပါဠိတော်ဟူသည် အရှင်မဟာကဿပ အစရှိသော အရှင်မြတ်တို့၏ သံဂါယနာ တင်သော အစီအစဉ် အကိုင်းဖြစ်၏၊ သံဂါယနာ ဆိုသည်မှာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြစ်၍ စကားပြေဟု ဆိုလို၏၊ စကားပြေသည် တရားဟောသည်နှင့် တူ၏၊ ကရားဟောသည်ကို နားထောင်လျှင် ကောင်း၏၊ စာကဲ့သို့ ဖတ်သောအခါ တမျိုး ဖြစ်နေ၏၊ ဖတ်၍ ကောင်းသည်မှာ စာပင်ဖြစ်၏၊ စာကို နားထောင်ကလည်း မကောင်းလှချေ၊ စာကို ဖတ်ရမည်၊ စကားကို နားထောင်ရမည်၊ သံဂါယနာတင် ပါဠိတော်တို့ကား နားဆောင်မှ ပိုပြီး အရသာရှိမည်၊ ဤတွင်ကား စာအသွင် စီစဉ်ထားပါ၍ စာဖတ်သူတို့အတွက် နှစ်သက်ဖွယ် ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

သို့ရာတွင် လောကသည် အများအားဖြင့် လှုပ်ရှားနေသည်၊ တခါတရံ လှိုင်းသေး လှိုင်းမွှား ကလေးများ တခါတရံ လှိုင်းအလတ်စား တခါတရံ လှိုင်းလုံးကြီးတို့ ထကြွနေကုန်၏၊ ဝင်ငွေ တပ်မက်ခြင်း မာန်မာနနှင့် တွေဝေခြင်းတို့ကြောင့် ဖြစ်ရ၏၊ ပင်ကိုယ် သဘာဝကား လှုပ်ရှားခြင်း မရှိချေ၊ ငြိမ်သက်နေ၏၊

၄၅၈၀

ထိုအခါ အညီအညွတ်ဖြစ်၍ အေးချမ်း သာယာမည်သာတည်း၊ သို့ရာတွင် သဘောတရား တခုမှာ ရေသည် ပူသော်လည်း မီးကို ငြိမ်းစေ၏၊ မီးကား တောက်လောင်နေသောအခါ ပူ၍ အေးငြိမ်း သွားလျှင်မူလည်း မဲနက်စေ၏၊ ယင်းသည်လည်း အဖြူကို ထောက်၍ မဲနက်ခြင်းဖြစ်သည်၊ အဖြူဖြစ်စေ အမဲဖြစ်စေ လောက၏သတ်မှတ်ချက်သာ ဖြစ်၏၊ ပရမတ္ထအားဖြင့် ထင်ရှား မရှိချေ၊ အကောင်း အဆိုး အမှန် အမှား စသည်တို့လည်း ထိုအတူ သုံးစွဲ ဖြစ်ရုံ အခိုက် အတန့်သာ အချင်းချင်း အပြန်အလှန် သမုတ်ခြင်းတို့သာ ဖြစ်၍ ခံနိုင်ရည်ရှိဘို့ လိုပေသည်။

ရဟန္တာသည် မြေကြီးနှင့် တူစွာ သည်းခံ၏၊
အမျက်ဒေါသဖြင့် ဆန့်ကျင်ဘက် မပြု၊
မယိမ်း မယိုင် တံခါးတိုင်ကဲ့သို့ တည်ကြည်၏၊
လောကဓံကြောင့် ဖောက်ပြန်ခြင်း မရှိ၊
ဤကဲ့သို့သောသူသည် သံသရာ၌ မကျင်လည်ရ။

—ဓမ္မပဒ



# သုတ် သီလက္ခန်



ဟိန္ဒူ ပန်းချီဆရာ ရေးဆွဲသော
ယဇ် ပူဇော်နေသည့် ပုရောဟိတ်

# ၁-ဗြဟ္မဇာလသုတ်

## ပရိဗိုဇ်နှစ်ဦး

အခါတပါး မြတ်စွာဘုရားသည် ရဟန်း သံဃာ ငါးရာမျှနှင့်အတူ ရာဇဂြိုဟ်နှင့် နာလန္ဒာ အကြား ခရီးရှည် ကြွသွားတော်မူ၏၊ သုပ္ပိယ ပရိဗိုဇ်လည်း တပည့် ဗြဟ္မဒတ် လုလင်နှင့် အတူ နောက်မှ လိုက်လာ၏၊ သုပ္ပိယသည် ဘုရား တရား သံဃာ၏ အပြစ်ကို အမျိုးမျိုး ဝေဘန် ပြောဆို၍ ဗြဟ္မဒတ် လုလင်က ဂုဏ်ကို ဆို၏။

မြတ်စွာဘုရားနှင့် သံဃာများ အမ္ဗလဋ္ဌိက ဥယျာဉ်သို့ ရောက်၍ မင်းကွန်း၌ တည်းခိုနေကြ၏၊ သူတို့လည်း ထိုမင်းကွန်း တနေရာမှာပင် တည်းခိုကြလျက် ဘုရား တရား သံဃာနှင့် ပတ်သက်၍ အချင်းချင်း ဆန့်ကျင့်ဘက်စကား ဆက်လက် ပြောကြားနေကြ၏။

မိုးသောက်သောအခါ ဆရာ တပည့် နှစ်ယောက် အယူ အဆ ကွဲပြားလျက် စောစောပင်လျှင် မင်းကွန်းမှ ထွက်ခွာသွားကြ၏၊ ထိုနောက် ရဟန်းတို့သည် တန်ဆောင်ဝန်း၌ စုဝေးကြလျက် ဆရာ တပည့် နှစ်ယောက် အချင်းချင်းချင်း အမြင်ခြင်း မတူဖြစ်နေပုံတို့ကို ပြောဆိုနေကြ၏၊ ထိုအခါ မြတ်စွာဘုရား ကြွလာတော်မူပြီး အကြောင်းကို မေးကာ မိန့်ကြားတော်မူ၏—

"ရဟန်းတို့ သူတပါးတို့က ငါတို့ကို အပြစ်ပြော ကြလျှင် သင်တို့ ရန်ငြိုးထားခြင်း နှလုံးမသာခြင်း စိတ်မချမ်းသာခြင်း မဖြစ်စေသင့်၊ ဖြစ်ပါလျှင် သင်တို့အားသာ အန္တရာယ်ဖြစ်ပြီး သူတပါးတို့၏ စကား အကောင်း အဆိုးကို သိနိုင်ကြတော့မည် လော၊ မဟုတ်လျှင် မဟုတ်သည့် အတိုင်း ဖြေရှင်း ရမည်၊ ငါတို့ဂုဏ်ကို ပြောလျှင်လည်း နှစ်သက် ဝမ်းသာ တက်ကြွခြင်း မဖြစ်ကြစေသင့်၊ ဖြစ်ပါ လျှင် သင်တို့အားသာ အန္တရာယ် ဖြစ်ရာ၏၊ ဟုတ် မှန်လျှင် ဟုတ်မှန်သည့်အတိုင်း ဝန်ခံရမည်။"

## သီလသုံးပါး

**စူဠသီလ**= ပုထုဇဉ်သည် ဗုဒ္ဓ၏ဂုဏ်ကို အနည်းငယ်မျှသော သီလ အနိမ့်စားဖြင့်သာ ပြောနိုင်ရာ၏၊ ရဟန်း ဂေါတမသည် အသက်သတ်ခြင်း မပေးသည်ကို ယူခြင်း မေထုန်အကျင့် ဂုံးတိုက် ခြင်း ကြမ်းသောစကား ပြိန်ဖျင်းသော စကားမှရှင်း, မျိုးစေ့ သစ်ပင်တို့ကို ဖျက်ဆီးခြင်း ညစာစားခြင်း ပွဲသဘင်ကြည့်ရှုခြင်း ပန်းနံ့သာလိမ်းခြယ်ခြင်း မြင့်မြတ်သော နေရာမှရှင်း, ရွှေ ငွေ အသားစိမ်း မိန်းမ ကျေးကျွန် သိုး ဆိတ် ကြက် ဝက် ဆင် မြင်း ကျွဲ နွား လယ် ယာကို ခံယူခြင်းမှရှင်း, တမန် အစေအပါး အမှု ကို ဆောင်ရွက်ခြင်း ရောင်းဝယ်ခြင်း ချိန် အသပြာ ခြင်တွယ် တိုင်းတာ စဉ်းလဲခြင်း ကောက်ကျစ်ခြင်း သတ်ဖြတ်နှောင်ဖွဲ့ခြင်း လုယက်ဖျက်ဆီးခြင်းတို့မှ ကြဉ်ရှောင်၏၊ ပုထုဇဉ်သည် ဗုဒ္ဓ၏ ဂုဏ် ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

**မဇ္ဈိမ သီလ**—ထိုပြင်လည်း အချို့သော သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မျိုးစေ့အပေါင်း အပင်အပေါင်း ဖျက်ဆီးခြင်း ပြုလျက်နေကြ၏၊ အချို့လည်း ဆွမ်း အဖျော် စသည်ကို သိုမှီး သုံးဆောင်ခြင်းပြုလျက် နေကြ၏၊ အချို့လည်း အပျော် အရွှင် ပွဲသဘင်ကို ကြည့်ရှုခြင်း ပြုလျက်နေကြ၏၊ အချို့လည်း လောင်းကစားခြင်း ပြုလျက် နေကြ၏၊ အချို့လည်း မြင့်မြတ်သော အိပ်ရာ နေရာပြုလျက်နေကြ၏၊ အချို့လည်း အမွေး နံ့သာ လိမ်းခြယ် ဆင်ယင်ခြင်း ပြုလျက် နေကြ၏၊ အချို့လည်း နတ်ရွာ နိဗ္ဗာန် ရောက်ကြောင်း အကျင့်နှင့် ဆန့်ကျင်သော ဗိလာစကား ပြောလျက်နေကြ၏၊ အချို့လည်း အငြင်းစကား ပြောလျက် နေကြ၏၊ အချို့လည်း တမန် အစေ အပါး အမှု ဆောင်ရွက်ခြင်း ပြုလျက် နေကြ၏၊ အချို့လည်း လာဘ်လာဘ အလို့ငှာ အံ့ဖွယ်လည်း ဖြစ်စေကုန်၏၊ မြှောင့်ပင့်၍လည်း ပြောကုန်၏၊ အရိပ်အခြည်လည်း ပြကုန်၏၊ အတင်းအကြပ်လည်း ပြုကုန်၏၊ လာဘ်ဖြင့် လာဘ်ကို ရှာမှီးကုန်၏၊ သို့ရာတွင် ရဟန်းဂေါတမသည် ဤသို့ မျိုးစေ့ဖျက်ဆီးခြင်း စသည်တို့မှ ရှောင်ကြဉ်၏၊ ပုထုဇဉ်သည် ဗုဒ္ဓ၏ ဂုဏ်ကိုပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

**မဟာသီလ**-ထိုပြင်လည်း အချို့သော သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဗေဒင်ဟောခြင်း ဆေးကုခြင်းစသော ဗိလာအတတ်ဖြင့် အသက်မွေးကြ၏၊ အချို့လည်း ကျောက်မျက် အဝတ်အထည် လက္ခဏာ စသော ဗိလာ

အတတ်ဖြင့် အသက်မွေးကြ၏၊ အချို့လည်း မင်းတို့ စစ်ထွက်အံ့ စစ်ပြန်အံ့စသော ဗိလာအတတ်ဖြင့် အသက်မွေးကြ၏၊ အချို့လည်း လကြတ် နေကြတ် စသော ဗိလာအတတ်ဖြင့် အသက်မွေးကြ၏၊ အချို့လည်း မိုးလေ စသော ဗိလာအတတ်ဖြင့် အသက်မွေးကြ၏၊ အချို့လည်း ထိမ်းမြားမင်္ဂလာ စသော ဗိလာအတတ်ဖြင့် အသက်မွေးကြ၏၊ အချို့လည်း စုန်းနတ် ပယောဂ စသော ဗိလာအတတ်ဖြင့် အသက်မွေးကြ၏၊ သို့ရာတွင် ရဟန်းဂေါတမသည် မှားသော အသက်မွေးမှုဖြစ်သော ဗိလာအတတ်တို့မှ ရှောင်ကြဉ်၏၊ ပုထုဇဉ်သည် ဗုဒ္ဓ၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

"ရဟန်းတို့ ပုထုဇဉ်သည် ဗုဒ္ဓ၏ဂုဏ်ကို ပြောခဲ့လျှင် ပြောနိုင်ရာသည့် အနည်းငယ်မျှသာဖြစ်သော နိမ့်ကျသော သီလဟူသမျှသည် ဤသည်ပင်တည်း"။

## မိစ္ဆာဒိဋ္ဌိ

"ရဟန်းတို့ သီလမှတပါး နက်နဲကုန်သော သိမြင်နိုင်ခဲကုန်သော ငြိမ်သက်မွန်မြတ်ကုန်သော ကြံစည်ခြင်းဖြင့် မရောက်နိုင်ကုန်သော သိမ်မွေ့ကုန်သော ပညာရှိတို့သာ သိနိုင်ကုန်သော တရားတို့ ရှိကုန်သေး၏၊ ဗုဒ္ဓသည် ယင်းတရားတို့ကို ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောတော်မူ၏၊ ဗုဒ္ဓ၏ ဟုတ်မှန်သော ဂုဏ်ကို မှန်စွာပြောလိုလျှင် ယင်းတရားတို့ဖြင့် ပြောကြရာ၏။" ထိုတရားတို့ကား-

**သဿတ ဒိဋ္ဌိ**- တည်မြဲ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထိုသူတို့သည် အတ္တကိုရင်း လောက ကိုရင်း အမြဲတည်၏ဟု ပြကုန်၏။

**ကေစ္စ သဿတ ဒိဋ္ဌိ-** အချို့ တည်မြဲ အချို့ မတည်မြဲ အယူ ရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထိုသူတို့သည် အတ္တကိုရင်း လောကကိုရင်း အချို့တည်မြဲ၏၊ အချို့မတည်မြဲဟု ပြကုန်၏။

**အနန္တာ နန္တ ဒိဋ္ဌိ-** အဆုံးရှိ အဆုံးမရှိ အယူ ရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထိုသူတို့သည် လောက၏ အဆုံးရှိ အဆုံးမရှိကို ပြကုန်၏။

**အမရာ ဝိက္ခေပ ဝါဒ-** အဆုံးမရှိ ပယ်လွင့်သော အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထိုသူတို့သည် ထိုထိုအရာ၌ အမေးခံကြရလျှင် အဆုံး မရှိ ပယ်လွင့်သော စကားကို ဆိုကုန်၏။

**အဓိစ္စ သမုပ္ပန္န ဝါဒ-** အကြောင်းမဲ့ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထိုသူတို့သည် အတ္တကိုရင်း လောကကိုရင်း အကြောင်းမဲ့ ဖြစ်ပေါ်၏ဟု ပြကုန်၏။

**ဥဒ္ဓ မာဃာတနိက သညီ ဝါဒ-** သေပြီးနောက် သညာရှိ အယူ ရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထိုသူတို့သည် သေပြီးသည့်နောက် သညာရှိသော အတ္တကို ပြကုန်၏။

**ဥဒ္ဓ မာဃာတနိက အသညီ ဝါဒ-** သေပြီးနောက် သညာ မရှိ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ သူတို့သည် သေပြီးနောက် သညာ မရှိသော အတ္တကို ပြကုန်၏။

**ဥဒ္ဓ မာဃာတနိက နေဝသညီ နာသညီ ဝါဒ-** သေပြီးနောက် သညာ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ် အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထိုသူတို့သည်

သေပြီးနောက် သည္ဘာ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ် သော အတ္တကို ပြကုန်၏။

**ဥစ္ဆေဒ ဝါဒ–** ပြတ်စဲ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထိုသူတို့သည် ထင်ရှားသော သတ္တဝါ၏ ပြတ်စဲ ပျက်စီး ပျောက်ကင်းခြင်းကို ပြကုန်၏။

**ဒိဋ္ဌ ဓမ္မ နိဗ္ဗာန ဝါဒ–** မျက်မှောက် လောကီနိဗ္ဗာန် အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထိုသူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက် လောကီ နိဗ္ဗာန်ကို ပြကုန်၏။

"ရဟန်းတို့ ထိုသူတို့တွင် နောက်အဘို့ကို ကြံဆကုန်သော နောက်အဘို့ကို စွဲယူကုန်သော ရှေးအဘို့ကို ကြံဆကုန်သော နောက် အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို ကြံဆကုန် သော ရှေးအဘို့ နောက်အဘို့ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် မိမိအယူ၌ နစ်မြှုပ်ဝမ်းသာသော အကြင် ဝေဒ နာဖြင့် ခံစားကုန်လျက် ရှေးအဘို့ နောက်အဘို့ကို စွဲမှီ၍ များ ပြားသော မိစ္ဆာ အယူပြ စကားတို့ကို ပြောဟောကုန်၏၊ ထို ဝေဒနာသည်လည်း အမှန်ကို မသိ မမြင်ကုန်သော တဏှာ ပူးကပ် ကုန်သော ထိုသမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တ ခြင်းဖြင့် တုန်လှုပ်သည်သာတည်း"—

"ရဟန်းတို့ ထိုသူတို့တွင် နောက်အဘို့ကို ကြံဆကုန်သော နောက်အဘို့ကို စွဲယူကုန်သော ရှေးအဘို့ကို ကြံဆကုန်သော နောက် အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏ

တို့သည် မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင် ဝေဒနာဖြင့် ခံစားကုန်လျက် ရှေးအဘို့ နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြု စကားတို့ကို ပြောဟောကုန်၏၊ ထိုသမဏ ဗြာဟ္မဏ တို့၏ ဝေဒနာသည်လည်း ဖဿဟူသော အကြောင်းကြောင့် ဖြစ်၏”-

“ရဟန်းတို့ ထိုသူတို့တွင် နောက်အဘို့ကို ကြံဆကုန်သော နောက်အဘို့ကို စွဲယူကုန်သော ရှေးအဘို့ကို ကြံဆကုန်သော နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် မိမိအယူ၌ နှစ်ခြိုက် ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက် ရှေးအဘို့ နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြု စကားတို့ကို ပြောဟောကုန်၏၊ ထိုသမဏ ဗြာဟ္မဏတို့သည် ဖဿနှင့်ကင်း၍ သို့ဝေဒနာကို စင်စစ် ခံစားနိုင်ရာသော အကြောင်း မရှိ”—

“ရဟန်းတို့ ထိုမိစ္ဆာအယူပြု စကားတို့ကို ပြောဟောကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် ဖဿဖြစ်ကြောင်း ဒွါရခြောက်ပါး တို့ဖြင့် တွေ့ထိ၍ တွေ့ထိ၍ ခံစားကုန်၏၊ ထိုသူတို့အား ဝေဒနာ ကြောင့် တဏှာ ဖြစ်၏၊ တဏှာကြောင့် ဥပါဒါန် ဖြစ်၏၊ ဥပါဒါန် ကြောင့် ဘဝ ဖြစ်၏၊ ဘဝကြောင့် ဇာတိ ဖြစ်၏၊ ဇာတိကြောင့် အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံး မသာခြင်း ပြင်းစွာပူပန်ခြင်းတို့ ဖြစ်ကုန်”-

“ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ဖဿဖြစ်ကြောင်း ဒွါရ ခြောက်ပါးတို့၏ ဖြစ်ကြောင်းကိုရင်း ချုပ်ကြောင်းကိုရင်း သာယာ

ဖွယ်ကိုရင်း အပြစ်ကိုရင်း ဖဿာယတနတို့မှ ထွက်မြောက်ရာကိုရင်း ဟုတ်မှန်သောအတိုင်း သိ၏၊ ဤရဟန်းသည် ဤမိစ္ဆာအယူ အလုံးစုံတို့ထက် အထူးသဖြင့် လွန်မြတ်သော တရားကို သိ၏၊ မျှားပြားသော မိစ္ဆာအယူပြ စကားတို့ကို ပြောဟောကုန်သော ထိုသမဏ ဗြာဟ္မဏ အားလုံးတို့သည် ဤမိစ္ဆာအယူဖြင့် ဒေသနာ ကွန်ရက် အတွင်း၌ မိကုန်သည်ဖြစ်၍ ပေါ်ကြလျှင် ဤဒေသနာ ကွန်ရက် အတွင်း၌ တည်ကုန်လျက်သာ ပေါ်ကုန်၏၊ ဤဒေသနာကွန်ရက်၌ အကျုံးဝင်ကုန်သည်ဖြစ်၍ ပေါ်ကြလျှင် ဒေသနာ ကွန်ရက်အတွင်း၌ မိကုန်လျက်သာ ပေါ်ကုန်၏''

''ရဟန်းတို့ ဥပမာ ကျွမ်းကျင်သော တံငါသည်သည် ကွန်ရက်စိပ်ဖြင့် ရေအိုင်ငယ်ကို လွှမ်းအုပ်ရာ- 'ဤရေအိုင်ငယ်ရှိ ကြီးသော ရေသတ္တဝါအားလုံးတို့သည် ကွန်ရက်စိပ် အတွင်း၌ တည်ကုန်လျက်သာလျှင် ပေါ်ကုန်၏၊ ဤကွန်ရက်စိပ်၌ အကျုံးဝင်ကုန်သည်ဖြစ်၍ ပေါ်ကြလျှင် ကွန်ရက်စိပ် အတွင်း၌ မိကုန်လျက်သာလျှင် ပေါ်ကုန်၏'-ဟု စိတ်ဖြစ်ရာ၏၊ ထိုအတူ ထိုသမဏ ဗြာဟ္မဏတို့သည် ဤမိစ္ဆာအယူတို့ဖြင့် ဒေသနာ ကွန်ရက်၌ မိကုန်လျက်သာ ပေါ်ကုန်၏''-

''ရဟန်းတို့ ဗုဒ္ဓ၏ ကိုယ်သည် ဘဝ တဏှာ ပြတ်ပြီးဖြစ်လျက် တည်၏၊ ဗုဒ္ဓ၏ ကိုယ် တည်နေသမျှ ကာလအတွင်း၌သာ ထိုဗုဒ္ဓကို နတ်လူတို့ ဖူးတွေ့ကြရမည်၊ အသက်ဆုံး၍ ကိုယ်ပျက်စီးသည်မှ နောက်၌ ထိုဗုဒ္ဓကို နတ်လူတို့ ဖူးတွေ့ကြရမည် မဟုတ်၊ ဥပမာ သရက်ခိုင်သည် အညှာပြတ်ခဲ့လျှင် အညှာ၌ တွယ်နေသော သရက်သီး အားလုံးတို့ ထိုအညှာသို့ လိုက်ပါကုန်သကဲ့သို့ တည်း''။

ဤသို့ ဟောတော်မူသော် အရှင်အာနန္ဒာသည် မြတ်စွာဘုရား အား– "အံ့ဘွယ်ရှိပေစွ အရှင်ဘုရား၊ မဖြစ်ဘူးမြဲ ဖြစ်ပေစွ အရှင် ဘုရား၊ ဤဘုရားဒေသနာတော်သည် အဘယ်အမည် ရှိပါသနည်း အရှင်ဘုရား"– ဟု လျှောက်၏။

"အာနန္ဒာ သို့ဖြစ်၍ သင်သည် ဤတရား ဒေသနာတော်ကို အတ္ထဇာလ= အနက်သဘော ကွန်ရက်ဟုရင်း, ဓမ္မဇာလ= တရား အစဉ် ကွန်ရက်ဟုရင်း, ဗြဟ္မဇာလ= မြတ်သော ဉာဏ်ကွန်ရက်ဟု ရင်း, ဒိဋ္ဌိဇာလ= အယူဝါဒ ကွန်ရက်ဟုရင်း, အနုတ္တရသင်္ဂါမ ဝိဇယ= အတုမဲ့ စစ်အောင်ပွဲဟုရင်း မှတ်လော့"။

ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားကို နှစ်လို ဝမ်းမြောက်စွာ ခံယူကုန်၏၊ ဤစကားဖြင့် တရား တော်ကို ဟောတော်မူသော် တသောင်းသော လောကဓာတ်သည် တုန်လှုပ်လေသတည်း။

## ၂-သာမညဖလသုတ်

### အဇာတသတ်

အခါတပါး မြတ်စွာဘုရားသည် ရဟန်း သံဃာ ဘထောင့် နှစ် ရာ့ ငါးဆယ်နှင့်အတူ ရာဇဂြိုဟ်ပြည် အဘယမင်းသား မွေးစား သော ဇီဝက၏ သရက်ဥယျာဉ်၌ နေတော်မူ၏၊ ထိုစဉ်အခါ ဝေဒေ ဟီ မိဘုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မိုးလေးလ အဆုံး ကုမုဒြာ ကြာပွင့်ချိန် တန်ဆောင်မုန်း လပြည့်နေ့ညဉ့်၌

မင်း အမတ် အပေါင်း ခြံရံလျက် မြတ်သော နန်းပြာသာဒ်၌ နေ၏၊ ထိုအခါ အဇာတသတ်မင်းသည် ဤသို့ ဥဒါန်း ကျူးရင့်၏-

အချင်းတို့ လသာသော ညဉ့်သည် မွေ့လျော်ဖွယ် ကောင်းစွတကား၊ အလှန် လှပစွတကား၊ ရှုချင်ဖွယ် ကောင်းစွတကား၊ ကြည်နူးဖွယ် ကောင်းစွတကား၊ မှတ်သားဖွယ် ကောင်းစွတကား၊ ယနေ့ အဘယ် သမဏ ပြာဟ္မဏတို့ကို ငါတို့ ဆည်းကပ်ရပါကုန်အံ့နည်း၊ အဘယ်သူ့ကို ဆည်းကပ်လျှင် ငါတို့စိတ် ကြည်လင်ရာပါအံ့နည်း။

ထိုအခါ အမတ်တို့တွင် အချို့က ပူရဏ ကဿပကိုရင်း, အချို့က မက္ခလိ ဂေါသာလကိုရင်း, အချို့က အဇိတ ကေသ ကမ္ဗလကိုရင်း, အချို့က ပကုဓ ကစ္စာယနကိုရင်း, အချို့က သဉ္စယ ဗေလဋ္ဌပုတ္တကိုရင်း, အချို့က နိဂဏ္ဌ နာဋ္ဋပုတ္တကိုရင်း ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏ဟု အသီးသီးလျှောက်ကြ၏၊ သို့ရာတွင် အဇာတသတ်မင်းသည် ဆိတ်ဆိတ်နေ၏၊ ထိုစဉ်အခါ ဇီဝကသည် အဇာတသတ်မင်း၏ အနီး၌ ဆိတ်ဆိတ် ထိုင်နေလျက် ရှိ၏၊ ထိုအခါ အဇာတသတ်မင်းက- "အချင်း ဇီဝက သင် အဘယ်ကြောင့် ဆိတ်ဆိတ် နေဘိသနည်း" ဟု ဆို၏။

"မင်းမြတ် ပူဇော် အထူးကို ခံတော်မူထိုက်သော တရားအလုံးစုံတို့ကို ကိုယ်တိုင် မှန်စွာသိသော မြတ်စွာဘုရားသည် ရဟန်းသံဃာ တထောင့် နှစ်ရာ့ ငါးဆယ်နှင့် အတူ အကျွန်ုပ်တို့၏ သရက်

ဥယျာဉ်၌ သီတင်းသုံးနေပါ၏၊ ထိုမြတ်စွာဘုရားကို ဆည်းကပ်လျှင် မင်းမြတ်၏စိတ်သည် ကြည်လင်တန်ရာပါ၏''ဟု လျှောက်၏။

''အချင်း ဇီဝက သို့ဖြစ်လျှင် ဆင်ယာဉ်တို့ကို ပြင်ဆင်စေလော့''

''မင်းမြတ် ကောင်းပါပြီ''

ဇီဝကသည် မင်းအား ဝန်ခံခဲ့၍ ဆင်မငါးရာတို့ကိုလည်းကောင်း မင်း၏ စီးတော်ဆင်ကိုလည်းကောင်း ပြင်ဆင်စေပြီးလျှင်- ''မင်းမြတ် သင်၏ ဆင်ယာဉ်တို့ကို ပြင်ဆင်ပြီးပါပြီ၊ ယခုအခါ သွားရန်အချိန်ကို သင် သိတော်မူသည်''ဟု ပြန်ကြား၏။

ထိုအခါ အဇာတသတ်မင်းသည် ဆင်မငါးရာတို့၌ မောင်းမတို့ကို တဦးစီ စီးစေ၍ စီးတော်ဆင်ကို စီးပြီးလျှင် မီးရှူး မီးတိုင်တို့ကို ဆောင်စေလျက် ကြီးစွာသော မင်း၏ ကျက်သရေဖြင့် ရာဇဂြိုဟ်ပြည်မှ ဇီဝက၏ သရက် ဥယျာဉ်သို့ သွားလေ၏၊ ဥယျာဉ်၏ အနီးသို့ ရောက်လျှင် အဇာတသတ်မင်းသည် ကြောက်ရွံ့ ထိတ်လန့် ကြက်သီး မွေးညှင်းထသည်ဖြစ်၍ ဇီဝကအား ဤသို့ဆို၏-

''အချင်း ဇီဝက ငါ့ကို မလှည့်ပတ်သည် မှန်၏လော၊ မပြားယောင်းသည် မှန်၏လော၊ ရန်သူတို့အား မအပ်နှင်းသည် မှန်၏လော၊ တထောင့် နှစ်ရာ့ ငါးဆယ်မျှ များစွာသော ရဟန်းသံဃာ၏ ချေဆတ်သံ ချောင်းဟန့်သံ စကားပြောသံသည် အဘယ်ကြောင့် မဖြစ်ဘိသနည်း''

''မင်းကြီး ကြောက်တော် မမူပါလင့်၊ ရှေ့သို့ ကြွတော်မူပါလော့၊ တန်ဆောင်းဝန်း၌ ဆီမီးတို့ တောက်ပလျက် ရှိပါကုန်၏''

ထိုအခါ အဇာတသတ်မင်းသည် ဆင်ဖြင့် သွားနိုင်သမျှ အရပ်ကို သွား၍ ဆင်မှ သက်ပြီးသော် ခြေကျင်သာလျှင် တန်ဆောင်းဝန်း တံခါးရှိရာသို့ ချဉ်းကပ်၍- "အချင်း ဇီဝက မြတ်စွာဘုရား အဘယ်မှာနည်း" ဟု ဆို၏။

"မင်းကြီး အလယ်တိုင်ကိုမှီ၍ အရှေ့အရပ်သို့ မျက်နှာမူလျက် ရဟန်းသံဃာ၏ ရှေ့၌ ထိုင်နေသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားပါတည်း။

ထိုအခါ အဇာတသတ်မင်းသည် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ရှိခိုး၍ တနေရာ၌ ရပ်ပြီးသော် ကြည်လင်သော အိုင်ကြီးကဲ့သို့ ဆိတ်ဆိတ်နေသော ရဟန်းသံဃာကို အဖန်ဖန်ကြည့်ရှု၍ ဥဒါန်းကျူးရင့်၏။

ယခုအခါ ရဟန်းသံဃာသည် အကြင် ငြိမ်သက်ခြင်းနှင့် ပြည့်စုံ၏၊ ငါ၏သား ဥဒယ ဘဒ္ဒမင်းသားသည် ဤငြိမ်သက်ခြင်းနှင့် ပြည့်စုံပါစေသတည်း။

"မင်းကြီး ချစ်မြတ်နိုးရာသို့ သင် ရောက်သွားလေပြီ—" ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။

ထို့နောက် အဇာတသတ်မင်းသည် မြတ်စွာဘုရားကို ရှိခိုး၍ ရဟန်းသံဃာကို လက်အုပ်ချီပြီးလျှင် တနေရာ၌ ထိုင်လျက်- "အရှင်ဘုရား ပြဿနာ မေးရန် အကျွန်ုပ်အား အကယ်၍ ခွင့်ပြုပါက တစုံတခုသော အကြောင်းအရာ အနည်းငယ်မျှ မြတ်စွာဘုရားအား လျှောက်ကြားလိုပါသည်" ဟု ခွင့်တောင်း၏။

"မင်းကြီး မေးလိုရာကို မေးလော့"။

"အရှင်ဘုရား များစွာသော အတတ်တို့သည် ရှိပါကုန်၏၊ ထိုသူတို့သည် မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော အတတ်၏ အကျိုးကိုမှီ၍ အသက်မွေးပါကုန်၏၊ ထိုသူတို့သည် ထိုအတတ်ဖြင့် မိမိကိုယ်ကို ချမ်းသာ ပြည့်ဖြိုးစေကုန်၏၊ အမိ အဖ သား မယား မိတ်ဆွေ ခင်ပွန်းတို့ကို ချမ်းသာ ပြည့်ဖြိုးစေကုန်၏၊ အထက်ဘုံ နတ်ပြည်၌ ဖြစ်စေတတ်သော ကောင်းကျိုးကို ဖြစ်စေတတ်သော မွန်မြတ်သော အကျိုးကို ဖြစ်စေတတ်သော အလှူကို သမဏ ဗြာဟ္မဏတို့၌ တည်စေပါကုန်၏၊ ဤနည်းတူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှာ တတ်နိုင်ပါသလော"။

"မင်းကြီး သင်သည် တပါးသော သမဏ ဗြာဟ္မဏတို့အား ဤပြဿနာ မေးဘူးသည်ကို မှတ်မိပါ၏လော"။

"အကျွန်ုပ်သည် တပါးသော သမဏ ဗြာဟ္မဏတို့အား ဤပြဿနာမေးဘူးသည်ကို မှတ်မိပါသည်"။

"မင်းကြီး ထိုသမဏ ဗြာဟ္မဏတို့သည် အဘယ်သို့ ဖြေကြားကုန်သနည်း၊ အကယ်၍ သင့်အား ဝန်မလေးမူ ပြောကြားလော့"။

"မြတ်စွာဘုရားဖြစ်စေ မြတ်စွာဘုရားကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်စေ ထိုင်နေရာ အရပ်၌ အကျွန်ုပ်အား ဝန်မလေးပါ"။

"မင်းကြီး သို့ဖြစ်လျှင် ပြောကြားပါလော့"။

"အရှင်ဘုရား အခါတပါး အကျွန်ုပ်သည် ပူရဏ ကဿပထံ ချဉ်းကပ်၍ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် သူသည် ကံမဲ့ဝါဒကို ဖြေကြားပါ၏၊ထိုအတူ မက္ခလိ ဂေါသာလထံလည်း ချဉ်းကပ်၍ မေးရာ သူသည် အကျွန်ုပ်အား သံသရာ

မှ စင်ကြယ်ခြင်းကို ဖြေကြားပါ၏၊ အဇိတကေသ - ကမ္ဗလကား ပြုတ်စံဝါဒကို ဖြေကြားပါသည်၊ ပကုဓ ကစ္စာယနမူ အကြောင်းတရား တပါဖြင့် အကြောင်းတရား တပါးကို ဖြေကြားပါ၏၊ နိဂဏ္ဌ နာဋ္ဌပုတ္တ၏ အဖြေမှာ လေးမျိုးသော စောင့်စည်းခြင်း ဖြစ်ပါသည်၊သဥ္စယ ဗေလဋ္ဌပုတ္တကို မေးသောအခါ ပစ်လွှတ်သော အယူကို ဖြေကြားပါ၏၊ အရှင်ဘုရား သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့ရင်း တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ရင်း ဤအတူ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် သူတို့သည် မိမိတို့၏ အယူဝါဒများကို ဖြေကြားကြကုန်၏၊ အကျွန်ုပ်သည် သူတို့ပြောသော စကားတို့ကို နှစ်လည်း မနှစ်သက်ခဲ့ပါ၊ ပယ်လည်း မပယ်ပါ၊ နှလုံး မသာသော်လည်း နှလုံးမသာသော စကားကို မဆိုမူ၍ နေရာမှ ထကာ ပြန်ခဲ့ပါသည်။"

## ပထမ ရဟန်းဖြစ်ကျိုး

ထိုနောက် အဇာတသတ်မင်းသည်- "မျက်မှောက် ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှာ တတ်နိုင်ပါသလော"ဟု မြတ်စွာဘုရားအား မေးလျှောက်၏။

"မင်းကြီး တတ်နိုင်ပါ၏၊ မင်းကြီး သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍ မေးအံ့၊ သင် နှစ်သက်သည့်အတိုင်း ထိုအမေးကို ဖြေလော့"။

"လွန်စွာ တာဝန်ကြေပြွန်သော သင်၏ အမှုလုပ် ကျွန်ယောကျ်ား တယောက်သည် ရဟန်းဘောင်သို့ ဝင်ပြီးသော် ကိုယ်

နှုတ် စိတ်ဖြင့် စောင့်စည်းလျက် နေ၏၊ အစား အဝတ်မျှဖြင့် ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက်နေရာ သင်သည် ထိုသူ့ကို ပြန်ခေါ်၍ အမှုလုပ်ကျွန်ပင် တဖန် ဖြစ်စေလော့ဟု ဆိုသင့်ပါမည်လော"။

"ဤသို့ မဆိုသင့်ပါ၊ စင်စစ် အကျွန်ုပ်တို့ကပင် ထိုသူကို ရှိခိုးကုန်ရာ၏၊ ခရီးဦးကြိုလည်း ပြုကုန်ရာ၏၊ ထိုင်ရန် နေရာကိုလည်း ပေးကုန်ရာ၏၊ သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို အလှူခံရန်လည်း ဖိတ်ကုန်ရာ၏၊ ထိုသူအား တရားနှင့်အညီ စောင့်ရှောက် ကာကွယ်လျက် လုံခြုံမှုကိုလည်း စီမံပေးကုန်ရာ၏"။

"မင်းကြီး ဤသို့ဖြစ်ခဲ့သော် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် ရှိသလော မရှိသလော"။

"ဤသို့ဖြစ်ခဲ့သော် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် ဧကန် ရှိပါ၏"။

"မင်းကြီး ဤကား ငါသည် သင့်အား ရှေးဦးစွာပြသော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုး ပေတည်း"။

## ဒုတိယ ရဟန်းဖြစ်ကျိုး

"အရှင်ဘုရား ဤအတူ တပါးလည်းဖြင်သော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှာ တတ်နိုင်ပါသေးသလော"။

"ဤပြည်၌ အခွန်ကို ထမ်းဆောင်သော ဥစ္စာစုကို တိုးပွားစေတတ်သော သင်၏ အိမ်ရှင် လယ်သမား တယောက်သည် ရဟန်း

ဘောင်သို့ ဝင်ရောက်ပြီးသော် ကိုယ် နှုတ် စိတ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ အစား အဝတ် မျှဖြင့် ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက်နေရာ သင်သည် ထိုသူ့ကို ပြန်ခေါ်၍ အခွန်ကို ထမ်းဆောင်သော ဥစ္စာစုကို တိုးပွားစေတတ်သော အိမ်ရှင် လယ်သမားပင် တဖန် ဖြစ်စေလော့ဟု ဆိုသင့်ပါမည်လော့"။

"အရှင်ဘုရား ဤသို့ မဆိုသင့်ပါ၊ စင်စစ် အကျွန်ုပ်တို့ကပင် ထိုသူကို ရှိခိုးကုန်ရာ၏၊ခရီးဦးကြိုလည်း ပြုကုန်ရာ၏၊ ထိုင်ရန် နေရာကိုလည်း ပေးကုန်ရာ၏၊ ပစ္စည်းလေးပါးတို့ကို အလှူခံရန်လည်း ဖိတ်ကုန်ရာ၏၊ ထိုသူအား တရားနှင့်အညီ စောင့်ရှောက်ကာကွယ်လျက် လုံခြုံမှုကိုလည်း စီမံပေးကုန်ရာ၏။"

"မင်းကြီး ဤသို့ဖြစ်ခဲ့သော် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် ရှိသလော မရှိသလော"။

"စေကန် ရှိပါ၏ အရှင်ဘုရား"။

"မင်းကြီး ဤကား ငါသည် သင့်အား နှစ်ကြိမ်မြောက်ပြသော မျက်မှောက် ဘဝ၌ပင်ပင် ကိုယ်တိုင် သိမြင်ရသောရဟန်း ဖြစ်ကျိုးပေတည်း"။

## သာ၍မြတ်သော ရဟန်းဖြစ်ကျိုး

"အရှင်ဘုရား ဤရဟန်း ဖြစ်ကျိုးတို့ထက် သာ၍နှစ်သက်ဖွယ် သာ၍ မွန်မြတ်သည်လည်းဖြစ်သော မျက်မှောက် ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော တပါးသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှာ တတ်နိုင်ပါသေးသလော"။

ဗုဒ္ဓသည် လောက၌ ပွင့်တော်မူ၏၊ သူသည် ဗြဟ္မာနှင့် တကွသော ဤလောကကိုရင်း သမဏ ဗြာဟ္မဏတို့နှင့် တကွသော သတ္တဝါ အပေါင်းတို့ကိုရင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် အကြင်တရားကို ဟောကြားတော်မူ၏၊ အလုံးပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြ၏၊ ထိုတရားကို သူကြွယ်သည်ရင်း သူကြွယ့်သားသည်ရင်း အခြားဇာတ်တမျိုးမျိုး၌ ဖြစ်သောသူသည်ရင်း ကြားနာရ၍ ဗုဒ္ဓ၌ ယုံကြည်မှုကို ရ၏၊ ထိုသူသည် နောင်အခါ အလုံးစုံတို့ကို စွန့်၍ ရဟန်းဘောင်သို့ ဝင်ပြီးသော် သီလကို စောင့်ထိန်းလျက် နေ၏၊ အကျင့် ကျက်စားရာနှင့် ပြည့်စုံ၏၊ အနည်းငယ်သော အပြစ်၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏၊ ကောင်းသော ကာယကံ ဝစီကံနှင့် ပြည့်စုံ၍ စင်ကြယ်သော အသက်မွေးမှုရှိ၏၊ သီလနှင့် ပြည့်စုံ၏၊ ဣန္ဒြေတို့၌ ပိတ်ထားသောတံခါးရှိ၏၊ စားဖွယ်၌ အတိုင်း အရှည်ကို သိ၏၊ သတိ သမ္ပဇဉ်နှင့် ပြည့်စုံ၏၊ ရောင့်ရဲလွယ်၏။

ထိုရဟန်းသည် ဤမြတ်သော သီလစု၊ ဣန္ဒြေ စောင့်စည်းခြင်း, အောက်မေ့ခြင်း သတိ, ဆင်ခြင်ခြင်း သမ္ပဇဉ်, ရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာကို မှီဝဲ၏၊ တောသစ်ပင်ရင်း တောင် ချောက် တောင်စောင်း သင်းချိုင်း တောအုပ် လွင်ပြင် ကောက်ရိုးပုံကို မှီဝဲ၏၊ ထက်ဝယ် ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ကမ္မဋ္ဌာန်းကို ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်၏။

ထိုရဟန်းသည် လောက၌ မက်မောခြင်း အဘိဇ္ဈာ, ပျက်စီးစေလိုသော ဒေါသ, လေးလံ ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓ, ပျံ့လွင့်ခြင်း

ဥဒ္ဒစ္စ, နှောင်တ တဖန် ပူပန်ခြင်း ကုက္ကုစ္စ, ယုံမှားခြင်း ဝိစိကိစ္ဆာတို့ ကို ပယ်၍ ထိုတရားတို့မှ ကင်းသောစိတ်ဖြင့် နေ၏၊ စိတ်ကို စင်ကြယ်စေ၏၊ ကြွေးယူသောသူသည် ကြွေးကင်းသောကြောင့်ရင်း အနာ ရောဂါရှိသူသည် ရောဂါကင်းသောကြောင့်ရင်း အနှောင်အဖွဲ့ ခံရ သူသည် နှောင်အိမ်မှ လွတ်ခြင်းကြောင့်ရင်း သူတပါး အလိုသို့ သာ လိုက်ရသူသည် လွတ်လပ်ရေးရခြင်းကြောင့်ရင်း ဒုစားအစာ ငတ်မွတ်သူသည် စားကောင်း သောက်ဖွယ် စားသောက်ရသကဲ့သို့ ရင်း မိမိ၌ ဤအပိတ်အပင် နီဝရဏ တရားငါးပါး ပယ်ပြီးသည်ကို ကောင်းစွာ မြင်ပြီးသော ထိုရဟန်းအား ဝမ်းမြောက်ခြင်းဖြစ်၏၊ ထိုကြောင့် နှစ်သိမ့်ခြင်း ပီတိဖြစ်၏၊ ထိုကြောင့် ကိုယ်စိတ်ငြိမ်း၏၊ ထိုကြောင့် ချမ်းသာကို ခံစား၏၊ ထိုကြောင့် တည်ကြည်၏။

တဖန် မတုန်လှုပ်ခြင်းသို့ ရောက်သော် ထိုရဟန်းသည် ဝိပဿနာ ဉာဏ်အမြင်အလို့ငှာ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ ၏၊ ထိုရဟန်းသည် ဤသို့ သိ၏၊ 'ငါ၏ ဤကိုယ်ကား ရုပ်ရှိ၏၊ မဟာဘုတ် လေးပါး အစုအဝေးဖြစ်၏၊ မိဖတို့မှ ပေါက်ဖွား၏၊ ထမင်း မုန့်တို့ဖြင့် ကြီးပွား၏၊ မမြဲခြင်း ပွတ်သပ်ပေးရခြင်း ဆုပ် နယ်ပေးရခြင်း ပြိုကွဲ ပျက်စီးခြင်း သဘောရှိ၏၊ ငါ၏ ဤဝိညာဉ် သည်လည်း ဤကိုယ်၌ မှီတွယ်၏၊ ဆက်စပ်၏။'

တဖန် ထိုရဟန်းသည် စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်းခြင်း မနောမယိဒ္ဓိဉာဏ် အလို့ငှာ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထိုရဟန်းသည် ဤမိမိကိုယ်မှ တပါးသော ရုပ်ရှိသော စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ် အလုံးစုံရှိသော ဣန္ဒြေ မချို့တဲ့ သော ကိုယ်ကိုဖန်ဆင်း၏။

တဖန် ထိုရဟန်းသည် တန်ခိုး ဖန်ဆင်းခြင်း ဣဒ္ဓိဝိဓ ဉာဏ် အလို့ငှာ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် များပြားသော တန်ခိုး ဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများ ဖြစ်လျက်လည်း တယောက်တည်း ဖြစ်သွား၏၊ ကိုယ်ကို ထင်ရှားဖြစ်စေ၏၊ ပျောက်ကွယ်စေ၏၊ နံရံ တံတိုင်း တောင် တဖက်သို့ မထိ မငြိဘဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုပ်ခြင်းပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြု၏၊ ရေ၌လည်း မကွဲစေဘဲ မြေ၌ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ် ဖွဲ့ခွေလျက် ငှက်ကဲ့သို့ သွား၏၊ ဤနေ လတို့ကိုလည်း လက်ဖြင့် သုံးသပ် ဆုပ်ကိုင်၏၊ ဗြဟ္မာ့ပြည် တိုင်အောင်လည်း ကိုယ်ကို မိမိ အလိုအတိုင်း ဖြစ်စေ၏။

တဖန် ထိုရဟန်းသည် ဒိဗ္ဗသောတဉာဏ် အလို့ငှာ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထိုရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက် သာလွန်သော နတ်တို့၏ နားနှင့်တူသော ဒိဗ္ဗသောတဉာဏ်ဖြင့် နတ်၌လည်း ဖြစ်ကုန်သော လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန်သော နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြား၏။

တဖန် ထိုရဟန်းသည် သူတပါးတို့၏ စိတ်ကို ပိုင်းခြား၍ သိသော စေတောပရိယဉာဏ် အလို့ငှာ စိတ်ကို ရှေးရှု ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထိုရဟန်းသည် တပါးသော ပုဂ္ဂိုလ် သတ္တဝါတို့၏ စိတ်ကို မိမိ စိတ်ဖြင့် ပိုင်းခြား၍ သိ၏။

တဖန် ထိုရဟန်းသည် ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၍ သိသော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ် အလို့ငှာ စိတ်ကို

ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွှတ်စေ၏၊ ထိုရဟန်းသည် များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၏။

တဖန် ထိုရဟန်းသည် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော စုတူပပါတဉာဏ် အလို့ငှာ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွှတ်စေ၏၊ ထိုရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သေဆဲ သတ္တဝါ ဖြစ်ပေါ်ဆဲ သတ္တဝါ ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။

တဖန် ထိုရဟန်းသည် အာသဝတို့ကို ကုန်စေသော အာသဝက္ခယဉာဏ်အလို့ငှာ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွှတ်စေ၏၊ ထိုရဟန်းသည် -'ဤကားဆင်းရဲ, ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်း, ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်, ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်'ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤသည်တို့ကား အာသဝ, ဤကား အာသဝတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်း, ဤကား အာသဝတို့ချုပ်ရာ နိဗ္ဗာန်,ဤကား အာသဝတို့ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်'ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသို့ သိမြင်သော ထိုရဟန်း၏ စိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝမှ လွတ်မြောက်၏၊ လွတ်မြောက်ပြီးသော် လွတ်မြောက်လေပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို

ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှာ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏။’

‘‘မင်းကြီး ဤကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးထက် သာ၍ လွန်ကဲသည်လည်းဖြစ်သော မွန်မြတ်သည်လည်းဖြစ်သော တပါးသော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးသည်ကား မရှိတော့ပြီ။’’

‘‘အရှင်ဘုရား အလွန် နှစ်သက်ဖွယ်ရှိပါပေ၏၊ မှောက်ထားသော အိုးကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်သကဲ့သို့ရင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း အမိုက်မှောင်၌ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် တရားကို ပြပါပေ၏၊ အရှင်ဘုရား အကျွန်ုပ်သည် ဘုရား တရား သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ၊ ပိုက်မဲ တွေဝေ မသိမှုသည့်အလျောက် အပြစ်သည် အကျွန်ုပ်ကို လွှမ်းမိုးသွားခဲ့ပါ၏၊ တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို မင်းစည်းစိမ် ဟူသော အကြောင်းကြောင့် သတ်ခဲ့မိပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်၏ ထိုအပြစ်ကို နောင်စောင့်စည်းခြင်းငှာ အပြစ်ဟု လက်ခံတော်မူပါ’’။

‘‘မင်းကြီး သင်၏ ထိုအပြစ်ကို အပြစ်ဟု ငါတို့ လက်ခံကုန်၏၊ မင်းကြီး အကြင်သူသည် အပြစ်ကို အပြစ်ဟုမြင်၍ အကြောင်းအားလျော်စွာ ကုစား၏၊ နောင်အခါ စောင့်စည်း၏၊ ထိုသူ၏ ဤကုစား စောင့်စည်းခြင်းသည် အရိယာ၏ ဝိနည်း အဆုံးအမ၌ ကြီးပွားခြင်းပင်တည်း’’။

"အရှင်ဘုရား ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသော ကိစ္စ ပြုဖွယ်ရှိပါကုန်၏"။

"မင်းကြီး ယခုအခါ သွားရန် အချိန်ကို သင်သိ၏"။

အဇာတသတ်မင်း ပြန်သွား၍ မကြာမီ မြတ်စွာ ဘုရားသည် ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏။

"ရဟန်းတို့ ဤမင်းသည် မိမိ တည်ရာကို မိမိ တူးဖြိုခဲ့၏၊ မိမိကိုယ်ကို မိမိ ဖျက်ဆီးခဲ့၏၊ ဤမင်းသည် တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို မသတ်မိပါမူ ဤမင်းအား ဤနေရာ၌ပင်လျှင် ကိလေသာ မြူ အညစ် အကြေးကင်းသော တရားမျက်စိ ဖြစ်ပေါ်ရာ၏"။

ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောကြားသောတရားကို နှစ်လို ဝမ်းမြောက်စွာ ခံယူကြလေကုန် သတည်း။

## ၃-အမ္ဗဋ္ဌ သုတ်

### အမ္ဗဋ္ဌလုလင်

အခါတပါး မြတ်စွာဘုရားသည် ရဟန်း သံဃာ ငါးရာမျှနှင့် အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်သော် ဣစ္ဆာနင်္ဂလ ပုဏ္ဏားရွာသို့ ရောက်၍ ထိုရွာ၏ အနီး တောအုပ်၌ နေ၏၊ ထိုအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် ပသေနဒီ ကောသလမင်း အပိုင်စား ပေးထားသော ဥက္ကဋ္ဌမြို့ကို အုပ်ချုပ်၍ နေ၏၊ သူသည် မြတ်စွာ ဘုရား ဣစ္ဆာနင်္ဂလ တောအုပ်၌ ရောက်နေကြောင်း သတင်းကို ကြား၍ သူ၏တပည့် အမ္ဗဋ္ဌလုလင်ကို ခေါ်၍ ပြော၏—

"ချစ်သား အမ္ဗဋ္ဌ သင်သည် ရဟန်း ဂေါတမထံ ချဉ်းကပ်ပြီးလျှင် သူ၏ ကျော်စော သတင်းသည် အမှန် အတိုင်း ပြန့်နှံ့၍

ထွက်သလော၊ အမှန် အတိုင်း မဟုတ်ဘဲ ပြန့်နှံ့၍ ထွက်သလော၊ သူသည် ကျော်စောသည့် အတိုင်း မှန်သလော၊ မမှန်သလောဟု ငါတို့ သိနိုင်ရန် အလို့ငှာ ရဟန်း ဂေါတမကို သိအောင်စုံစမ်းချေလော့”။

“အရှင် ထိုဂေါတမကို အကျွန်ုပ်သည် အဘယ်သို့လျှင် သိအောင် စုံစမ်းရပါအံ့နည်း”။

“ချစ်သား အမ္ဗဋ္ဌ ငါတို့၏ ဝေဒကျမ်းတို့၌ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ လာကုန်၏၊ ယင်း လက္ခဏာတို့နှင့် ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်မျိုးသော အဖြစ်တို့သာလျှင် ဖြစ်နိုင်ကုန်၏၊ ထိုသူသည် အကယ်၍ လူ့ဘောင်၌ နေငြားအံ့၊ စကြဝတေးမင်း ဖြစ်၏၊ အကယ်၍ ငှားနားတောင်သို့ ဝင်ရောက်ငြားအံ့၊ ဘုရား ဖြစ်၏၊ ချစ်သား အမ္ဗဋ္ဌ ငါသည် သင့်အား ဝေဒကျမ်းတို့ကို သင်ကြားပေးပြီး မဟုတ်ပါလော”။

“အရှင် ကောင်းပါပြီ”

အမ္ဗဋ္ဌ လုလင်သည် ပေါက္ခရသာတိ ပုဏ္ဏားအား ဝန်ခံပြီးလျှင် ရှိခိုးလျက် အခွင့်အသေပြု၍ လုလင်များဝှာနှင့်အတူ မြင်းရထားဖြင့် ဣစ္ဆာနင်္ဂလ တောအုပ်သို့ သွားလေ၏၊ ထိုအခါ များစွာသော ရဟန်းတို့သည် လှင်ပြင်၌ စင်္ကြံသွားနေကြ၏၊ အမ္ဗဋ္ဌသည် ရဟန်းတို့ထံ ချဉ်းကပ်ပြီး မြတ်စွာဘုရား နေရာကို မေးပြီးလျှင် တံခါးပိတ်ထားသော ကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီး နောက်မှခ်ဦးသို့ ဖြည်းညှင်းစွာဝင်၍ ချောင်းဟန့်ပြီး တံခါးကို ခေါက်၏၊ မြတ်စွာဘုရားသည် တံခါး ဖွင့်တော်မူ၏၊ အမ္ဗဋ္ဌသည် ဝင်၏ လုလင်များလည်းဝင်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြလျက် တခုသောနေရာ၌ ထိုင်ကြ၏။

အမ္ဗဋ္ဌ လုလင်ကား မထိုင်ချေ၊ စင်္ကြံသွားလျက်ငင်း ရပ်လျက်-ငင်း ထိုင်နေသော မြတ်စွာဘုရားနှင့် အသင့်အတင့် စကားပြော-၏၊ ထိုအခါ မြတ်စွာဘုရားက "အမ္ဗဋ္ဌ သင်သည် ယခု ငါနှင့် စကားပြောသကဲ့သို့ပင် အသက် အရွယ် ကြီးသော ဆရာပုဏ္ဏား တို့နှင့် စကားပြောသလော" ဟု မေး၏။

"ဤသို့ မပြောပါ၊ သွားလျှင် သွားလျက် ရပ်လျှင် ရပ်လျက် ထိုင်လျှင် ထိုင်လျက် အိပ်လျှင် အိပ်လျက်သာ ပြောပါသည်၊ ဇာတ်နိမ့်ကုန်သော မည်းညစ်ကုန်သော ဗြဟ္မာ၏ ခြေဖမိုးမှ ပေါက်ဖွားကုန်သော ခေါင်းတုံးရဟန်းညံ့တို့နှင့်ကား အကျွန်ုပ်၏ စကား ပြောဆိုခြင်းသည် သင်နှင့် ပြောဆိုသကဲ့သို့ပင် ဖြစ်ပါ၏"။

"အမ္ဗဋ္ဌ သင်သည် ကိစ္စရှိ၍ ဤသို့လာခဲ့၏၊ အကြင် ကိစ္စ-အလို့ငှာ လာသည်ဖြစ်ကုန်အံ့၊ ထိုကိစ္စကိုသာလျှင် ကောင်းစွာ နှလုံးသွင်းရာ၏၊ အချင်းတို့ အမ္ဗဋ္ဌသည် မလိမ္မာသေးဘဲလျက် လိမ္မာပြီဟု မှတ်ထင်၏၊ မလိမ္မာသေးသည်မှလွဲ၍ မည်သည့် အကြောင်းမျှ မရှိချေ"။

"အရှင် ဂေါတမ သာကီဝင် မင်းမျိုးသည် ခက်ထန်၏၊ ကြမ်း တမ်း၏၊ စိတ်သဘောနု၏၊ စကားများ၏၊ ဇာတ်နိမ့်တို့ဖြစ်ကုန်လျက်-ပုဏ္ဏားတို့ကို မရိုသေ၊ အလေး မပြု၊ မမြတ်နိုး၊ မပူဇော်၊ မတုပ်ဝပ်၊ ဤသို့ပြုခြင်းသည် မသင့်လျော် မလျောက်ပတ်ပါ"။

"အမ္ဗဋ္ဌ သာကီဝင် မင်းတို့သည် သင့်အား အဘယ်သို့ ပြစ်မှား ကုန်သနည်း"။

"အခါတပါး အကျွန်ုပ်သည် ဆရာ၏ ကိစ္စတခုဖြင့် ကပိလ-ဝတ်ပြည်သို့ သွားခဲ့၏၊ သာကီဝင်မင်းတို့၏ စည်းဝေးဆောင်သို့

ရောက်ခဲ့၏၊ ထိုစဉ်အခါ သူတို့သည် အချင်းချင်း ကလိထိုး၍ ပြင်းစွာ ရယ်ကုန်လျက် မြင့်သောနေရာတို့၌ ထိုင်နေကုန်၏၊ စင်စစ် အကျွန်ုပ်ကိုသာ ရယ်သည်ထင်၏၊ မည်သူမျှ အကျွန်ုပ်ကို နေရာလည်း မပေးပါ၊ ဤသာကီဝင် မင်းတို့သည် ဇာတ်နိမ့်ဖြစ်ကုန်လျက် ပုဏ္ဏားတို့ကို မရို မသေ ပြုခြင်းသည် မသင့်လျော်ပါ"။

"ဘိမ္ဗဋ္ဌ ဘီလုံးငှက်မသည်ပင်လည်း မိမိ အသိုက်၌ အလိုရှိ တိုင်း မြည်နိုင်သေး၏၊ ကပိလဝတ်သည်ကား သူတို့၏ ကိုယ်ပိုင် ပြည်ဖြစ်၏၊ ဤအသေးအဖွဲ့ အမှုမျှဖြင့် အခဲမကျေ မဖြစ်ထိုက်ပါ"။

"အရှင်ဂေါတမ အမျိုးလေးပါးတို့တွင် မင်း ကုန်သည် သူ ဆင်းရဲတို့သည် ပုဏ္ဏားမျိုး၏ အလုပ်အကျွေးဖြစ်ကုန်၏၊ သာကီ ဝင် မင်းတို့သည် ဇာတ်နိမ့် ကုန်လျက် ပုဏ္ဏားတို့ကို အလေး မပြု ခြင်းမှာ မသင့်လျော်ပါ"။

"အမ္ဗဋ္ဌ သင်၏ အနွယ်ကား အဘယ်နည်း"။

"အကျွန်ုပ်၏ အနွယ်ကား ကဏှာယန ဖြစ်ပါသည်"။

"အမ္ဗဋ္ဌ သင်၏ အမိ အဖတို့နှင့် စပ်ဆိုင်သော ရှေးအမည် အနွယ်ကို အစဉ်လိုက်၍ စိစစ်သော် သာကီဝင် မင်းတို့သည် အရှင်သခင်၏ သားတို့ဖြစ်ကုန်၏၊ သင်သည် သာကီဝင်မင်းတို့၏ ကျွန်မသား ဖြစ်၏"။

ဤသို့ဆိုသော် ပုဏ္ဏားလုလင်များသည် မြတ်စွာဘုရားအား ဤစကားကိုဆိုကြ၏—

"အရှင် ဂေါတမ အမ္ဗဋ္ဌကို ကျွန်မသားဟူသော စကားဖြင့် အပြင်းအထန် မဖိနှိပ်ပါလင့်၊ သူသည် ကောင်းသော ဇာတ်လည်း ရှိပါ၏၊ အမျိုးကောင်းသားလည်း ဖြစ်ပါ၏၊ အကြား အမြင်

လည်း များပါ၏၊ ချောင်သော စကားလည်းရှိပါ၏၊ ပညာရှိလည်း ဖြစ်ပါ၏၊ သူသည် ဤစကား၌ သင်နှင့်အတူ တုံ့ပြန် ပြောဆိုနိုင် စွမ်းပါ၏”။

“အကယ်၍ အမ္ဗဋ္ဌသည် ကောင်းသောဇာတ်စသည် မရှိ၍ တုံ့ပြန် ပြောဆိုခြင်းငှာလည်း မစွမ်းနိုင်ဟု သင်တို့ ထင်ကြပါလျှင် သူနေပါစေ၊ သင်တို့သာ ငါနှင့် ပြောဆိုကြကုန်လော့၊ အကယ်၍ အမ္ဗဋ္ဌသည် ကောင်းသော ဇာတ်စသည်ရှိသည်ဖြစ်၍ ဤစကား၌ ငါနှင့် အတူ တုံ့ပြန်ပြောဆိုခြင်းငှာ စွမ်းနိုင်၏ဟု သင်တို့ထင်ကြ လျှင် သင်တို့နေကြကုန်၊ အမ္ဗဋ္ဌသည်သာ ဤစကား၌ ငါနှင့်အတူ တုံ့ပြန်ပြောဆိုပါစေ”။

“အရှင် ဂေါတမ အမ္ဗဋ္ဌသည် ဤစကား၌ သင်နှင့်အတူတုံ့ပြန် ပြောဆိုနိုင်စွမ်းပါ၏၊ အကျွန်ုပ်တို့ ဆိတ်ဆိတ် နေကုန်အံ့”။

“အမ္ဗဋ္ဌ အကြောင်း လုံလောက်သော ဤမေးခွန်းသည် သင့်ထံသို့ ရောက်လာ၏၊ အလိုမရှိသော်လည်း ဖြေကြားရပေလိမ့် မည်၊ အမ္ဗဋ္ဌ အသက် အရွယ် ကြီးကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာ ဖြစ်ကုန်သောပုဏ္ဏားတို့ ပြောဆိုသည်ကို သင်ဘယ်သို့ ကြားဘူးသနည်း၊ ကဏှအနွယ်ဝင်တို့သည် အဘယ်မှ စ၍ ဖြစ်ကုန် သနည်း၊ ကဏှအနွယ်ဝင်တို့၏ ရှေးဦးစွာသော ယောကျ်ားကား အဘယ်သူနည်း”။

“အရှင် ဂေါတမ ကဏှ အနွယ်ဝင်တို့သည် သာကီဝင်တို့၏ ရှေးဦးစွာ ဖြစ်သော ဥက္ကာကမင်း၏ ဒိသာ မည်သော ကျွန်မ၏ သား ကဏှမှစ၍ ဖြစ်ပါကုန်၏၊ ထိုကျွန်မ၏သား ကဏှသည်ပင် ကဏှ အနွယ်ဝင်တို့၏ ရှေးဦးစွာသော ပုဂ္ဂိုလ်ဖြစ်ပါသည်”။

ဤသို့ ဖြေဆိုသော် ထိုလုလင်တို့သည် ပြင်းပြ ကျယ်လောင်သော အသံဖြင့် ပွဲတင်ထပ်မျှ ဖိနှိပ်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် လုလင်တို့အား ဤသို့ မိန့်ကြား၏--

"လုလင်တို့ သင်တို့သည် အမ္ဗဋ္ဌကို ကျွန်မသား ဟူသော စကားဖြင့် အပြင်းအထန် မဖိနှိပ်ကုန်လင့်၊ ထိုကဏှသည် တန်ခိုးကြီးသော ရသေ့ဖြစ်ခဲ့ပေ၏၊ သူသည် ဒက္ခိဏ ဇနပုဒ်သို့သွား၍ မြတ်သော မန္တာန်ကို သင်ပြီးလျှင် ဥက္ကာကမင်းသို့ ချဉ်းကပ်လျက် မဒ္ဒရူပီ မည်သော သမီးတော်ကို တောင်း၏၊ ထိုအခါ ဥက္ကာကမင်းသည် မန္တာန် လက်နက်ဖြင့် ခြိမ်းခြောက် ခံရသောကြောင့် ကြောက်ရွံ့ထိတ်လန့် ကြက်သီး မွေးညှင်း ထသည်ဖြစ်၍ သမီးတော် မဒ္ဒရူပီကို ထိုကဏှ ရသေ့အား ပေးရ၏၊ အမ္ဗဋ္ဌ သနင်္ကုမာရ ဗြဟ္မာသည် ဤဂါထာကိုဆို၏"—

> လူအပေါင်း၌ အကြင်သူတို့သည် အမျိုး အနွယ်ကို အားကိုးလေ့ရှိကုန်၏၊ ထိုသူတို့တွင် မင်းမျိုးသည် မြတ်၏၊ နတ် လူ အပေါင်းတို့၌ အကြင်သူသည် အသိဉာဏ် ဝိဇ္ဇာ, အကျင့် စရဏနှင့် ပြည့်စုံ၏၊ ထိုသူသည် မြတ်၏။

"အမ္ဗဋ္ဌ သနင်္ကုမာရ ဗြဟ္မာသည် ထိုဂါထာကို ကောင်းစွာ သီဆိုပေ၏၊ အကျိုးနှင့် စပ်ပေ၏၊ ငါ သဘောတူ၏"။

## ဝိဇ္ဇာနှင့် စရဏ

"အရှင် ဂေါတမ စရဏကား အဘယ်နည်း၊ ဝိဇ္ဇာကား အဘယ်နည်း"။

"အမွှေ့ အတုမရှိသော အသိဉာဏ် ဝိဇ္ဇာ, အကျင့် စရဏနှင့် ပြည့်စုံမှု၌ သင်သည် ငါနှင့်တန်၏၊ သင်သည် ငါနှင့် မတန်ဟု ဇာတ်ကို စွဲ၍ ဖြစ်သောစကား, အနွယ်ကို စွဲ၍ဖြစ်သော စကားနှင့် မာန်ကို စွဲ၍ဖြစ်သော စကားကို မဆိုသင့်၊ သမီးဆောင်ယူ သမီး ပေး၍ ထိမ်းမြားခြင်းရှိသော ဤလူတို့ဘောင်၌ ဇာတ်, အနွယ်နှင့် မာန်ကို စွဲ၍ ဖြစ်သော ဤစကားကို ဆိုသင့်၏၊ အကြင်သူတို့သည် ဇာတ်, အနွယ်နှင့် မာန်ကို စွဲ၍ဖြစ်သော စကားတို့၌လည်း စွဲလမ်း ကုန်၏၊ သမီးဆောင်ယူ သမီးပေး၍ ထိမ်းမြားခြင်း၌လည်း စွဲလမ်း ကုန်၏၊ ထိုသူတို့သည် အတုမရှိသော အသိဉာဏ် ဝိဇ္ဇာ, အကျင့် စရဏနှင့် ပြည့်စုံမှုမှ ဝေးကုန်၏၊ ထိုစွဲလမ်းခြင်းတို့ကို ပယ်မှသာ လျှင် ဝိဇ္ဇာ စရဏနှင့် ပြည့်စုံမှုကို မျက်မှောက်ပြုနိုင်၏"။

"အရှင် ဂေါတမ စရဏကား အဘယ်နည်း၊ ဝိဇ္ဇာကား အဘယ်နည်း"။

"ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ် တရားတို့မှ ဆိတ်၍ သာလျှင် ကြံစည်ခြင်း ဝိတက်နှင့် တကွဖြစ်သော သုံးသပ် ဆင်ခြင် ခြင်း ဝိစာရနှင့် တကွဖြစ်သော နီဝရဏ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်းပီတိ, ချမ်းသာခြင်း သုခရှိသော ပထမစျာန်သို့ ရောက်၍နေ၏၊ ဤသည်လည်း စရဏပေတည်း"—

"တဖန် ဝိတက်, ဝိစာရ ငြိမ်းခြင်းကြောင့် မိမိ သန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော တည်ကြည်ခြင်း သမာဓိကို ပွားစေတတ်သော ဝိတက်, ဝိစာရ မရှိသော သမာဓိကြောင့် ဖြစ်သော ပီတိ,သုခရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏၊ ဤ သည်လည်း စရဏပေတည်း"—

"တဖန် ပီတိကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ သုခကိုလည်း ကိုယ်ဖြင့် ခံစား၏၊ ထို တတိယစျာန်သို့ ရောက်၍နေ၏၊ ဤသည်လည်း စရဏ ပေတည်း"—

"တဖန် ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်ရင်း ရှေးဦး ကပင် ဝမ်းသာခြင်း, နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်လည်း ဥပေက္ခာကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထ စျာန်သို့ ရောက်၍နေ၏၊ ဤသည်လည်း စရဏပေတည်း"—

"ဤသို့ တည်ကြည်သောစိတ် စင်ကြယ်ဖြူစင်သော ညစ်ကြေး မရှိ ညစ်ညူးခြင်းကင်းသော နူးညံ့သော ပြုပြင်ခြင်းငှာသင့်သော တည်တံ့သော မတုန်လှုပ်သော ဝိပဿနာ ဉာဏ်အလို့ငှာ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ဤသည်လည်း အသိဉာဏ် ဝိဇ္ဇာပေတည်း၊ ဤမဂ်ကိစ္စ အလို့ငှာ တပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏၊ ဤသည်လည်း ဝိဇ္ဇာပေတည်း"—

"အမ္ဗဋ္ဌ ဤရဟန်းကို ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူဟူ၍ ဆိုအပ်၏၊ ဤဝိဇ္ဇာ စရဏနှင့် ပြည့်စုံမှုမှတပါး တပါးသော လွန်ကဲ ထူးမြတ် သော ဝိဇ္ဇာ စရဏနှင့် ပြည့်စုံမှု မရှိတော့ပြီ"။

## ပျက်စီးကြောင်း လေးပါး

"အမ္ဗဋ္ဌ ဝိဇ္ဇာ စရဏနှင့် ပြည့်စုံမှု၏ ပျက်စီးကြောင်း လေးပါး ရှိကုန်၏"—

အချို့သော သမဏ ဗြာဟ္မဏတို့သည် ဝိဇ္ဇာ စရဏနှင့် ပြည့်စုံ ခြင်းသို့ မရောက်နိုင်သည်ဖြစ်၍ ထမ်းပိုးဖြင့် ရသေ့ ပရိက္ခရာဘို့ကို

ဆောင်ယူလျက် ကြွေကျသော သစ်သီးကိုသာ စားသူဖြစ်တော့ အံ့ဟု တောအုပ်သို့ဝင်၏၊အချို့လည်း ပေါက်တူး ခြင်းတောင်းကို ယူဆောင်လျက် သစ်ဖု သစ်မြစ် သစ်သီးကိုသာ စားသူဖြစ်တော့ အံ့ဟု တောသို့ဝင်၏၊ အချို့လည်း ရွာ နိဂုံး၏ အနီး၌ မီးပူဇော်ရာ အိမ်ဆောက်၍ မီးကို လုပ်ကျွေးလျက်နေ၏၊ အချို့လည်း အရပ်လေးမျက်နှာတို့မှလာသော သမဏ ပြာဟ္မဏတို့ကို စွမ်းအား ရှိသလောက် ပူဇော်အံ့ဟု လမ်းလေးခွ အဆုံ၌ တံခါး လေးပေါက် ရှိသော အိမ်ကို ဆောက်လျက်နေ၏၊ စင်စစ် ထိုသူတို့သည် ဝိဇ္ဇာ, စရဏနှင့် ပြည့်စုံသူ၏ အလုပ် အကျွေးသာလျှင် ဖြစ်၏။

"အမ္ဗဋ္ဌ အတုမရှိသော ဤဝိဇ္ဇာ စရဏနှင့် ပြည့်စုံမှု၏ ပျက်စီးကြောင်းတို့သည် ဤလေးပါးတို့ပင်တည်း၊ အမ္ဗဋ္ဌ ဆရာနှင့်တကွသော သင်သည် အတုမရှိသော ဝိဇ္ဇာ စရဏနှင့် ပြည့်စုံမှုကို ရပါ၏လော"။

"အရှင်ဂေါတမ မရပါ၊ ဆရာနှင့် တကွသော အကျွန်ုပ်သည် အဘယ်သို့သောသူ ဖြစ်ပါသနည်း၊ အတုမရှိသော ဝိဇ္ဇာ စရဏနှင့် ပြည့်စုံမှုဟူသည် အဘယ်သို့သော အရာဖြစ်ပါသနည်း၊ ဆရာနှင့် တကွသော အကျွန်ုပ်သည် အတုမရှိသော ဝိဇ္ဇာ စရဏနှင့် ပြည့်စုံမှုမှ ဝေးပါသေး၏"။

"အမ္ဗဋ္ဌ ဆရာနှင့် တကွသော သင်သည် အတု မရှိသော ဝိဇ္ဇာ စရဏနှင့် ပြည့်စုံမှုလည်း ယုတ်လျော့၏၊ထိုပျက်စီးကြောင်း လေးပါးတို့မလည်း ယုတ်လျော့၏၊ ပျက်စီးကြောင်း တရားကိုမှ ကိုယ်တိုင် မပြည့်စွမ်းနိုင်ဘဲလျက် ဇာတ်နိမ့် ဖြစ်ကုန်သော မည်းညစ်ကုန်သော ပြဟ္မာ၏ ခြေဖမိုးမှ ပေါက်ဖွားကုန်သော ခေါင်းတုံး ရဟန်းညံ့

တို့သည် ဘယ်သို့သော သူများဖြစ်ကုန်သနည်း၊ထိုသူတို့နှင့် ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆွေးနွေးခြင်းသည် အဘယ်မှာ ဖြစ်နိုင်အံ့နည်းဟူသော စကားကို ဆိုခဲ့ဘိ၏"။

"အရှင်ဂေါတမ ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များစွာသော ကိစ္စပြုဖွယ် ရှိပါကုန်၏"။

"အမ္ဗဋ္ဌ ယခုအခါ သွားရန် အချိန်ကို သင်သိ၏"။

ထိုအခါ အမ္ဗဋ္ဌသည် မြည်းကသော ရထားကို တက်စီး၍ ပြန်သွား၏၊ ထိုအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် ဥက္ကဋ္ဌမြို့မှ ထွက်၍ ပုဏ္ဏားပေါင်း များစွာနှင့်အတူ အမ္ဗဋ္ဌလုလင်ကို စောင့်မျှော်လျက် မိမိ၏ ဥယျာဉ်၌နေ၏၊ ထိုအခါ အမ္ဗဋ္ဌ လုလင်သည် ထိုဥယျာဉ်သို့သွား၍ ပေါက္ခရသာတိ ပုဏ္ဏားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်၏။

"ချစ်သား အမ္ဗဋ္ဌ အရှင်ဂေါတမကို တွေ့မြင်ခဲ့၏လော"။

"အရှင် အကျွန်ုပ်တို့သည် ထိုအရှင်ဂေါတမကို တွေ့မြင်ခဲ့ပါကုန်၏"။

"ချစ်သား အမ္ဗဋ္ဌ ထိုအရှင်ဂေါတမ၏ ကျော်စောသော သတင်းသည် အမှန်အတိုင်း ပြန့်နှံ့၍ ထွက်သလော"။

"အရှင် ထိုအရှင်ဂေါတမ၏ ကျော်စောသော သတင်းသည် အမှန်အတိုင်း ပြန့်နှံ့၍ ထွက်ပါ၏၊ထိုအရှင်သည် တင်းတင်းပြည့်ညီသော သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့နှင့် ပြည့်စုံတော်မူပါပေ၏"။

"ချစ်သား အမ္ဗဋ္ဌ သင်သည် သူနှင့် အတူ စကား တစုံတရာ ပြောဆိုခဲ့ပါသလား။"

"အရှင် အနည်းငယ် ပြောဆိုခဲ့ပါ၏။"

"အဘယ်သို့ ပြောဆိုခဲ့ပါသနည်း"

အမ္ဗဋ္ဌသည် မြတ်စွာဘုရားနှင့် အတူ ပြောဆိုခဲ့သမျှ စကား အလုံးစုံကို ပြန်လည် ပြောကြား၏၊ ထိုအခါ ပေါက္ခရသာတိ ပုဏ္ဏား အမျက်ထွက်သည်ဖြစ်၍ နှစ်လိုး မသာသည်ဖြစ်၍ အမ္ဗဋ္ဌ လုလင်ကို ခြေဖြင့် ကန်၏၊ ချက်ခြင်းပင် ဣစ္ဆာနင်္ဂလ တောအုပ် သို့ သွားပြီး မြတ်စွာဘုရားအား တောင်းပန်၏။

"အရှင်ဂေါတမ အကျွန်ုပ်တို့၏ တပည့် အမ္ဗဋ္ဌ လုလင်သည် မိုက်မဲပါ၏၊ အရှင်ဘုရားသည် သူ့အား သည်းခံတော်မူပါ"။

"ပုဏ္ဏား အမ္ဗဋ္ဌ လုလင်သည် ချမ်းသာပါစေသတည်း"။

"အရှင် ဂေါတမသည် ရဟန်းသံဃာနှင့်အတူ ယနေ့အဘို့ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ"။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏၊ ဆွမ်း ကိစ္စပြီးသောအခါ မြတ်စွာဘုရားသည် ပုဏ္ဏားအား ဒါန နှင့်စပ်သော စကားကိုရင်း သီလနှင့်စပ်သော စကားကိုရင်း နတ် ပြည်နှင့်စပ်သော စကားကိုရင်း ကာမဂုဏ်၏ အပြစ် ယုတ်ညံ့ ခြင်း ညစ်ညူးခြင်းကိုရင်း ထွက်မြောက်ခြင်း၌ အကျိုးကိုရင်း ပြတော်မူ၏။

ပေါက္ခရသာတိပုဏ္ဏား၌ သင့်လျော်သောစိတ် နူးညံ့သောစိတ် အပိတ်အပင် နီဝရဏမှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံ ကြည်သော စိတ်ရှိသည်ကို သိတော်မူသောအခါ ဗုဒ္ဓတို့၏ ကိုယ် တိုင် ထုတ်ဖော်သိမြင်ပြီးသော သာမုက္ကံသိက တရားဒေသနာ တော်ကို ဟောကြားတော်မူလျက် ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂကို ပြသတော်မူ၏။

မည်းညစ်ခြင်းကင်းသော ဖြူစင်သော အဝတ်အထည်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ပေါက္ခရသာတိ ပုဏ္ဏားအား ထိုနေရာ၌ပင်လျှင် ဖြစ်ခြင်းသဘောရှိသော တရား အလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏ဟု ကိလေသာမြူ အညစ်အကြေးမှ ကင်းသော တရားမျက်စိသည် ဖြစ်ပေါ်၏။

ထိုအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် တရားကို မြင်ပြီးသည် ဖြစ်၍ တရားသို့ ရောက်ပြီးသည်ဖြစ်၍ တရားကို သိပြီးသည်ဖြစ်၍ တရားသို့သက်ဝင်ပြီးသည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးသည် ဖြစ်၍ သို့လော သို့လော တွေးတောခြင်း ကင်းပြီးသည်ဖြစ်၍ မြတ်စွာဘုရား သာသနာ၌ ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍ သူတပါး ကို အားထား၍ ယုံသည် မဟုတ်၊ မိမိကိုယ်ကိုင်ပင် သိမြင်ပြီးသည် ဖြစ်၍- "အရှင်ဂေါတမ အကျွန်ုပ်သည် သားသမီး မယား ယင်းသတဲ့ အမတ်တို့နှင့်တကွ အရှင့်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်နှင့် သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာ ဟု မှတ်တော်မူပါ"-လျှောက်ကြားလေ၏။

## ၄- သောဏဒဏ္ဍသုတ်

### သောဏဒဏ္ဍ ပုဏ္ဏား

အခါတပါး မြတ်စွာဘုရားသည် ရဟန်း သံဃာ ငါးရာမျှနှင့် အတူတကွ အင်္ဂတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူသော် စမ္ပာမြို့

သို့ရောက်၍ ထိုမြို့အနီး ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနား၌ နေတော်မူ၏၊ ထိုစဉ်အခါ သောဏဒဏ္ဍ ပုဏ္ဏားသည် မဂဓ တိုင်းရှင် ဗိမ္ဗိသာရမင်း အပိုင်စားပေးထားသော စမ္ပာမြို့ကို အုပ်ချုပ်၍နေ၏၊ ထိုအခါ သောဏဒဏ္ဍ ပုဏ္ဏားသည် ပြာသာဒ် ထက်၌ နေ့အချိန် လျောင်းစက်လျက်ရှိ၏၊ စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် မြို့မှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တပေါင်းတည်း ဖြစ်ကြကုန်လျက် ဂဂ္ဂရာ ရေကန်ဆီသို့ သွားကြ သည်ကို မြင်သော် အမတ်အားမေး၏၊ အမတ်က ဖြေဆို၏—

"အရှင် သာကီဝင် မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင် မင်းသား ရဟန်းဂေါတမသည် ဂဂ္ဂရာ ရေကန်၌ နေတော်မူ၏၊ ထိုသူတို့သည် ထိုအရှင်ကို ဖူးမြော်ရန် ချဉ်းကပ်ကြပါကုန်၏"။

"အမတ် သို့ဖြစ်လျှင် ထိုသူတို့ထံ ချဉ်းကပ်၍ 'ခေတ္တ ဆိုင်းငံ့ ကြပါဦး၊ သောဏဒဏ္ဍ ပုဏ္ဏားလည်း ရဟန်းဂေါတမကို ဖူးမြော် ရန် ချဉ်းကပ်ပါလိမ့်မည်' ဟု ပြောကြားချေလော"။

ထိုအခါ အတိုင်းတိုင်း အပြည်ပြည်မှ လာကုန်သော ငါးရာ မျှသော ပုဏ္ဏားတို့သည် ကိစ္စတခုဖြင့် စမ္ပာမြို့၌ တည်းခိုနေကုန် ၏၊ သူတို့သည် သောဏဒဏ္ဍ ပုဏ္ဏား ရဟန်းဂေါတမကို ဖူးမျှော် ရန် ချဉ်းကပ်မည့် သတင်းကို ကြားသောအခါ သွား၍ ပြော ကြ၏—

"အရှင် သောဏဒဏ္ဍ ရဟန်း ဂေါတမကို ဖူးမြော်ရန် မချဉ်း ကပ်ပါလင့်၊ အရှင်သည် သူ့ကိုဖူးမြော်ရန် မချဉ်းကပ် ထိုက်ပါ၊ အကယ်၍ ချဉ်းကပ်ငြားအံ့၊ အရှင်၏ ကျော်စောသတင်း ဆုတ် ယုတ်၍ သူ၏ ကျော်စောသတင်း တိုးပွားလိမ့်မည်၊ ထိုကြောင့်

အရှင်က သူ့ကိုဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ ရဟန်းဂေါတမသာ အရှင့်ကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏။''

"အချင်းတို့ သို့ဖြစ်လျှင် ငါ့စကားကိုလည်း နားထောင်ကြပါဦး၊ ငါတို့သည်သာ အရှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါကုန်၏၊ သူသည် ငါတို့ကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ စင်စစ် သူ၏ ကောင်းသော ကျော်စောသတင်းသည် ပျံ့နှံ့၍ ထွက်၏''—

> ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့် အရဟံ မည်တော်မူ၏၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် အကျင့်နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာ စရဏ သမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက် သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်သော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မ သာရထိ မည်တော်မူ၏၊ လူ နတ်တို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝ မနုဿာနံ မည်တော်မူ၏၊ သစ္စာလေးပါးတရားကို သိတော်မူသော

အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်း
တန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း
ဘဂဝါ မည်တော်မူ၏။

''အချင်းတို့ ငါသည် အရှင်ဂေါတမ၏ ဤမျှလောက်သော ဂုဏ်တို့ကိုသာ သိ၏၊ ဤမျှလောက်သာ မဟုတ်ပေ၊ စင်စစ်သော်ကား အတိုင်းမသိသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူပေ၏၊ ထိုပြင် သူသည် ငါတို့၏ ဧည့်သည်တော် ဖြစ်ပေ၏၊ ဧည့်သည့်တော်ကို ငါတို့ အရိုအသေ အလေးအမြတ် ပူဇော် တုပ်ဝပ်သင့်ကုန်၏၊ ဤအကြောင်းကြောင့်လည်း သူသည် ငါတို့ကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ စင်စစ် ငါတို့သာ သူ့ကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါကုန်၏''။

ဤအတိုင်းဆိုလျှင် အရှင်ဂေါတမသည် ဤမှ ယူဇနာ တရာ အရပ်၌ နေစေကာမူ သဒ္ဓါတရားရှိသော အမျိုးသားသည် ရိက္ခာ ထုပ် ဆောင်၍သော်လည်း ဖူးမြော်ရန် ချဉ်းကပ် သင့်သည်သာ တည်း၊ အရှင် သောဏဒဏ္ဍ သို့ဖြစ်၍ အကျွန်ုပ်တို့ အားလုံးပင် ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ပါကုန်အံ့''။

## ဗြာဟ္မဏ ပြဿနာ

ထိုအခါ သောဏဒဏ္ဍ ပုဏ္ဏားသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီး တခုသော နေရာ၌ ထိုင်၏၊ စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသား အချို့တို့ သည်လည်း မြတ်စွာဘုရားကိုရှိခိုး၍ တခုသောနေရာ၌ထိုင်ကုန်၏၊ သောဏဒဏ္ဍ

ပုဏ္ဏားကား–‘ရဟန်း ဂေါတမသည် ငါ့ဆရာ၏ အတတ်ဖြစ်သော ဝေဒသုံးပုံ၌ ငါ့ကို ပြဿနာမေးမူ ကောင်းလေစွ၊ ဤသို့မေးလျှင် ငါသည် ပြဿနာကို ဖြေဆိုခြင်းဖြင့် ရဟန်းဂေါတမ၏ စိတ်ကို ကေန်ပင် နှစ်သက်စေနိုင်ရာ၏-’ဟု ကြံစည်နေ၏၊ ထိုအခါ မြတ်စွာဘုရားသည် သူ၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိတော်မူ၍ ဤသို့ မေးတော်မူ၏-

“ပုဏ္ဏား အဘယ်မျှလောက်သော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏားဟု ပညတ်ကုန်သနည်း၊ အဘယ်မျှလောက်သော အင်္ဂါတို့နှင့်ပြည့်စုံသူသည်လည်း ငါပုဏ္ဏားဟု ဆိုသော် မှန်စွာ ဆိုသည် မည်ရာသနည်း”။

“အရှင် ဂေါတမ ဤလောက၌ ပုဏ္ဏားသည် အမိ အဖ နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဝေဒကျမ်းကို အကြွင်းမဲ့ တတ်မြောက်၏၊ မြတ်သော အဆင်း သဏ္ဌာန်နှင့် ပြည့်စုံ၏၊ ကြီးပွားသော သီလနှင့် ပြည့်စုံ၏၊ ထက်မြက်သော ဉာဏ်ပညာရှိ၏၊ ဤအင်္ဂါငါးပါးတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏားဟု ပညတ်ပါကုန်၏၊ ငါးပါးသော အင်္ဂါတို့နှင့် ပြည့်စုံ သူသည်လည်း ငါ ပုဏ္ဏားဟု ဆိုသော် မှန်စွာဆိုသည် မည်ရာပါ၏”။

“ပုဏ္ဏား ဤအင်္ဂါ ငါးပါးတို့တွင် အင်္ဂါ တပါးကိုထား၍ အင်္ဂါ လေးပါးသာ ရှိပါလျှင်....”

“အရှင်ဂေါတမ အဆင်းသည် အဘယ် မူအံ့နည်း”

“ပုဏ္ဏား ဤအင်္ဂါလေးပါးတို့တွင် အင်္ဂါတပါးကို ထား၍ အင်္ဂါ သုံးပါးနှင့် ပြည့်စုံသူကို....”

"အရှင် ဂေါတမ ဗေဒကျမ်းတို့သည် အဘယ် မူကုန်အံ့နည်း"။

"ပုဏ္ဏား ဤအင်္ဂါ သုံးပါးတို့တွင် အင်္ဂါတပါးကိုထား၍ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသူကို...."

"အရှင် ဂေါတမ ဇာတ်သည် အဘယ်မူအံ့နည်း"။

ဤသို့ဆိုသော် ပုဏ္ဏားတို့သည် သောဏဒဏ္ဍအား "အရှင် ဤသို့ မဆိုပါလင့်၊ အရှင်သည် အဆင်း, ဝေဒကျမ်းနှင့် ဇာတ်ကို ပစ်ပယ်၏၊ အရှင်သည် ရဟန်း ဂေါတမ၏ ဝါဒသို့ စင်စစ် လိုက်ပါ သွား၏"-ဟု ဆိုကုန်၏။

ထိုအခါ မြတ်စွာဘုရားက ပုဏ္ဏားတို့အား–"သောဏ ဒဏ္ဍသည် ဤစကား၌ ငါနှင့်အတူ တုံ့ပြန် ပြောဆိုခြင်းငှာ မစွမ်းနိုင်ဟု အကယ်၍ သင်တို့ထင်ကြလျှင် သောဏဒဏ္ဍ နေပါစေ၊ သင်တို့သာ ဤစကား၌ ငါနှင့်အတူ ပြောဆိုကုန်လော့၊ အကယ်၍ သင်တို့ မစွမ်းနိုင်မူ သင်တို့နေကြကုန်"ဟု ဆို၏။

ထိုအခါ သောဏဒဏ္ဍသည် ထိုပုဏ္ဏားတို့အား-"အရှင်တို့ ဤသို့ မဆိုပါကုန်လင့်၊ ငါသည် အဆင်းကိုလည်း မပစ်ပယ်ပါ၊ ဝေဒ ကျမ်းတို့ကိုလည်း မပစ်ပယ်ပါ၊ ဇာတ်ကိုလည်း မပစ်ပယ်ပါ၊ အရှင် တို့သည် ငါ၏တူ ဤအင်္ဂက လုလင်ကို မြင်ကြကုန်၏မဟုတ်လော"။

"အရှင် မြင်ကြပါကုန်၏။"

"အရှင်တို့ စင်စစ် အင်္ဂက လုလင်သည် အဆင်းလှ၏၊ ရှုချင်ဖွယ် ကြည်ညိုဖွယ် ရှိ၏၊ ကောင်းမြတ်သော အဆင်း သဏ္ဌာန်နှင့်ပြည့်စုံ၏၊ သူသည် ဝေဒကျမ်းလာ ဂါထာတို့ကို အကြွင်းမဲ့ တတ်မြောက်၏၊ အမိအဖ နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ အကယ်၍

သူသည် သူ့အသက်ကိုမူလည်း သတ်ငြားအံ့၊ မပေးသည်ကိုမူလည်း ယူငြားအံ့၊ သူ၏ မယားကိုလည်း သွားလာငြားအံ့၊ မမှန်သော စကားကိုမူလည်း ပြောငြားအံ့၊ သေအရက်ကိုမူလည်း သောက် ငြားအံ့၊ အရှင်တို့ ဤသို့ပြုရာ၌ အဆင်းသည် အဘယ်မူအံ့နည်း၊ ဝေဒကျမ်းတို့သည် အဘယ်မူအံ့နည်း၊ ဇာတ်သည် အဘယ်မူအံ့နည်း၊ သီလပညာ အင်္ဂါနှစ်ပါးတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏားဟု ပညတ်ကုန်၏၊ သို့မှသာ ငါပုဏ္ဏားဟု ဆိုသော် မှန်စွာ ဆိုသည် မည်ရာ၏။"

## သီလနှင့် ပညာ

"ပုဏ္ဏား ဤအင်္ဂါနှစ်ပါးတို့တွင် အင်္ဂါတပါးကို ထား၍ အင်္ဂါ တပါးဘည်းနှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏားဟု ပညတ် ခြင်းငှာ တတ်နိုင်ပါမည်လော၊ သို့ဖြင့် ပုဏ္ဏားဟုဆိုသော် မှန်စွာ ဆိုသည် မည်ရာသလော"။

"အရှင် ဂေါတမ မတတ်နိုင်ပါ၊ ပညာကို သီလဖြင့် ဆေး ကြောရပါ၏၊ သီလကို ပညာဖြင့် ဆေးကြောရပါ၏၊ သီလရှိသူ၌ ပညာရှိ၏၊ ပညာရှိသူ၌ သီလရှိ၏၊ သီလနှင့်ပညာကို လောက၌ အမြတ်ဆုံးဟု ဆိုအပ်ပါ၏၊ အရှင်ဂေါတမ လက်တဖက်ဖြင့် လက် တဖက်ကို ဆေးကြောရာသကဲ့သို့ရင်း, ခြေတဖက်ဖြင့် ခြေတဘက် ကို ဆေးကြောရာသကဲ့သို့ရင်းတည်း"။

"ပုဏ္ဏား သီလကား အဘယ်နည်း၊ ပညာကား အဘယ်နည်း"။

"အရှင်ဂေါတမ ဤအရာ၌ အကျွန်ုပ်တို့သည် ဤမျှလောက် သာ သိပါကုန်၏၊ ထိုကြောင့် တောင်းပန်ပါ၏၊ ထိုသီလပညာ၏ အနက်သဘောကို အရှင်ဘုရား ဟောကြားတော်မူပါလော့"။

"ပုဏ္ဏား ရဟန်းသည် အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းစသော စူဠသီလနှင့် ပြည့်စုံ၏၊ မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်းစသော မဇ္ဈိမသီလနှင့် ပြည့်စုံ၏၊ မှားသောအသက်မွေးမှုဖြစ်သော ဗိလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်းစသော မဟာသီလနှင့် ပြည့်စုံ၏၊ ဤသုံးမျိုးသော သီလသည် ထိုမူလက ငါဆိုခဲ့သော သီလပင်တည်း၊ ပုဏ္ဏား ရဟန်းသည် ပထမ ဒုတိယ တတိယ စတုတ္ထ ဈာန်သို့ ရောက်၍နေ၏၊ ဝိပဿနာ ဉာဏ်အမြင်အလို့ငှာ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွှတ်စေ၏၊ ဤသည်လည်း ထိုရဟန်း၏ ပညာပင်တည်း၊ မဂ်ကိစ္စ အလို့ငှာ တပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏၊ ဤသည်လည်း ထိုရဟန်း၏ ပညာပင်တည်း၊ ပုဏ္ဏား ဤသည်ကား ထိုမူလက ငါဆိုခဲ့သော ပညာပင်တည်း"။

"အရှင်ဂေါတမ အကျွန်ုပ်သည် အရှင့်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော် သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ၊ ထိုပြင် အရှင်သည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဘို့ အကျွန်ုပ်၏ ဆွမ်းကိုလည်း လက်ခံတော်မူပါ"။

ထိုအခါ သောဏဒဏ္ဍ ပုဏ္ဏားသည် ဘုရား အမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ ဆွမ်းစားပြီးသောအခါ မြတ်

ဗုဒ္ဓဘုရားသည် ပုဏ္ဏားအား တရားစကားဖြင့် သိမြင်စေလျက် ဆောက်တည်စေကာ ထက်သန်စေ၍ ရွှင်လန်းစေပြီးလျှင် နေရာမှ ထ၍ ဖဲခွါကြွသွားတော်မူလေသတည်း။

## ၅-ကူဋဒန္တသုတ်

### ကူဋဒန္တပုဏ္ဏား

အခါတပါး မြတ်စွာဘုရားသည် ရဟန်း သံဃာ ငါးရာမျှနှင့် အတူတကွ မဂဓတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူသော် ခါဏုမတ အမည်ရှိသော ပုဏ္ဏားရွာသို့ ရောက်တော်မူ၍ ထိုရွာ၏ အနီး အမ္ဗလဋ္ဌိကာ ဥယျာဉ်၌ နေတော်မူ၏၊ ထိုအခါ ကူဋဒန္တ ပုဏ္ဏား သည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်း အပိုင်စား ပေးထားသော ခါဏုမတရွာကို အုပ်ချုပ်၍နေ၏၊ ထိုစဉ်အခါ ထိုပုဏ္ဏားသည် ယဇ်ကြီးကို စီရင်လျက်ရှိ၏၊ ယဇ်ပူဇော်ရန် အလို့ငှာ နွားလား ခုနစ်ရာ, နွားပေါက် ခုနစ်ရာ, နွားမ ခုနစ်ရာ, ဆိတ် ခုနစ်ရာ, သိုး ခုနစ်ရာတို့ကို ယဇ်တိုင်သို့ ပို့ဆောင်ထားကုန်၏။

ထိုအခါ ကူဋဒန္တ ပုဏ္ဏားသည် များစွာသော ပုဏ္ဏားအပေါင်း နှင့်အတူ အမ္ဗလဋ္ဌိကာ ဥယျာဉ် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး လျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆိုပြီး၍ တနေရာ၌ ထိုင်ပြီးသော် ဤစကားကို လျှောက်ကြား၏—

"အရှင်ဂေါတမ အရှင်သည် သုံးပါးသော စိတ်ထားနှင့် တဆဲ့ ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ယဇ်ကို သိတော်

မှု၏ဟု အကျွန်ုပ် ကြားဘူးပါ၏၊ အကျွန်ုပ်သည်ကား မသိပါ၊ အကျွန်ုပ်သည် ယဇ်ကြီး ပူဇော်ရန်လည်း အလိုရှိပါ၏၊ တောင်းပန်ပါ၏၊ ယင်းယဇ်ကို အကျွန်ုအား ဟောကြားတော်မူပါ"။

"ပုဏ္ဏား သို့ဖြစ်လျှင် နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့"။

"အရှင် ကောင်းပါပြီ"။

## မဟာဝိဇိတမင်း၏ ယဇ်

ရှေး၌ ဖြစ်ဘူးသည်ကား မဟာဝိဇိတ မည်သော မင်းသည် ရှိ၏၊ ထိုမင်းသည် ယဇ်ကြီး ပူဇော်လိုသဖြင့် ပုရောဟိတ် ပုဏ္ဏားကို ခေါ်၍ "ပုဏ္ဏား ငါသည် ယဇ်ကြီးကို ပူဇော်ရန် အလိုရှိ၏၊ ယင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး ငါ၏ စီးပွားချမ်းသာ အလို့ငှာ ဖြစ်ရာ၏၊ အရှင်သည် ငါ့ကို ညွှန်ကြားပါလော့"-ဟု ဆို၏။

"အရှင်မင်း၏ နိုင်ငံ၌ ခိုးသူ ဆူးငြောင့်ရှိ၏၊ ခိုးသူ နှိပ်စက်ခြင်း ရှိ၏၊ ရွာကို ဖျက်ဆီးခြင်းတို့လည်း ထင်ကုန်၏၊ နိဂုံးကို ဖျက်ဆီးခြင်းတို့လည်း ထင်ကုန်၏၊ မြို့ကို ဖျက်ဆီးခြင်းတို့လည်း ထင်ကုန်၏၊ ခရီးသွားတို့ကို လုယက်ခြင်းတို့လည်း ထင်ကုန်၏၊ ဤသို့ ခိုးသူ ဆူးငြောင့်ရှိသော ခိုးသူ နှိပ်စက်ခြင်းရှိသော နိုင်ငံ၌ အခွန် အထုတ် ကောက်ယူသောကြောင့် အရှင်မင်းသည် မပြုသင့်သည်ကို ပြုသည် ဖြစ်ရာ၏"။

"ပုရောဟိတ် ငါသည် ဤခိုးသူ ဆူးငြောင့်ကို သတ်ဖြတ်ခြင်းဖြင့်၎င်း, နှောင်ဖွဲ့ခြင်းဖြင့်၎င်း, ဒဏ်တပ်၍ ဥစ္စာ ဆုံးရှုံးစေခြင်း

ဖြင့်ရင်း, ကဲ့ရဲ့ရှုတ်ချခြင်းဖြင့်ရင်း, တိုင်းပြည်မှ နှင်ထုတ်ခြင်းဖြင့်ရင်း ဖယ်ရှားအံ့''။

''အရှင်မင်း ဤနည်းဖြင့် ဤခိုးသူ ဆူးငြောင့်ကို အကြွင်းမဲ့ ဖယ်ရှားခြင်း မဖြစ်နိုင်ပါ၊ သတ်ဖြတ် ညှဉ်းဆဲ ခံရသည်မှ ကြွင်းကျန်သော ခိုးသူတို့သည် နောင်အခါ၌ မင်း၏ နိုင်ငံကို ညှဉ်းဆဲကြပါလိမ့်မည်''။

''ပုရောဟိတ် သို့ဖြစ်လျှင် အသို့ ပြုရပါမည်နည်း''။

''အရှင်မင်း၏ နိုင်ငံ၌ လယ်ယာလုပ်မှု နွားမွေးမှုတို့ကို အားထုတ်ကုန်သော သူတို့အား မျိုးရိက္ခာ ထောက်ပံ့ ပေးကမ်းပါလော့၊ ကုန်သွယ်မှုကို အားထုတ်ကုန်သော သူတို့အား အရင်းအနှီး ထောက်ပံ့ပေးကမ်းပါလော့၊ မင်းမှုထမ်း အလုပ်အားထုတ်ကုန်သော သူတို့အား လခရိက္ခာ စီမံပေးပါလော့''။

မင်းသည် ပုရောဟိတ် ပန်ကြားအကြံပေးသည့်အတိုင်း မျိုးရိက္ခာ အရင်းအနှီး လခရိက္ခာတို့ကို အသီးသီး ထောက်ပံ့ပေးကမ်း၏၊ ဤသို့ပြုသဖြင့် ထိုနိုင်ငံသူ နိုင်ငံသားတို့သည်လည်း မိမိတို့ အလုပ်အကိုင်၌ အားထုတ်နေကုန်သည်ဖြစ်၍ နိုင်ငံကို မညှဉ်းဆဲကုန်၊ မင်းအား များပြားသော ဥစ္စာ စပါး အစုသည်လည်း ဖြစ်၏၊ ငြိမ်းချမ်းခြင်းရှိသည်ဖြစ်၍ ခိုးသူ ဆူးငြောင့် မရှိသည်ဖြစ်၍ ခိုးသူ နှိပ်စက်ခြင်း မရှိသည်ဖြစ်၍ နိုင်ငံသူ နိုင်ငံသားတို့သည်လည်း အချင်းချင်း နှစ်လို ဝမ်းမြောက်ကုန်လျက် သားသမီးတို့ကို ရင်ခွင်၌ ကစေကုန်လျက် အိမ်တို့ကို မပိတ်ကုန်ဘဲလျက် နေကြရသကဲ့သို့ ဖြစ်လေကုန်၏။

ထိုနောက် မဟာဝိဇိတ မင်းသည် ယဇ်ကြီး ပူဇော်ရန်အတွက် ပုရောဟိတ်ထံ အကြံဉာဏ်တောင်း၏၊ ပုရောဟိတ်သည် မင်းကြီး အား ယဇ် မပူဇော်မီ ရှေးဦးစွာပင်လျှင် သုံးပါးသော စိတ်ထားကို ညွှန်ကြား၏—

ယဇ်ကြီး ပူဇော်ရန် ကြံစည် တောင်းတနေသော ကာလ, ယဇ်ကြီး ပူဇော်ဆဲကာလနှင့် ယဇ်ကြီး ပူဇော်ပြီးသော ကာလ၌ များစွာသော ငါ၏ စည်းစိမ် ဥစ္စာစုသည် ကုန်ခန်းလိမ့် ကုန်ခန်း၏ ကုန်ခန်းလေပြီတကားဟု တစုံတရာ နှလုံးမသာခြင်း ဖြစ်ရာ၏၊ ထိုသို့နှလုံးမသာခြင်း မဖြစ်သင့်ပါ၊ ထိုနောက်—

နိဂုံး ဇနပုဒ်နေ အရံမင်း, အမတ် မင်းမှုထမ်း, ပုဏ္ဏား သူဌေးနှင့် သူကြွယ်တို့ကို ယဇ်ကြီး ပူဇော်ရန် တိုင်ပင်၍ သဘောတူခြင်း ယူရမည်၊ ထို့ပြင် ယဇ်ကြီး ပူဇော်မည့် မင်းကြီးမှာ အမျိုးအနွယ် မြင့်မြတ်ခြင်း, လှပတင့်တယ်ခြင်း, ဥစ္စာပြည့်စုံခြင်း, ဗိုလ်ပါအင်အား ရှိခြင်း, သဒ္ဓါတရားရှိခြင်း, ဗဟုသုတရှိခြင်း, စကား၏ အနက် အဓိပ္ပါယ်ကို သိခြင်း, ဉာဏ် ပညာရှိခြင်းနှင့် ပြည့်စုံရမည်၊ ယဇ်ကြီး စီရင်မည့် ပုရောဟိတ် ပုဏ္ဏားလည်း အမျိုး စင်ကြယ်ခြင်း, ဝေဒ ကျမ်း အတတ်တို့၌ တဘက်ကမ်းခတ် တတ်ခြင်း, သီလနှင့်ပြည့်စုံခြင်း, ဉာဏ်ပညာရှိခြင်းနှင့် ပြည့်စုံရမည်။

မဟာဝိဇိတ မင်းကြီးသည် ဤသို့လျှင် သုံးပါးသော စိတ်ထား ကိုရင်း, လေးမျိုးသော သဘောတူခြင်း မင်းကြီး၌ ပြည့်စုံရသော အင်္ဂါရှစ်ပါးနှင့် ပုရောဟိတ် ပုဏ္ဏား၌ ပြည့်စုံသော အင်္ဂါလေးပါး ဟူသော ယဇ် အရံအတား တဆယ့်ခြောက်ပါးကိုရင်း ပြည့်စုံလေ သောအခါ ယဇ်ပူဇော်ပွဲကို ပြုလုပ်ဘူးလေသည်။

"ပုဏ္ဏား ထိုအလှူယဇ်ပွဲ၌မူကား နွား သိုး ဆိတ် ကြက် ဝက် စသော သတ္တဝါတစုံတရာကို မသတ်ချေ၊ ယဇ်တိုင် အလို့ငှာ သစ်ပင်တို့ကိုလည်းမခုတ် ဖြတ်ရကုန်၊ ယဇ်အခင်း အလို့ငှာ သမန်း မြက်တို့ကိုလည်း မရိတ်ရကုန်၊ ထိုအလှူ ယဇ်ပွဲသည် ထောပတ် ဆီ ဆီဉ နို့စမ်း ပျား တင်လဲဖြင့်သာလျှင် ပြီးဆုံးခြင်းသို့ ရောက်၏"။

ဤသို့ ဟောကြားတော်မူသော် ထိုပုဏ္ဏားတို့သည် ပြင်းပြ ကျယ်လောင်သော အသံဖြင့် "အံ့ဖွယ်ကောင်းသော ယဇ်ပွဲပေ တကား"-ဟု ပွဲတင်ထပ်မျှ ပြောဆိုကြကုန်၏၊ ကူဋဒန္တ ပုဏ္ဏားကား ဆိတ်ဆိတ်သာလျှင် ထိုင်နေ၏။

"အရှင်ရဟန်း ဂေါတမ၏ ကောင်းသောစကားကိုကောင်းသော စကားအနေဖြင့် အဘယ်ကြောင့် ကောင်းချီး မခေါ်သနည်း" ဟုဆိုကြ၏။

"အရှင်တို့ ငါသည် ကောင်းချီး မခေါ်သည် မဟုတ်ပါ၊ စဉ်းစားနေပါသည်၊ ရဟန်း ဂေါတမသည် ဤသို့ ငါကြားဘူး၏၊ ဤသို့ ဖြစ်ထိုက်၏ဟူ၍ မဆိုမူ၍ ထိုအခါ၌ ဤသို့ ဖြစ်ဘူး၏၊ ဤသို့သော အချင်းအရာအားဖြင့် ဖြစ်ဘူး၏ဟုသာ ဆို၏၊ ထိုကြောင့် ရဟန်းဂေါတမသည် ထိုစဉ်အခါက ယဇ်၏ အရှင်ဖြစ်သော မဟာဝိဇိတမင်းသော်၎င်း ထိုယဇ်ကို ပူဇော်ရာ၌ ညွှန်ကြားသော ပုရောဟိတ် ပုဏ္ဏားသော်၎င်း မချွတ်ဖြစ်တန်ရာ၏"။

"ပုဏ္ဏား ထိုစဉ်အခါ၌ ငါသည် ထိုယဇ်ကို ပူဇော်ရာ၌ ညွှန်ကြားသော ပုရောဟိတ် ပုဏ္ဏားဖြစ်ခဲ့၏"။

## အစဉ်အလာ ယဇ်အလှူ

"အရှင်ဂေါတမ သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယဇ်ထက် သာ၍ ကိစ္စ အားထုတ်မှုလည်းနည်း၍ သာ၍ အကျိုးအာနိသင်ရှိသော ယဇ်ရှိပါသေးသလော"။

"ပုဏ္ဏား ရှိပါသေး၏"။

"အရှင် ဂေါတမ ထိုယဇ်သည် အဘယ်ပါနည်း"။

"ပုဏ္ဏား သီလရှိသော ရဟန်းတို့အား ရည်ညွှန်း၍ အမြဲတမ်း လှူနေသော မျိုးရိုးစဉ်ဆက် ယဇ်အလှူတို့ ဖြစ်ကုန်၏"။

"အရှင် ဂေါတမ ထိုအကြောင်း အထောက်အပံ့ကား အဘယ်နည်း"။

"ပုဏ္ဏား ထုတ်ဖြင့် ပုတ်ခတ်ခြင်း လည်ကို စွဲကိုင်ခြင်းရှိသော ယဇ်ပွဲသို့ ရဟန္တာတို့သည်၎င်း ရဟန္တာဖြစ်ရန် ကျင့်နေသူတို့သည်၎င်း မချဉ်းကပ်ကုန်၊ သူတို့သည် သီလရှိသော ရဟန်းတို့ကို ရည်ညွှန်း၍ အမြဲတမ်း လှူနေသော မျိုးရိုးစဉ်ဆက် ယဇ်အလှူသို့ ချဉ်းကပ်ကုန်၏၊ ယင်း မျိုးရိုးစဉ်ဆက် ယဇ်အလှူသည် ထိုအကြောင်း အထောက်အပံ့ကြောင့် သာ၍နည်းသော ကိစ္စ အားထုတ်ရမှုလည်းရှိ၏၊ သာ၍များသော အကျိုးအာနိသင်လည်း ရှိ၏"။

"အရှင်ဂေါတမ အဆိုပါ ယဇ်နှစ်မျိုးထက် သာ၍နည်းသော ကိစ္စ အားထုတ်မှုရှိ၍ သာ၍များသော အကျိုးအာနိသင်လည်း ရှိသော အခြားယဇ် ရှိပါသေးသလော"။

"ပုဏ္ဏား ရှိပါသေး၏"။

"အရှင်ဂေါတမ ထိုယဇ်သည် အဘယ်ပါနည်း"။

"ပုဏ္ဏား အရပ်လေးမျက်နှာ၌ရှိသော သံဃာကို ရည်ညွှန်း၍ ကျောင်းဆောက်သူ၏ ဤယဇ်အလှူသည် အဆိုပါယဇ်နှစ်မျိုးထက် သာ၍နည်းသော ကိစ္စ အားထုတ်မှုလည်း ရှိ၏၊ သာ၍ အကျိုး အာနိသင်လည်း ရှိ၏"။

"အရှင်ဂေါတမ အဆိုပါ ထိုယဇ်သုံးပါးထက် သာ၍ နည်းသော ကိစ္စ အားထုတ်မှုရှိ၍ သာ၍ များသော အကျိုးအာနိသင်ရှိသော ယဇ်ရှိပါသေးသလော"။

"ပုဏ္ဏား အခြားယဇ်သည် ရှိသေး၏"။

"အရှင်ဂေါတမ ထိုယဇ်သည် အဘယ်ပါနည်း"။

"ပုဏ္ဏား ယုံကြည်သော စိတ်ရှိသည်ဖြစ်၍ ဘုရား တရား သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူ၏ ဤယဇ်သည် သာ၍ နည်းသော ကိစ္စ အားထုတ်မှုလည်း ရှိ၏၊ သာ၍များသော အကျိုး အာနိသင်လည်း ရှိ၏"။

"အရှင်ဂေါတမ ထိုလေးပါးသောယဇ် အလှူထက် သာ၍ နည်းသော ကိစ္စ အားထုတ်မှုလည်းရှိ၍ သာ၍များသော အကျိုး အာနိသင်လည်းရှိသော ယဇ်အလှူ ရှိပါသေးသလော"။

"ပုဏ္ဏား အခြားယဇ်သည် ရှိပါသေး၏"။

"အရှင်ဂေါတမ ထိုယဇ်သည် အဘယ်ပါနည်း"။

"ပုဏ္ဏား အသက်သတ်ခြင်းမှ မပေးသည်ကို ယူခြင်းမှ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ မမှန်ပြောခြင်းမှ သေရည်

သေရက်မှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်သူ၏ ယဇ်သည် သာ၍နည်းသော ကိစ္စအားထုတ်မှုရှိ၏၊သာ၍များသော အကျိုးအာနိသင်လည်း ရှိ၏”။

“အရှင်ဂေါတမ ထိုယဇ်အလှူ ငါးပါးထက် သာလွန်သော ယဇ်သည် ရှိပါသေးသလော”။

“ပုဏ္ဏား သာလွန်သော အခြားယဇ်သည် ရှိသေး၏”။

“အရှင်ဂေါတမ ထိုယဇ်သည် အဘယ်နည်း”။

“ပုဏ္ဏား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်သို့ ရောက်၍နေသော ရဟန်းသည် ဉာဏ်အမြင်အလို့ငှာ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ မဂ်ကိစ္စအလို့ငှာ ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏၊ ယင်း ယဇ်သည် သာ၍ များသော အကျိုး အာနိသင်ရှိ၏၊ ဤပြည့်စုံသော ယဇ်ထက် အခြားတပါး ပြည့်စုံသော ယဇ် မရှိတော့ပြီ”။

ထိုအခါ ကူဋဒန္တ ပုဏ္ဏားသည် တရားကို သိမြင်၏၊ တရားသို့ ရောက်ပြီးဖြစ်၏၊ တရားကို သိပြီးဖြစ်၏၊ တရားသို့ သက်ဝင်ပြီး ဖြစ်၏၊ ယုံမှားခြင်းကို ကူးမြောက်၏၊ သို့လော သို့လော တွေးတောခြင်း ကင်း၏၊ မြတ်စွာဘုရား အဆုံးအမ၌ ရဲရင့်ခြင်းသို့ ရောက်၏၊ သူတပါးကို အားထားယုံကြည်ခြင်း မဟုတ်ဘဲ ကိုယ်တိုင် သိမြင်ပြီး ဖြစ်၏။

“အရှင်ဂေါတမ အကျွန်ုပ်သည် ဘုရား တရား သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ၊ ယဇ် ပူဇော်ရန် ယဇ်တိုင်သို့ ပို့ဆောင်ထားသော နွား ဆိတ်

သိုးတို့ကို လွှတ်ပါ၏၊ချမ်းသာခွင့်ကို ပေးပါ၏၊စိုစွတ်သော မြက်တို့ကိုလည်း စားစေပါ၏၊ အေးမြသောရေကိုလည်း သောက်စေပါ၏၊ အေးမြသော လေကိုလည်း တိုက်စေပါ၏''။

မည်းညစ်ခြင်းကင်းသော ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ကူဋဒန္တ ပုဏ္ဏားအား ထိုနေရာ၌ပင်လျှင် ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘော ရှိ၏ဟု ကိလေသာမြူ အညစ် အကြေးမှ ကင်းသော တရားမျက်စိ ဖြစ်ပေါ်၏။

## ၆-မဟာလိသုတ်

### နတ်တို့ အဆင်းအသံ

အခါတပါး မြတ်စွာဘုရားသည် ဝေသာလီပြည်အနီး မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ နေတော်မူ၏၊ ထိုစဉ်အခါ များစွာသော ကောသလတိုင်းသား ပုဏ္ဏား တမန်နှင့် မဂဓတိုင်းသား ပုဏ္ဏား တမန်တို့သည် ပြုဖွယ် ကိစ္စတခုဖြင့်တို့ ဝေသာလီပြည်၌ တည်းခိုနေကြ၏၊ သူတို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် မဟာဝုန်တောသို့ သွားကြ၏၊ ထိုအတူ မဟာလိမည်သော လိစ္ဆဝီမင်းသည်လည်း များစွာသော လိစ္ဆဝီ ပရိသတ်နှင့်တကွ မဟာဝုန်တောသို့ ကပ်ရောက်၏၊ ထိုအခါ အရှင်နာဂိတသည် မြတ်စွာဘုရားအား လုပ်ကျွေး ပြုစုလျက်ရှိ၏၊ထိုအခါ တမန်တို့နှင့် လိစ္ဆဝီမင်းသည် အရှင်နာဂိတထံ ချဉ်းကပ်၍ လျှောက်ကြားကြ၏—

"အရှင်နာဂိတ ယခုအခါ မြတ်စွာဘုရား အဘယ်မှာ နေပါသနည်း၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ဖူးမြော်လိုပါကုန်၏"။

"အချင်းတို့ မြတ်စွာဘုရားကို ဖူးမြော်ရန် အခါမဟုတ်၊ မြတ်စွာဘုရားသည် ပရိသတ်မှ ဖဲ၍ ကိန်ကောင်း နေတော်မူ၏"။

ထိုအခါ သူတို့သည် ဘုရားဖူးပြီးမှ သွားကြအံ့ဟု ကြံလျက် ထိုအရပ် တခုသော နေရာ၌ ထိုင်နေကြ၏၊ ထိုအခါ သီဟ သာမဏေသည် အရှင်နာဂိတထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် လျှောက်၏—

"အရှင် နာဂိတ များစွာသော ပုဏ္ဏား တမန်တို့နှင့် မဟာလိမင်းသည် လိစ္ဆဝီ ပရိသတ်နှင့် အတူ ဘုရားဖူးရန် ဤအရပ်သို့ ရောက်လာကြပါ၏၊ အရှင် နာဂိတ တောင်းပန်ပါ၏၊ သူတို့သည် မြတ်စွာဘုရားကို ဖူးခွင့် ရပါစေ"။

"သီဟ သို့ဖြစ်လျှင် သင်ပင် မြတ်စွာဘုရားအား လျှောက်ကြားချေလော့"။

သီဟ သာမဏေသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ထိုအကြောင်းကို လျှောက်ကြား၏၊ ထိုအခါ မြတ်စွာဘုရားသည် ကျောင်းမှထွက်၍ ကျောင်းရိပ်တွင် ပြင်ထားသော နေရာ၌ ထိုင်၏၊ ထိုပုဏ္ဏား တမန်တို့သည် မြတ်စွာဘုရားနှင့် အတူတကွ ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြ၏၊ မဟာလိမင်းလည်း တခုသော နေရာ၌ ထိုင်ကာ လျှောက်ကြား၏—

"အရှင်ဘုရား လိစ္ဆဝီမင်းသား သုနက္ခတ္တက မြတ်စွာဘုရားကို အမှီပြု၍ နေခဲ့သည်မှာ သုံးနှစ်ရှိပါပြီ၊ ထိုကာလ အတွင်း၌ ငါသည် နတ်လောကမှ ချစ်နှစ်သက်ဖွယ် အဆင်းတို့ကို မြင်ရပါ၏၊ အသံကိုကား မကြားရပါဟု ပြောပြပါသည်၊ သူသည် နတ်လောကမှ

အသံတို့ကို ထင်ရှားရှိလျက်ပင် မကြားသလော၊ သို့မဟုတ် ထင်ရှား မရှိ၍ မကြားလေသလော"။

"မဟာလိ လိစ္ဆဝီမင်းသား သုနက္ခတ္တသည် နတ်လောကမှ အသံတို့ကို ထင်ရှားရှိလျက်ပင် မကြားလေ၊ ထင်ရှား မရှိ၍ မကြား လေသည်ကား မဟုတ်"။

"အရှင်ဘုရား ထင်ရှားရှိလျက် မကြားလေဟူရာ၌ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း"။

"မဟာလိ ဤ၌ ရဟန်းသည် နတ်လောကမှ အဆင်း ရူပါရုံကို မြင်ရန် တဘို့တည်း အတွက်သာလျှင် တည်ကြည်မှု သမာဓိကို ပွား၍ အသံတို့ကို ကြားရန် မပွားသောကြောင့်ပင် ဖြစ်ချေ၏၊ ယင်းသည်ပင် အကြောင်း အထောက်အပံ့တည်း"။

"အရှင်ဘုရား ထိုပွားများအပ်သော တည်ကြည်မှု သမာဓိ တရား တို့ကို မျက်မှောက်ပြုလိုသောကြောင့် ရဟန်းတို့သည်' မြတ်စွာ ဘုရား အထံ၌ မြတ်သော အကျင့်ကို ကျင့်ပါကုန်သလော"။

"မဟာလိ ရဟန်းတို့သည် သမာဓိကို မျက်မှောက်ပြုလိုသော ကြောင့် ငါ့ထံ၌ မြတ်သော အကျင့်ကို ကျင့်ကြသည် မဟုတ်ကုန်၊ သမာဓိထက် သာ၍ လွန်ကဲ မွန်မြတ်သော တရားကို မျက်မှောက် ပြုလိုသောကြောင့်သာ ငါ့ထံ၌ မြတ်သော အကျင့်ကို ကျင့် ကုန်၏"။

## အရိယမဂ်

"အရှင်ဘုရား ထိုတရားတို့ကား အဘယ်ပါနည်း"

"မဟာလိ ဤ၌ ရဟန်းသည် သံယောဇဉ် အနှောင်အဖွဲ့ သုံးပါးတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်း

သဘော မရှိသော မုချမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏၊ ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏ အဆုံးကိုပြုသော သကဒါဂါမိဖြစ်၏၊ ပြန်လည်ခြင်းသဘော မရှိသော အနာဂါမိဖြစ်၏၊ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် ပညာကို မျက်မှောက်ဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ရောက်လျက်နေ၏၊ ဤသည်တို့ကား သမာဓိ တရားထက် သာ၍ လွန်ကဲ မွန်မြတ်သော တရားတို့ပေတည်း၊ ယင်းတရားတို့ကို မျက်မှောက်ပြုလိုသောကြောင့် ရဟန်းတို့သည် ငါ့ထံ၌ မြတ်သော အကျင့်ကို ကျင့်ကုန်၏''။

''အရှင်ဘုရား ထိုတရားတို့ကို မျက်မှောက်ပြုရန် လမ်းရှိသလော၊ အကျင့်သည် ရှိသလော''။

''မဟာလိ ရှိ၏''။

''အရှင်ဘုရား အဘယ်ပါနည်း''။

''မဟာလိ ဖြူစင်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်ပင်လျှင်တည်း၊မှန်စွာ သိမြင်ခြင်း=သမ္မာဒိဋ္ဌိ,မှန်စွာ ကြံခြင်း=သမ္မာသင်္ကပ္ပ, မှန်စွာ ပြောဆိုခြင်း=သမ္မာဝါစာ, မှန်စွာပြုလုပ်ခြင်း=သမ္မာကမ္မန္တ, မှန်စွာအသက်မွေးခြင်း=သမ္မာအာဇီဝ, မှန်စွာ အားထုတ်ခြင်း= သမ္မာဝါယမ, မှန်စွာအောက်မေ့ခြင်း=သမ္မာသတိ, မှန်စွာ တည်ကြည်ခြင်း=သမ္မာသမာဓိ၊ ထိုတရားတို့ကို မျက်မှောက် ပြုရန်လမ်းကား ဤမဂ်ပင်တည်း၊ အကျင့်ကား ဤမဂ်ပင်တည်း။''

မဟာလိ မည်သော လိစ္ဆဝီမင်းသည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။

# ၇-ဇာလိယ သုတ်

## ကိုယ်နှင့်အသက်

အခါတပါး မြတ်စွာဘုရားသည် ကောသမ္ဗီပြည်အနီး ဃောသိတာရုံ ကျောင်း၌ နေတော်မူ၏၊ ထိုအခါ မုဏ္ဍိယနှင့် ဇာလိယ အမည်ရှိသော ပရိဗိုဇ် နှစ်ဦးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ ဤစကားကို လျှောက်ကြားကုန်၏-

“ငါ့ရှင် ဂေါတမ အသို့နည်း၊ ထိုကိုယ်သည်ပင် အသက်, ထို အသက်သည်ပင် ကိုယ်လော၊ သို့မဟုတ် အသက်တခြား, ကိုယ် တခြားလော”။

“ငါ့ရှင်တို့ ရဟန်းသည် သီလနှင့် ပြည့်စုံ၏၊ စျာန်သို့ ရောက်၍ နေ၏၊ ဝိပဿနာ ဉာဏ်အမြင် အလို့ငှာ စိတ်ကို ရှေးရှု ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ မဂ်ကိစ္စ အလို့ငှာ တပါးသော ပြုဖွယ် ကိစ္စ မရှိတော့ပြီဟု သိ၏၊ ဤသို့ သိမြင်သော ရဟန်းအား ထိုကိုယ် သည်ပင် အသက်, ထိုအသက်သည်ပင် ကိုယ်ဟူ၍ရင်း, အသက်သည် တခြား, ကိုယ်သည် တခြား ဟူ၍ရင်း ဤစကားကို ဆိုရန် သင့်လျော်ပါမည်လော၊ ငါ့ရှင်တို့ ငါသည် ထို အာသဝက္ခယ ဉာဏ်ကို ဤသို့ သိမြင်၏၊ ထိုသို့ သိမြင်လျက်လည်း ထိုကိုယ် သည်ပင် အသက်, ထိုအသက်သည်ပင် ကိုယ်ဟူ၍ရင်း, အသက်တခြား ကိုယ်တခြား ဟူ၍ရင်း-ငါသည်ကား မဆို”။

ပရိဗိုဇ်နှစ်ဦးတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရား တော်ကို နှစ်လိုကုန်သည် ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေ ကုန်သတည်း။

# ၈-မဟာသီဟနာဒ သုတ်

## အကျောင်းပြဿနာ

အခါတပါး မြတ်စွာဘုရားသည် ဥရုည မြို့အနီး ကဏ္ဏကထလ အရပ်၌ နေတော်မူ၏၊ ထိုအခါ ကဿပ တက္ကတွန်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဤစကားကို လျှောက်ကြား၏--

"အရှင် ဂေါတမ သင်သည် ခြိုးခြံသော အကျင့်အားလုံးကို ကဲ့ရဲ့၏၊ ခေါင်းပါးစွာ အသက်မွေးသော ခြိုးခြံစွာ ကျင့်သူအားလုံးကို တဖက်သတ် ပြက်ရယ်ပြု ရှုတ်ချ၏ဟု ကြားဘူးပါသည်၊ ဟုတ်ပါသလော"။

"ကဿပ ထိုသူတို့သည် ငါဆိုသည့်အတိုင်း ဆိုကြသည် မဟုတ်ကုန်၊ ငါသည် ဤလောက၌ ခေါင်းပါးစွာ အသက်မွေးသော ခြိုးခြံစွာ ကျင့်သူအချို့ သေပြီးသည့်နောက် ငရဲ၌ ဖြစ်လေသည်ကိုရင်း, နတ်ပြည်၌ ဖြစ်လေသည်ကိုရင်း အထူးသဖြင့် စင်ကြယ်သော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်၏၊ ငါသည် သူတို့၏ လားခဲ့ရာ အရပ် သွားရောက်ရာအရပ် သေခြင်း ဖြစ်ခြင်းကို ဟုတ်မှန်သော အတိုင်း သိ၏၊ ထိုသို့သော ငါသည် ခြိုးခြံသော အကျင့်အားလုံးကို အဘယ်ကြောင့် ကဲ့ရဲ့အံ့နည်း၊ ခေါင်းပါးစွာ အသက်မွေးသော ခြိုးခြံစွာကျင့်သူ အားလုံးကို အဘယ်ကြောင့် တဖက်သတ် ပြက်ရယ်ရှုတ်ချအံ့နည်း၊ ကဿပ ပညာရှိကုန်သော သိမ်မွေ့သော ဉာဏ်ရှိကုန်သော သူတပါးတို့ အယူကို လေ့လာပြီး ဖြစ်ကုန်သော သားမြီးကို ပစ်ခွဲနိုင်သော လေးသမားနှင့် တူကုန်သော သမဏ ဗြာဟ္မဏတို့သည် မှားသော အယူကို ပညာဖြင့် ဖျက်ဆီး နေဘိ

သကဲ့သို့ကျက်စားနေကြကုန်၏၊ ထိုသူတို့နှင့် ငါ၏ အယူဝါဒသည် အချို့နေရာတို့၌ တူညီ၏၊ အချို့နေရာတို့၌ မတူညီ"။

## ခြိုးခြံသောအကျင့်

ထိုအခါ ကဿပ တက္ကတွန်းသည် မြတ်စွာဘုရားအား လျှောက်ကြား၏—

"အရှင် ဂေါတမ ထိုသမဏ ဗြာဟ္မဏတို့က သမဏ အလုပ်ဟုရင်း, ဗြာဟ္မဏ အလုပ်ဟုရင်း ဆိုသော ခြိုးခြံသော အကျင့်ကို အားထုတ်မှုတို့သည်လည်း ရှိပါကုန်သေး၏၊ အဝတ် မဝတ်ဘဲနေ၏၊ လွတ်လပ်စွာ ကျင့်၏၊ တရက်ခြား၍ အစာစား၏၊ နှစ်ရက်ခြား၍ အစာစား၏၊ ခုနစ်ရက်ခြား၍လည်း အစာစား၏၊ လခွဲတိုင်အောင်လည်းရက်ပိုင်းခြား၍ အစာစားခြင်း အကျင့်ကို ကျင့်လျက်နေခြင်းတို့ပင် ဖြစ်ပါ၏"။

"ကဿပ ဤသို့သဘောရှိသော အကျင့်ကို ကျင့်လျက်နေစေကာမူ ထိုသူသည် သီလ သမာဓိ ပညာ၏ ပြည့်စုံခြင်းကို မပွားများရသေး၊ မျက်မှောက်မပြုရသေးသော် စင်စစ် သမဏ ဗြာဟ္မဏ အလုပ်မှ ဝေးသည်သာတည်း၊ အကြင် ရဟန်းသည် ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာစိတ်ကို ပွားများ၏၊ အာသဝတို့၏ ကုန်ခြင်းကြောင့် လွတ်မြောက်သော စိတ်နှင့် ပညာကို ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ ဤရဟန်းကို သမဏ ဗြာဟ္မဏဟု ဆိုအပ်၏"။

ထိုအခါ ကဿပ တက္ကတွန်းသည် မြတ်စွာဘုရားအား "အရှင် ဂေါတမ သမဏ ဗြာဟ္မဏ အလုပ်သည် ခဲယဉ်းလှချေ၏"-ဟု ဆို၏။

"ကဿပ ဤစကားသည် လောက၌ ဆိုရိုး တံထွာပင်တည်း"။

"အဝတ် မဝတ်ဘဲ နေရ၍ ဖြစ်စေ၊ ရက်ပိုင်းခြား၍ စားသောက်ခြင်းဖြင့် အကျင့်ကို ကျင့်လျက် နေမှုလည်း ဖြစ်စေ၊ ဟင်းရွက်စိမ်း စသည်ကို စားသောက်၍ နေမှုလည်း ဖြစ်စေ၊ ပိုက်ဆံလျှော် အဝတ် စသည်ကို ဝတ်သည့်မှုလည်း ဖြစ်စေ၊ ဤခြိုးခြံသော အကျင့်ကို အားထုတ်ကာမျှဖြင့် သမဏ ဗြာဟ္မဏ အလုပ်သည် ခဲယဉ်းသည်၊ အလွန် ခဲယဉ်းသည် ဖြစ်ခဲ့လျှင် ယင်းအလုပ်သည် ခဲယဉ်း၏ဟု မဆိုသင့်ချေ၊ ယင်းအကျင့်မျိုးကို အယုတ်ဆုံး အိုးရွက်ကျွန်မသော်လည်း ကျင့်စွမ်းနိုင်ရာ၏"။

"အကြင်ကြောင့် ခဲယဉ်းသော အလွန်ခဲယဉ်းသော သမဏ ဗြာဟ္မဏ အလုပ်သည် ဤခြိုးခြံသော အကျင့်ကို အားထုတ်ခြင်းမှ တပါးသွားလျှင် ဖြစ်၏၊ ထိုကြောင့် ယင်းအလုပ်သည် ခဲယဉ်းလှချေ၏ ဟူသောစကားကို ဆိုရန်သင့်ပေ၏၊ အကြင် ရဟန်းသည် ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာစိတ်ကို ပွားများ၏၊ အာသဝတို့ ကုန်ခြင်းကြောင့် လွတ်မြောက်သော စိတ်နှင့် ပညာကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် နေ၏၊ ထိုရဟန်းကို သမဏ ဗြာဟ္မဏဟု ဆိုအပ်၏"။

ထိုအခါ ကဿပ တက္ကတွန်းက "အရှင် ဂေါတမ သမဏ ဗြာဟ္မဏကို သိနိုင်ခဲ၏"-ဟု ဆို၏။

"ကဿပ ဤစကားသည် လောက၌ ဆိုရိုး တံထွာပင်တည်း"။

"အဝတ် မဝတ်ဘဲနေ၍ ကျင့်ခြင်းစသော ခြိုးခြံသော အကျင့်ကို အားထုတ်ကာမျှဖြင့် သမဏ ဗြာဟ္မဏသည် သိနိုင်ခဲသည်၊ အလွန် သိနိုင်ခဲသည် ဖြစ်လျှင် သမဏ ဗြာဟ္မဏကို သိနိုင်ခဲ၏ဟု

ဆိုရန် မသင့်သေး၊ ယင်း သမဏ ဗြာဟ္မဏမျိုးကို အယုတ်ဆုံး အိုးရွက် ကျွန်မပင်သော်လည်း ကျင့်လျက်နေ၏ဟု သိလည်း သိစွမ်းနိုင်ရာ၏''။

''အကြင်ကြောင့် သိနိုင်ခဲသော အလွန် သိနိုင်ခဲသော သမဏ ဗြာဟ္မဏသည် ဤခြိုးခြံသော အကျင့်ကို အားထုတ်ခြင်းမှ တပါး သာလျှင် ဖြစ်၏၊ ထိုကြောင့် သမဏ ဗြာဟ္မဏကို သိနိုင်ခဲ၏ဟု ဆိုသင့်ပေ၏၊ အကြင်ရဟန်းသည် ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာစိတ်ကို ပွားများ၏၊ အာသဝတို့ ကုန်ခြင်းကြောင့် လွတ်မြောက်သော စိတ်နှင့် ပညာကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ ဤရဟန်းကို သမဏ ဗြာဟ္မဏဟု ဆိုအပ်၏-''

## သီလ သမာဓိ ပညာ

ထိုအခါ ကဿပ တက္ကတွန်းသည် ''အရှင် ဂေါတမ သီလ သမာဓိ ပညာ၏ ပြည့်စုံခြင်းသည် အဘယ်နည်း'' ဟု မေး၏။

''ရဟန်းသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ ထုတ် လက်နက် ကို ချထားပြီး ဖြစ်၏၊ ရှက်ခြင်း ရှိ၏၊ သနားတတ်၏၊ ခပ်သိမ်း သော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက် နေ၏၊ မှားသော အသက်မွေးမှုဖြစ်သော ဆေးကုခြင်း ဗေဒင်ဟောခြင်း ပယောဂ ဆရာလုပ်ခြင်း စသော ဇီလာ အတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင် ကြဉ်၏၊ ဤသည်တို့ကား ထိုရဟန်း၏ သီလနှင့် ပြည့်စုံခြင်း ပေတည်း။''

"ပထမ ဒုတိယ တတိယ စတုတ္ထ ဈာန်သို့ ရောက်၍နေ၏၊ ဤသည်တို့ကား ထိုရဟန်း၏စိတ် သမာဓိနှင့် ပြည့်စုံခြင်းပေးတည်း။

"ဤသို့ တည်ကြည်သောစိတ် စင်ကြယ်သော် ဝိပဿနာ ဉာဏ် အမြင်အလို့ငှာ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထိုပြင် မဂ်ကိစ္စ အလို့ငှာ တပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏၊ ဤသည်တို့ကား ထိုရဟန်း၏ ပညာနှင့် ပြည့်စုံခြင်း ပေတည်း။"

"ကဿပ ဤသီလ၏ ပြည့်စုံခြင်း, စိတ်သမာဓိ၏ ပြည့်စုံခြင်း, ပညာ၏ ပြည့်စုံခြင်းတို့ထက် သာ၍ လွန်ကဲသည်လည်း ဖြစ်သော မွန်မြတ်သည်လည်းဖြစ်သော သီလ သမာဓိ ပညာ၏ ပြည့်စုံခြင်းသည် မရှိတော့ပြီ"။

## ရဲရင့်သော စကား

"ကဿပ သီလကို ချီးကျူး ပြောဆိုကုန်သော အားထုတ် လုံ့လ ဖြင့် မကောင်းမှု ပယ်ခြင်းကို ချီးကျူး ပြောဆိုကုန်သော ပညာကို ချီးကျူး ပြောဆိုကုန်သော လွတ်မြောက်ခြင်းကို ချီးကျူး ပြောဆို ကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့ ရှိကုန်၏၊ သူတို့သည် များသော အကြောင်းဖြင့် ထိုတရားတို့၏ ဂုဏ်ကျေးဇူးတို့ကို ဆိုကုန် ၏၊ ဖြူစင် မွန်မြတ်သော ထိုတရားတို့ အရာ၌ ငါသည် မိမိနှင့် တူမျှသူကိုပင် မမြင်ချေ၊ မိမိထက် လွန်ကဲသူကိုကား အဘယ်မှာ မြင်ချေအံ့နည်း၊ စင်စစ် လွန်မြတ်သော သီလ အားထုတ် လုံ့လဖြင့် မကောင်းမှုပယ်ခြင်း ပညာ လွတ်မြောက်ခြင်းအရာ၌ ငါသည်သာ အလွန်ဆုံး ဖြစ်ပေ၏"။

"အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ် ကို ရလိုပါ၏၊ ရဟန်း အဖြစ်ကို ရလိုပါ၏"။

"ကဿပ တပါးသော အယူရှိသည့် တိတ္ထိ ဖြစ်ဘူးသူသည် ဤသာသနာ၌ ရှင်ရဟန်းအဖြစ်ကို ရလိုမူ လေးလပတ်လုံး အစမ်း ကျင့်သုံးရ၏၊ လေးလ လွန်သောအခါ ရဟန်းတို့ ကျေနပ်ကြလျှင် ရှင်ပြုပေးကြလိမ့်မည်၊ သို့ရာတွင် ဤအရာ၌ ငါကား ပုဂ္ဂိုလ်တို့၏ ခြားနားသည့် အဖြစ်ကို သိသေး၏"။

"အရှင်ဘုရား အကျွန်ုပ်ကား လေးနှစ်ပတ်လုံး အစမ်း ကျင့်သုံး ပါမည်၊ လေးနှစ် လွန်သောအခါ ရဟန်းတို့ ကျေနပ်ကြပါလျှင် ရှင်ပြုပေးတော်မူကြပါစေ"။

ကဿပ တက္ကတွန်းသည် မြတ်စွာဘုရား အထံ၌ ရှင်အဖြစ်ကို ရ၏၊ ရဟန်း အဖြစ်ကို ရ၏၊ မကြာမီ အရှင် ကဿပသည် တယောက် တည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့ မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စိတ်ကို စေလွှတ်၍ နေ၏။

အမျိုးသားတို့ လိုလားအပ်သော အကျင့်မြတ်၏ အဆုံးဖြစ်သော အတု မရှိသော အရဟတ္တဖိုလ်သို့ မကြာမီ မျက်မှောက် ဘဝ၌ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ် ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စ အလို့ငှာ တပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏၊ အရှင် ကဿပသည် ရဟန္တာတို့တွင် တပါး အပါအဝင် ဖြစ်တော်မူလေသတည်း။

# ၉— ပေါဋ္ဌပါဒသုတ်

## သညာ ချုပ်ခြင်း

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူ၏၊ ထိုအခါ ပေါဋ္ဌပါဒ ပရိဗိုဇ်သည် ပရိဗိုဇ် ပရိသတ် သုံးရာမျှနှင့် အတူ ဧကသာလက မည်သော ဝါဒဟောပြောပွဲ ကျင်းပရာ မလ္လိကာ၏ အရာမ်၌ နေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှာ ဝင်တော်မူ၏၊ ဆွမ်းခံလှည့်ရန် အချိန်စောသေး၍ ထိုမလ္လိကာ အရာမ် ပေါဋ္ဌပါဒ ပရိဗိုဇ်ထံသို့ ချဉ်းကပ်တော်မူ၏၊ ပေါဋ္ဌပါဒသည် မြတ်စွာဘုရားအား ဤသို့ လျှောက်ကြား၏—

"မြတ်စွာဘုရား ကြွတော်မူပါ၊ အရှင်၏ လာခြင်းသည် ကောင်းသောလာခြင်း ဖြစ်ပါသည်၊ အရှင်သည် ဤအရပ်သို့ ကြွလာရန် အလှည့်ကို ကြာမြင့်မှ ပေးတော်မူဘိ၏၊ ပြင်ထားသော ဤနေရာမှာ ထိုင်တော်မူပါ"။

"ပေါဋ္ဌပါဒ ယခုအခါ အဘယ်စကားဖြင့် စုဝေးထိုင်နေကုန်သနည်း၊ သင်တို့၏ မပြီးသေးသော အကြားစကားသည် အဘယ်နည်း"။

"အရှင်ဘုရား အကျွန်ုပ်တို့ ပြောဆိုနေကြသော စကားကို ထားပါဦး၊ ဤစကားသည် အရှင့်အား နောင်အခါလည်း ကြားရရန် ခဲယဉ်းမည် မဟုတ်ပါ၊ ယခင့် ယခင် နေ့များ၌ ဤစရပ်တွင် အယူဝါဒ အမျိုးမျိုးရှိသော သမဏ ဗြာဟ္မဏတို့သည် သညာချုပ်ခြင်းနှင့်စပ်သော စကား ဖြစ်ပေါ်ပါသည်၊ အချို့

သူတို့က 'သတ္တဝါတို့၏ သညာတို့သည် အကြောင်း အထောက်အပံ့ မရှိဘဲ ဖြစ်လည်း ဖြစ်ကုန်၏၊ ချုပ်လည်း ချုပ်ကုန်၏'ဟု ဆိုကြ၍ အချို့ကလည်း 'သညာသည် သတ္တဝါ၏ အတ္တဖြစ်၍ ယင်းသည် ကပ်လည်း ကပ်၏၊ ခွာလည်း ခွာ၏'-ဟု ဆိုကြ၏၊ အချို့ကလည်း 'တန်ခိုး အာနုဘော်ကြီးသော သမဏ ဗြာဟ္မဏ နတ်ဒေဝတာ တို့သည် သတ္တဝါ၏ သညာကို ငင်၍လည်း သွင်းကုန်၏၊ ငင်၍လည်း ထုတ်ကုန်၏'-ဟု ဆိုကြပါသည်၊ အရှင်ဘုရား သညာချုပ်ခြင်းသည် အဘယ်သို့ပါနည်း"။

"ပေါဋ္ဌပါဒ အကြောင်း အထောက်အပံ့ ရှိကုန်၍သာလျှင် သတ္တဝါတို့၏ သညာတို့သည် ဖြစ်လည်း ဖြစ်ကုန်၏၊ ချုပ်လည်း ချုပ်ကုန်၏၊ အချို့ သညာသည် အကျင့်သိက္ခာကြောင့် ဖြစ်၏၊ အချို့သညာသည် အကျင့်သိက္ခာကြောင့် ချုပ်၏"။

စူဠ သီလ မဇ္ဈိမ သီလ မဟာသီလနှင့် ပြည့်စုံသော ရဟန်းသည် သီလနှင့် ပြည့်စုံပေ၏၊ ထိုရဟန်းသည် ကာမဂုဏ် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း သုံးသပ်ခြင်းနှင့် တကွဖြစ်သော နီဝရဏ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း ချမ်းသာခြင်း ရှိသော ပထမဈာန်သို့ ရောက်၍နေ၏၊ ထိုရဟန်းအား ဈာန်မရမီ ရှေးအဘို့၌ဖြစ်သော ကာမသညာသည် ချုပ်၏၊ ထိုအခါ နီဝရဏ ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့် ချမ်းသာခြင်းရှိသော သိမ့်မွေ့သော စင်စစ်ရှိသော သညာရှိသည်သာ ဖြစ်၏။

ဒုတိယ ဈာန်သို့ ရောက်၍နေသော ရဟန်းအား ယင်းဈာန် မရမီ ရှေးအဘို့၌ဖြစ်သော ထိုသညာသည် ချုပ်၏၊ ထိုအခါ တည်ကြည်ခြင်း သမာဓိကြောင့်ဖြစ်သော နှစ်သိမ့် ချမ်းသာခြင်း ရှိသော သိမ့်မွေ့သော စင်စစ်ရှိသော သညာရှိသည်သာ ဖြစ်၏။

တတိယ ဈာန်သို့ ရောက်၍နေသော ရဟန်းအား ယင်းဈာန် မရမီ ရှေးအဘို့၌ဖြစ်သော ထိုသညာသည် ချုပ်၏၊ ထိုအခါ လျစ်လျူရှုခြင်း ချမ်းသာခြင်းရှိသော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် ဖြစ်၏။

စတုတ္ထ ဈာန်သို့ ရောက်၍နေသော ရဟန်းအား ယင်းဈာန် မရမီ ရှေးအဘို့၌ ဖြစ်သော ထိုသညာသည် ချုပ်၏၊ ထိုအခါ ဆင်းရဲ ချမ်းသာ မရှိသော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် ဖြစ်၏။

အာကာသာ နဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန ဈာန်သို့ အသီးသီး အဆင့်ဆင့် ရောက်၍နေသော ရဟန်းအား မိမိ ရသော ဈာန်၏ ရှေးရှေးအဘို့၌ ဖြစ်ကုန်သော ဈာန်နှင့်ယှဉ်သော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် ချုပ်၏၊ ထိုအခါ မိမိ ရသော ဈာန်နှင့်ယှဉ်သော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် အသီးသီး ဖြစ်ကုန်၏။

အာကိဉ္စညာယတန ဈာန်သို့ ရောက်သော ရဟန်းသည် စေ့ဆော် ခြင်းကိုလည်း မပြု၊ အားထုတ်ခြင်းကိုလည်း မပြု၊ စေ့ဆော် အားထုတ်ခြင်း မပြုသော ထိုရဟန်းအား ထိုသညာတို့သည်လည်း ချုပ်ကုန်၏၊ ကြမ်းတမ်း ထင်ရှားသော အခြားသညာတို့သည်လည်း မဖြစ်ပေါ်ကုန်၊ ထိုရဟန်းသည် သညာ ဝေဒနာ ချုပ်ခြင်းသို့ ရောက်၏၊ ဤသို့ သိလျက် အစဉ်အတိုင်း သညာချုပ်ရာ သမာ ပတ်သည် ဖြစ်၏။

"အရှင်ဘုရား အရှင်သည် အမြတ်ဆုံး သညာ တပါးတည်း ကိုသာ ပညတ်ပါသလော၊ သို့မဟုတ် အမြတ်ဆုံး သညာ များစွာ တို့ကိုလည်း ပညတ်ပါသလော"။

"ပေါဋ္ဌပါဒ ငါသည် အမြတ်ဆုံး သညာ တပါးတည်းကိုလည်း ပညတ်၏၊ အမြတ်ဆုံး သညာ များစွာတို့ကိုလည်း ပညတ်၏"။

"အရှင်ဘုရား အဘယ်သို့လျှင် ပညတ်ပါသနည်း"။

"ပေါဋ္ဌပါဒ အကြင် အကြင် အခြင်းအရာဖြင့် ချုပ်ခြင်းသို့ ရောက်၏၊ ထိုထို အခြင်းအရာဖြင့် ငါသည် အမြတ်ဆုံး သညာကို ပညတ်၏၊ ဤသို့လျှင် ငါသည် အမြတ်ဆုံး သညာ တပါးတည်းကို လည်း ပညတ်၏၊ အများတို့ကိုလည်း ပညတ်၏"။

"အရှင်ဘုရား သညာသည် ရှေးဦးဖြစ်၍ ဉာဏ်သည် နောက်မှ ဖြစ်ပါသလော၊ သို့မဟုတ် ဉာဏ်သည် ရှေးဦးဖြစ်၍ သညာသည် နောက်မှ ဖြစ်ပါသလော၊ သို့မဟုတ် သညာနှင့် ပညာတို့သည် မရှေး မနှောင်း တပြိုင်တည်း ဖြစ်ပါကုန်သလော"။

"ပေါဋ္ဌပါဒ သညာသည် ရှေးဦး ဖြစ်ပေါ်၏၊ ဉာဏ်သည် နောက်မှ ဖြစ်၏၊ သညာ ဖြစ်ပေါ်ခြင်းကြောင့်သာလျှင် ဉာဏ် ဖြစ်ပေါ်ရ၏၊ ထိုရဟန်းသည် ဤသညာ ဖြစ်ပေါ်ခြင်းဟူသော အကြောင်းကြောင့် ငါ့အား ဉာဏ်ဖြစ်ပေါ်၏ဟု သိ၏"။

## သညာသည် အတ္တမဟုတ်

"အရှင် သညာသည် သတ္တဝါ၏ အတ္တလော၊ သို့မဟုတ် သညာ တခြား အတ္တ တခြားလော"။

"ပေါဋ္ဌပါဒ သင်သည် အဘယ်သို့သော အတ္တကို ယုံကြည် သနည်း"။

"အရှင် အကျွန်ုပ်သည် မဟာဘုတ် လေးပါး အစု အဝေး ဖြစ်သော အစာ အာဟာရ စားသောက်သော ရုပ်ရှိသော ကြမ်းတမ်း ထင်ရှားသော အတ္တကို ယုံကြည်ပါ၏"။

“ပေါဋ္ဌပါဒ ထိုအတ္တသည် တည်မြဲနေသည်သာ ဖြစ်ပါလျက် ဤသတ္တဝါ၏ အခြား သညာတို့ကား ဖြစ်ကုန် ချုပ်ကုန်၏၊ သညာ တခြား အတ္တ တခြား ဖြစ်ရသော ထိုအချက်ကို ဤဆိုခဲ့သော အကြောင်းဖြင့် သိအပ်၏”။

“အရှင် အကျွန်ုပ်သည် အင်္ဂါကြီး ငယ် အလုံးစုံရှိသော ဣန္ဒြေ မချို့တဲ့သော စျာန်စိတ်ဖြင့်ပြီးသော အတ္တကို ယုံကြည်ပါ၏”။

“ပေါဋ္ဌပါဒ ထိုအတ္တသည် တည်မြဲနေသည်သာ ဖြစ်ပါလျက် ဤသတ္တဝါအား အခြား သညာတို့ကား ဖြစ်ကုန် ချုပ်ကုန်၏၊ သညာ တခြား အတ္တ တခြား ဖြစ်ရသော ထိုအချက်ကို ဤဆိုခဲ့သော အကြောင်းဖြင့် သိအပ်၏”။

“အရှင် အကျွန်ုပ်သည် ရုပ် မရှိသော သညာဖြင့်ပြီးသော အတ္တကို ယုံကြည်ပါ၏”။

“ပေါဋ္ဌပါဒ ထိုအတ္တသည် တည်မြဲနေသည်သာ ဖြစ်ပါလျက် ဤသတ္တဝါအား အခြား သညာတို့ကား ဖြစ်ကုန် ချုပ်ကုန်၏၊ သညာ တခြား အတ္တတခြား ဖြစ်ရသော ထိုအချက်ကို ဤဆိုခဲ့သော အကြောင်းဖြင့်လည်း သိအပ်၏”။

“အရှင် သညာသည် သတ္တဝါ၏ အတ္တဟုရင်း၊ သညာ တခြား အတ္တ တခြားဟုရင်း ဤအရာကို အကျွန်ုပ် သိနိုင်ပါမည်လော”။

“ပေါဋ္ဌပါဒ သင်သည် တပါးသော အယူရှိသူ ယုံကြည်ခြင်း ရှိသူ အလိုရှိသူ အားထုတ်ခြင်းရှိသူ ဆရာရှိသူဖြစ်၍ ဤအရာကို သိနိုင်ခဲ၏”။

“သို့ဖြစ်၍ သိနိုင်ခဲအံ့၊ အရှင် လောကသည် မြဲ၏ဆိုသော ဤအယူသာ မှန်၍ တပါးသော အယူသည် မှားပါသလော”။

"ပေါဋ္ဌပါဒ လောကသည် မြဲ၏ဆိုသော ဤအယူသာ မှန်၍ တပါးသော အယူသည် မှား၏ဟူသော ဤအရာကို ငါ မဖြေကြား"။

"အရှင် လောကသည် မမြဲဆိုသော ဤအယူသာ မှန်၍ တပါးသော အယူသည် မှားပါသလော"။

"ပေါဋ္ဌပါဒ ဤအရာကိုလည်း ငါ မဖြေကြား"။

"အရှင် လောကသည် အဆုံး ရှိပါသလော၊ အဆုံး မရှိပါသလော၊ ထိုကိုယ်သည်ပင် အသက်, ထိုအသက်သည်ပင် ကိုယ်ပါလော၊ အသက် တခြား, ကိုယ် တခြားပါလော၊ သတ္တဝါသည် သေပြီးနောက်၌ ရှိပါသလော၊ မရှိပါသလော၊ ရှိလည်းရှိ-မရှိလည်း မရှိပါသလော၊ ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ပါသလော၊ ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်ဟုဆိုသော ဤအယူသာ မှန်၍ တပါးသော အယူသည် မှားပါသလော"။

"ပေါဋ္ဌပါဒ ဤအရာကိုလည်း ငါ မဖြေကြား"။

"အရှင် အဘယ်ကြောင့် ဤအရာစုကို မဖြေကြားပါသနည်း"။

"ပေါဋ္ဌပါဒ ဤအရာစုသည် အကျိုးစီးပွားနှင့် မစပ်၊ တရားနှင့် မစပ်၊ အကျင့်မြတ်၏ အစမျှပင် မဟုတ်၊ ငြီးငွေ့ရန် တပ်မက်ခြင်း ကင်းရန် ချုပ်ရန် ငြိမ်းရန် ထူးသောဉာဏ်ဖြင့် သိရန် နိဗ္ဗာန်အလို့ငှာ မဖြစ်၊ ထိုကြောင့် ထိုတရားစုကို ငါ မဖြေကြား"။

"အရှင် သင်သည် ဘယ်အရာကို ဖြေကြားပါသနည်း"။

"ပေါဋ္ဌပါဒ ဤကား ဆင်းရဲတည်း၊ ဤကား ဆင်းရဲ ဖြစ်ပေါ်ခြင်း၏ အကြောင်းတည်း၊ ဤကား ဆင်းရဲချုပ်ရာတည်း၊ ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်းဟု ငါ ဖြေကြား၏"။

"မြတ်စွာဘုရား ဤအတိုင်းပင် မှန်ပါပေ၏၊ ယခုအခါ အရှင်ကြွရန် အချိန်ကို အရှင် သိတော်မူပါ၏"။

## အတ္တပြဿနာ

ထိုနောက် နှစ်ရက် သုံးရက် လွန်သောအခါ ဆင်ဆရာ့သား စိတ္တနှင့် ပေါဋ္ဌပါဒသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏၊ ထိုအခါ မြတ်စွာဘုရားသည် အတ္တပြဿနာကို ဟောကြားတော်မူ၏—

ပေါဋ္ဌပါဒ "အတ္တသည် စင်စစ် ချမ်းသာ၏၊ သေပြီးသည့်နောက်၌ ပျက်စီးခြင်း မရှိ"—ဟု ဆိုသော သမဏ ဗြာဟ္မဏတို့ကို ငါမေး၏—

"အရှင်တို့ အတ္တသည် စင်စစ် ချမ်းသာ၏၊ သေပြီးသည့်နောက်၌ ပျက်စီးခြင်း မရှိဟု သင်တို့ဆိုကြသည်မှာ မှန်သလော"။

"မှန်ပါ၏"—ဟု ဝန်ခံကုန်၏။

"အရှင်တို့ ထိုသို့ဖြစ်မူ စင်စစ် ချမ်းသာသော လောကကို သင်တို့ သိမြင်၍ နေကုန်သလော"။

"သိမြင်၍ မနေပါကုန်"။

"အရှင်တို့ ထိုသို့ဖြစ်မူ တညဥ့်ဖြစ်စေ တနေ့ဖြစ်စေ ညဥ့်ဝက်ဖြစ်စေ နေ့ဝက်ဖြစ်စေ စင်စစ် ချမ်းသာသော အတ္တကို သင်တို့ကိုယ်တိုင် တွေ့သိနေကုန်သလော"။

"တွေ့သိ မနေပါကုန်"။

"အရှင်တို့ ထိုသို့ဖြစ်မူ စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုရန် ဤကား လမ်းတည်း၊ ဤကား အကျင့်တည်းဟု သင်တို့ သိကုန်သလော"။

"မသိပါကုန်"။

"အရှင်တို့ ထိုသို့ဖြစ်မူ'အချင်းတို့ စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုရန် ကောင်းစွာ ကျင့်ကုန်လော့၊ဖြောင့်မတ်စွာ ကျင့်ကုန်လော့၊ အချင်းတို့ ငါတို့သည်လည်း ဤသို့ကျင့်သော ကြောင့် စင်စစ် ချမ်းသာသော လောကသို့ ရောက်ရကုန်၏-'ဟု နတ်တို့၏ ပြောသံကို သင်တို့ ကြားကုန်သလော"။

"မကြားရပါကုန်"။

ပေါဋ္ဌပါဒ ဥပမာသော်ကား- "ငါသည် ဤနိုင်ငံတွင် အလှမယ်ကို လိုချင်၏၊ ချစ်ကြိုက်၏-"ဟုဆိုသော ယောကျ်ား ရှိရာ၏၊ ထိုသူ့ကို ဤသို့ မေးကုန်ရာ၏—

"အချင်း ယောကျ်ား သင် လိုချင် ချစ်ကြိုက်သော အလှမယ်ကို မင်း အမျိုးသမီး, ပုဏ္ဏား အမျိုးသမီး, ကုန်သည် အမျိုးသမီး, ဆင်းရဲသား အမျိုးသမီးဟူ၍ သိပါ၏လော"။

ဤသို့မေးသော် "မသိပါ"ဟု ဖြေဆိုရာ၏။

"အချင်းယောကျ်ား သင်လိုချင် ချစ်ကြိုက်သော အလှမယ်ကို ဤအမည်ရှိ၏ဟုငြင်း ဤအမျိုးအနွယ်ဟုငြင်း အရပ်မြင့်၏ နိမ့်၏ အလတ်စားဟုငြင်း အသားမဲ အသားဝါ အသားညိုဟုငြင်း ဤမည်သော ရွာ နိဂုံး မြို့၌ နေ၏ဟုငြင်း သိပါ၏လော"။

"မသိပါ"။

"အချင်းယောကျ်ား သင်သည် မသိ မမြင်ဘူးသူကို လိုချင် ချစ်ကြိုက်နေသလော"ဟု မေးသော်- "ဟုတ်ပါ၏-"ဟု ဖြေဆို ရာ၏။

"ပေါဋ္ဌပါဒ ထိုအရာကို အဘယ်သို့ ထင်သနည်း"။

"အရှင်ဘုရား ဤသို့ဖြစ်လျှင် ထိုယောကျ်ား၏ စကားသည် အခြေ အမြစ် မရှိသော စကား မချွတ်ပင် ဖြစ်ရာ၏"။

ပေါဋ္ဌပါဒ ဥပမာသော်ကား လမ်းမလေးခု ဆုံရာ၌ ပြာသာဒ် ထက်သို့ တက်ရန် လှေကား ပြုလုပ်နေသော ယောကျ်ားသည် ရှိရာ၏၊ ထိုသူ့ကို ဤသို့ မေးကုန်ရာ၏—

"အချင်း ယောကျ်ား ထိုပြာသာဒ်ကို အရှေ့တောင် အနောက် မြောက်အရပ်၌ ရှိ၏ဟုဂင်း မြင့်၏ နိမ့်၏ အလတ်စားဟုဂင်း သိပါ၏လော"။

ဤသို့မေးသော် "မသိပါ" ဟု ဖြေဆိုရာ၏။

"အချင်း ယောကျ်ား သင်သည် မသိ မမြင်ရသော ပြာသာဒ် ထက်သို့ တက်ရန် လှေကား ပြုဘိသလော"။

"ဟုတ်ပါ၏-" ဟု ဖြေဆိုရာ၏။

"ပေါဋ္ဌပါဒ ထိုအရာကို အဘယ်သို့ ထင်သနည်း"။

"အရှင်ဘုရား ဤသို့ဖြစ်လျှင် ထိုယောကျ်ား၏ စကားသည် အခြေ အမြစ် မရှိသောစကား မချွတ်ပင် ဖြစ်နေပါသည်"။

## အတ္တဘော သုံးမျိုး

အတ္တဘောကို ရခြင်းတို့သည် ကြမ်းတမ်း ထင်ရှားသော အတ္တဘောကိုရခြင်း စျာန်စိတ်တို့ဖြင့်ပြီးသော အတ္တဘောကို ရခြင်း ရုပ်မရှိသော အတ္တဘောကို ရခြင်း ဤသုံးပါးတို့တည်း။

မဟာဘုတ်လေးပါး အစုအဝေးဖြစ်သော အစာ အာဟာရ စားသောက်သော ရုပ်ရှိသော အတ္တဘောကို ရခြင်းသည် ကြမ်းတမ်း ထင်ရှားသော အတ္တဘောကို ရခြင်းပေတည်း။

အင်္ဂါကြီးငယ် အလုံးစုံရှိသော ဣန္ဒြေ မချို့တဲ့သော စျာန်စိတ်ဖြင့်ပြီးသော ရုပ်ရှိသော အတ္တဘောကို ရခြင်းသည် စျာန်စိတ်ဖြင့်ပြီးသော အတ္တဘောကို ရခြင်းပေတည်း။

ရုပ် မရှိသော သညာဖြင့်ပြီးသော အတ္တဘောကို ရခြင်းသည် ရုပ် မရှိသော အတ္တဘောကို ရခြင်းပေတည်း။

ပေါဋ္ဌပါဒ အတ္တဘော ရခြင်းကို ပယ်ရန် ငါ တရားဟော၏၊ ငါပြောသည့် အတိုင်းကျင့်သော် သင်တို့အား ညစ်ညူးစေတတ်သော ကိလေသာ တရားတို့ ကင်းကြမည်၊ ဖြူစင်စေတတ်သော သမထ ဝိပဿနာတရားတို့ တိုးပွားကြမည်၊ပညာ၏ ပြည့်စုံ ပြန့်ပြောခြင်းကိုလည်း ယခု ဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေကြရမည်။

"သို့ရာတွင် နေရခြင်းသည်ကား ဆင်းရဲလိမ့်မည်-"ဟု သင်တို့ မမှတ်အပ်၊ ဝမ်းမြောက်ခြင်း, နှစ်သိမ့်ခြင်း, ငြိမ်းအေးခြင်း, အောက်မေ့ခြင်း, ဆင်ခြင်ခြင်း, ချမ်းသာစွာ နေခြင်းသည် ဖြစ်လိမ့်မည်။

ပေါဋ္ဌပါဒ တပါးသောသူတို့က ငါတို့အား- "အတ္တဘော ပယ်ရန် တရားကို ဟောကုန်၏၊ ထို အတ္တဘော ရခြင်းဟူသည် အဘယ်နည်း-"မေးကုန်ငြားအံ့၊ဤသို့ မေးခဲ့လျှင် ငါတို့က-"အတ္တဘော ပယ်ရန် တရားကို ဟောကုန်၏၊ထို အတ္တဘော ရခြင်းဟူသည် ဤသည်ပင်တည်း-"ဟု ဖြေလျှင် ငါတို့၏ စကားသည် အခြေ အမြစ်ရှိသော စကားဖြစ်သည် မဟုတ်လော။

အရှင်ဘုရား ဤသို့ဖြစ်လျှင် အရှင်တို့၏ စကားသည် အခြေအမြစ်ရှိသော စကား မချွတ်ပင် ဖြစ်ပါမည်၊ ထိုအခါ ဆင်ဆရာ့သား စိတ္တသည် ဤစကားကို လျှောက်ကြား၏-

အရှင်ဘုရား ကြမ်းတမ်း ထင်ရှားသော အတ္တဘောကို ရသော အခါ ထိုပုဂ္ဂိုလ်အား ချွန်စိတ်ဖြင့်ပြီးသော အတ္တဘောကို ရခြင်း ရုပ်မရှိသော အတ္တဘောကို ရခြင်းတို့သည် အချည်းနှီး ဖြစ်ကုန်၏၊ သူ့အား ကြမ်းတမ်း ထင်ရှားသော အတ္တဘော ရခြင်းသာ စင်စစ် ရှိ၏၊ ချွန်စိတ်ဖြင့်ပြီးသော အတ္တဘောကို ရသောအခါ ထိုပုဂ္ဂိုလ် အား အခြား အတ္တဘော နှစ်ခုကို ရခြင်းတို့သည် အချည်းနှီး ဖြစ်ကုန်၏၊ သူ့အား ချွန်စိတ်ဖြင့်ပြီးသော အတ္တဘော ရခြင်းသာ စင်စစ်ရှိ၏၊ ထိုအတူ ရုပ်မရှိသော အတ္တဘောကို ရသောအခါ ထို ပုဂ္ဂိုလ်အား အခြား အတ္တဘော နှစ်ခုကို ရခြင်းတို့သည် အချည်းနှီး ဖြစ်ကုန်၏၊ သူ့အား ရုပ်မရှိသော အတ္တဘော ရခြင်းသာ စင်စစ် ရှိ၏။

စိတ္တ ကြမ်းတမ်း ထင်ရှားသော အတ္တဘောကို ရသောအခါ ချွန်စိတ်ဖြင့်ပြီးသော အတ္တဘောကို ရ၏ မခေါ်ဆို၊ ရုပ် မရှိသော အတ္တဘောကို ရ၏ဟုလည်း မခေါ်ဆိုအပ်၊ ထိုအခါ ကြမ်းတမ်း ထင်ရှားသော အတ္တဘောကို ရ၏ဟူ၍သာ ခေါ်ဆိုအပ်၏၊ ချွန် စိတ်ဖြင့်ပြီးသော အတ္တဘောကို ရသောအခါလည်း အခြား အတ္တ ဘော နှစ်ခုကို ရ၏ဟု မခေါ်ဆိုအပ်၊ ထိုအခါ ချွန်စိတ်ဖြင့်ပြီးသော အတ္တဘောကို ရ၏ဟူ၍သာ ခေါ်ဆိုအပ်၏၊ ထိုအတူ ရုပ် မရှိသော အတ္တဘောကို ရသောအခါလည်း အခြား အတ္တဘော နှစ်ခုကို ရ၏ဟု မခေါ်ဆိုအပ်၊ ထိုအခါ ရုပ်မရှိသော အတ္တဘောကို ရ၏ ဟူ၍သာ ခေါ်ဆိုအပ်၏။

စိတ္တ အကယ်၍ သင့်အား- "သင်သည် ရှေးအခါ၌ မဖြစ်ခဲ့ သည်ကား မဟုတ်, ဖြစ်ခဲ့သည်သာ မဟုတ်ပါလော၊ သင်သည်

နောင်အခါ၌ မဖြစ်မည်သည်ကား မဟုတ်, ဖြစ်မည်သာ မဟုတ်ပါလော၊ သင်သည် ယခုအခါ၌ ဖြစ်မနေသည်ကား မဟုတ်, ဖြစ်နေသည်သာ မဟုတ်လော–”ဟု မေးလျှင် အဘယ်သို့ ဖြေမည်နည်း။

အရှင်ဘုရား ဤသို့မေးလျှင်- “ငါသည် ရှေးအခါ၌ ဖြစ်ခဲ့၏၊ မဖြစ်ခဲ့သည်ကား မဟုတ်ပါ၊ ငါသည် နောင်အခါ၌ ဖြစ်ပါမည်၊ မဖြစ်မည်သည်ကား မဟုတ်ပါ၊ ငါသည် ယခုအခါ၌ ဖြစ်နေပါ၏၊ ဖြစ်မနေသည်ကား မဟုတ်ပါ-”ဟု ဖြေဆိုပါမည်။

စိတ္တ အကယ်၍ သင့်ကို- “သင့်အား အကြင် အတိတ် အတ္တဘောကို ရခြင်းသည် ဖြစ်ခဲ့၏၊ ထိုအတ္တဘောကို ရခြင်းသည် သင့်အား စင်စစ် ရှိသလော၊ အနာဂတ်နှင့် ပစ္စုပ္ပန် အတ္တဘောကို ရခြင်းသည် မရှိသလော၊ ထိုအတူ အနာဂတ် အတ္တဘောကို ရခြင်းသည်သာ သင့်အား စင်စစ် ရှိသလော၊ အတိတ်နှင့် ပစ္စုပ္ပန် အတ္တဘော ရခြင်းသည် မရှိသလော၊ ထိုအတူ ပစ္စုပ္ပန် အတ္တဘောကို ရခြင်းသည်သာ သင့်အား စင်စစ် ရှိသလော၊ အတိတ်နှင့် အနာဂတ် အတ္တဘော ရခြင်းသည် မရှိသလော–”ဟု မေးလျှင် အဘယ်သို့ ဖြေမည်နည်း။

အရှင်ဘုရား ဤသို့မေးသော်–“ငါ့အား အကြင် အတိတ် အတ္တဘောကို ရခြင်းသည် ဖြစ်ခဲ့၏၊ ထိုအတ္တဘောကို ရခြင်းသည်သာ ထိုအခါ၌ ငါ့အား စင်စစ် ရှိခဲ့၏၊ အနာဂတ်နှင့် ပစ္စုပ္ပန် အတ္တဘောကို ရခြင်း မရှိပါ၊ ထိုအတူ အနာဂတ် အတ္တဘောကို ရခြင်းဖြစ်မည့် အခါ ထိုအတ္တဘောကို ရခြင်းသည်သာ ထိုအခါ၌ ငါ့အား စင်စစ် ရှိပါမည်၊ အခြား အတ္တဘော နှစ်ခုကို ရခြင်း မရှိပါ၊ ထိုအတူ

ပစ္စုပ္ပန် အတ္တဘောကို ရသောအခါ ထိုအတ္တဘော ရခြင်းသည်သာ ငါ့အား စင်စစ် ရှိ၏၊ အခြား အတ္တဘော နှစ်ခုကို ရခြင်းမရှိပါ—”ဟု ဖြေဆိုပါမည်။

စိတ္တ ဤအတူသာလျှင် ကြမ်းတမ်း ထင်ရှားသော အတ္တဘောကို ရသောအခါ စျာန်စိတ်ဖြင့်ပြီးသော ရုပ်မရှိသော အတ္တဘောကို ရ၏ဟု မဆိုအပ်၊ ထိုအခါ ကြမ်းတမ်း ထင်ရှားသော အတ္တဘောကို ရ၏ဟုသာ ဆိုအပ်၏၊ အခြား အတ္တဘော နှစ်ခုကိုလည်း ထိုအတူ ဆိုအပ်၏၊ ဥပမာ—နွားမမှ နို့ရည်, နို့ရည်မှ နို့ဓမ်း, နို့ဓမ်းမှ ဆိဥ, ဆိဥမှ ထောပတ်, ထောပတ်မှ ထောပတ်ကြည်ဖြစ်၏၊ ထိုတွင် နို့ရည် ဖြစ်သောအခါ နို့ဓမ်းစသည် မခေါ်အပ်၊ ထိုအခါ နို့ရည်ဟုသာ ခေါ်အပ်၏၊ နို့ဓမ်း, ဆိဥ, ထောပတ်, ထောပတ်ကြည်ဟု အသီးသီး ဖြစ်သော့ အခါတို့၌လည်း ဖြစ်သည်ကိုသာ ခေါ်အပ်၏၊ အခြား အမည်ဖြင့် မခေါ်အပ်သကဲ့သို့တည်း။

စိတ္တ ဤအတ္တဘောကို ရခြင်းဟူသော အရာတို့သည် လောက အမည်များ, လောက အဆိုများ, လောက အခေါ်အဝေါ်များ, လောက ပညတ်များ ဖြစ်ကုန်၏၊ယင်း အမည် ပညတ်တို့ဖြင့် ဗုဒ္ဓသည် မှားယွင်းစွာ မသုံးသပ်မူ၍ ခေါ်ဝေါ် ပြောဟော၏။

ထိုအခါ ပေါဋ္ဌပါဒသည် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာ အဖြစ် ခံယူ၍ ဆင်ဆရာ့သား စိတ္တသည်ကား မြတ်စွာဘုရား၏ ထံ၌ ရှင်ရဟန်းအဖြစ်ကို ရလိုကြောင်း လျှောက်၏၊ ရဟန်းဖြစ်၍ မကြာမီ ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့ မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စိတ်ကို စေလွှတ်နေ၏၊ မကြာမီ အရဟတ္တ ဖိုလ်သို့ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်-

**နေ၏၊** ပဋိသန္ဓေ နေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ မဂ်ကိစ္စအတွက် တပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏၊ အရှင် စိတ္တသည် ရဟန္တာတို့တွင် တပါး အပါအဝင် ဖြစ်တော်မူလေသတည်း။

## ၁၀–သုဘသုတ်

### ခန္ဓာသုံးပါး

အခါတပါး အရှင်အာနန္ဒာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ၍ မကြာမီ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူ၏၊ ထိုအခါ တောဒေယျ၏သား သုဘ လုလင်သည် သာဝတ္ထိပြည်၌ ကိစ္စတခုဖြင့် တည်းခိုနေ၏၊ ထိုအခါ သုဘ လုလင်သည် သူငယ်တယောက်ကို လွှတ်၍–"အရှင် အာနန္ဒာသည် အစဉ်သနားသဖြင့် မိမိအိမ်သို့ ချဉ်းကပ်တော်မူပါ"-ဟု လျှောက်၏။

ထိုညဉ့် လွန်ပြီးနောက် နံနက်အချိန် အရှင် အာနန္ဒာ ကြွလာသော အခါ သုဘ လုလင်သည် အရှင်အား လျှောက်ကြား၏–

"အရှင်သည် ကာလ ကြာမြင့်စွာ မြတ်စွာဘုရား ထံပါး၌ နေ၍ အနီး၌ အမြဲရှိသော အလုပ် အကျွေးဖြစ်ပါ၏၊ မြတ်စွာဘုရား ချီးကျူးလေ့ရှိသော တရား၌လည်း လူအပေါင်းကို ဆောက်တည် သက်ဝင် တည်စေ၏၊ ထိုတရားတို့ကို အရှင် သိတော်မူပါ၏၊ အရှင် မြတ်စွာဘုရားသည် ဘယ်တရားကို ချီးကျူးလေ့ရှိပါသနည်း၊ ဘယ်တရားတို့၌ လူအပေါင်းကို ဆောက်တည် သက်ဝင် တည်စေပါသနည်း"။

"လုလင် ထိုမြတ်စွာဘုရားသည် သုံးပါးသော ခန္ဓာတို့ကို ချီးကျူးတော် မူလေ့ရှိ၏၊ ဤခန္ဓာတို့၌လည်း လူအပေါင်းကို ဆောက်တည် သက်ဝင်တည်စေတော်မူ၏၊ မြတ်သော သီလက္ခန္ဓာ သမာဓိက္ခန္ဓာနှင့် ပညာက္ခန္ဓာဖြစ်၏"။

**သီလက္ခန္ဓာ**- စူဠသီလ မဇ္ဈိမသီလ မဟာသီလနှင့် ပြည့်စုံသော ရဟန်းသည် သီလပြည့်စုံ၏၊ မြတ်စွာဘုရားသည် အကြင် သီလက္ခန္ဓာကို ချီးကျူးလေ့ရှိတော်မူ၏၊ အကြင် သီလက္ခန္ဓာ၌ လူအပေါင်းကို ဆောက်တည် သက်ဝင်တည်စေတော်မူ၏၊ ထိုမြတ်သော သီလက္ခန္ဓာကား ဤသည်ပင်တည်း၊ သို့ရာတွင် ဤသာသနာ၌ ဤသီလက္ခန္ဓာ ထက် လွန်သော ပြုဖွယ်ကိစ္စ ရှိသေးသည်သာတည်း။

**သမာဓိက္ခန္ဓာ**- ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်သို့ ရောက်၍နေ၏၊ ဤစျာန်တို့သည် ရဟန်း၏ သမာဓိပေတည်း၊ မြတ်စွာဘုရားသည် အကြင် သမာဓိက္ခန္ဓာကို ချီးကျူးလေ့ရှိတော်မူ၏၊ အကြင် သမာဓိက္ခန္ဓာ၌ လူအပေါင်းကို ဆောက်တည် သက်ဝင် တည်စေတော်မူ၏၊ သို့ရာတွင် ဤသာသနာ၌ ဤ သမာဓိက္ခန္ဓာထက် လွန်သော ပြုဖွယ် ကိစ္စ ရှိသေးသည်သာတည်း။

**ပညာက္ခန္ဓာ**- ဝိပဿနာဉာဏ် မနောမယိဒ္ဓိဉာဏ် ဣဒ္ဓိဝိဓဉာဏ် ဒိဗ္ဗသောတဉာဏ် စေတောပရိယဉာဏ် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် စုတူပပါတဉာဏ် အာသဝက္ခယဉာဏ်သည် ရဟန်း၏ ပညာပေတည်း၊ မြတ်စွာဘုရားသည် အကြင် ပညာက္ခန္ဓာကို ချီးကျူးလေ့ရှိတော်မူ၏၊ အကြင် ပညာက္ခန္ဓာ၌လည်း လူအပေါင်းကို ဆောက်တည် သက်ဝင် တည်စေတော်မူ၏၊ ထိုမြတ်သော ပညာက္ခန္ဓာသည်

ဤသည်ပင်တည်း၊ ဤသာသနာ၌ ပညာကျွန္ခာထက် လွန်သော ပြုဖွယ်ကိစ္စ မရှိတော့ပြီ။

ထိုအခါ သုဘ လုလင်သည် အရှင် အာနန္ဒာအား မိမိကို ဥပါသကာဟု မှတ်တော်မူပါရန် လျှောက်ထားလေ၏။

## ၁၁-ကေဝဋ္ဋသုတ်

### ပြာဋိဟာ သုံးပါး

အခါတပါး မြတ်စွာဘုရားသည် နာလန္ဒာမြို့ ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်၌ နေတော်မူ၏၊ ထိုအခါ ကေဝဋ္ဋ အမည်ရှိသော သူကြွယ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ် လျှောက်ကြား၏—

"အရှင်ဘုရား ဤ နာလန္ဒာမြို့သည် ပြည့်စုံကြွယ်ဝပါ၏၊စည်ပင် သာယာလှပါ၏၊ လူများပြား ထူထပ်ပါ၏၊ မြတ်စွာဘုရား၌ အလွန် ကြည်ညိုလှပါ၏၊ အရှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရား သည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုး ပြာဋိဟာပြရန် ရဟန်းတပါးအား အမိန့်ပေးတော်မူပါ၊ ဤသို့ဖြစ်သော် ဤနာလန္ဒာမြို့သည် မြတ်စွာဘုရား၌ အတိုင်းထက် အလွန် ကြည်ညိုပါလိမ့်မည်"။

"ကေဝဋ္ဋ ငါသည် ရဟန်းတို့အား- 'ရဟန်းတို့ လာကြလော့၊ သင်တို့သည် တန်ခိုးပြာဋိဟာကို လူတို့အား ပြကြလော့-' ဟု ဤသို့ အမိန့် မပေး"။

သို့ရာတွင် သူကြွယ်သည်-"အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာ ဘုရားကို အကျိုးမဲ့ ပြုသည် မဟုတ်ပါ-"ဟု လျှောက်ကာ ထပ်ပြီး တိုက်တွန်း၏၊ သုံးကြိမ်တိုင်တိုင် တိုက်တွန်းသော အခါ တန်ခိုး ပြာဋိဟာ သုံးပါး ခွဲခြား၍ ဟောကြားတော်မူ၏—

"ကေဝဋ္ဋ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ငါဟောကြားသော ပြာဋိဟာ သုံးပါးရှိ၏၊ ဣဒ္ဓိ ပါဋိဟာရိယ ခေါ် တန်ခိုး ပြာဋိဟာ, အာဒေသနာ ပါဋိဟာရိယခေါ် အတပ် ဟောခြင်း ပြာဋိဟာနှင့် အနုသာသနီ ပါဋိဟာရိယခေါ် ဆုံးမခြင်း ပြာဋိဟာတို့ဖြစ်၏"။

၁-တန်ခိုးပြာဋိဟာ—ဤ၌ ရဟန်းသည် များပြားသော တန်ခိုး ဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာ၏၊ ထင်ရှား ဖြစ်စေ၏၊ ပျောက်စေ၏၊ နံရံ တန်တိုင်း တောင် တဖက်သို့ မထိ မငြိဘဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုပ်ခြင်း, ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြု၏၊ ရေ၌လည်း မကွဲကျဲဘဲ မြေ၌ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ် ဖွဲ့ခွေလျက် ငှက်ကဲ့သို့ သွား၏၊ ဤနေ လတို့ကိုလည်း လက်ဖြင့် သုံးသပ် ဆုပ် ကိုင်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို အလို အတိုင်း ဖြစ်စေ၏။

၂-အတတ်ဟောခြင်း ပြာဋိဟာ—ဤ၌ ရဟန်းသည်- "သင်၏ စိတ်သည် ဤသို့ သဘောရှိ၏၊ ဤသို့အချင်းအရာရှိ၏၊ သင်၏ စိတ် အကြံသည် ဤသို့ ဖြစ်၏"ဟု တပါးသောသူ၏ စိတ်ကိုလည်း အတပ်ဟော၏၊စိတ်၌ဖြစ်သည်ကိုလည်း အတပ်ဟော၏၊ကြံစည်သည် ကိုလည်း အတပ်ဟော၏၊ ဆင်ခြင်သည်ကိုလည်း အတပ်ဟော၏။

“ကေဝဋ္ဋ ဤပြာဋိဟာ နှစ်ပါးတို့တွင် ပထမ ပြာဋိဟာသည် ဂန္ဓာရီ မည်သော အတတ်ကဲ့သို့ဖြစ်၍ ဒုတိယ ပြာဋိဟာသည် စိန္တာမဏိ မည်သော အတတ်ကဲ့သို့ဖြစ်၏၊ ငါသည် ဤပြာဋိဟာတို့၌ အပြစ်ကို မြင်သောကြောင့် ပြရန် ဝန်လေး၏၊ရှက်၏၊ဆက်ဆုပ်၏”။

၃- ဆုံးမခြင်း ပြာဋိဟာ— ဤ၌ ရဟန်းသည် ဤသို့ဆုံးမ၏- “ဤသို့ ကြံကုန်လော့၊ ဤသို့ မကြံကုန်လင့်၊ ဤသို့ နှလုံး သွင်းကုန်လော့၊ ဤသို့ နှလုံး မသွင်းကုန်လင့်၊ ဤတရားကို ပယ်ကုန်လော့၊ ဤတရားသို့ ရောက်၍ နေကုန်လော့”-ဟု ဆုံးမ၏၊ ယင်းကို ဆုံးမခြင်း ပြာဋိဟာဟု ဆိုအပ်၏။

“ကေဝဋ္ဋ ယူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ငါဟာကြွင်းသော ပြာဋိဟာတို့သည် ဤသုံးပါးတို့ ပေတည်း”။

## မဟာဘုတ်တို့ချုပ်ရာ

ရှေး၌ ဖြစ်ဘူးသည်ကား ဤရဟန်းသံဃာထဲ၌ပင် ရဟန်း တပါးသည် မဟာဘုတ် လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာကို သိလိုသော စိတ်အကြံ ဖြစ်ပေါ်၏၊ ထိုအခါ ရဟန်းသည် နတ်ပြည်သို့ သွားရန် ခရီးလမ်း ထင်ရှား ဖြစ်ပေါ်လာသည့် တိုင်အောင် အဘိညာဉ် သမာဓိကို ဝင်စားပြီး နတ်ပြည်သို့တက်ကာ နတ်တို့အား မဟာ ဘုတ်တို့ အကြွင်းမဲ့ချုပ်ရာ အရပ်ကိုမေး၏၊နတ်တို့သည် ထိုအကြောင်း ကို လုံးဝ မသိသဖြင့် သူတို့ထက် တန်ခိုးကြီးသော ဗြဟ္မာဘုံသို့ ချဉ်းကပ်မေးရန် အကြံပေးကြ၏၊ ရဟန်းလည်း အလွန် သိလိုလှ သဖြင့် ဗြဟ္မာပြည်သို့ တက်ကာ ဗြဟ္မာတို့အား မေး၏၊ သူတို့လည်း

ထိုအကြောင်းနှင့် ပတ်သက်၍ တစုံတရာ ဘာမျှ မသိကြသဖြင့် သူတို့၏ အရှင် သခင်ဖြစ်သော မဟာဗြဟ္မာကြီးထံ မေးရန် အကြံပေးကြ၏၊ ရဟန်းသည် မဟာဗြဟ္မာကြီးနှင့် တွေ့ဆုံပြီး ထိုအကြောင်းကိုမေး၏၊ ထိုအခါ မဟာဗြဟ္မာကြီးသည် ရဟန်း၏ လက်မောင်းကို ကိုင်၍ တနေရာသို့ ခေါ်ဆောင်သွားပြီး တိုးတိုး ပြောပြ၏–

''ရဟန်း ဗြဟ္မာတို့သည်– 'မဟာဗြဟ္မာ မသိ မမြင် မထင်လင်း သော အရာ မျက်မှောက် မပြုသော အရာ အနည်းငယ်မျှ မရှိ'ဟု အကျွန်ုပ်ကို ထင်မှတ်နေကြ၏၊ ထို့ကြောင့် သူတို့၏ မျက်မှောက်၌ မဖြေကြား ဤသို့ ခေါ်လာခြင်း ဖြစ်၏၊ ရဟန်း မဟာဘုတ် လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာ အရပ်ကို အကျွန်ုပ်လည်း မသိပါ၊ မြတ်စွာဘုရားကို ကျော်လွန်၍ ဤပြဿနာကို ဖြေဆိုရန် အပြင် အပ၌ ရှာမှီးခြင်းသည် သင်၏သာလျှင် မလျော်သော အမှုဖြစ်၏၊ သင်သည် မြတ်စွာဘုရားကိုသာ ချဉ်းကပ်၍ မေးပါလော့၊ သူ ဖြေကြားသည့် အတိုင်းပင် မှတ်သားပါလေလော့''။

ထိုအခါ ရဟန်းသည် မြတ်စွာဘုရားထံ ပြန်လာပြီး ထိုပြဿနာကို မေးလျှောက်၏၊ မြတ်စွာဘုရားက ဤသို့ မြွက်ကြား၏။–

''ရဟန်း ရှေး၌ ဖြစ်ဘူးသည်ကား ပင်လယ်ကူး ကုန်သည်တို့သည် ကမ်းကြည့်ငှက်ကို ယူဆောင်၍ သင်္ဘောဖြင့် ပင်လယ်သို့ သက်ဝင် ကုန်၏၊ သင်္ဘောသည် ကမ်းကို မမြင်သော် သူတို့သည် ကမ်းကြည့် ငှက်ကို လွှတ်ကုန်၏၊ ထိုငှက်သည် အရပ်မျက်နှာတို့သို့ ပျံသွားပြီး ကမ်းကိုမြင်လျှင် ပျံမြဲတိုင်း ရှေ့သို့ ပျံသွား၏၊ အကယ်၍ မမြင်မူကား သင်္ဘောသို့ ပြန်လှည့်လာ၏၊ ရဟန်း ဤအတူပင် သင်သည် ငါ့ထံသို့

ပြန်လှည့်လာခဲ့၏၊ ရဟန်း–'မဟာဘုတ်လေးပါးတို့သည် ဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း'ဟု မမေးသင့်၊ 'အဘယ်အရပ်၌ ရေ မြေ မီး လေသည် မတည်ပါသနည်း၊ အဘယ်အရပ်၌ အရှည်·အတို အငယ်-အကြီး အကောင်း-အဆိုးသည် မရှိပါသနည်း၊ အဘယ် အရပ်၌ နာမ် ရုပ်သည် အကြွင်းမဲ့ ချုပ်ပါသနည်း'–ဟုသာ မေးသင့်၏"။

ထိုအမေး၏ အဖြေကား–"မမြင်ကောင်းသော အပိုင်းအခြား မရှိသော ထက်ဝန်းကျင် ဆိပ်ကမ်းရှိသော ဉာဏ်အထူးဖြင့် သိအပ်သော နိဗ္ဗာန်သည် ရှိ၏၊ ဤ၌ ရေ မြေ မီး လေသည် မတည်၊ အရှည် အတို အငယ် အကြီး အကောင်း အဆိုး မရှိ၊ နာမ်နှင့်ရုပ် အကြွင်းမဲ့ ချုပ်၏၊ ဤ၌ ဝိညာဉ်၏ ချုပ်ခြင်းကြောင့် ဤနာမ်ရုပ် ချုပ်ပေ၏"-ဟူသတည်း။

ကေဝဋ္ဋမည်သော သူကြွယ်သည် မြတ်စွာဘုရား ဟောတော်မူသော တရားကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေ၏။

## ၁၂-လောဟိစ္စသုတ်

### မှားသော အယူအဆ

အခါတပါး မြတ်စွာဘုရားသည် ရဟန်း သံဃာ ငါးရာမျှနှင့် အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော် မူသော် သာလဝတိကာ ရွာသို့ ရောက်တော်မူ၏၊ ထိုစဉ်အခါ လောဟိစ္စ ပုဏ္ဏားသည် ပသေနဒီ ကောသလမင်း အပိုင်စား ပေးထားသော

ထိုရွာကို အုပ်ချုပ်နေ၏၊ သူသည် မိမိရွာသို့ မြတ်စွာဘုရားရောက်တော်မူသော သတင်းကို ကြား၍ ရောသိကာ မည်သော ဆတ္တာသည်ကို ခေါ်၍ မြတ်စွာဘုရားအား ဆွမ်းစားပင့်ရန် စေလွှတ်လိုက်၏။

ရောသိကာသည် မြတ်စွာဘုရားကို ပင့်လာ၏၊ နောက်မှအစဉ်လိုက်လျက် လောဟိစ္စ ပုဏ္ဏားအ၏ မှားယွင်းနေသော အယူဝါဒကို လျှောက်၏၊ ဆွမ်းစားပြီးသောအခါ မြတ်စွာဘုရား ဤစကားကို မိန့်ကြား၏—

"လောဟိစ္စ ဤလောက၌ သမဏ ဖြစ်စေ, ဗြာဟ္မဏ ဖြစ်စေ ကုသိုလ်တရားကို ရနိုင်ပါ၏၊ သို့ရာတွင် ထိုတရားကို သူတပါးအား မဟောပြောသင့်၊ တပါးသူသည် တပါးသူအား အဘယ်ပြုနိုင်အံ့နည်း၊ ဤပြောဟောခြင်းသည် အနှောင်အဖွဲ့ဟောင်းကို ဖြတ်၍ အခြား အနှောင်အဖွဲ့သစ်ကို ပြုသည်နှင့် တူ၏၊ ထို့ကြောင့် ဤဟောပြောခြင်းကို ယုတ်မာသော လောဘတရားဟုသင်ယူဆလျက်ရှိသည်မှာ မှန်ပါသလော"

"အရှင် ဂေါတမ မှန်ပါ၏"

"လောဟိစ္စ ဤသာလဝတိကာရွာမှ ထွက်သော အခွန်အထုတ်အပေါင်းကို လောဟိစ္စ တယောက်တည်းသာ ခံစားပါစေ၊အခြားသူတို့အား မပေးပါစေလင့်ဟု ဆိုလျှင် သင့်ကို မှီခို၍ အသက်မွေးသူတို့၏ လာဘ် အန္တရာယ်ကိုပြုသူဖြစ်သလော၊ မဖြစ်သလော"။

"အရှင် အန္တရာယ် ပြုသူ ဖြစ်ပါ၏"။

"အန္တရာယ်ကို ပြုသူ ဖြစ်ခဲ့သော် ထိုသူတို့၏ အစီးအပွားကို လိုလားသူ ဖြစ်သလော၊ မလိုလားသူ ဖြစ်သလော"။

"အရှင် အစီးအပွားကို မလိုလားသူ ဖြစ်ပါ၏"။

"အစီး အပွားကို မလိုလားသူအား ထိုသူတို့အပေါ်၌ မေတ္တာစိတ် ဖြစ်ပေါ်သလော၊ ရန်သူစိတ် ဖြစ်ပေါ်သလော"။

"အရှင် ရန်သူစိတ် ဖြစ်ပေါ်ပါ၏"။

"ရန်သူစိတ် ဖြစ်ပေါ်ခဲ့သော် မှားသော အယူဖြစ်သလော၊ မှန်သောအယူ ဖြစ်သလော"။

"အရှင် မှားသော အယူဖြစ်ပါ၏"။

"လောဟိစ္စ မှားသော အယူရှိသူအား ငရဲနှင့် တိရစ္ဆာန်နှစ်ပါးတို့တွင် တပါးပါးသော လားရာရှိ၏"။

ဆက်လက်၍ မြတ်စွာဘုရားသည် ပသေနဒီ ကောသလမင်းနှင့် ကာသိတိုင်း ကောသလတိုင်းမှ ထွက်သော အခွန် အတုတ်ခံစားစေခြင်း ဥပမာကို ဤနည်းအတိုင်း မေးခွန်းထုတ်၍ ရှင်းပြပြီးနောက် အပြစ်တင်ထိုက်သော ဆရာသုံးဦးနှင့် အပြစ်မတင်ထိုက်သော ဆရာသုံးဦးတို့ကို ဟောကြားတော်မူ၏။

## အပြစ်တင်သင့်သောဆရာ

ဤလောက၌ အချို့သော ဆရာသည် ရဟန်းဖြစ်ကျိုးကို မရသေးဘဲလျက် တပည့်တို့အား- "ဤကား သင်တို့၏ အစီးအပွား အတွက် ဖြစ်၏၊ ဤကား သင်တို့၏ ချမ်းသာ အတွက် ဖြစ်၏-" ဟု တရားဟော၏၊ သူ၏ တရားကို တပည့်တို့ မနာယူကုန်၊ နားမထောင်ကုန်၊ သိရန် စိတ်မဝင်စားကုန်၊ ဆရာ၏ အဆုံး အမမှ ဖဲခွာ၍လည်း ကျင့်ကုန်၏၊ ဤဟောပြောခြင်းသည် ဆုတ်ခွာသွား

သော လုံမကို လိုက်၍ ကပ်သည်နှင့်လည်း တူ၏၊ မျက်နှာ လဲ့နေသော လုံမကို ပွေ့ဖက် သည်နှင့်လည်း တူ၏၊ ထိုကြောင့် ဤဟောပြောခြင်းကို ယုတ်မာသော လောဘတရားဟု ငါဆို၏၊ တပါးသော သူသည် တပါးသော သူအား အဘယ်ပြုအံ့နည်းဟု အပြစ်တင်အပ်၏။

ထိုကဲ့သို့ ရဟန်းဖြစ်ကျိုး မရသေးသော ဆရာ၏ တရားကို တပည့်တို့ နာယူကုန်၏၊ နား ထောင်ကုန်၏၊ သိရန် စိတ်ဝင်စားကုန်၏၊ ဆရာ၏ အဆုံး အမမှ မဖဲခွါမူ၍လည်း ကျင့်ကုန်၏၊ ဤဟောပြောခြင်းသည် မိမိလယ်ကို စွန့်၍ သူတပါးလယ်ကို ပေါင်းသင်အပ်သည်ဟု မှတ်ထင်သည်နှင့် တူ၏၊ ထိုကြောင့် ဤဟောပြောခြင်းကိုလည်း ယုတ်မာသော လောဘတရားဟု ငါဆို၏၊ တပါးသော သူသည် တပါးသော သူအား အဘယ်ပြုအပ်နည်းဟု အပြစ် တင်အပ်၏။

ရဟန်းဖြစ်ကျိုးကို ရပြီးသော ဆရာသည် တပည့်တို့အား တရားဟော၏၊ တပည့်တို့သည် ထိုဆရာ၏ တရားကို မနာယူကုန်၊ နား မထောင်ကုန်၊ သိရန် စိတ်မဝင်စားကုန်၊ ဆရာ၏ အဆုံး အမမှ ဖဲခွါ၍လည်း ကျင့်ကုန်၏၊ ဤဟောပြောခြင်းသည် အနှောင် အဖွဲ့ဟောင်းကို ဖြတ်၍ အခြား အနှောင် အဖွဲ့သစ်ကို ပြုသည်နှင့် တူ၏၊ ထိုကြောင့် ဤဟောပြောခြင်းကို ယုတ်မာသော လောဘ တရားဟု ငါဆို၏၊ တပါးသော သူသည် တပါးသော သူအား အဘယ်ပြုအံ့နည်းဟု အပြစ်တင်အပ်၏။

"လောဟိစ္စ လောကဌ် အပြစ်တင်ထိုက်သော ဆရာ သုံးဦးတို့ ဟူသည် ဤသူတို့ပင်တည်း"။

## အပြစ်မတင်သင့်သောဆရာ

ထိုအခါ လောဟိစ္စ ပုဏ္ဏားသည် မြတ်စွာဘုရားအား-"အရှင်ဂေါတမ အပြစ်တင်ရန် မထိုက်သော ဆရာ ရှိပါသေးသလော"-ဟု လျှောက်၏။

"လောဟိစ္စ ရှိသေး၏"။

"အရှင် ထိုဆရာကား အဘယ်နည်း"။

သီလနှင့် ပြည့်စုံလျက်၊ ပဌမစျာန်သို့ ရောက်၍ နေသော ဆရာ့ထံ၌ တပည့်သည် ဤသို့သဘောရှိသော မြတ်သောတရား အထူးကို ရ၏၊ ဤဆရာသည် အပြစ်တင်ရန် မထိုက်သောဆရာ ပေတည်း။

ထိုအတူ ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်သို့ ရောက်၍ နေသော ဆရာ့ထံ၌ တပည့်သည် ဤသို့သဘောရှိသော မြတ်သော တရားအထူးကို ရ၏၊ ဤဆရာသည်လည်း အပြစ်တင်ရန် မထိုက်သော ဆရာပေတည်း။

ဝိပဿနာ ဉာဏ်အမြင် အလို့ငှာ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေသော ဆရာ့ထံ၌ တပည့်သည် ဤသို့သဘော ရှိသော မြတ်သောတရား အထူးကို ရ၏၊ ဤဆရာသည်လည်း လောက၌ အပြစ်တင်ရန် မထိုက်သော ဆရာပေတည်း။

မဂ်ကိစ္စ အလို့ငှာ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိသော ဆရာ့ထံ၌ တပည့်သည် ဤသို့သဘောရှိသော တရားအထူးကို ရ၏၊ ဤဆရာသည်လည်း အပြစ်တင်ရန် မထိုက်သော ဆရာပေတည်း။

ဤသို့ ဟောကြားပြီးသော် လောဟိစ္စ ပုဏ္ဏားသည် မြတ်စွာဘုရားအား- "အရှင် ယနေ့မှစ၍ အကျွန်ုပ်ကို ဥပါသကာဟု မှတ်တော်မူပါ"-ဟု လျှောက်လေသတည်း။

## ၁၃-တေဝိဇ္ဇသုတ်

### ဗြဟ္မာဖြစ်နည်း

အခါတပါး မြတ်စွာဘုရားသည် ရဟန်း သံဃာ ငါးရာမျှနှင့် အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူသော် မနသာကဋ မည်သော ပုဏ္ဏားရွာသို့ ရောက်၍ ရွာ့မြောက်ဖက် အစိရဝတီ မြစ်ကမ်းနား သရက်တော၌ နေတော်မူ၏၊ ထိုစဉ်အခါ စင်္ကီ ပုဏ္ဏား,တာရုက္ခ ပုဏ္ဏား,ပေါက္ခရသာတိ ပုဏ္ဏား, ဇာဏုသောဏိ ပုဏ္ဏား, တောဒေယျ ပုဏ္ဏားနှင့်အလွန် ထင်ရှား ကျော်စောကုန်သော အခြားသော ပုဏ္ဏား သူဌေး များစွာတို့သည် ထိုရွာ၌ တည်းခို နေကုန်၏။

ထိုအခါ ဝါသေဋ္ဌနှင့် ဘာရဒွါဇ လုလင် နှစ်ယောက်တို့သည် အညောင်းပြေ လမ်းလျှောက်နေကြစဉ် ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန် ဖြောင့်သော လမ်းဟုတ်သည် မဟုတ်သည်၌ စကား ဖြစ်ပေါ်၏၊ ဝါသေဋ္ဌ လုလင်က- "ပေါက္ခရသာတိ ပုဏ္ဏား ဟောကြားသော လမ်းစဉ်သည်သာ ဖြောင့်တန်းသော လမ်းဖြစ်၏၊ ထိုလမ်းကို သွားသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် စင်စစ် ပို့ဆောင်၏—"ဟု ဆို၍ ဘာရဒွါဇ လုလင်က- "တာရုက္ခ ပုဏ္ဏား၏ လမ်းစဉ်သည်သာ စင်စစ် ပို့ဆောင်၏-"ဟု ဆို၏၊ သူတို့ နှစ်ဦးသည်

ထိုပြဿနာကို မြတ်စွာဘုရားထံ မေးလျှောက်ရန် သွားကြပြီး ပြဿနာကို တင်ပြကြ၏၊ ထိုအခါ မြတ်စွာဘုရားက မေးတော်မူ၏—

"ဝါသေဋ္ဌ ထိုသို့ဆိုသော် ဘယ်အရာ၌ သင်တို့အား ဆန့်ကျင်သော အယူဖြစ်သနည်း၊ အငြင်း အခုံ ဖြစ်သနည်း၊ ဝါဒ အကွဲ အပြား ဖြစ်သနည်း"။

"အရှင် ဖြောင့်တန်းသော လမ်း ဟုတ်သည် မဟုတ်သည်၌ ဖြစ်ပါ၏၊ ရွာနိဂုံးတို့၏ မနီးမဝေး၌ အထူးထူး အပြားပြား များစွာသော လမ်းတို့ ရှိသော်လည်း ထိုလမ်း အသုံးစုံသည် ရွာ၌ ပေါင်းဆုံဆိုက်ရောက်ကုန်သကဲ့သို့ ဤအတူ အဒ္ဒရိယ, တိတ္တိရိယ, ဆန္ဒောက, ဗဝှါရိဇ္ဈ ပုဏ္ဏားတို့သည် အထူးထူး အပြားပြားသော လမ်းတို့ကို ပညတ်ကုန်သော်လည်း ထိုလမ်း အလုံးစုံတို့သည် ဗြဟ္မာ၏ အပေါင်း အဖော်ဖြစ်ရန် စင်စစ် ပို့ဆောင်ပါကုန်၏"။

"ဝါသေဋ္ဌ ပို့ဆောင်ကုန်၏ဟု သင် ဆိုသလော"။

"အရှင် အကျွန်ုပ် ဆိုပါ၏"။

"ဝါသေဋ္ဌ ဝေဒသုံးပုံဆောင် ပုဏ္ဏားတို့တွင် ဗြဟ္မာကို မျက်ဝါး ထင်ထင် မြင်ဘူးသော ပုဏ္ဏား တဦးတယောက် ရှိ၏လော"။

"အရှင် မရှိပါ"

"ဝါသေဋ္ဌ ဝေဒ သုံးပုံဆောင် ပုဏ္ဏားတို့၏ လက်ဦးဆရာ ဖြစ်ကုန်သော ဝေဒကျမ်းတို့ကို စီရင်ကုန်သော အဋ္ဌက, ဝါမက, ဝါမဒေဝ, ဝေဿာမိတ္တ, ယမဒဂ္ဂိ, အင်္ဂီရသ, ဘာရဒ္ဝါဇ, ဝါသေဋ္ဌ, ကဿပ, ဘဂု ရသေ့တို့သည်လည်း ဗြဟ္မာနေရာဘုံ ဗြဟ္မာလာရာလမ်း ဗြဟ္မာသွားရာ အရပ်တို့ကို ငါတို့ မြင်ကုန်၏ဟု ပြောကြားခဲ့ကုန်သလော"။

"အရှင် မပြောကြားခဲ့ပါကုန်"။

"ဝါသေဋ္ဌ အချင်းချင်း ဆွဲကိုင် ဆက်စပ်နေသော သူကန်းတို့၏ အစဉ်အတန်းတွင် ရှေ့ဆုံးသူလည်း မမြင်၊ အလယ်သူလည်း မမြင်၊ နောက်ဆုံးသူလည်း မမြင်သကဲ့သို့ ဝေဒ သုံးပုံဆောင် ပုဏ္ဏားတို့၏ စကားသည် သူကန်းတို့၏ အစဉ်အတန်းနှင့် တူလှချေ၏ တကား၊ သူတို့၏ စကားသည် ရယ်ဖွယ်သာ ဖြစ်ချေ၏၊ အပြောမျှသာ ဖြစ်ချေ၏၊ အနက် မရှိ ဖြစ်ချေ၏၊ အချည်းနှီးသာ ဖြစ်ချေ၏"။

ထိုနောက် မြတ်စွာဘုရားသည် လူများစွာတို့ လနှင့်နေတို့ကို မြင်ကြသည်ဖြစ်၍ လနှင့်နေတို့ ထွက်လာရာ အရပ် ဝင်သွားရာ အရပ်တို့သို့ မျက်နှာမူကာ ရှိခိုး ချီးကျူး ဆုတောင်းနေကြသော်လည်း လနှင့် နေတို့၏ အပေါင်းအဖော်ဖြစ်ရန် လမ်းကို ဟောကြားရန် မစွမ်းနိုင်သော ဥပမာကိုရင်း, အမျိုး အမည် အသင်းသဏ္ဌာန်ကို မသိဘဲနှင့် နိုင်ငံ၌ အလှဆုံး မိန်းမကို လိုချင်သော ယောကျ်ား၏ ဥပမာကိုရင်း၊ လမ်းဆုံ၌ ပြာသာဒ်သို့ တက်ရန် လှေကား ပြုနေသော ယောကျ်ား၏ ဥပမာကို ထင်စွာပြပြီးလျှင် ဝေဒ သုံးပုံဆောင် ပုဏ္ဏားတို့၏ စကား အခြေ အမြစ် မရှိကြောင်း ရှင်းလင်း ပြတော်မူ၏။

## ဗြဟ္မာနှင့်ပုဏ္ဏား

"ဝါသေဋ္ဌ ဤ အစိရဝတီ မြစ်သည် ကမ်းမှာနား၍ကျီးသောက်နိုင်လောက်အောင် ကမ်းနှင့် အညီ ရေပြည့်လျက် ရှိ၏၊ ထိုအခါ တဖက်ကမ်းသို့ ကူးလိုသော ယောကျ်ားသည် ဤမှာ ဖက်ကမ်း၌ ရပ်လျက်-'အို ဟိုဖက်တမ်း သည်ဖက်ကမ်းသို့ လာခဲ့လော-'ဟု

လှမ်းခေါ်၏၊ ထိုကြောင့် မြစ်၏ ထိုမှာဖက်ကမ်းသည် ဤမှာဖက် ကမ်းသို့ လာရာသလော"။

"အရှင် မလာရာပါ"

"ဝါသေဋ္ဌ ဤအတူပင် ပုဏ္ဏားတို့သည် ဣန္ဒ, သောမ, ဝရုဏ, ဤသာန, ပဇာပတိ, ဗြဟ္မာ, မဟိဒ္ဓိ, ယမ နတ်တို့ကို ခေါ်ခြင်း တောင်းပန်ခြင်း တောင့်တခြင်းကြောင့် ဗြဟ္မာ၏ အပေါင်းအပေါ် အဖြစ်သို့ ရောက်နိုင်ခြင်း အကြောင်း မရှိချေ၊ ဤ အစိရဝတီမြစ် တဖက်ကမ်းသို့ ကူးမြောက်လိုသော ယောကျ်ားကို ဤမှာဖက်ကမ်း၌ပင် ခိုင်ခံ့သော နှောင်ကြိုးဖြင့် လက်ပြန်ကြိုး မြဲမြံစွာ နှောင် ဖွဲ့ထားရာ သူသည် ဤမှာဖက်ကမ်းမှ ထိုမှာ ဖက်ကမ်းသို့ သွားနိုင် ပါမည်လော"။

"အရှင် မသွားနိုင်ပါ"။

"ဝါသေဋ္ဌ ဤအတူပင် ဤကာမဂုဏ် ငါးပါးတို့ကို အရိယာ၏ အဆုံး အမ၌ နှောင်ကြိုးတို့ဟုလည်း ဆိုအပ်ကုန်၏၊ အနှောင်အဖွဲ့ တို့ဟုလည်း ဆိုအပ်ကုန်၏၊ ပုဏ္ဏားတို့သည် ကာမဂုဏ် နှောင်ကြိုး အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့ခံရကုန်လျက် သေပြီးနောက် ဗြဟ္မာ၏ အပေါင်းအဖော် အဖြစ်သို့ ရောက်အံ့သော အကြောင်းမရှိချေ"။

ဗြဟ္မာသည် သားမယားကို သိမ်းဆည်းခြင်းမရှိ၊
ပုဏ္ဏားတို့သည် ကာမစ္ဆန္ဒရှိ၍ သိမ်းဆည်းကြ၏၊
ဗြဟ္မာသည် ရန်နှင့်ယှဉ်သော စိတ် မရှိ၊
ပုဏ္ဏားတို့သည် ဗျာပါဒရှိ၍ ရန်စိတ် ရှိကုန်၏၊
ဗြဟ္မာသည် မခံ့ကျန်းသော စိတ် မရှိ၊
ပုဏ္ဏားတို့သည် ထိန မိဒ္ဓရှိ၍ မခံ့ကျန်းသောစိတ် ရှိကုန်၏၊

ဗြဟ္မာသည် ညစ်နွမ်းသောစိတ် မရှိ၊
ပုဏ္ဏားတို့သည် ဥဒ္ဒစ္စ ကုက္ကုစ္စ စသော ကိလေသာရှိ၍ စိတ်ညစ်နွမ်းကုန်၏။
ဗြဟ္မာသည် စိတ်ကို အလိုရှိတိုင်း ဖြစ်စေနိုင်၏၊
ပုဏ္ဏားတို့သည် ဝိစိကိစ္ဆာရှိသောကြောင့် အလိုရှိတိုင်း မဖြစ်စေနိုင်ကုန်။
"ဝါသေဋ္ဌ စိတ်ကို အလိုရှိတိုင်း မဖြစ်စေနိုင်သော ပုဏ္ဏားတို့သည် သေပြီးနောက် စိတ်ကို အလိုရှိတိုင်းဖြစ်စေနိုင်သော ဗြဟ္မာ၏ အပေါင်းအဖော် အဖြစ်သို့ ရောက်အံ့သော အကြောင်း မရှိချေ"။

## ဗြဟ္မ ဝိဟာရ

"အရှင် ဂေါတမ အရှင်သည် ဗြဟ္မာ၏ အပေါင်း အဖော်ဖြစ်ရန် လမ်းကို သိ၏ဟု အကျွန်ုပ် ကြားဘူးပါ"။
"ဝါသေဋ္ဌ မနသာကဋရွာသည် ဤမှ နီးသည် မဟုတ်လော၊ ထိုရွာသည် ဤမှ မဝေးသည် မဟုတ်လော"။
"အရှင် မနသာကဋရွာသည် ဤမှ နီးပါ၏၊ ထိုရွာသည် ဤမှ မဝေးပါ"။
"ဝါသေဋ္ဌ ဤရွာ၌ မွေးဖွား၍ ကြီးပြင်းလာသော ယောကျ်ားသည် ဤရွာမှ ထွက်ခွာလာ၏၊ သူ့အား ထိုခဏ၌ပင် ဤရွာ၏ လမ်းကို မေးလျှင် သူ့အား နှောင့်နှေး ဆိုင်းတွခြင်း ရှိရာသလော"။
အရှင် နှောင့်နှေးခြင်း မရှိနိုင်ပါ"။
"ဝါသေဋ္ဌ ထိုယောကျ်ားအား ရွာလမ်းကို မေးသော် နှောင့်နှေးမှုလည်း ရှိရာသေး၏၊ ဗုဒ္ဓအား ဗြဟ္မာ့ ပြည်ကိုရင်း၊

ထိုသို့ရောက်ကြောင်း အကျင့်ကိုငှင်း မေးသော် နှောင့်နှေး ဆိုင်းတွ ခြင်း မရှိသည်သာတည်း”

“အရှင် ဂေါတမ အရှင်သည် ဗြဟ္မာ၏ အပေါင်း အဖော် ဖြစ်ရန် လမ်းကို ဟောကြား၏ဟု အကျွန်ုပ် ကြားဘူးပါ၏၊ တောင်းပန်ပါ၏ အရှင်, အကျွန်ုပ်အား ထိုလမ်းကို ညွှန်ကြားတော်မူပါ၊ အရှင့်သည် ပုဏ္ဏား အမျိုးသား အပေါင်းကို ကယ်တင်တော်မူပါ”။

“ဝါသေဋ္ဌ သို့ဖြစ်လျှင် နားထောင်လော့၊ ကောင်းစွာ နှလုံး သွင်းလော့”။

သီလနှင့်ပြည့်စုံ၍ မိမိ၌ အပိတ်အပင် နီဝရဏ တရားငါးပါး ပယ်ပြီးဖြစ်သည်ကို သိမြင်သူအား ဝမ်းမြောက်ခြင်း ဖြစ်၏၊ ဝမ်းမြောက်သူအား နှစ်သိမ့်ခြင်း ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသော ကိုယ်ရှိသူသည် ချမ်းသာကို ခံစား၏၊ ချမ်းသာသူ၏ စိတ်သည် တည်ကြည်၏၊ ထိုသူသည် ချမ်းသာစေလိုခြင်း မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် သတ္တဝါ အားလုံးတို့ကို မိမိနှင့် အတူပြု၍ သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ငြိုငြင်းခြင်း မရှိသော မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍နေ၏။

အားကောင်းသော ခရုသင်း မှုတ်သမားသည် အရပ်လေးမျက်နှာ တို့ကို ပင်ပန်းခြင်း မရှိဘဲသာလျှင် ကြားသိစေရာသကဲ့သို့ မေတ္တာနှင့် ယှဉ်သော လွတ်မြောက်သောစိတ် မေတ္တာစေတော ဝိမုတ္တိကို ပွားများလိုက်သည်ရှိသော် အတိုင်းအရှည်ဖြင့် ပြုခဲ့သော ကာမာ ဝစရ ကံသည် ထိုမေတ္တာတည်ရာ၌ မကြွင်းကျန်တော့၊ မတည်

နိုင်တော့ လတ္တံ့။ ဤသည်လည်း ပြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန် လမ်းပေတည်း၊ သနားခြင်း ကရုဏာနှင့် ယှဉ်သောစိတ်, ဝမ်းမြောက်ခြင်း မုဒိတာနှင့် ယှဉ်သောစိတ်, လျစ်လျူရှုခြင်း ဥပေက္ခာနှင့် ယှဉ်သောစိတ်ဖြင့် ထိုအတူ အရပ်မျက်နှာတို့ကို ပြန့်နှံ့စေ၍ နေခြင်းတို့သည်လည်း ပြဟ္မာ၏ အပေါင်းအဖော် ဖြစ်စေရန် လမ်းတို့ပေတည်း။

ဤသို့ ဟောကြားတော်မူသော် ဝါသေဋ္ဌနှင့် ဘာရဒွါဇ လုလင်တို့သည် မြတ်စွာဘုရားအား-"ယနေ့မှစ၍ အကျွန်ုပ်တို့ကို အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာတို့ဟူ၍ မှတ်တော်မူပါ"ဟု လျှောက်ကြားလေကုန် သတည်း။

သုတ်သီလက္ခန် အကျဉ်းချုပ်



# သုတ် မဟာဝါ



ဟိန္ဒူ ပန်းချီဆရာ ရေးဆွဲသော
လောကကိုဖန်ဆင်းသည့် ဗြဟ္မာကြီး

# ၁- မဟာ ပဒါန သုတ်

## ပုဗ္ဗေနိဝါသဉာဏ်

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူ၏၊ ထိုစဉ်အခါ ရဟန်းတို့သည် ဆွမ်းစားပြီးနောက် ရေခံတက်ပင် တန်ဆောင်းဝန်း၌ စုဝေးထိုင်နေကြလျက် ပုဗ္ဗေနိဝါသ ဉာဏ်နှင့်စပ်သော စကား ဆွေးနွေးနေကြ၏၊ ထိုအခါ မြတ်စွာဘုရား ကြွလာပြီးလျှင် ပုဗ္ဗေနိဝါသ ဉာဏ်နှင့်စပ်သော တရားကို ဟောကြားတော်မူ၏—

ဤကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက်၌ ဝိပဿီ မြတ်စွာဘုရား လောက၌ ပွင့်တော်မူ၏၊ ထိုဘုရားသည် မင်းမျိုး ကောဏ္ဍည အနွယ်ဖြစ်၏၊ အသက် အတိုင်း အရှည်သည် အနှစ် ရှစ်သောင်း ဖြစ်၏၊ သခွတ်ပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏၊ မြတ်သော တပည့် ဖြစ်သည့် အဂ္ဂသာဝက အစုံသည် ခဏ္ဍနှင့် တိဿ မည်၏၊ သူ၏ လက်ထက်၌ သာဝက အစည်းအဝေး သုံးကြိမ်ဖြစ်၏။

ကိုးဆယ့် တကမ္ဘာထက်၌ သိခီ မြတ်စွာဘုရား လောက၌ ပွင့်တော်မူ၏၊ ထိုဘုရားသည်လည်း မင်းမျိုး ကောဏ္ဍည အနွယ် ဖြစ်၏၊ အသက် အတိုင်း အရှည်သည် အနှစ်ခုနစ်သောင်း ဖြစ်၏၊ သရက်ဖြူ ပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏၊ မြတ်သော

တပည့်ဖြစ်သည့်အဂ္ဂသာဝက အစုံသည် အဘိဘူနှင့် သမ္ဘဝ မည်၏၊ သူ၏ လက်ထက်၌ သာဝက အစည်းအဝေး သုံးကြိမ်ဖြစ်၏။

ထိုသုံးဆယ့် တကမ္ဘာထက်၌ ဝေဿဘူ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ ထိုဘုရားသည်လည်း မင်းမျိုး ကောဏ္ဍည အနွယ် ဖြစ်၏၊ အသက် အတိုင်းအရှည်သည် အနှစ် ခြောက်သောင်း ဖြစ်၏၊ အင်ကြင်းပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏၊ မြတ်သော တပည့်ဖြစ်သည့် အဂ္ဂသာဝက အစုံသည် သောဏနှင့် ဥတ္တရ မည်၏၊ သူ၏ လက်ထက်၌ သာဝက အစည်းအဝေး သုံးကြိမ် ဖြစ်၏။

ဤဘဒ္ဒကမ္ဘာ၌ပင် ကကုသန် မြတ်စွာဘုရား လောက၌ ပွင့်တော်မူ၏၊ ထိုဘုရားသည် ပုဏ္ဏား အမျိုး ကဿပ အနွယ်ဖြစ်၏၊ အသက် အတိုင်းအရှည်သည် အနှစ်လေးသောင်းဖြစ်၏၊ ကုတ်ကိုပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏၊ မြတ်သော တပည့်ဖြစ်သည့် အဂ္ဂသာဝက အစုံသည် ဝိဓုရနှင့် သိဉ္ဇိဝမည်၏၊ သူ၏ လက်ထက်၌ သာဝက အစည်းအဝေး တကြိမ်တည်းသာ ဖြစ်၏။

ဤ ဘဒ္ဒ ကမ္ဘာ၌ပင် ကောဏာဂုံ မြတ်စွာဘုရား လောက၌ ပွင့်တော်မူ၏၊ ထိုဘုရားသည်လည်း ပုဏ္ဏားမျိုး ကဿပ အနွယ်ပင် ဖြစ်၏၊ အသက် အတိုင်းအရှည်သည် အနှစ် သုံးသောင်းဖြစ်၏၊ ရေသဖန်းပင်၌ သစ္စာလေးပါးကို သိတော်မူ၏၊ မြတ်သော တပည့် ဖြစ်သည့် အဂ္ဂသာဝက အစုံသည် ဘိယျောသနှင့် ဥတ္တရ မည်၏၊ သူ၏ လက်ထက်၌လည်း သာဝက အစည်းအဝေး တကြိမ်သာ ဖြစ်၏။

ဤဘဒ္ဒကမ္ဘာ၌ပင် ကဿပ မြတ်စွာဘုရား လောက၌ ပွင့်တော်မူ၏၊ ထိုဘုရားသည်လည်း ပုဏ္ဏားမျိုး ကဿပ အနွယ်ပင် ဖြစ်၏၊

အသက် အတိုင်းအရှည်သည် အနှစ် နှစ်သောင်းဖြစ်၏၊ ပညောင်ပင် ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏၊ မြတ်သော တပည့်ဖြစ်သည့် အဂ္ဂသာဝက အစုံသည် တိဿနှင့် ဘာရဒွါဇ မည်၏၊ သူ၏ လက်ထက်၌လည်း သာဝက အစည်းအဝေး တကြိမ်သာ ဖြစ်၏။

မြတ်စွာဘုရားသည် ဤတရားစကား ဟောကြား ပြီးလျှင် နေရာမှထ၍ ကျောင်းတော်သို့ ဝင်သွား၏၊ ထိုနောက် ထိုရဟန်း တို့အား ဤအကြားစကား ဖြစ်ပေါ်ပြန်၏—

"မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုပြီးသော ရှေးဘုရားတို့ကို ဇာတ် အမည် အနွယ် စသည်ဖြင့် အောက်မေ့နိုင်ပါ၏၊ ဤသို့ အောက်မေ့နိုင်ခြင်းသည် ထိုအကြောင်းအရာတို့ကို နတ်ဗြဟ္မာတို့က လျှောက်ကြားကြသောကြောင့်လော"-ဟူသတည်း။

ညနေချမ်း အချိန် မြတ်စွာဘုရားသည် ကိန်းအောင်းရာမှ ထတော် မူ၍ ရေခံတက်ပင် တန်ဆောင်းဝန်းသို့ ချဉ်းကပ်တော်မူလျက် ထိုသို့ အောက်မေ့နိုင်ခြင်း အကြောင်းကို ရှင်းပြတော်မူ၏—

"ရဟန်းတို့ မြတ်စွာဘုရားသည် ဤသို့လျှင် အောက်မေ့နိုင်ကြောင်း ဖြစ်သော ဓမ္မဓာတ်ကို ကိုယ်တိုင်ပင ကောင်းစွာ ထိုးထွင်း၍ သိတော်မူပေ၏၊ ယင်းဓမ္မဓာတ်ကို ကောင်းစွာ ထိုးထွင်း၍ သိတော် မူသောကြောင့် ပရိနိဗ္ဗာန်ပြုပြီးသော ရှေးဘုရားတို့ကို အောက်မေ့ နိုင်ပေ၏၊ နတ် ဗြဟ္မာတို့သည်း ငါ့အား ဤအကြောင်းကို လျှောက်ကုန်၏၊ ယင်းသို့ လျှောက်သောကြောင့်လည်း ဗုဒ္ဓသည် ပရိဗ္ဗာန်ပြုပြီးသော ရှေးဘုရားတို့ကို အောက်မေ့နိုင်ပေ၏"။

ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောကြားသော တရား တော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန် သတည်း။

# ၂-မဟာ နိဒါနသုတ်

## ပဋိစ္စသမုပ္ပါဒ်

အခါတပါး မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မ မည်သော နိဂုံး၌ နေတော်မူ၏၊ ထိုအခါ အရှင် အာနန္ဒာသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍- "အရှင်ဘုရား အံ့ဖွယ်ရှိပေစွ၊ ဤ ပဋိစ္စသမုပ္ပါဒ် တရားသည် အလွန် နက်လည်း နက်နဲပါ၏၊ အလွန် နက်နဲသော အသွင်လည်း ရှိပါ၏၊ သို့ဖြစ်ပါလျက် အကျွန်ုပ်၏ ဉာဏ်၌ တိမ်တိမ်ကလေး ကဲ့သို့ပင် ထင်ပါသည်-"ဟု လျှောက်၏။

> "အာနန္ဒာ ဤသို့ မဆိုလင့်၊ ဤတရားသည် နက်လည်း နက်နဲ၏၊ နက်နဲသော အသွင်လည်းရှိ၏၊ ဤတရားကို လျှော်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် သတ္တဝါ အပေါင်းသည် ချည် ခင်ထွေး စာပေါင်းသိုက် ဖြူဆံမြက် ပြိတ်မြက် ကဲ့သို့ဖြစ်၍ မကောင်းသော လားရာ ပြက်စီးလျက် ကျရောက်ရာဖြစ်သော အပါယ်ကိုရင်း၊ သံသရာ ကိုရင်း မလွန်မြောက်နိုင်ဘဲ ရှိချေ၏"။

ဇာတိကြောင့် ဇရာ မရဏဖြစ်၏၊ ဇာတိသာလျှင် ဇရာ မရဏ၏ အကြောင်းရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ ပေတည်း။

ဘဝကြောင့် ဇာတိဖြစ်၏၊ ဘဝသာလျှင် ဇာတိ၏ အကြောင်း ရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ပေတည်း။

စွဲလမ်းခြင်း ဥပါဒါန်ကြောင့် ဘဝဖြစ်၏၊ ဥပါဒါန်သာလျှင် ဘဝ၏ အကြောင်းရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ပေတည်း။

တပ်မက်ခြင်း တဏှာကြောင့် ဥပါဒါန်ဖြစ်၏၊ တဏှာသာလျှင် ဥပါဒါန်၏ အကြောင်းရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ပေတည်း။

ခံစားခြင်း ဝေဒနာကြောင့် တဏှာဖြစ်၏၊ ဝေဒနာသာလျှင် တဏှာ၏ အကြောင်းရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ပေတည်း။

> "အာနန္ဒာ ဝေဒနာကို စွဲ၍ တဏှာဖြစ်၏၊ တဏှာကို စွဲ၍ ရှာမှီးခြင်း ဖြစ်၏၊ ရှာမှီးခြင်းကို စွဲ၍ ရခြင်း ဖြစ်၏၊ ရခြင်းကို စွဲ၍ အသုံးချရန် စိတ်ပိုင်းဖြတ် ခြင်းဖြစ်၏၊ စိတ်ပိုင်းဖြတ်ခြင်းကို စွဲ၍ နှစ်သက် တပ်စွဲခြင်း ဆန္ဒရာဂ ဖြစ်၏၊ နှစ်သက်တပ်စွဲခြင်းကို စွဲ၍ ငါ့ဟာဟု မြဲမြံစွာ ဆုံးဖြတ်ခြင်း ဖြစ်၏၊ မြဲမြံစွာ ဆုံးဖြတ်ခြင်းကို စွဲ၍ သိမ်းပိုက်ခြင်း ဖြစ်၏၊ သိမ်းပိုက် ခြင်းကို စွဲ၍ ဝန်တိုခြင်း ဖြစ်၏၊ ဝန်တိုခြင်းကို စွဲ၍ ဥစ္စာကို စောင့်ရှောက်ခြင်း ဖြစ်၏၊ ဥစ္စာကို စောင့် ရှောက်ခြင်းကြောင့် တုတ် လက်နက် ဆောင်ရခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ခြင်း ငြင်းခုံခြင်း မခံသာ အောင် ပြောဆိုခြင်း ဂုံးတိုက်ခြင်း မဟုတ် မမှန် ပြောခြင်းဟူသော ယုတ်မာသော အကုသိုလ်တရား များစွာတို့ ဖြစ်ကုန်၏"။

ဥစ္စာကို စောင့်ရှောက်ခြင်းသာလျှင် တုတ်လက်နက် ဆောင်ရခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ခြင်း ငြင်းခုံခြင်း မခံသာအောင် ပြောဆိုခြင်း ဂုံးတိုက်ခြင်း မဟုတ် မမှန် ပြောခြင်းဟူသော ယုတ်မာသော အကုသိုလ်တရား များစွာတို့ ဖြစ်ပွားခြင်း၏ အကြောင်းရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ ပေတည်း။

သိမ်းပိုက်ခြင်းသည်သာ ဝန်တိုခြင်း၏ အကြောင်းရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ပေတည်း။

ငါ့ဟာဟု မြဲမြံစွာ ဆုံးဖြတ်ခြင်းသည်သာ သိမ်းပိုက်ခြင်း၏ အကြောင်းရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ ပေတည်း။

နှစ်သက် တပ်စွဲခြင်း ဆန္ဒရာဂသည်သာ ငါ့ဟာဟု မြဲမြံစွာ ဆုံးဖြတ်ခြင်း၏ အကြောင်းရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ ပေတည်း။

စိတ်ကို ပိုင်းဖြတ်ခြင်းသာလျှင် ဆန္ဒရာဂ၏ အကြောင်းရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ ပေတည်း။

ရခြင်းသည်သာလျှင် စိတ်ပိုင်းဖြတ်ခြင်း၏ အကြောင်းရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ ပေတည်း။

ရှာမှီးခြင်းသည်သာလျှင် ရခြင်း၏ အကြောင်းရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ ပေတည်း။

တဏှာသည်သာလျှင် ရှာမှီးခြင်း၏ အကြောင်းရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ ပေတည်း။

"အာနန္ဒာ ဖဿကြောင့် ဝေဒနာဖြစ်၏၊ ဖဿသည် အချင်းခပ်သိမ်း မရှိခဲ့သော်လည်း ဝေဒနာသည် ထင်ရှားနိုင်ပါဦးမည်လော"။

"မထင်ရှားနိုင်ပါ အရှင်ဘုရား"။

"အာနန္ဒာ ထိုကြောင့် ဖဿသည်သာလျှင် ဝေဒနာ၏ အကြောင်းရင်း ဟိတ်တည်း၊ အခြေခံ နိဒါန်းတည်း၊ ဖြစ်ကြောင်း သမုဒယတည်း၊ အထောက် အပံ့ ပစ္စည်းပေတည်း"။

နာမ်ရုပ်သည်သာလျှင် ဖဿ၏ အကြောင်းရင်း အခြေခံ နိဒါန်း ဖြစ်ကြောင်း အထောက် အပံ့ပေတည်း။

ဝိညာဉ်သည်သာလျှင် နာမ်ရုပ်၏ အကြောင်းရင်း အခြေခံ နိဒါန်းဖြစ်ကြောင်း အထောက် အပံ့ပေတည်း။

"အာနန္ဒာ သိခြင်း ဝိညာဉ်သည် နမ်ရုပ်၌ မှီရာကို မရငြားအံ့၊ နောင်အခါ၌ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းတို့နှင့်တကွ ဆင်းရဲအပေါင်း ထင်ရှားရှိနိုင်ပါဦးမည်လော"။

"မထင်ရှားနိုင်ပါ အရှင်ဘုရား"။

"အာနန္ဒာ ထိုကြောင့် နာမ်ရုပ်သည်သာလျှင် သိခြင်းဝိညာဉ်၏ အကြောင်းရင်း ဟိတ်တည်း၊ အခြေခံ နိဒါန်းတည်း၊ ဖြစ်ကြောင်း သမုဒယတည်း၊ အထောက် အပံ့ ပစ္စည်းပေတည်း"။

ဤအချင်းချင်း ကျေးဇူးပြုသော ဝိညာဉ်နှင့် နာမ်ရုပ်မျှဖြင့် သတ္တဝါသည် ဖြစ်မူလည်း ဖြစ်ပေါ်ရာ၏၊ အိုမူလည်း အိုရာ၏၊ သေမူလည်း သေရာ၏၊ အဖန်ဖန် စုတေမူလည်း စုတေရာ၏၊ အဖန်ဖန် ဖြစ်မူလည်း ဖြစ်ရာ၏၊ ဤဝိညာဉ်နှင့် နာမ်ရုပ်မျှဖြင့် အမည်ဖြစ်ခြင်း သဒ္ဒါဖြစ်ခြင်း ပညတ်ဖြစ်ခြင်းတို့၏ အကြောင်းဖြစ်၏၊ ဤဝိညာဉ်နှင့် နာမ်ရုပ်မျှဖြင့် ပညတ်၏ ကျက်စားရာသည် ဖြစ်၏၊ အချင်းချင်း

ကျေးဇူးပြုသော ဤဝိညာဉ် နာမ်ရုပ်မျှဖြင့် ဝဋ်
သုံးပါးသည် လည်း၏၊ ဤခန္ဓာငါးပါးသည်လည်း
ခေါ်ဝေါ်ပညတ်ခြင်းငှာ ထင်ရှား၏။

ထိုနောက် မြတ်စွာဘုရားသည် အနတ္တပညတ်ကို ညွှန်ပြလို၍ အနတ္တပညတ် လေးပါးကို ဟောကြားပြီးလျှင် အတ္တကိုရှုခြင်းနှင့် ဝိညာဏဋ္ဌိတိ ခုနစ်ပါးကို လွတ်မြောက်ခြင်း ဝိမောက္ခ ရှစ်ပါးအလို့ငှာ ဆက်လက် ဟောကြားတော်မူ၏—

(၁) ရူပဈာန်နှင့် ပြည့်စုံသောသူသည် ရုပ်တို့ကို ရှုနေ၏၊
(၂) မိမိ သဏ္ဍာန်၌ ရုပ်ကို အမှတ် မပြုမူ၍ ပြင်ပ၌ ရုပ်တို့ကို ရှု၏၊
(၃) တင့်တယ်၏ ဟူ၍သာလျှင် နှလုံးသွင်း၏၊
(၄) "အာကာသာနဉ္စာယတန ဈာန်သို့ ရောက်၍ နေ၏၊
(၅) ဝိညာဏဉ္စာယတန ဈာန်သို့ ရောက်၍နေ၏၊
(၆) အာကိဉ္စညာယတန ဈာန်သို့ ရောက်၍နေ၏၊
(၇) နေဝသညာနာသညာယတန ဈာန်သို့ ရောက်၍နေ၏၊
(၈) နိရောဓ သမာပတ်သို့ ရောက်၍နေ၏။

"အာနန္ဒာ အကြင်ကြောင့် ရဟန်းသည် ဤဝိမောက္ခရှစ်ပါးတို့ကို အနုလုံအားဖြင့်လည်း ဝင်စား၏၊ပဋိလုံအားဖြင့်လည်း ဝင်စား၏၊ အနုလုံ ပဋိလုံအားဖြင့်လည်း ဝင်စား၏၊ အလိုရှိတိုင်းသော အရပ်၌ အလိုရှိတိုင်းသော သမာပတ်ကို အလိုရှိတိုင်းလည်း ဝင်စား၏၊ သမာပတ်မှထလည်းထ၏၊ အာသဝတို့၏ ကုန်ခြင်းကြောင့် အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်

မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ ဤသူ့ကို နှစ်ပါးသော အဖို့အားဖြင့် လွတ်မြောက်သူဟု ဆိုအပ်၏"။

"အာနန္ဒာ ဤနှစ်ပါးသော အဖို့အားဖြင့် လွတ်မြောက်သော အရဟတ္တဖိုလ်ထက်သာ၍ လွန်ကဲသည်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော လွတ်မြောက်သော အခြားတရား မည်သည် မရှိတော့ပြီ"။

အရှင် အာနန္ဒာသည် မြတ်စွာဘုရား ဟောကြားသော တရားကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။

## ၃-မဟာပရိနိဗ္ဗာန သုတ်

### ပထမ အခန်း

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူ၏၊ ထိုအခါ ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို နှိမ်နင်းရန် သွားလို၍ ဝဿကာရ ပုဏ္ဏားအား မြတ်စွာဘုရားထံသို့ စေလွှတ်လိုက်၏၊ မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏားသည် ကောင်းမြတ်သော ယာဉ်တို့ကို ကစေ၍ ဂိဇ္ဈကုဋ်တောင်သို့ သွားပြီး မြတ်စွာဘုရားအား လျှောက်ကြား၏—

"အရှင် ဂေါတမ အဇာတသတ်မင်းသည် အရှင်၏ ခြေတော်တို့ကို ဦးခိုက်လိုက်ပါ၏၊ အနာရောဂါ ကင်းကြောင်း ကျန်းမာချမ်းသာစွာ နေရကြောင်းများ မေးလိုက်ပါ၏၊ အရှင်ဂေါတမ သူသည် ဝဇ္ဇီမင်းတို့ကို နှိမ်နင်းရန် သွားလိုပါ၏"။

"ပုဏ္ဏား အခါတပါး၌ ငါသည် ဝေသာလီပြည် သာရန္ဒဒမည်သော စေတီ၌ နေ၏၊ ထိုအခါ ငါသည် ဝဇ္ဇီမင်းတို့အား မဆုတ်ယုတ်ကြောင်း အပရိဟာနိယ တရား ခုနစ်ပါးတို့ကို ဟောကြားခဲ့၏-"

သင်တို့သည် မကြာ မကြာ စည်းဝေးလျက် အကြိမ်များစွာ စည်းဝေးနေသမျှ ကာလပတ်လုံး၊ အညီအညွတ် စည်းဝေးလျက် အညီအညွတ် အစည်းအဝေးမှထလျက် တိုင်းရေးကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်နေသမျှ ကာလပတ်လုံး၊မပညတ်သော အရာကို မပညတ်ဘဲ ပညတ်ပြီးသော အရာကို မပယ်ဖျက်ဘဲ ရှေးဟောင်း ကျင့်ထုံးတို့ကို လိုက်နာ၍ ကျင့်နေသမျှ ကာလပတ်လုံး၊ အသက်ကြီးသူတို့ကို အရိုအသေ အလေးအမြတ်ပြုလျက် သူတို့၏ စကားကိုလည်း နာယူသင့်သည် ထင်မှတ်၍ နေသမျှ ကာလပတ်လုံး၊ အမျိုးသမီးတို့ကို အတင်းဆွဲငင်၍ အနိုင်အဆက် မသိမ်းပိုက်ကြသမျှ ကာလပတ်လုံး၊ နတ်ကွန်းတို့ကို အရိုအသေ အလေးအမြတ် ပူဇော်လျက် အစဉ်အလာအတိုင်း ဗလိနတ်စာကို မဆုတ်ယုတ်စေသမျှ ကာလပတ်လုံး၊ မရောက်လာသေးသော ရဟန္တာတို့ ရောက်လာစေရန် ရောက်လာပြီးသော ရဟန္တာတို့လည်း ချမ်းသာစွာနေရန် တရားနှင့်အညီ စောင့်ရှောက်လျက် လုံခြုံမှုကို ပေးနေသမျှ ကာလပတ်လုံး သင်တို့အား ကြီးပွားရန်သာ ရှိ၏၊ ဆုတ်ယုတ်ရန်ကား မရှိ-။

"ပုဏ္ဏား ဤမဆုတ်ယုတ်ကြောင်း တရား ခုနစ်ပါးတို့သည် ဝဇ္ဇီမင်းတို့၌ တည်၍ ကောင်းစွာ ကျင့်သုံးနေသမျှ ကာလပတ်လုံး သူတို့အား ကြီးပွားရန်သာ ရှိ၏၊ ဆုတ်ယုတ်ရန် မရှိပေ"။

"အရှင် ဂေါတမ ဤတရား တပါးနှင့် ပြည့်စုံလျှင်ပင် ဝဇ္ဇီမင်းတို့အား ကြီးပွားရန်သာ ရှိပါ၏၊ ဆုတ်ယုတ်ရန်ကား မရှိပါ၊ ခုနစ်ပါးလုံးနှင့် ပြည့်စုံမှုကား အဘယ်မှာ ဆိုဖွယ်ရာ ရှိအံ့နည်း၊ အဇာတသတ် မင်းသည် ဖြားယောင်းမှုကိုဖြစ်စေ အချင်းချင်း စိတ်ဝမ်းကွဲမှုကိုဖြစ်စေ မပြုမူ၍ စစ်ထိုးကာမျှဖြင့် ဝဇ္ဇီတိုင်းကို သိမ်းပိုက်နိုင်ဖွယ် မရှိပါ၊ အရှင် ဂေါတမ ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသောကိစ္စ များသောပြုဖွယ် ရှိပါကုန်၏"။

"ပုဏ္ဏား ယခုအခါ သွားရန် အချိန်ကို သင် သိ၏"။

မြတ်စွာဘုရားသည် ဝဿကာရ ပုဏ္ဏား ပြန်သွား၍ မကြာမြင့်မီ အရှင်အာနန္ဒာအား- "အာနန္ဒာ သင် သွားချေ၊ ရာဇဂြိုဟ်ပြည်ကို အမှီပြု၍နေသော ရဟန်းတို့ ဓမ္မာရုံ၌ စုဝေးစေလော"-ဟု မိန့်ကြား၏၊ ရဟန်းတို့ စုဝေးကြသောအခါ မြတ်စွာဘုရားသည် ရဟန်း မဆုတ်ယုတ်ကြောင်း အပရိဟာနိယ တရားများကို ဟောကြားတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်၌ အလိုရှိသမျှ နေတော်မူ၏၊ ထိုနောက် အမ္ဗလဋ္ဌိကာ ဥယျာဉ်သို့ ကြွတော်မူ၍ မင်းကွန်း၌ အလိုရှိသမျှ နေပြီးလျှင် နာလန္ဒာမြို့သို့ ကြွတော်မူလျက် ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်၌ နေတော်မူ၏။

ထိုအခါ အရှင်သာရိပုတြာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍-"အရှင်ဘုရား သဗ္ဗညုတ ဉာဏ်အရာ၌ မြတ်စွာဘုရားထက်

သာလွန်၍ သိသော အခြားသော သမဏ ဗြာဟ္မဏသည် ရှိလည်း မရှိခဲ့၊ ရှိမည်လည်း မဟုတ်၊ ယခုလည်း မရှိဟု အကျွန်ုပ် ယုံကြည်လျက်ရှိပါသည်”-ဟု လျှောက်၏။

“သာရိပုတြာ သင်သည် ကြီးကျယ် ခံ့ညားလှသော စကားကို ဆိုဘိ၏၊ တည့်ကျလှ၍ ခြင်္သေ့ဟောက်သံကဲ့သို့ ရဲရင့်လှသော စကားကို ဆိုဘိ၏၊ အသို့နည်း- သင်သည် ရှေးအခါက ပွင့်တော်မူပြီးသော မြတ်စွာဘုရား, နောင် ပွင့်တော်မူကြမည့် မြတ်စွာဘုရားတို့၏ စိတ်ကို သင်၏စိတ်ဖြင့် ပိုင်းခြား၍ သိပါ၏လော”။

“အရှင်ဘုရား စိတ်ကို ပိုင်းခြား၍ သိနိုင်သော စေတောပရိယဉာဏ် အကျွန်ုပ်အား မရှိပါ၍ မသိနိုင်ပါသော်လည်း အကျွန်ုပ်သည် မျက်မှောက်သိဖြင့် ချင့်ချိန်နိုင်သော ဓမ္မာန္ဝယဉာဏ်ကို ရရှိထားပါသည်”။

မြတ်စွာဘုရားသည် နာလန္ဒာမြို့၌ အလိုရှိသမျှ နေတော်မူပြီးလျှင် ပါဋလိရွာသို့ ကြွတော်မူ၏၊ ထိုစဉ်အခါ မဂဓတိုင်း အမတ်ကြီးများဖြစ်သော သုနိဓနှင့် ဝဿကာရ ပုဏ္ဏားတို့သည် ဝဇ္ဇီမင်းတို့ကို တားဆီး ပိတ်ဆို့ရန် ပါဋလိရွာ၌ မြို့တည်ဆောက်လျက် ရှိကြ၏၊ သူတို့သည် မြတ်စွာဘုရားနှင့် တကွ ရဟန်း သံဃာတို့ကို ဆွမ်းဖြင့် လုပ်ကျွေးကြ၏၊ မြတ်စွာဘုရား ကြွသွားသောအခါ သူတို့သည်-“ယနေ့ မြတ်စွာဘုရား ထွက်သွားရာ တံခါးကို ဂေါတမ တံခါးဟု တွင်စေအံ့၊ ကူးရာ ဂင်္ဂါ မြစ်ဆိပ်ကိုလည်း ဂေါတမ ဆိပ်ဟု တွင်စေအံ့”-ဟု ကြံရွယ်လျက် နောက်မှ အစဉ်လိုက်ကြ၏။

ထိုအခါ ဂင်္ဂါမြစ်သည် ကမ်းမှနား၍ ကျီးသောက်နိုင်လောက်အောင် ကမ်းနှင့်အညီ ရေပြည့်လျက်ရှိ၏၊ ကမ်းတဖက်သို့ ကူးလိုသော လူအချို့တို့သည် လှေကို ရှာဖွေနေကြ၏၊ အချို့သူတို့သည်

သစ်ဖေါင်ကို ရှာဖွေကြလျက် အချို့သော သူတို့သည် ဝါးဖေါင်ကို ဖွဲ့နေကြ၏၊ မြတ်စွာဘုရားသည် ထိုအကြောင်းအရာကို ဆင်ခြင်၍ ဤသို့ ဥဒါန်း ကျူးရင့်တော်မူ၏—

နက်ကျယ်လှစွာသော တဏှာမြစ်ကို ကူးသော အရိယာတို့သည် တံတားကို ဆောက်လုပ်၍ ကိလေသာ ညွန်ပြောင်းတို့ကို ပယ်စွန့်လျက် ကူးသွားကုန်၏၊ လူအပေါင်းတို့ကား ဖေါင်ဖွဲ့ နေကြ၏၊ ကူးမြောက်ပြီးသော ပညာရှိ အရိယာတို့သည်ကား ဖေါင်ကို မဖွဲ့ကြတော့သည်သာတည်း။

## ဒုတိယ အခန်း

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်း သံဃာနှင့် အတူ ကောဋိရွာသို့ ကြွသွား၏၊ ထိုရွာ၌ နေတော်မူသောအခါ ရဟန်းတို့ကို- "ရဟန်းတို့ အရိယ သစ္စာ လေးပါးတို့ကို လျော်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ၊ ထိုအရိယသစ္စာကို ငါ သိမြင်ပေပြီ၊ ဘဝသစ်သို့ ဆွဲဆောင်တတ်သော ကြိုးနှင့် တူစွာ ဘဝတဏှာကို ကောင်းစွာ နှုတ်ပယ်ပြီးပေပြီ၊ ဆင်းရဲ၏ အမြစ် အကြွင်းမဲ့ ဖြတ်ပြီးလေပြီ၊ ယခုအခါ တဖန် ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ"-ဟု မိန့်တော်မူ၏။

ထိုနောက် မြတ်စွာဘုရားသည် များစွာသော ရဟန်း သံဃာနှင့် အတူ နာတိကရွာသို့ ကြွတော်မူ၍ အုတ်ကျောင်း၌ နေတော်မူ၏၊

ထိုအခါ အရှင် အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ နာတိကရွာ၌ စုတေသွားသောသူတို့၏-"လားရာ ဂတိကား အဘယ်နည်း၊ တမလွန် ဘဝကား အဘယ်နည်း-"ဟု မေးလျှောက်၏။

"အာနန္ဒာ ဤတရားသည် အံ့ဖွယ် မဟုတ်၊ လူသေတိုင်း တထာဂတထံသို့ ချဉ်းကပ်၍ ဤအကြောင်းအရာကို မေးမြန်းနေပါလျှင် ပင်ပန်းရုံမျှသာ ဖြစ်ရာ၏၊ထိုကြောင့် ကြေးမုံဒေသနာကို ဟောကြားပေအံ့"---

> ဤသာသနာ၌ အရိယာသာဝကသည် ဘုရား တရား သံဃာကို ဉာဏ်ဖြင့် တွေ့မြင်၍ တုန်လှုပ်ခြင်း မရှိသော ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ အရိယာတို့ မြတ်နိုးအပ်သော သီလတို့နှင့် ပြည့်စုံ၏၊ ဤကြေးမုံတရားနှင့် ပြည့်စုံသော အရိသာ သာဝကသည် ပြောကြားလိုမူ-"ငါ့အား ငရဲ တိရစ္ဆာန် ပြိတ္တာဘုံ၌ ဖြစ်ရန် မရှိပြီ၊ အပါယ် ဒုဂ္ဂတိသို့ ကျရောက်ရန် မရှိပြီ"—ဟု ကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏။

မြတ်စွာဘုရားသည် နာတိကရွာ၌ အလိုရှိသမျှ နေတော်မူပြီးလျှင် များစွာသော ရဟန်း သံဃာနှင့် အတူ ဝေသာလီ ပြည်သို့ ကြွတော်မူပြီး အမ္ဗပါလီ၏ အာရာမ် ဥယျာဉ်၌ နေတော်မူ၏၊ မြတ်စွာဘုရားသည် ထိုဥယျာဉ်၌ အလိုရှိသမျှ နေတော်မူပြီးလျှင် ဝေဠုဝ မည်သောရွာသို့ ကြွတော်မူ၏၊ ထိုအခါ ရဟန်းတို့ကို-"ရဟန်းတို့ လာကုန်လော့၊ သင်တို့သည် ဝေသာလီပြည်၏

ပတ်ဝန်းကျင်ဝယ် မိတ်ဆွေ အသိ အကျွမ်းများရှိရာ၌ ဝါကပ်ကုန်လော့၊ ငါမူကား ဤရွာ၌ပင် ဝါကပ်အံ့''-ဟု မိန့်တော်မူ၏။

ဝါကပ်ပြီးသောအခါ မြတ်စွာဘုရားအား ကြမ်းတမ်းသောရောဂါ ကပ်ရောက်လျက် သေလောက်အောင် ပြင်းထန်သော ဝေဒနာသည် ဖြစ်၏၊ ထိုအခါ မြတ်စွာဘုရားသည် သတိရှိလျက် ဆင်ခြင်လျက် ပင်ပန်းသည်ဟု မရေတွက်ဘဲ သည်းခံ၍နေ၏၊ 'ငါသည် အလုပ်အကျွေးတို့ကို မသိစေမူ၍ ရဟန်းသံဃာကို မပန်ကြားမူ၍ ပရိနိဗ္ဗာန်ပြုရန် မလျောက်ပတ်-' ဟု အကြံဖြစ်တော်မူ၏၊ ထိုရောဂါကို ဘာဝနာ ဝီရိယဖြင့် ဖယ်ခွာ၍ အသက်ရှည်စေနိုင်သော သမာပတ်ကို ဝင်စားလျက် နေတော်မူ၏၊ ထိုအခါ အရှင် အာနန္ဒာသည် မြတ်စွာဘုရားထံ ချဉ်းကပ် လျှောက်ကြား၏—

''အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ ချမ်းသာခြင်းကို တွေ့မြင်ရပါပြီ၊ ကျန်းမာတော်မူခြင်းကို တွေ့မြင်ရပါပြီ၊ သို့ရာတွင် မြတ်စွာဘုရား မကျန်းမာတော်မူခြင်းကြောင့် အကျွန်ုပ်ခန္ဓာကိုယ် လေးလံ တောင့်တင်း နေသကဲ့သို့ ဖြစ်ပါသည်၊ အကျွန်ုပ်အား အရပ်မျက်နှာတို့လည်း မကွဲပြားပါကုန်၊ တရားတို့လည်း မထင်ပါကုန်၊ သို့ရာတွင် မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်စပ်လျဉ်း၍ တစုံတရာ မြွက်ကြားတော် မမူသေးသမျှကာလပတ်လုံး ပရိနိဗ္ဗာန် စံဝင်တော်မူပါလိမ့်မည် မဟုတ်ဟု အနည်းငယ် သက်သာခွင့် ရရှိပါသည်''။

''အာနန္ဒာ ရဟန်းသံဃာသည် ငါ့အပေါ်၌ ဘယ်အရာကို မျှော်လင့်နေသေးသနည်း၊ ငါသည် အတွင်း အပြင် မထားဘဲ တရား

ဟောခဲ့ပြီ၊ တထာဂတမှာ တရားအရာ၌ ဆရာ့ လက်ဆုပ် ပြုထားသော လျှို့ဝှက်ချက် မရှိချေ၊ ရဟန်း သံဃာကို ငါသာလျှင် သိမ်းယူထားအံ၊ ငါ့သာလျှင် အားကိုးခြင်း ရှိနေစေ ဟုလိုလားခြင်း မရှိသော တထာဂတသည် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစုံတရာ အဘယ်မှာ မှာကြားတော့အံ့နည်း။

"အာနန္ဒာ ယခုအခါ ငါ အိုမင်းလှပါပြီ၊ အရွယ် လွန်နေပါပြီ၊ အဆုံးပိုင်းသို့ ရောက်နေပါပြီ၊ ငါ့အသက် ရှစ်ဆယ် ရှိနေပါပြီ၊ လှည်းအိုသည် ဖွဲ့စည်း တုပ်နှောင်ခြင်းဖြင့် တည်တံ့သကဲ့သို့ တထာဂတ၏ ခန္ဓာကိုယ်သည် ဖလသမာပတ်ဖြင့် တည်ဘန့်လျက် ရှိ၏။

"အာနန္ဒာ တထာဂတသည် အလုံးစုံသော အာရုံ နိမိတ်တို့ကို နှလုံးမသွင်းခြင်းကြောင့်ရင်း, အချို့သော ဝေဒနာတို့၏ ချုပ်ခြင်းကြောင့်ရင်း, သခ်ါရ နိမိတ်ကို အာရုံ မပြုသော သမာဓိသို့ ရောက်နေ၍ ခန္ဓာကိုယ်သည် သာလွန်၍ ချမ်းသာပေ၏၊ ထိုကြောင့် သင်တို့သည် မိမိကိုယ်ကိုသာ မှီခိုရာဖြစ်၍ မိမိမှတပါး ကိုးကွယ်ရာ မရှိဘဲ မိမိသည်သာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေကုန်လော။

"အာနန္ဒာ ဤသာသနာ၌ ရဟန်းသည် ပြင်းစွာ အားထုတ်ဆင်ခြင်လျက် သတိရှိလျက် ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု, ဝေဒနာတို့၌ ဝေဒနာဟု, စိတ်၌ စိတ်ဟု, သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန် ရှုလျက် လောက၌ လိုချင် တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏၊ ဤသို့လျှင် ရဟန်းသည် ယခုဖြစ်စေ ငါလွန်သော အခါဖြစ်စေ မိမိသာလျှင် တရားသာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေလိမ့်မည်၊ အလုံးစုံသော ထိုရဟန်း

တို့သည် အကျင့် သိက္ခာ လိုလားသော ရဟန်းဟူသမျှတို့တွင် အမြတ်ဆုံး အဖြစ်သို့ ရောက်လိမ့်မည်''။

## တတိယ အခန်း

ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီပြည်သို့ ဆွမ်းခံဝင်၏။ ဆွမ်းစားပြီးလျှင် စာပါလ စေတီသို့ ချဉ်းကပ်၍- ''အာနန္ဒာ ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဥဒေန, ဂေါတမ, သတ္တမ္ဗ, ဗဟုပုတ္တ, သာရန္ဒဒ, စာပါလ စေတီတို့သည် မွေ့လျော်ဖွယ် ရှိပေကုန်၏၊ အာနန္ဒာ သင်သွားလော့၊ ယခုအခါ သွားရန် အချိန်ကို သင်သိ၏-''ဟု မိန့်ကြားလိုက်၏၊ အရှင် အာနန္ဒာသည် သစ်ပင်တပင်အောက်သို့ သွားနေလေသည်။

ထိုနောက် မြတ်စွာဘုရားသည် စာပါလ စေတီ၌ပင် နေစဉ် သတိရှိလျက် ဆင်ခြင်လျက် အသက်ရှည်ရန် ပြုပြင်မှု အာယုသင်္ခါရကို စွန့်လွှတ်တော်မူ၏၊ ထိုအခါ ကြက်သီး မွေးညှင်းထလျက် ကြောက်မက်ဖွယ်ရာ မြေလျှင်လှုပ်၏၊ တော်လည်းသံတို့လည်း တခြိမ့်ခြိမ့် မြည်ဟည်းကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤသို့ ဥဒါန်းကျူးရင့်တော်မူလေသည်-

''တထာဂတသည် အတုမဲ့ နိဗ္ဗာန်နှင့် အဖန်ဖန် ဖြစ်မှုဘဝကို နှိုင်းချိန်လျက် ဘဝဖြစ်ရန် ပြုပြင်တတ်သော ကံကို စွန့်ပယ်ခဲ့လေပြီ၊ အဇ္ဈတ္တ တရား၌ မွေ့လျော်ကာ ကောင်းစွာတည်ကြည်သော စိတ်ရှိသည် ဖြစ်၍ ချပ်ဝတ်နှင့်တူသော မိမိသန္တာန်၌ရှိ ကိလေသာ ကွန်ရက်ကို ဖျက်ဆီးခဲ့ပြီ''။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ "အရှင်ဘုရား ဤမြေငလျင် လှုပ်ခြင်းသည် ကြီးကျယ်ပါပေစွ၊ တော်လည်းသံတို့လည်း တခြိမ့်ခြိမ့် မြည်ဟည်း သွားပါသည်၊ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း" ဟု မေးလျှောက်၏။

"အာနန္ဒာ မြေငလျင် လှုပ်ခြင်း၏ အကြောင်း အထောက်အပံ့တို့ကား ဤရှစ်ပါးတို့တည်း"-

၁- ဤ မြေကြီးသည် ရေ၌တည်၏၊ ရေသည် လေ၌တည်၏၊ လေသည် ကောင်းကင်၌ တည်၏၊ ပြင်းထန်စွာ လေတိုက်သော အခါ ရေကို လှုပ်စေ၏၊ ရေလှုပ်သော် မြေကို လှုပ်စေ၏။

၂- တန်ခိုးနှင့် ပြည့်စုံသော အဘိညာဉ်စိတ်၌ လေ့လာပြီးသော သမဏ ဗြာဟ္မဏသည်၎င်း တန်ခိုး အာနုဘော်ရှိသော နတ်သည်၎င်း အားနည်းသော မြေကသိုဏ်း စျာန် သညာနှင့် အားကြီးသော ရေကသိုဏ်းစျာန် သညာတို့ကို ပွားများပြီးလျှင် ဤမြေကြီးကို လှုပ်စေ၏။

၃- ဘုရားလောင်းသည် တုသိတာ နတ်ပြည်မှ စုတေ၍ သတိရှိလျက် ဆင်ခြင်လျက် အမိဝမ်းတိုက်သို့ သက်ရောက်သောအခါ ဤမြေကြီး လှုပ်၏။

၄- ဘုရားလောင်းသည် သတိရှိလျက် ဆင်ခြင်လျက် အမိဝမ်း တိုက်မှ ဖွားမြင်သောအခါ ဤမြေကြီးသည် လှုပ်၏။

၅- မြတ်စွာဘုရားသည် အမြတ်ဆုံး သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိတော်မူသောအခါ ဤမြေကြီးသည် လှုပ်၏။

၆- မြတ်စွာဘုရားသည် အမြတ်ဆုံး ဓမ္မစကြာတရားကို ဟောတော်မူသောအခါ ဤမြေကြီးသည် လှုပ်၏။

၇- မြတ်စွာဘုရားသည် သတိရှိလျက် ဆင်ခြင်လျက် အသက်ရှည်ရန် ပြုပြင်မှု အာယုသင်္ခါရကို စွန့်လွှတ်တော်မူသောအခါ ဤမြေကြီးသည် လှုပ်၏။

၈- မြတ်စွာဘုရားသည် ခန္ဓာနာမ်ရုပ် အကြွင်းမရှိသော ငြိမ်းခြင်း အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ ဤမြေသည် လှုပ်၏။

"အာနန္ဒာ တထာဂတသည် ယနေ့ စာပါလစေတီ၌နေစဉ် သတိရှိလျက် ဆင်ခြင်လျက် အသက်ရှည်ရန် ပြုပြင်မှု အာယုသင်္ခါရကို ယခုပင် စွန့်လွှတ်လိုက်ပြီ"။

"အရှင်ဘုရား လူနတ်တို့၏ အကျိုးစီးပွားနှင့် ချမ်းသာအလို့ငှာ လောကကို စောင့်ရှောက်ရန် မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့"။

"အာနန္ဒာ တထာဂတကို တောင်းပန်ရန် ယခု အခါ မဟုတ်တော့ပြီ"။

ထိုနောက် မြတ်စွာဘုရားသည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီးသို့ ချဉ်းကပ်တော်မူပြီးလျှင် ရဟန်းတို့ကို ခေါ်၍- "ရဟန်းတို့ ပြုပြင်ပေးရသော သင်္ခါရတရားတို့သည် ပျက်စီးခြင်း သဘောရှိကုန်၏၊ မမေ့သော သတိတရားဖြင့် ကိစ္စပြီးစီးအောင် အားထုတ်ကြကုန်လော့၊ တထာဂတ၏ ပရိနိဗ္ဗာန် ပြုခြင်းသည် မကြာမီပင် ဖြစ်လိမ့်မည်၊ ယနေ့မှ သုံးလ လွန်သော အခါ တထာဂတ ပရိဗ္ဗာန် ပြုချေတော့မည်"-ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရားသည် တပါးသောစကားကိုလည်း မိန့်ပြန်၏-

"ရဟန်းတို့ ငါ၏အရွယ်သည် ရင့်ရော်လှလေပြီ၊ ငါ၏ အသက်ကြွင်းသည် နည်းလှလေပြီ၊ သင်တို့ကို စွန့်၍ သွားရတော့အံ့၊

ငါသည် မိမိ၏ ကိုးကွယ်ရာကို ပြုပြီးပြီ၊ ရဟန်းတို့ မမေ့မလျော့ဘဲ သတိရှိလျက် စင်ကြယ်သော သီလနှင့် ပြည့်စုံ စေကုန်လော့၊ ကောင်းစွာတည်ကြည်၍ ကောင်းစွာ ကြံစည်ခြင်းရှိလျက် မိမိ၏ စိတ်ကို စောင့်ရှောက်ကြကုန်လော့၊ ရဟန်းတို့ ဤတရား ဝိနည်း သာသနာ၌ မမေ့မလျော့ နေသောသူသည် အဖန်ဖန်ဖြစ်လျက် ပြောင်းရွှေ့ကျင်လည်ရာ ဘဝသံသရာကို စွန့်ပယ်၍ ဒုက္ခ၏ အဆုံးကို ပြုနိုင်ပေလိမ့်မည်"။

## စတုတ္ထ အခန်း

ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ဆွမ်းစားပြီးနောက် ဆွမ်းစားရာမှ ဖဲခွာခဲ့ပြီးသော် ဝေသာလီ ပြည်သို့ ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်ပါ ပြန်လှည့်ကြည့်လျက်– "အာနန္ဒာ ဤယခု ကြည့်ခြင်းသည် ဝေသာလီကို တထာဂတ၏ နောတ်ဆုံးကြည့်ခြင်းပေတည်း"-ဟု မိန့်တော်မူ၏၊ထိုနောက် မြတ်စွာ ဘုရားသည် များစွာသော ရဟန်း သံဃာနှင့် အတူ ဘဏ္ဍုရွာသို့ ရောက်တော်မူ၍ ထိုရွာ၌ အလိုရှိသမျှ နေတော်မူပြီးလျှင် ဘောဂ မြို့သို့ ကြွတော်မူပြီး အာနန္ဒာစေတီ၌ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည်– "ရဟန်းတို့ မဟာပဒေသ လေးပါးကို ဟောကြားအံ့"-ဟု မိန့်တော်မူ၏။

တစုံတယောက်သော ရဟန်းသည် ဤတရားကို ဗုဒ္ဓ၏ မျက်မှောက်မှ သို့မဟုတ် သံဃာ၏ မျက်မှောက်မှ သို့မဟုတ် များစွာသော မထေရ်တို့၏ မျက်မှောက်မှ သို့မဟုတ် တဦးသော မထေရ်၏

မြက်မှောက်မှ ကြားနာ ခံယူခဲ့ပါသည် ဆိုသော်လည်း လက် မခံအပ်သေး၊ ပယ်လည်း မပယ်အပ်သေး၊ သုတ်၌ သွင်းကြည့်အပ်ကုန်၏၊ ဝိနည်း၌ နှိုးနှောကြည့်အပ်ကုန်၏၊ သုတ် ဝိနည်း၌ မသက်ဝင် မနှိုးနှောလျှင် ဤရဟန်း၏ မှားယွင်းစွာ သင်ယူထားသော စကားဖြစ်ချေသည်ဟု ဆုံးဖြတ်ကြရမည်၊ သုတ် ဝိနည်း၌ သက်ဝင် နှိုးနှောမှသာ ဤစကားသည် ဤရဟန်း၏ ကောင်းစွာ သင်ယူထားသော မြတ်စွာဘုရား၏ စကားဖြစ်ပေသည်ဟု ဆုံးဖြတ်ကြရမည်။

"ရဟန်းတို့ ဤမဟာပဒေသ လေးပါးတို့ကို မှတ်ထားကုန်လော"။

မြတ်စွာဘုရားသည် ဘောဂမြို့၌ အလိုရှိသမျှ နေပြီးလျှင် များစွာသော ရဟန်း သံဃာနှင့်အတူ ပါဝါပြည်ထို ကြွတော်မူ၏၊ ထိုသို့ ရောက်သောအခါ ရွှေပန်းထိမ်သည့်သား စုန္ဒ၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူ၏၊ စုန္ဒသည် မြတ်စွာဘုရား မိမိဥယျာဉ်၌ နေတော်မူကြောင်းကြားလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်၍-"နက်ဖြန် ရဟန်း သံဃာနှင့်အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ"-ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံပြီးလျှင် နောက်တနေ့ စုန္ဒအိမ်၌ ဝက်ပျို့သားဖြင့် ဆွမ်းစားတော်မူ၏။

စုန္ဒ၏ ဆွမ်းကို ဘုဉ်းပေးပြီးသောအခါ မြတ်စွာဘုရားအား ကြမ်းတမ်းသော အနာရောဂါ ကပ်ရောက်လျက် သေလောက်

အောင် ပြင်းထန်သော ဝမ်းသွေးသွန် ရောဂါ ဝေဒနာတို့ ဖြစ်ပေါ် လာကုန်၏၊ မြတ်စွာဘုရားသည် ထိုဝေဒနာတို့ကို သတိရှိလျက် ဆင်ခြင်လျက်–"အာနန္ဒာ ကုသိနာရုံ ပြည်သို့ ချဉ်းကပ်ကုန်အံ့"-ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် လမ်းခရီးမှ ဖဲ၍ တခုသော သစ်ပင်ရင်းသို့ ချဉ်းကပ်ပြီးလျှင်–"အာနန္ဒာ ငါ၏ ဒုကုဋ် သင်္ကန်း ကြီးကို လေးထပ် ခေါက်၍ ခင်းပါလော့၊ ငါ ပင်ပန်းလှ၏၊ ထိုင်ဦးအံ့၊ သောက်ရေကို ဆောင်ချေလော့"-ဟု စေခိုင်းလိုက်၏၊ အရှင် အာနန္ဒာသည် သပိတ်ကိုယူပြီး ရေချောင်းသို့ သွား၏၊ ထိုချောင်းမှာ ရေအနည်းငယ်သာရှိပြီး မကြာမီက လှည်းအစီး ငါးရာခန့် ဖြတ်ကူး သွားသောကြောင့် ချောက်ချား နောက်ကျုလျက် စီးနေလေသည်။

ထိုစဉ်အခါ ကာလာမ၏ အနွယ် အာဠာရ၏ တပည့်ဖြစ်သော မလ္လမင်းသား ပုက္ကုသသည် ကုသိနာရုံမှ ပါဝါပြည်သို့ ခရီးသွား လျက်ရှိ၏၊ သူသည် တခုသော သစ်ပင်ရင်း၌ ထိုင်နေသော မြတ်စွာဘုရားကိုမြင်၍ ချဉ်းကပ်ပြီးလျှင်–"အရှင်ဘုရား ရွှေအဆင်း ရှိသော ဤပွဲထိုင် အဝတ်ချောအစုံကို အကျွန်ုပ်အား သနားသဖြင့် လက်ခံတော်မူပါ"–ဟု လျှောက်၍ ဆက်ကပ်လေ၏။

မလ္လမင်းသား ပုက္ကုသ ဖဲသွား၍ မကြာမြင့်မီ အရှင် အာနန္ဒာ သည် ရွှေအဆင်းရှိသော အဝတ်ချော အစုံကို မြတ်စွာဘုရား၏ ကိုယ်တော်၌ ဆက်ကပ် တင်လှမ်းပေး၏၊ မြတ်စွာဘုရား၏ ပြိုးပြိုး ပြက် တောက်ပသော ကိုယ်၌ တင်လှမ်းသောအခါ အဝတ်စုံသည် အရောင်အဝါ ကင်းသကဲ့သို့ ဖြစ်သွား၍ အရှင်အာနန္ဒာက– "မြတ်စွာဘုရား၏ အရေအဆင်းသည် အလွန်ပင် စင်ကြယ်ပါ

ပေ၏၊ ပြိုးပြိုးပြက်ပြက် တောက်ပနေ၏၊ ရွှေရောင် အဝတ်ချော အစုံသည်ပင် အရောင်အဝါ ကင်းသကဲ့သို့ ဖြစ်နေပါသည်"-ဟု အံ့ဩ၏။

"အာနန္ဒာ တထာဂတသည် သမ္မာသမ္ဗောဓိဉာဏ်ကို ရသော ညဉ့်နှင့် ပရိနိဗ္ဗာန်စံဝင်သော ညဉ့်အခါ နှစ်ပါးမှာ ကိုယ်ခန္ဓာ သည် အလွန် စင်ကြယ်၏၊ အရေအဆင်းသည် အလွန် တောက်ပ၏၊ အာနန္ဒာ ယနေ့ညဉ့် ကုသိနာရုံပြည် မလ္လမင်းတို့၏ အင်ကြင်း ဉယျာဉ်ဝယ် တထာဂတ ပရိနိဗ္ဗာန် ဝင်စံခြင်း ဖြစ်လိမ့်မည်"။

ထိုနောက် မြတ်စွာဘုရားသည် များစွာသော ရဟန်း သံဃာ များနှင့် အတူ ကကုဓာမြစ်သို့ ချဉ်းကပ်တော်မူ၏၊ ထိုမြစ်၌ ရေ ချိုးတော် မူပြီးနောက် သရက်တောသို့ ချဉ်းကပ်တော်မူ၍- "စုန္ဒ ငါ၏ ဒုကုဋ် သင်္ကန်းကြီးကို လေးထပ် ခေါက်၍ ခင်းပေးလော့၊ စုန္ဒ ငါ ပင်ပန်းလှ၏၊ လျောင်းစက်အံ့"-ဟု မိန့်တော်မူ၏၊ ထိုနောက် အရှင် အာနန္ဒာအား ခေါ်ပြီးလျှင် အခြား ဆွမ်းအလှူတို့ထက် အကျိုး အာနိသင် ကြီးမားသော ဆွမ်းအလှူ နှစ်မျိုးကို မိန့်ကြား တော်မူ၏၊ ထိုဆွမ်း အလှူ နှစ်မျိုးမှာ တထာဂတသည် သမ္မာ သမ္ဗောဓိဉာဏ်ကို ရသောအခါ ရှေးဦးစွာ လှူရသော ဆွမ်းနှင့် ပရိနိဗ္ဗာန် ဝင်စံသောအခါ နောက်ဆုံး လှူရသော ဆွမ်းဖြစ်၏၊ အချင်းချင်း အကျိုးဝိပါက် တူမျှကုန်သော ဤဆွမ်း နှစ်မျိုးကို ခွဲခြား ပြပြီးနောက် ဤသို့ ဥဒါန်း ကျူးရင့်၏—

ပေးလှူသူအား ကောင်းမှုသာ တိုးပွား၏၊ စောင့် စည်းသူအား ရန် မပွားနိုင်၊ ဉာဏ်ရှိသူသည် မကောင်း မှုကို ပယ်စွန့်၏၊ ထိုသူသည် ရာဂ ဒေါသ မောဟတို့ ကုန်၍ ငြိမ်းအေးလေတော့သတည်း။

## ပဥ္စမ အခန်း

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်း သံဃာနှင့် အတူ ဟိရညဝတီမြစ်၏ ထိုမှာဘက်ကမ်း ကုသိနာရုံပြည် မြို့ဝင် ကာနီး လမ်းကွေ့ မလ္လမင်းတို့၏ အင်ကြင်း ဥယျာဉ်သို့ ချဉ်းကပ် ပြီးလျှင်– 'အာနန္ဒာ အင်ကြင်းပင် အစုံတို့၏ အကြား၌ မြောက် အရပ်သို့ ဦးခေါင်းပြုကာ ညောင်စောင်းကို ခင်းလော့၊ ငါပင် ပန်း၏၊ လျောင်းစက်အံ့''-ဟု မိန့်တော်မူ၏။

ထိုအခါ အင်ကြင်းပင် အစုံတို့သည် အခါမဲ့ ပွင့်သော ပန်းတို့ဖြင့် ပင်လုံးကျွတ် ပွင့်လျက်ရှိကုန်၏၊ ထိုအပင်တို့သည် မြတ်စွာဘုရား ကို ပူဇော်သည့် အနေဖြင့် ပန်းတို့ကို မြတ်စွာဘုရား၏ ကိုယ်တော် ထက်သို့ ကြဲဖြန့်ကုန်၏၊ လွှမ်းလျက် မပြတ် မစဲ ကြဲဖြန့်ကုန်၏၊ မန္ဒာဝရ မည်သော ထင်ရှားပန်းတို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏၊ စန္ဒကူး နံ့သာမှုန့်တို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏၊ တူရိယာ တေးဂီတတို့လည်း ကောင်းကင်၌ ဖြစ် ပေါ်လျက် ရှိကုန်၏။

"အာနန္ဒာ ဤမျှလောက်ဖြင့် တထာဂတကို အရိုအသေ အလေး အမြတ် ပူဇော် ပသသည် မမည်သေး၊ တရားနှင့် လျော်သော အကျင့်ကို ကျင့်သူသည်သာ အမြတ်ဆုံး ပူဇော်ခြင်းဖြင့် တထာဂတ ကို ရိုသေ လေးမြတ်စွာ ပူဇော် ပသသည် မည်၏၊ ထိုကြောင့် ဤသာသနာ၌ တရားနှင့် လျော်သော အကျင့်ကို ကျင့်အံ့ဟု နှလုံး သွင်းလျက် သင်တို့ ကျင့်ကြံအားထုတ်ရမည်"။

ထိုအခါ အရှင် ဥပဝါဏသည် မြတ်စွာဘုရားကို ယပ်ခပ် လျက် ရှေ့၌ ရပ်လျက်ရှိရာ မြတ်စွာဘုရားသည်–" ရဟန်း ဖဲသွား

လော့၊ ငါ့ရှေ့၌ ရပ်မနေလင့်”- ဟု ဖဲစေတော်မူ၏၊ ထိုအခါ အရှင် အာနန္ဒာက “အရှင်ဘုရား ဤအရှင် ဥပဝါဏသည် ကာလ ရှည်မြင့်စွာ မြတ်စွာဘုရား ထံပါး၌ နေ၍ အလုပ် အကျွေး ဖြစ်ခဲ့ပါ၏၊ သို့ဖြစ်ပါလျက် သူ့ကို ဖဲစေတော်မူသည်မှာ အဘယ် ကြောင့်ပါနည်း”- ဟုမေးလျှောက်၏။

“အာနန္ဒာ တသောင်းသော လောကဓာတ်၌ရှိသော နတ် အပေါင်းတို့သည် တထာဂတကို ဖူးမြော်ရန် များသောအားဖြင့် စည်းဝေးလာကြကုန်၏၊ သူတို့က ‘ဤရဟန်းသည် တထာဂတ၏ ရှေ့တော်၌ ကွယ်လျက်နေဘိ၏’ ဟု ကဲ့ရဲ့နေကုန်၏”။

“အရှင်ဘုရား မြတ်စွာဘုရား ကွယ်လွန်သွားသော နောင်အခါ၌ ကြည်ညို မြတ်နိုးဖွယ်ဖြစ်သော ရဟန်းတို့အား ဖူးမြော်ဆည်းကပ်ခွင့် ရကြတော့မည် မဟုတ်ပါ”။

“အာနန္ဒာ သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော် ထိုက်ကုန်သော သံဝေဂ ရစေတတ်ကုန်သော ဌာနတို့သည် လေပါး ရှိကုန်၏”-

> မြတ်စွာဘုရား ဖွားတော်မူရာ လုမ္ဗိနီဌာန, မြတ်စွာ ဘုရား သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူသော မဟာ ဗောဓိဌာန, မြတ်စွာဘုရား အမြတ်ဆုံး တရား ဓမ္မစက်ကို ဟောကြား လည်စေတော်မူသော မိဂဒါဝုန်ဌာန, မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော် မူသော ကုသိနာရုံဌာန။

“အရှင်ဘုရား အကျွန်ုပ်တို့သည် မာတုဂါမနှင့် စပ်လျဉ်း၍ အဘယ်သို့ ကျင့်သုံးရပါမည်နည်း”။

"အာနန္ဒာ မတွေ့ မြင်အောင် ကျင့်သုံးရမည်"။

"အရှင်ဘုရား စကားပြောရသော် အဘယ်သို့ ကျင့်သုံးရမည်နည်း"။

"အာနန္ဒာ သတိထား၍ ပြောဆိုရမည်"။

"အရှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရား အလောင်းတော်နှင့် စပ်လျဉ်း၍ အဘယ်သို့ ဆောင်ရွက်ရပါမည်နည်း"။

"အာနန္ဒာ တထာဂတ၏ အလောင်းတော်ကို သင်တို့ ကြောင့်ကြ မစိုက်ကြကုန်လင့်၊ အာနန္ဒာ ငါတိုက်တွန်း၏၊ မြတ်သော အကျင့်၌သာ အားထုတ်ကြကုန်လော့၊ မြတ်သော အကျင့်၌ မမေ့ မလျော့ ပြင်းစွာ အားထုတ်လျက် စိတ်ကို စေလွှတ်၍ နေကြကုန်လော့၊ တထာဂတကို အလွန်ကြည်ညိုကုန်သော မင်းမျိုး ပုဏ္ဏားမျိုး သူဌေး သူကြွယ် ပညာရှိတို့သည် တထာဂတ၏ အလောင်းတော်အား ပူဇော်မှု ပြုကြလိမ့်မည်"။

"အရှင်ဘုရား မြတ်စွာဘုရား၏ အလောင်းတော်၌ အဘယ်သို့ ဆောင်ရွက်အပ်ပါသနည်း"။

"အာနန္ဒာ စကြဝတေးမင်း၏ အလောင်း၌ ဆောင်ရွက်သကဲ့သို့ တထာဂတ၏ အလောင်းတော်၌ ဆောင်ရွက်အပ်ပေ၏"။

ထိုနောက် မြတ်စွာဘုရားသည် စေတီထိုက်သော ပုဂ္ဂိုလ်လေးပါးကို ညွှန်ကြားတော်မူ၏၊ ယင်းတို့မှာ သမ္မာသမ္ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, မြတ်စွာဘုရား၏ သာဝကနှင့် စကြဝတေး မင်းတို့ ဖြစ်ကုန်၏၊ ထိုနောက် အရှင်အာနန္ဒာသည် ကျောင်းတွင်းသို့ ဝင်၍ တံခါးတိုင်ကိုမှီပြီးလျှင် ငိုကြွေးနေ၏၊ ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်၍ မိန့်တော်မူ၏—

"အာနန္ဒာ မစိုးရိမ်လင့်၊ မပူဆွေးလင့်၊ မငိုကြွေးလင့်၊ ချစ်ခင်မြတ်နိုးသူတို့နှင့် ကွဲကွာခြင်းများကို ရှေးကပင် ငါဟောကြားခဲ့ပြီမဟုတ်လော၊ အကြင်တရားသည် အသစ်ဖြစ်ပေါ်လာခြင်း ထင်ရှားဖြစ်ပေါ်လာခြင်း ပြုပြင်ပေးရခြင်း သဘောရှိ၍ ပျက်စီးခြင်းသဘောရှိ၏၊ ထိုတရားကို တထာဂတပင် သော်လည်း မပျက်စီးပါစေလင့်ဟု လိုလားတောင့်တတိုင်း အဘယ်မှာ ရပါအံ့နည်း၊ ရနိုင်ရန်အကြောင်းလည်း မရှိချေ၊ သင်သွားပြီး မလ္လမင်းတို့အား တထာဂတပရိနိဗ္ဗာန်ပြုမည့်အကြောင်းကို ပြောကြားချေလော့"။

ထိုအခါ သုဘဒ္ဒ ပရိဗိုဇ်သည် အရှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီး မြတ်စွာဘုရားကို ဖူးမြော်ခွင့် ပေးပါရန် တောင်းပန်၏၊ ထိုအခါ အရှင်အာနန္ဒာက "ငါ့ရှင် သုဘဒ္ဒ ခွင့်မပြုနိုင်ပါ၊ မြတ်စွာဘုရား ပင်ပန်းတော်မူလျက်ရှိ၏၊ မြတ်စွာဘုရားကို မညှဉ်းဆဲပါလင့်"-ဟု ပြန်ကြား၏။

"အရှင်အာနန္ဒာ အကျွန်ုပ်အား ယုံမှားခြင်းတခု ဖြစ်ပေါ်လျက်ရှိပါ၏၊ ရဟန်းဂေါတမသည် ဤယုံမှားခြင်းကို ပယ်ဖျောက်နိုင်အောင် တရားဟောခြင်းငှာ စွမ်းနိုင်သည်ဟု အကျွန်ုပ် ယုံကြည်ပါသည်၊ အကျွန်ုပ်သည် ရဟန်းဂေါတမကို ဖူးမြော်ခွင့် ရလိုပါ၏"-ဟု ထပ်၍ တောင်းပန်၏၊ အရှင်အာနန္ဒာလည်း ထပ်၍ငြင်းပယ်နေ၏၊ ထိုစကားတို့ကို မြတ်စွာဘုရား ကြားတော်မူ၍ အရှင်အာနန္ဒာကိုခေါ်၍ ပြော၏-

"အာနန္ဒာ တားမြစ်ရန် မသင့်၊ သုဘဒ္ဒကို မတားမြစ်ပါလင့်၊ သူမေးသည်ကို ငါဖြေလိုက်လျှင် ထိုအဖြေကို လျင်မြန်စွာ သူသိသွားပါလိမ့်မည်"။

ထိုအခါ အရှင် အာနန္ဒာသည်-"ငါ့ရှင် သုဘဒ္ဒ မြတ်စွာဘုရားသည် သင့်အား ခွင့်ပြုတော်မူလေပြီ၊ သွားပါတော့"-ဟုဆို၏။

ထိုအခါ သုဘဒ္ဒသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍-"အရှင် ဂေါတမ ပူရဏ ကဿပ, မက္ခလိ ဂေါသာလ, အဇိတကေသကမ္ဗလ, ပကုဓ ကစ္စာယန, သဥ္စယ, နိဂဏ္ဌတို့သည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံကုန်၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံကုန်၏၊ ဂိုဏ်းဆရာလည်း ဖြစ်ကုန်၏၊ ထင်ရှား ကျော်စောကုန်၏၊ အယူဝါဒ တည်ထွင်သူတို့ ဖြစ်ကုန်၏၊ သူတော်ကောင်းဟု လူအများက သမုတ်ထားသူများ ဖြစ်ကုန်၏၊ သူတို့သည် မိမိတို့၏ ဝန်ခံချက်အတိုင်း သိပါကုန်သလော၊ မသိပါကုန်သလော၊ အချို့ကိုသာသိ၍ အချို့ကို မသိကုန်သလော"-ဟု လျှောက်၏။

"သုဘဒ္ဒ မမေးလင့်၊ ထိုအမေးကို ထားလိုက်ဦးလော့၊ သင့်အား ငါတရားဟောအံ့၊ ထိုတရားကို နာလော့"။

"အရှင်ဘုရား ကောင်းပါပြီ"။

"သုဘဒ္ဒ အရိယ မဂ္ဂင် ရှစ်ပါးရှိသော ဓမ္မ ဝိနယ သာသနာ၌ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာသည်ရှိ၏၊ တပါးသော အယူဝါဒတို့သည် ရဟန်း မြတ်တို့မှ ဆိတ်ကုန်၏၊ ဤရဟန်းမြတ်တို့ မှန်စွာနေကုန်သော လောကသည် ရဟန္တာတို့မှ မဆိတ်မသုဉ်းသည်သာ ဖြစ်ရာ၏"။

ထိုအခါ သုဘဒ္ဒ ပရိဗိုဇ်သည် မြတ်စွာဘုရားအား-"အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ထံ၌ ရှင်ရဟန်းအဖြစ်ကို ရလိုပါ၏"-ဟု တောင်းပန်လေသည်။

အရှင် သုဘဒ္ဒသည် ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်၍ မြတ်စွာဘုရား၏ နောက်ဆုံး မျက်မှောက် တပည့်ဖြစ်လေ၏။

## ဆဌ အခန်း

ထိုအခါ မြတ်စွာဘုရားသည် အရှင် အာနန္ဒာကို ဤသို့ မိန့်တော်မူ၏—

"အာနန္ဒာတရားဟော ဆရာမှ ကင်းကွာခဲ့လေပြီ၊ ငါတို့ဆရာ မရှိတော့ပြီဟု သင်တို့ မှတ်ထင်ခြင်း ဖြစ်သော်လည်း ဖြစ်ရာ၏၊ ဤသို့ မမှတ်အံ့၊ ငါဟောကြား ပညတ်ထားသော ဓမ္မ ဝိနယသည် ငါလွန်သောအခါ သင်တို့၏ ဆရာပင် ဖြစ်၏"။

ထိုနောက် မြတ်စွာဘုရားသည် ရဟန်းတို့အား မိန့်ကြားတော်မူ၏—

"ရဟန်းတို့ ဘုရား၌ဖြစ်စေ, တရား၌ဖြစ်စေ, သံဃာ၌ဖြစ်စေ, မဂ်၌ဖြစ်စေ, အကျင့်၌ဖြစ်စေ ယုံမှား တွေးတောခြင်း ဖြစ်လျက် ရှိလျှင် ငါ့အား မေးကြကုန်လော့၊ နောင်မှ နောင်တ တဖန် ပူပန်ခြင်း မဖြစ်ကြစေကုန်လင့်"။

သုံးကြိမ်တိုင်အောင် မေးသော်လည်း ရဟန်းတို့ ဆိတ်ဆိတ်ပင် နေကြကုန်၍ အရှင် အာနန္ဒာက-"အရှင်ဘုရား ဤရဟန်း သံဃာ တည်း၌ တပါးသော ရဟန်းမျှသော်လည်း ယုံမှား တွေးတောခြင်း မရှိဟု အကျွန်ုပ် ယုံကြည်ပါ၏"-ဟု လျှောက်၏။

"အာနန္ဒာ တပါးသော ရဟန်းသော်မျှလည်း ယုံမှား တွေး တောခြင်း မရှိကြောင်းကို တထာဂတ သိပြီးပင်ဖြစ်၏၊ ဤရဟန်း ငါးရာမျှတွင် အောက်ဆုံး ရဟန်းသည်ပင် အပါယ်သို့ ကျခြင်း သဘောမရှိသော အထက်မဂ် သုံးပါးလျှင် လားရာရှိသော သော တာပန် ဖြစ်ပေ၏"။

ထိုနောက် မြတ်စွာဘုရားသည်-"ရဟန်းတို့ သင်တို့အား ယခု မှာကြားအံ့၊ ပြုပြင် ပေးရသော သင်္ခါရ တရားတို့သည် ပျက်စီးခြင်း သဘော ရှိကုန်၏၊ မမေ့သော သတိတရားဖြင့် ကိစ္စပြီးအောင် အား ထုတ်ကြကုန်လော့"-ဟု နောက်ဆုံးစကား မိန့်ကြားတော်မူ လေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် ပရိနိဗ္ဗာန် ပြုသည်နှင့် တပြိုင်နက် ကြက်သီး မွေးညှင်းထစေလျက် ကြောက် မက်ဖွယ်ရာ ကြီးစွာသော မြေလျှင် လှုပ်ခြင်း ဖြစ်လေ၏၊ တော်လည်းသံတို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟည်းကုန်၏။

သဟမ္ပတိ ဗြဟ္မာသည်- "ကိုယ်တိုင် သိတော်မူသော အား ဆယ်ပါးနှင့် ပြည့်စုံတော်မူသော ဤသို့သော ဆရာသခင် အတုမဲ့ ဘုရားရှင်သော်လည်း ပရိနိဗ္ဗာန် ပြုတော်မူရချေသေး၏၊ လောက၌ သတ္တဝါ အားလုံးတို့သည် ရုပ်နာမ်အစု အတ္တဘောကို စွန့်ပစ်ကြရ မည်ကုန်ချည်းသာတည်း"-ဟု ဆို၏။

သိကြားမင်းသည်- "ဖြစ်ခြင်း ပျက်ခြင်း သဘောရှိ၍ ပြုပြင် ရသော သင်္ခါရ တရားတို့သည် မမြဲလေကုန်စွတကား၊ ဖြစ်ပေါ် ပြီးနောက် ချုပ်ပျောက်လေကုန်၏တကား၊ ထိုတရားတို့၏ ငြိမ်းခြင်း သည်သာလျှင် ချမ်းသာပေလိမ့်မည်တကား"-ဟု ဆို၏။

အရှင် အနုရုဒ္ဓါသည်- "တဏှာ ကင်းတော်မူသော မြတ်စွာ ဘုရားသည် နိဗ္ဗာန် ရည်စူး၍ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ၊ ထိုကြောင့် စိတ်ကြံ့ခိုင်၍ ကောင်းဆိုး နှစ်ပါးကို အတူထားလျက် ရှုနိုင်သော မြတ်စွာဘုရား၏ ထွက်လေ ဝင်လေတို့ မရှိတော့ပြီ၊ မြတ်စွာဘုရား သည် ညှိုးငယ်ခြင်း မရှိသော စိတ်ဖြင့် ဝေဒနာတို့ သည်းခံတော်မူ

လေပြီ၊ ထိုမြတ်စွာဘုရား၏ စိတ်သည် ဆိမ်းလျှ ငြိမ်းသကဲ့သို့ လွတ်မြောက်တော်မူလေပြီ”-ဟု ဆို၏။

အရှင်အာနန္ဒာသည်- “မွန်မြတ်သော ဂုဏ်တော်အားလုံးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသောအခါ ကြောက်မက်ဖွယ် မြေလှုပ်ခြင်း ဖြစ်လေပြီတကား၊ ကြက်သီးမွေးညှင်းထဖွယ် ဖြစ်လေပြီတကား”-ဟု ဆို၏။

## ၄-မဟာ သုဒဿနသုတ်

### ကုသာဝတီပြည်

အခါတပါး မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုရန် ကုသိနာရုံပြည် မလ္လမင်းတို့၏ အင်ကြင်း ဥယျာဉ်၌ နေတော်မူ၏၊ ထိုအခါ အရှင် အာနန္ဒာသည် မြတ်စွာဘုရားအား ဤသို့လျှောက်ကြား၏-

“အရှင်ဘုရား မြတ်စွာဘုရားသည် ကျေးတော မြို့လက်ဖြစ်သော ဤမြို့သိမ် မြို့ငယ်၌ ပရိနိဗ္ဗာန် မပြုပါလင့်၊ တပါးသော စမ္ပာပြည်၊ ရာဇဂြိုဟ်ပြည်၊ သာဝတ္ထိပြည်၊ သာကေတပြည်၊ ကောသမ္ဗီပြည်၊ ဗာရာဏသီပြည်ကြီးတို့၌ ပရိနိဗ္ဗာန် ပြုတော်မူပါ၊ ထိုပြည်တို့၌ မြတ်စွာဘုရားကို အလွန် ကြည်ညိုကုန်သော မင်းသူဌေး၊ ပုဏ္ဏား သူဌေး၊ သူကြွယ် သူဌေးတို့သည် မြတ်စွာဘုရား အလောင်းတော်ကို ပူဇော်ကြပါလိမ့်မည်”။

“အာနန္ဒာ ကျေးတော မြို့လက်ဖြစ်သော မြို့သိမ် မြို့ငယ်ဟု မဆိုလင့်”-

ရှေး၌ ဖြစ်ဘူးသည်ကား ဤကုသိနာရုံမြို့သည် မဟာသုဒဿန စကြဝတေးမင်း၏ ကုသာဝတီ မည်သော နေပြည်တော် ဖြစ်ခဲ့ဘူး၏၊ အရှေ့ အနောက် တဆယ့်နှစ်ယူဇနာရှိ၍ တောင်မြောက် ခုနစ်ယူဇနာရှိ၏၊ ကုသာဝတီ နေပြည်တော်သည် ပြည့်စုံကြွယ်ဝ၏၊ စည်ပင်ဝပြော၏၊ များသောလူရှိ၏၊ လူတို့ဖြင့် ပြွမ်း၏၊ အစားအစာ ပေါများ၏၊ဆင်သံ,မြင်းသံ,ရထားသံ,စည်ကြီးသံ,မုရိုးစည်သံ, စောင်းသံ,သီချင်းသံ, ခရုသင်းသံ, ကြေးနင်း ခွက်ခွင်းသံ,စားကြပါ သောက်ကြပါ ခဲကြပါဟု ဆိုသော အသံဆယ်ပါးတို့ဖြင့် နေ့ရော ညဉ့်ပါ မဆိတ်သည်သာ ဖြစ်၏။

## ရတနာ ခုနစ်ပါး

မဟာသုဒဿန မင်းကြီးသည် ရတနာ ခုနစ်ပါးနှင့် ပြည့်စုံ၏၊ မဟာသုဒဿန မင်းကြီးအား တဆယ့်ငါးရက်မြောက် ဥပုသ်နေ့၌ ဦးခေါင်းဆေး မင်္ဂလာပြုပြီးလျှင် ဥပုသ် ဆောက်တည်လျက် မြတ်သော ပြာသာဒ်ထက်၌နေစဉ် အကန့် တထောင်ရှိသော အကွပ် ပုံတောင်းများနှင့်တကွ အခြင်းအရာ အလုံးစုံရှိသော နတ်တန်ခိုးနှင့် ပြည့်စုံသော စကြာရတနာ ဖြစ်ပေါ်လာ၏၊ ထိုအခါ မင်းကြီးသည် အပေါ်ရုံ စုလျားကို ပခုံး တဖက်၌ တင်၍ လက်ဝဲလက်ဖြင့် ရွှေကရားကို ကိုင်လျက်- "အရှင် စကြာရတနာသည် လည်စေသတည်း၊ အောင်စေသတည်း-"ဟုဆို၍ လက်ျာလက်ဖြင့် ရေသွန်းဖျန်း၏၊ ထိုအခါ စကြာရတနာသည် အရှေ့အရပ်သို့ လည်သွား၏၊ စစ်အင်္ဂါ လေးပါးနှင့်တကွ မင်းကြီးလည်း တပါတည်း လိုက်ပါသွား၏။

တဖန် ထိုပြင်လည်း မဟာသုဒဿနမင်းကြီးအား ကိုယ်လုံးဖြူသော အင်္ဂါ ခုနစ်ပါးဖြင့် တည်သော တန်ခိုးရှိသော ကောင်းကင်ပျံနိုင်သော ဥပေါသထ ဆင်မင်းမျိုးဖြစ်သော ဆင်ရတနာဖြစ်ပေါ်လာ၏။

တဖန် ထိုပြင်လည်း ထိုမင်းကြီးအား ကိုယ်လုံးဖြူ၍ ဦးခေါင်း ညိုသော ဖြူဆံမြက်ကဲ့သို့ ထိပ်ဆံရှိသော တန်ခိုးရှိသော ကောင်းကင်ပျံနိုင်သော ဝလာဟက မြင်းမင်းမျိုးဖြစ်သော မြင်းရတနာဖြစ်ပေါ်လာ၏။

တဖန် ထိုပြင်လည်း ထိုမင်းကြီးအား ကြောင်မျက်ရွဲ ရတနာဖြစ်ပေါ်လာ၏၊ ထိုရတနာသည် အလှူ တောက်ပ၏၊ အမျိုးမှန်၏၊ ရှစ်မျှောင့် ရှိ၏၊ ကောင်းစွာ ပွတ်ပြင်ပြီး ဖြစ်၏၊ အရည်ကောင်း၏၊ အထူး ကြည်လင်၏၊ နောက်ကျု ကင်း၏၊ အခြင်းအရာ အလုံးစုံနှင့် ပြည့်စုံ၏။

တဖန် ထိုပြင်လည်း ထိုမင်းကြီးအား အလွန် အဆင်း လှပ ရှုချင် ဖွယ်ရှိသော စိတ်ကို ကြည်နူးစေတတ်သော မြတ်သော အဆင်း သဏ္ဍာန်နှင့် ပြည့်စုံသော မမြင့်လွန်း မနိမ့်လွန်း မကြုံလွန်း မဆူလွန်း မမည်းလွန်း မဖြူလွန်းသော လူတို့၏ အဆင်းကို လွန်၍ နတ်တို့၏ အဆင်းတမျှရှိသော မိဘုရား ရတနာ ဖြစ်ပေါ်လာ၏။

တဖန် ထိုပြင်လည်း ထိုမင်းကြီးအား သူဌေး ရတနာဖြစ်ပေါ်လာ၏၊ ထိုသူဌေးအား ကံကြောင့်ဖြစ်သော နတ်မျက်စိ ထင်ရှား ရှိ၏၊ ယင်းမျက်စိဖြင့် အရှင်ရှိ အရှင်မဲ့ဖြစ်သော မြှုပ်နှံထားသည့် ရတနာအိုးများကို မြင်နိုင်၏၊ ထိုသူဌေးသည် မင်းကြီးသို့ ချဉ်းကပ်၍-

"မင်းမြတ် အရှင်သည် ကြောင့်ကြမဲ့ နေတော်မူပါ၊ ဥစ္စာဖြင့် ပြုဖွယ်ကိစ္စကို အကျွန်ုပ်သည် ဥစ္စာဖြင့် ပြုအံ့-"ဟုလျှောက်ကြား၏။

တဖန် ထိုပြင်လည်း မဟာသုဒဿန မင်းကြီးအား ထက်မြက်လိမ္မာ ပညာရှိသော သားကြီး ရတနာ ဖြစ်ပေါ်လာ၏၊ ထိုသားကြီးသည် မင်းကြီးထံ ဝင်ရောက် ခစားခြင်းငှာ သင့်တော်သူကို ဝင်ရောက် ခစားစေ၍ မသင့်သောသူကို ပယ်ရှားရန် စွမ်းနိုင်၏၊ ရာထူး၌ ခန့်ထားသင့်သောသူကို ခန့်ထားရန်လည်း စွမ်းနိုင်၏၊ ထိုသားကြီးသည် မင်းကြီးထံ ချဉ်းကပ်၍-"မင်းမြတ် အရှင်မင်းမြတ်သည် ကြောင့်ကြမဲ့ နေတော်မူပါလော့၊ အကျွန်ုပ် စီမံ ခန့်ခွဲပါအံ့-"ဟု လျှောက်ကြား၏။

"အာနန္ဒာ မဟာသုဒဿန မင်းသည် ဤဆိုခဲ့သော ရတနာ ခုနစ်ပါးတို့နှင့် ပြည့်စုံပေ၏"။

## တန်ခိုးလေးပါး

"အာနန္ဒာ မဟာသုဒဿန မင်းသည် တန်ခိုးလေးပါးနှင့် ပြည့်စုံ၏"-

ထိုမင်းသည် သူတပါးတို့ထက် လွန်ကဲ၍ အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ် ရှိ၏၊ မြတ်သော အဆင်း သဏ္ဍာန်နှင့်ပြည့်စုံ၏။

တဖန် ထိုပြင်လည်း ထိုမင်းသည် သူတပါးတို့ထက် လွန်ကဲ၍ အသက်ရှည်၏၊ ကြာမြင့်စွာ တည်ရှိ၏။

တဖန် ထိုပြင်လည်း ထိုမင်းသည် သူတပါးတို့ထက် လွန်ကဲ၍ အနာကင်း၏၊ ရောဂါကင်း၏၊ အစာကို အညီအမျှ ကြေစေတတ်သည့် မအေးလွန်း မပူလွန်းသော ဝမ်းမီးနှင့် ပြည့်စုံ၏။

တဖန် ထိုပြင်လည်း ထိုမင်းသည် ဖခင်ကို သားသမီးတို့ ချစ်ခင် မြတ်နိုးကုန်သကဲ့သို့ ထိုမင်းကို ပုဏ္ဏားနှင့် သူကြွယ်တို့ ချစ်ခင်

မြတ်နိုးကုန်၏၊ ထိုမင်းကလည်း ဖခင်သည် သားသမီးတို့ကို ချစ်ခင် မြတ်နိုးသကဲ့သို့ ပုဏ္ဏားနှင့် သူကြွယ်တို့ကို ချစ်ခင်မြတ်နိုး၏။

“အာနန္ဒာ မဟာသုဒဿန မင်းသည် ဤတန်ခိုး လေးမျိုးနှင့်လည်း ပြည့်စုံ၏”။

### ဓာတ်သိမ်းခြင်း

မဟာသုဒဿန မင်းသည် အနှစ် ရှစ်သောင်း လေးထောင်ပတ်လုံး သူငယ်တို့၏ ကစားခြင်းဖြင့် ကစား၏၊ အနှစ် ရှစ်သောင်း လေးထောင်ပတ်လုံး အိမ်ရှေ့မင်း အဖြစ်ဖြင့် စံ၏၊ အနှစ်ရှစ်သောင်း လေးထောင်ပတ်လုံး စကြာဝတေး မင်းအဖြစ်ဖြင့် စံပြု၏၊ အနှစ် ရှစ်သောင်း လေးထောင် ပတ်လုံး လူ့အဝက်နှင့်ပင် ပြည့်စုံ၍ ပြာသာဒ်ထက်၌ မြတ်သော အကျင့်ကို ကျင့်သုံး၏၊ ထိုမင်းသည် ဗြဟ္မဝိဟာရ တရား လေးပါးကို ပွားများပြီးလျှင် ခန္ဓာကိုယ် ပျက်စီးပြီး၍ သေသည်မှ နောက်၌ ဗြဟ္မာပြည်သို့ လားလေ၏။

“အာနန္ဒာ ထိုစဉ်အခါက မဟာသုဒဿန မင်းသည် အခြားသူ ဖြစ်လေသလောဟု သင်တွေးထင်မူလည်း တွေးထင်ရာ၏၊ ဤသို့ မမှတ်အပ်၊ ငါသည်ပင် ထိုစဉ်အခါက မဟာသုဒဿနမင်း ဖြစ်ခဲ့၏၊ ကုသာဝတီ နေပြည်တော်သာလျှင် အချုပ်အချာရှိသော မြို့ပေါင်း ရှစ်သောင်း လေးထောင်တို့သည် ငါ၏ မြို့များဖြစ်ခဲ့ကုန်၏၊ ငါသည် ဤအရပ်၌ ကိုယ်ကောင်ကို ခြောက်ကြိမ်တိုင်တိုင် စွန့်ပစ်ခဲ့ရဘူး သည်ကို အမှတ်ရ၏၊ ဤသည်ကား ကိုယ်ကောင်ကို ခုနစ်ကြိမ် မြောက် စွန့်ပစ်ခြင်းပေတည်း”။

ပြုပြင်ရသော သင်္ခါရ တရားတို့သည် ဖြစ်ခြင်း ပျက်ခြင်း သဘောရှိ၍ မမြဲလေကုန်၊ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်လေကုန်၏၊ ထိုတရားတို့၏ ငြိမ်းခြင်းသည်သာလျှင် ချမ်းသာပေတော့သည်တကား။

# ၅-ဇနဝသဘ သုတ်

## ဇိမ္ဗိသာရ နတ်သား

အခါတပါး မြတ်စွာဘုရားသည် နာတိကရွာ အုတ်တိုက်ကျောင်း၌ နေတော်မူ၏၊ ထိုစဉ်အခါ မြတ်စွာဘုရားသည် ပတ်ဝန်းကျင်ရှိ ထိုထို ဇနပုဒ်တို့၌ ကွယ်လွန် စုတေသွားကြသော အလုပ်အကျွေး ဥပါသကာတို့၏ ဖြစ်ရာဘဝကို မေးလျှောက်သဖြင့် ဖြေဆိုတော်မူ၏၊ ကာသိတိုင်း ကောသလတိုင်း ဝဇ္ဇီတိုင်း မလ္လတိုင်း စေတိယတိုင်း ဝံသတိုင်း ကုရုတိုင်း ပဉ္စာလတိုင်း မစ္ဆတိုင်း သုရသေနတိုင်းတို့၌ ဤမည်သောသူသည် ဤမည်သောဘဝ၌ ဖြစ်၏ဟု ဟောတော်မူ၏၊ သို့ရာတွင် မဂဓတိုင်း၌ ကွယ်လွန် စုတေသွားကြသော ဥပါသကာတို့၏ ဖြစ်ရာဘဝကို မြတ်စွာဘုရား မဟောကြားသေးချေ၊ အရှင်အာနန္ဒာသည် ထိုအကြောင်းကို စဉ်းစားပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျှောက်ကြား၏-

"အရှင်ဘုရား ကွယ်လွန်စုတေသွားကြသော မာဂဓတိုင်းသား အလုပ်အကျွေး ဥပါသကာတို့သည် စင်စစ် များလည်း များပါကုန်၏၊ ရှေးလည်း ကျပါကုန်၏၊ သို့ရာတွင် ထိုတိုင်း၌ အလုပ်

အကျွေး ဥပါသကာ မရှိသကဲ့သို့ဖြစ်ပါ၏၊ သူတို့၏ ဖြစ်ရာဘဝကို မဟောကြားဘဲ နေပါလျှင် စိတ်အား ငယ်ကြကုန်ရာပါ၏”။

အရှင် အာနန္ဒာသည် ဤသို့ လျှောက်ကြားပြီး နေရာမှ ပဲ့ခွာ သွား၏၊ ထိုနောက် မြတ်စွာဘုရားသည် မဂဓတိုင်းသား အလုပ် အကျွေး ဥပါသကာတို့ကို အကြောင်းပြု၍ ထိုသူတော်ကောင်း တို့၏ လားရာဂတိ ရောက်ရာဘဝကို သိအောင်မြင်အံ့ဟု လိုလား လျက် နှလုံးသွင်းလျက် စိတ်အားလုံးဖြင့် ဆင်ခြင်လျက် ထိုင်နေ တော်မူ၏၊ ထိုသူတို့သည် ယင်းသို့ လားရာဂတိ ရောက်ရာဘဝရှိကုန် ၏ဟု မြင်တော်မူသောအခါ ကျောင်းမှထွက်ပြီးလျှင် ကျောင်းမုခ် ဝယ် ခင်းထားသောနေရာ၌ ထိုင်တော်မူ၏၊ ထိုအခါ အရှင်အာနန္ဒာ က လျှောက်၏—

“အရှင်ဘုရား မြတ်စွာဘုရားသည် အထူးသဖြင့် ငြိမ်သက် သောအသွင် ရှိနေပါသည်၊ ဣန္ဒြေများလည်း ကြည်လင်သော ကြောင့် မျက်နှာ အဆင်းသည် အလွန်ပင် တောက်ပ တင့်တယ် နေ၏၊ အရှင်ဘုရား ယနေ့ ငြိမ်သက်သော သမာပတ်ဖြင့် နေတော် မူသည်ထင်ပါသည်”။

“အာနန္ဒာ ငါသည် မဂဓတိုင်းသား အလုပ်အကျွေး ဥပါ သကာတို့၏ လားရာဂတိ ရောက်ရာဘဝတို့ကို တွေ့မြင်ရပေ၏”။

ထိုအခါ နတ်သား တဦးသည် ကိုယ်ထင်ရှား မပြဘဲ—“ မြတ်စွာ ဘုရား အကျွန်ုပ်သည် ဇနဝသဘ ဖြစ်ပါသည်”-ဟု အသံကို ကြားစေ၏။

“အာနန္ဒာ သင်သည် ရှေးအခါ၌ ဇနဝသဘ ဟူသော အမည်ကို ကြားဘူးသည်ဟု အမှတ်ရပါသလော”။

"အရှင်ဘုရား အမှတ်မရပါ၊ သို့ရာတွင် ဇနဝသဘ ဟူသော အမည်ကို ကြားသဖြင့် အကျွန်ုပ်အား ကြက်သီး မွေးညှင်း ထပါကုန်၏"။

အသံပေါ်လာသည်မှ အခြားမဲ့၌ပင် အဆင်းသဏ္ဍာန်ခံ့ညားသော နတ်သည် ရှေ့မှောက်၌ ထင်ရှားပေါ်လာပြီးလျှင်- "မြတ်စွာဘုရား အကျွန်ုပ်သည် ဗိမ္ဗိသာရမင်း ဖြစ်ပါသည်"- ဟု အသံကိုကြားစေပြန်၏။

"အရှင်ဘုရား အကျွန်ုပ်သည် ဝေဿဝဏ် နတ်မင်း၏အပေါင်း အဖော်အဖြစ်သို့ ကပ်ရောက်ရသည်မှာ ဤအကြိမ်သည် ခုနစ်ကြိမ်မြောက် ဖြစ်ပါသည်၊ ထိုမှ စုတေခဲ့သော ထိုအကျွန်ုပ်သည် နတ်မင်းဖြစ်ခြင်းငှာ စွမ်းနိုင်ပါ၏၊ သို့ရာတွင် အကျွန်ုပ်သည် ဤမှ ခုနစ်ဘဝ ထိုမှ ခုနစ်ဘဝ ဆယ့်လေးဘဝတို့တိုင်တိုင် ရှေးအခါက နေခဲ့ဘူးရာ ဌာနတို့ကို အမှတ်ရလျက် ရှိပါ၏၊ အကျွန်ုပ်သည် အပါယ်သို့ ကျခြင်း မရှိသော သောတပန် ဖြစ်နေသည်ကို သိပါသည်"။

အရှင်အာနန္ဒာသည် ဤအကြောင်းကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားနာခံယူပြီးလျှင် ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာ မိန်းမတို့အား တဆင့်ပြောကြားတော်မူ၏။

## ၆-မဟာ ဂေါဝိန္ဒသုတ်

### ဇောတိပါလ ပုဏ္ဏား

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူ၏၊ ထိုအခါ ပဉ္စသိခ နတ်သားသည် မြတ်စွာ

ဘုရားထံ ချဉ်းကပ်၍-"အရှင်ဘုရား အကျွန်ုပ်သည် တာဝတိံသာ နတ်တို့ထံမှ ကြားနာ မှတ်သားထားသော အကြောင်းအရာကို မြတ်စွာဘုရားအား လျှောက်ပါအံ့"-ဆို၏။

"ပဉ္စသိခ လျှောက်လော့"။

တန်ဆောင်မုန်း လပြည့်နေ့ညဉ့်၌ သုဓမ္မာ နတ်သဘင်ဝယ် တာဝတိံသာ နတ်တို့သည် အားလုံးလိုလိုပင် အညီအညွတ် စည်းဝေးနေကြပါသည်၊ ထိုအခါ သနင်္ကုမာရ ဗြဟ္မာသည် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးလျှင် တာဝတိံသာ နတ်တို့ကို ဤသို့ ပြောပြပါ၏။

အချင်းတို့ ထိုမြတ်စွာဘုရားသည် ရှည်မြင့်စွာသော ကာလကပင် ကြီးကျယ်သော ပညာရှိဖြစ်ခဲ့ဘူး၏၊ ရှေး၌ ဖြစ်ဘူးသည်ကား ဒိသမ္ပတိ မင်း၏ ပုရောဟိတ် ပုဏ္ဏား ဂေါဝိန္ဒ၌ ဇောတိပါလ လုလင် အမည်ရှိသော သားသည်ရှိ၏၊ ထိုသားသည် အဖ ဂေါဝိန္ဒ ကွယ်လွန်သောအခါ ထိုမင်း၏ ပုရောဟိတ် ရာထူးကို ဆက်ခံရ၏၊ လုလင်သည် ထိုမင်းအား ဖခင် ညွှန်ကြား ဆုံးမခဲ့ဘူးသော အမှုကိစ္စ တို့ကိုလည်း ညွှန်ကြားဆုံးမ၏၊ ဖခင် မညွှန်ကြား မဆုံးမဘူးသေးသော အမှုကိစ္စတို့ကိုလည်း ညွှန်ကြား ဆုံးမ၏၊ ဖခင် စီရင်ပြီးစေခဲ့ဘူးသော ထိုမင်း၏ လုပ်ငန်း ဆောင်တာတို့ကိုလည်း စီရင်ပြီးစေ၏၊ ဖခင် မစီရင် မပြီးစီး စေခဲ့ဘူးသော လုပ်ငန်း ဆောင်တာတို့ကိုလည်း စီရင် ပြီးစီးစေ၏၊ လူတို့သည် ဇောတိပါလ လုလင်အား-"ဂေါဝိန္ဒ ပုဏ္ဏား ပေတည်း၊ မဟာ ဂေါဝိန္ဒ ပုဏ္ဏားပေတကား"-ဟု ချီးကျူးကြ၏၊ ထိုကြောင့် ဇောတိပါလ လုလင်အား မဟာ ဂေါဝိန္ဒဟု အမည်တွင်လေ၏။

ခမည်းတော် ဒိသမ္ပတိမင်း ကွယ်လွန်သောအခါ သားတော် ရေဏုမင်းသားကို မင်းအဖြစ်၌ အဘိသိက် သွန်းကုန်၏၊ မဟာဂေါဝိန္ဒ ပုဏ္ဏားသည် ထိုမင်း၏လည်း တရားသဖြင့် ဆုံးမသွန်သင်သော ပုရောဟိတ် အရာ၌ တည်ရှိ၏၊ အခြားမင်း ခြောက်ဦးတို့၏ အစီးအပွားကိုလည်း ဆောင်၏၊ သို့ဖြင့် ကာလကြာမြင့်သောအခါ မဟာဂေါဝိန္ဒ ပုဏ္ဏားသည် ရဟန်းပြုလုပ်၏၊ ထိုအခါ ထောင်ပေါင်းများစွာသော မင်းပုဏ္ဏား သူကြွယ်တို့လည်း အပါလိုက်၍ ရဟန်းပြုကြ၏။

ထိုအခါ မဟာဂေါဝိန္ဒ ပုဏ္ဏား၏ အဆုံးအမကို အကြွင်းမဲ့ သိသော တပည့်တို့သည် ဗြဟ္မာ့လောကသို့ ကပ်ရောက်ကုန်၏၊ အကြွင်းမဲ့ မသိသော တပည့်တို့သည် မိမိတို့၏ အသိအားလျော်စွာ နတ်ဘုံ ၆ အသီးသီးသို့ ရောက်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော အမျိုးသားတို့၏ ရဟန်းပြုခြင်းသည် အချည်းနှီး မဖြစ်၊ အကျိုးစီးပွားရှိ၏။

"အရှင်ဘုရား ဤသို့လျှင် သနင်္ကုမာရ ဗြဟ္မာ ပြောပြသည်ကို ကြားနာရပါသည်၊ ထိုအကြောင်းအရာကို မြတ်စွာဘုရား အမှတ်ရပါ၏လော"။

"ပဉ္စသိခ ငါအမှတ်ရ၏၊ ငါသည် ထိုအခါ မဟာဂေါဝိန္ဒ ပုဏ္ဏား ဖြစ်ခဲ့၏၊ ငါသည် တပည့်တို့အား ဗြဟ္မာ့ဘုံ၌ အပေါင်းအဖော် ဖြစ်ရန် လမ်းကို ဟောကြားခဲ့၏၊ ထိုစဉ်အခါက ငါဟောကြားခဲ့သော အကျင့်သည် စင်စစ် ငြီးငွေ့ရန် မဖြစ်၊ တပ်မက်ခြင်းကင်းရန် မဖြစ်၊ ချုပ်ငြိမ်းရန် မဖြစ်၊

ထူးသောဉာဏ်ဖြင့် သိရန်မဖြစ်၊ သစ္စာကို သိရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မဖြစ်။ မြတ်စွာဘုရားသို့ ရောက်ရုံမျှသာ ဖြစ်၏၊ စင်စစ် ငြီးငွေ့ရန်, တပ်မက်ခြင်း ကင်းရန်, ချုပ်ငြိမ်းရန်, ထူးသော ဉာဏ်ဖြင့် သိရန်, သစ္စာကို သိရန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရန်မှာ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ပင် တည်း"။

ဂန္ဓဗ္ဗ နတ်မျိုးဖြစ်သော ပဉ္စသိခသည် မြတ်စွာဘုရား ဟောကြားသော တရားကို အလွန် နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်လျက် ကွယ်ပျောက်လေသတည်း။

## ၇-မဟာသမယသုတ်

### အစည်းအဝေးကြီး

အခါတပါး မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌ အလုံးစုံ ရဟန္တာချည်းဖြစ်သော ရဟန်း သံဃာ ငါးရာမျှနှင့်အတူ နေတော်မူ၏၊ စကြဝဠာ တသောင်းစီ ရှိသော လောကဓာတ် ဆယ်ခုတို့မှ နတ် ဗြဟ္မာ တို့သည်လည်း မြတ်စွာဘုရားနှင့် ရဟန်းသံဃာကို ဖူးမြော်ရန် အများအားဖြင့် စည်းဝေး လာရောက်ကုန်၏၊ ထိုအခါ သုဒ္ဓါဝါသ ဗြဟ္မာ လေးဦး တို့လည်း မြတ်စွာဘုရား၏ ရှေ့တော်၌ ထင်ရှားပေါ်လာကုန်၏။

ဗြဟ္မာ တဦးက- "မဟာဝုန်တော၌ နတ် ဗြဟ္မာအပေါင်းတို့ စုရုံးလာရောက်ကြသဖြင့် အစည်းအဝေးကြီး ဖြစ်လျက် ရှိနေပါ၏၊

အကျွန်ုပ်တို့လည်း မအောင်နိုင်သော သံဃာကို ဖူးမြော်ရန် ဤတရား သဘင် အစည်းအဝေးသို့ လာရောက်ပါကုန်၏”-ဟု ဆို၏။

ထိုနောက် ဗြဟ္မာ တဦးက- “ထိုအစည်း အဝေး၌ ရဟန်း တို့သည် မိမိ စိတ်ကို တည်ကြည်စေလျက် ဖြောင့်မတ်စွာ ပြုထား ပါကုန်၏၊ ရထားထိန်းသည် ကြိုးတို့ကို ကိုင်၍ ထိန်းသကဲ့သို့ ပညာရှိတို့သည် ဣန္ဒြေတို့ကို ထိန်းသိမ်းပါကုန်၏”-ဟု ဆို၏။

ထိုနောက် ဗြဟ္မာ တဦးက-“မြတ်စွာဘုရား ကောင်းစွာ ဆုံးမ ထားပြီးဖြစ်၍ တဏှာကင်းလျက် သန့်ရှင်း စင်ကြယ်သော ထိုရဟန္တာ ငယ်တို့သည် ခလုပ် တံသင်းနှင့် တံခါးကျည်း မင်းတုပ်ကို ဖြုတ်ပြီး လျှင် တံခါးတိုင်ကို နှုတ်၍ လှည့်လည် သွားလာ နေကြကုန်၏”-ဟု ဆို၏။

ထိုနောက် ဗြဟ္မာ တဦးက- “မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူ အားလုံးတို့သည် အပါယ်ဘုံသို့ မရောက်ကုန်လတ္တံ့၊ လူ့ခန္ဓာကိုယ်ကို စွန့်ပယ်၍ နတ်ပြည်၌ ဖြစ်ကုန်လတ္တံ့”-ဟု ဆို၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—

“ရဟန်းတို့ စကြဝဠာ တထောင်စီရှိသော လောကဓာတ် ဆယ်ခုတို့မှ နတ် ဗြဟ္မာတို့သည် မြတ်စွာဘုရားနှင့် ရဟန်းသံဃာ တို့ကို ဖူးမြော်ရန် အများအားဖြင့် စည်းဝေး ရောက်လာကုန်၏၊ အတိတ်ကာလ၌ ပွင့်တော်မူကုန်သော မြတ်စွာဘုရားတို့ လက်ထက် ၌လည်း ဤမျှသော နတ် ဗြဟ္မာတို့သည် စည်းဝေးခဲ့ကြကုန်၏၊ အနာဂတ်ကာလ၌ ပွင့်တော်မူမည့် မြတ်စွာဘုရားတို့ လက်ထက် ၌လည်း ဤမျှ အတိုင်းအရှည်ရှိသော နတ်ဗြဟ္မာတို့ စည်းဝေး ကြလိမ့်မည်”။

အကြင် ရဟန်းတို့သည် ဘုမ္မစိုးနတ်တို့ မှီဝဲနေထိုင်ရာဖြစ်သော ထိုထို အရပ်ကိုမှီ၍ နေကုန်၏၊ တောင်ခေါင်းကို ပို၍ နေကုန်၏၊ ထိုရဟန်းတို့သည် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကုန်၏၊ တည်ကြည်သော စိတ်ရှိကုန်၏၊ ထိုများစွာသော ရဟန်းတို့သည် ကြက်သီးမွေးညှင်းမျှ ထခြင်း မရှိမူ၍ ခြင်္သေ့မင်းကဲ့သို့ တပါးတည်း ကိန်းအောင်းလေ့ရှိကုန်၏၊ ဖြူစင်သော စိတ်ရှိ၍ နောက်ကျုကင်းလျက် သန့်ရှင်း ကြည်လင်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည် မဟာဝုန် တော၌ တပည့်သာဝက ငါးရာကျော်တို့ သာသနာ၌ မွေ့လျော်သည်ကို သိ၍- "ရဟန်းတို့ နတ် ဗြဟ္မာအပေါင်းတို့သည် ရှေးရှု လာရောက်လျက် ရှိကုန်၏၊ ထိုနတ်ဗြဟ္မာ အပေါင်းကို သိကုန်လော့"- ဟု မိန့်တော်မူ၏၊ ထိုရဟန်းတို့သည်လည်း မြတ်စွာဘုရား၏ အဆုံးအမကို ကြားနာရ၍ အားထုတ်ကုန်၏၊ ထိုရဟန်းတို့အား နတ်ဗြဟ္မာတို့ကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်သည် ထင်ရှားဖြစ်ပေ၏၊ ရဟန်းတို့သည် နတ်ဗြဟ္မာတို့ကို မြင်ကုန်၏၊ အချို့သော ရဟန်းတို့သည် တထောင်, အချို့သော ရဟန်းတို့သည် ခုနစ်သောင်း, အချို့သော ရဟန်းတို့သည် နတ်ဗြဟ္မာ တသိန်းကို မြင်ကုန်၏၊ အချို့သော ရဟန်းတို့သည် နတ်ဗြဟ္မာ အနန္တကို မြင်ကုန်၏၊ အရပ်မျက်နှာ အားလုံးတို့သည် နတ်ဗြဟ္မာတို့ဖြင့် ပြည့်နှက်လျက် ရှိကုန်၏။

စစ်ပွဲကို အောင်မြင်ပြီးကုန်သော ကြောက်ရွံ့ခြင်း ကင်းပြီးကုန်သော ကျော်စောခြင်းရှိကုန်သော လူအပေါင်းတို့၌ ထင်ရှားကုန်သော ထိုသာဝက အားလုံးတို့သည် အရိယာတို့နှင့်အတူ ဝမ်းမြောက်ကုန်၏။

# ၈-သက္ကပဉှာသုတ်

## သိကြားမင်းပြဿနာ

အခါတပါး မြတ်စွာဘုရားသည် မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့အမ္ဗသဏ္ဍာမည်သော ပုဏ္ဏားရွာ၏ မြောက်ဖက် ဝေဒိယက တောင် ဣန္ဒသာလဂူ၌ နေတော်မူ၏၊ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍- "အရှင်ဘုရား အကျွန်ုပ်တို့သည် တရားအထူးရရန် လာကြပါ၏၊ မြတ်စွာဘုရား အခွင့်ပေးပါသော် ပြဿနာ မေးလိုပါသည်"-ဟု လျှောက်၏။

"သိကြားမင်း သင်၏စိတ်၌ မေးလိုသော ပြဿနာကို ငါ့အား မေးလော့၊ထိုပြဿနာအတွက် ဖြစ်ပေါ်နေသော သင်၏ ယုံမှားခြင်း ဝိစိကိစ္ဆာကို အဆုံးတိုင် ပြေလည်အောင် ငါဖြေရှင်းအံ့"။

"အရှင်ဘုရား နတ်လူစသော သတ္တဝါတို့သည် ရန်ငြိုးကင်းကုန်လျက်, ဒဏ်ကင်းကုန်လျက်, ရန်ကင်းကုန်လျက်, စိတ်ဆင်းရဲခြင်း ကင်းကုန်လျက်, အမျက်ထွက်ခြင်း ကင်းကုန်လျက် နေလိုကြသော်လည်း မနေကြရပါ၊ အဘယ် အနှောင်အဖွဲ့ကြောင့် ပါနည်း"။

"သိကြားမင်း နတ်လူစသော သတ္တဝါတို့ ရန်ငြိုးစသည် ကင်းကုန်လျက် နေလိုသော်လည်း မနေကြရသည်မှာ ဣဿာ မစ္ဆရိယ သံယောဇဉ် အနှောင်အဖွဲ့ကြောင့် ဖြစ်၏"။

"အရှင်ဘုရား ဣဿာ မစ္ဆရိယသည်ကား အခြေခံ တိုးတက်ဖြစ်ပွားရာ အဘယ်အကြောင်း ရှိပါသနည်း"။

"သိကြားမင်း ဣဿာ မစ္ဆရိယသည် ချစ်ခြင်း မုန်းခြင်း ဟူသော အခြေခံ တိုးတက်ဖြစ်ပွားရာ အကြောင်းရှိ၏"။

"အရှင်ဘုရား ချစ်ခြင်း မုန်းခြင်းသည်ကား အခြေခံ တိုးတက်ဖြစ်ပွားရာ အဘယ်အကြောင်း ရှိပါသနည်း"။

"သိကြားမင်း ချစ်ခြင်း မုန်းခြင်းသည် လိုချင်ခြင်း ဆန္ဒဟူသော အခြေခံ တိုးတက်ဖြစ်ပွားရာ အကြောင်းရှိ၏"။

"အရှင်ဘုရား လိုချင်ခြင်း ဆန္ဒသည်ကား အခြေခံ တိုးတက်ဖြစ်ပွားရာ အဘယ်အကြောင်း ရှိပါသနည်း"။

"သိကြားမင်း လိုချင်ခြင်း ဆန္ဒသည် ကြံစည်ခြင်း ဝိတက်ဟူသော အခြေခံ တိုးတက်ဖြစ်ပွားရာ အကြောင်းရှိ၏"။

"အရှင်ဘုရား ကြံစည်ခြင်း ဝိတက်သည် အခြေခံ တိုးတက်ဖြစ်ပွားရာ အဘယ်အကြောင်း ရှိပါသနည်း"။

"သိကြားမင်း ကြံစည်ခြင်း ဝိတက်သည် သံသရာ ချဲ့ထွင်တတ်သည့် တရား ပပဉ္စသညာ အစုဟူသော အခြေခံ တိုးတက်ဖြစ်ပွားရာ အကြောင်းရှိ၏"။

"အရှင်ဘုရား အဘယ်သို့ ကျင့်သော ရဟန်းသည် သံသရာ ချဲ့ထွင်တတ်သည့် တရား ပပဉ္စသညာ အစု၏ ချုပ်ခြင်းအားလျော်၍ ထိုချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ကျင့်သည် မည်ပါသနည်း"။

"သိကြားမင်း ဝမ်းမြောက်ခြင်း သောမနဿ, နှလုံးမသာခြင်း ဒေါမနဿ, လျစ်လျူရှုခြင်း ဥပေက္ခာကို မှီဝဲရာ၌ ကြံစည်ခြင်း ဝိတက်နှင့် သုံးသပ်ခြင်း ဝိစာရ မရှိခြင်းသည် သာလွန်၍ မြတ်၏၊

ယင်း ဝေဒနာ သုံးပါးတို့ကို ဤသို့ မှီဝဲသဖြင့် ကျင့်သော ရဟန်းသည် သံသရာ ချွတ်ထင်တတ်သည့် ပပဥ္စသညာ အစု၏ ချုပ်ငြိမ်းခြင်းအားလျော်၍ ထိုချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကျင့်သည် မည်၏''။

နတ်တို့၏ အရှင် သိကြားမင်းသည် နှစ်လိုသည်ဖြစ်၍ မြတ်စွာဘုရား၏ တရားကို ဝမ်းမြောက်စွာ ခံယူလေ၏—

''အရှင်ဘုရား သို့လော သို့လော တွေးတော ယုံမှားခြင်းရှိသော အကျွန်ုပ်သည် မပြီးမြောက်သည့် ကြံစည် တောင့်တခြင်းနှင့် မြတ်စွာဘုရားကို ရှာလျက် အဓွန့်ရှည်စွာ လှည့်လည်ခဲ့ပါ၏၊ အကျွန်ုပ်သည် သမဏ ဗြာဟ္မဏတို့ကို ဝိဝေကတရားပွားများနေလေ့ရှိကုန်သော ဘုရားတို့ဟု မှတ်ထင်၍ ဆည်းကပ်ရန်သွားရောက်ခဲ့ပါ၏၊ သူတို့သည် မဂ်၏ ပြည့်စုံခြင်း မပြည့်စုံခြင်းကို မဖြေနိုင်ကြပါ၊ အကျွန်ုပ်ကို သိကြားမင်းဟု သိကြသောအခါ သူတို့သည် သိကြားမင်းဖြစ်ကြောင်းနည်းလမ်းကို အကျွန်ုပ်အားသာ မေးကြပါသည်၊ အကျွန်ုပ်၏ ယုံမှားခြင်းကို လွန်မြောက်စေတော်မူသော မြတ်စွာဘုရားကို ဖူးမြော်ရသော အခါမှစ၍ မြတ်စွာဘုရားကို ဆည်းကပ်ခဲ့သောကြောင့် ယခု အခါ၌ အကျွန်ုပ်သည် ကြောက်ရွံ့ခြင်း ကင်းရပါပြီ၊ မြတ်စွာဘုရားကို ရှိခိုးပါ၏၊ အရှင်သည်သာလျှင် အလုံးစုံသော တရားတို့ကိုသိသော ဘုရားဖြစ်တော်မူပါ၏၊ အတုမရှိသော ဆရာဖြစ်တော်မူပါ၏၊ နတ်နှင့် တကွသော လောက၌ အရှင်နှင့်တူသူ မရှိပါ''—ဟု လျှောက်ကြားပြီး မြေကိုပုတ်၍- ''နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ''-ဟု သုံးကြိမ် ဥဒါန်းကျူးရင့်၏။

# ၉- မဟာသတိ ပဋ္ဌာနသုတ်

## တကြောင်းတည်းသော ခရီးလမ်း

အခါတပါး မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဒမ္မ မည်သော နိဂုံး၌ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ "ရဟန်းတို့ ဤလမ်းခရီးသည် သတ္တဝါတို့၏ စိတ် စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်း ဖြစ်ပေ၏၊ ယင်း ခရီးလမ်းကား ဤသတိပဋ္ဌာန် လေးပါးတို့ပင်တည်း"-ဟု မိန့်ကြားတော်မူ၏။

ဤသာသနာ၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လ ရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက ၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ် အပေါင်းကို, ဝေဒနာတို့၌ ဝေဒနာတို့ကို, စိတ်၌ စိတ်ကို, သဘော တရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

ရဟန်းသည် ဆိတ်ငြိမ်ရာသို့ ရောက်၍ တင်ပလ္လင် ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကို ရှေးရှု ဖြစ်စေလျက် ထိုင်၏၊ သတိရှိလျက်သာလျှင် ထွက်သက်လေ ဝင်သက်လေကို ရှိုက်ရှူ၏၊ ပွတ်သမားသည် ပွတ်ကြိုးကို ရှည်ရှည်ဆွဲလျှင် ရှည်ရှည်ဆွဲသည်ဟု သိ၏၊ တိုတို ဆွဲလျှင် တိုတိုဆွဲသည်ဟု သိသကဲ့သို့ ထွက်သက် ဝင်သက်

အတို အရှည်ကို သိ၍၊ အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ကျင့်၏၊ ရုန့်ရင်းသော ထွက်သက် ဝင်သက်ကို ငြိမ်းစေလျက် ကျင့်၏၊ ထိုပြင် လျောင်း ထိုင် ရပ် သွား လေးပါးသော ဣရိယာပုတ်ကို သိ၏၊ ရှေ့သို့သွားရာ နောက်သို့ ဆုတ်ရာ တူရူ တစောင်းကြည့်ရာ ကွေးဆန့်ရာ သပိတ်သင်္ကန်း ဆောင်ရာ စားသောက်ရာ ကျင်ကြီး ကျင်ငယ် စွန့်ရာ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ် နေရာတို့၌ သိလျက် ပြုလေ့ရှိ၏၊ ထိုမှတပါး ခြေဖဝါးမှ အထက် ဆံပင်ဖျားမှ အောက် ထက်ဝန်းကျင် အရေပါး အဆုံးရှိသော မစင်ကြယ်သည့်အရာ အမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ရုပ်အပေါင်းကို စူးစိုက် ဆင်ခြင်၏၊ ဤရုပ်အပေါင်း၌ မြေ ရေ လေ မီး ဓာတ်ကြီး လေးပါးရှိ၏ဟု စူးစိုက် ဆင်ခြင်၏၊ ထိုပြင် သူသေ ကောင်ကဲ့သို့ ရုပ်အပေါင်းကို နှိုင်းစာ၍ရှု၏၊ ဤသို့ မိမိ သူတပါး ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။

ရဟန်းသည် သုခ ဒုက္ခ အဒုက္ခမသုခ ဝေဒနာ, ကာမဂုဏ်နှင့် စပ်၍ ချမ်းသာ ဆင်းရဲသော ကာမဂုဏ်နှင့် မစပ်၍ ချမ်းသာ ဆင်းရဲသော ဝေဒနာတို့ကို ခံစားလျှင် ခံစားသည့် အတိုင်း သိ၏၊ မိမိ သူတပါး ဝေဒနာတို့၌ အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ဝေဒနာတို့၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။

ရဟန်းသည် ရာဂ ဒေါသ မောဟနှင့် တကွသော စိတ်, ရာဂ ဒေါသ မောဟ ကင်းသော စိတ်, သံခိတ္တ ဝိခိတ္တ မဟဂ္ဂုတ် သဥတ္တရ အနုတ္တရ သမာဟိတ အသမာဟိတ ဝိမုတ္တ အဝိမုတ္တစိတ်ကို သိ၏၊ မိမိ သူတပါး စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ စိတ်၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။

ရဟန်းသည် အပိတ်အပင် နီဝရဏ ငါးပါး, ဥပါဒါနက္ခန္ဓာ ငါးပါး, ဖြစ်ရာအကြောင်း အာယတန ခြောက်ပါး, သဘောကို သိကြောင်း ဗောဇ္ဈင် ခုနစ်ပါး, အရိယသစ္စာ လေးပါး သဘော တရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်းနေ၏။

ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ ထိုသတိသည် အဆင့်ဆင့် အသိဉာဏ်နှင့် သတိ တပန် တိုးပွားရန်သာ ဖြစ်၏၊ တဏှာဒိဋ္ဌိတို့ဖြင့် မမှီ မတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာ ကိုမျှလည်း စွဲလည်း မစွဲလမ်း။

"ရဟန်းတို့ မည်သူမဆို ဤသတိပဋ္ဌာန် လေးပါးတို့ကို ခုနစ်ရက်မှ ခုနစ်နှစ် ဤနည်းဖြင့် ပွားလျှင် မျက်မှောက် ဘဝ၌ပင် အရဟတ္တ ဖိုလ်ဖြစ်စေ အနာဂါမိ ဖိုလ်ဖြစ်စေ အလိုရှိအပ်၏"။

ရဟန်းတို့သည် မြတ်စွာဘုရား ဟောကြားသော တရားကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေကြကုန်သတည်း။

# ၁၀-ပါယာသိသုတ်

## နောင်ဘဝ ပြဿနာ

အခါတပါး အရှင် ကုမာရကဿပသည် ရဟန်းသံဃာ ငါးရာမျှနှင့် အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်ရာ ကောသလမင်းသားတို့၏ သေတဗျမည်သော မြို့သို့ရောက်၍ ထိုမြို့၏ မြောက်အရပ် ယင်းတိုက်တော၌ နေတော်မူ၏။

ထိုအခါ ပါယာသိမြို့စားသည် ပသေနဒီ ကောသလမင်း ဆုလာဘ်အဖြစ်ဖြင့် အပိုင်စားပေးထားသော သေတဗျမြို့ကို အုပ်ချုပ်၍နေ၏။

ပါယာသိမြို့စားသည် သေတဗျမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့ဖြင့် ခြံရံလျက် ယင်းတိုက်တော အရှင် ကုမာရကဿပ ထံသို့ ချဉ်းကပ်ပြီးလျှင်-"အရှင်ဘုရား ကျွန်ုပ်သည် ဤသို့ဆိုလေ့ရှိပါ၏၊ ဤသို့ ယူလေ့ရှိပါ၏၊ ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် မရှိ၊ သေ၍ တဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုး ဝိပါက်သည် မရှိဟု ယူလေ့ရှိပါသည်"-ဟု လျှောက်၏။

"မြို့စား သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍ မေးအံ့၊ သင် နှစ်သက်သည့်အတိုင်း ဖြေလော့၊ မြို့စား ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤ လ နေ တို့သည် ဤလောက၌ ဖြစ်ကုန်သလော၊ တပါးသော လောက၌ ဖြစ်ကုန်သလော၊ ထို လ နေ တို့သည် နတ်တို့ဖြစ်ကုန်သလော၊ လူတို့ဖြစ်ကုန်သလော"။

"အရှင် ကဿပ ဤ လ နေ တို့သည် တပါးသော လောက၌ ဖြစ်ပါကုန်၏၊ ဤလောက၌ မဖြစ်ပါကုန်၊ ထို လ နေ တို့သည် နတ်တို့ ဖြစ်ပါကုန်၏၊ လူတို့ မဟုတ်ပါကုန်၊ သို့ရာတွင် အကျွန်ုပ်၏ အဆွေခင်ပွန်း သားချင်း ပေါက်ဖော်တို့သည် အသက်ကို သတ်လေ့ ရှိကုန်၏၊ မပေးသောဥစ္စာကို ယူလေ့ရှိကုန်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိကုန်၏၊ မဟုတ် မမှန်သောစကား၊ ကုန်းချော စကား၊ ကြမ်းတမ်းသောစကား၊ ပိန်ဖျင်းသောစကားတို့ကို ပြောလေ့ ရှိကုန်၏၊ တပ်မက်မောခြင်း များကုန်၏၊ ပျက်စီးစေလိုသော စိတ် ရှိကုန်၏၊ မှားယွင်းသော အယူရှိကုန်၏၊ ထိုသူတို့သည် နောင် အခါ၌ ပြင်းထန်စွာ နာမကျန်းရှိကုန်၏၊ ဤသူတို့သည် ဤရောဂါမှ မထကုန်လတ္တံ့ဟု သိသောအခါ အကျွန်ုပ်သည် သူတို့အား ချဉ်း ကပ်၍ အချင်းတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ငရဲသို့ အကယ်၍ ကျရောက်ကုန်သော် ငါ့ထံလာ၍ ပြောကြပါ ကုန်လော့ဟု ပြောဆိုပါ၏၊ ထိုသူတို့သည် ကောင်းပါပြီဟု ဝန်ခံ ကြပြီးလျှင် လာ၍လည်း မပြောကြားကြပါကုန်၊ တမန်ကိုလည်း မစေလွှတ်ကြပါကုန်"။

"မင်းသား ဤလောက၌ သင်၏ မင်းချင်းယောကျ်ားတို့သည် အပြစ် ကျူးလွန်သောသူခိုးကို ဖမ်း၍ ပြကုန်ရာ၏၊ သင်သည် ထို ခိုးသူကို ခိုင်သောကြိုးဖြင့် မြဲမြံစွာ လက်ပြန်ကြိုးချည်၍ မြို့၏ တောင်ဘက် သူသတ်ကုန်း၌ ဦးခေါင်းကို ဖြတ်ကုန်လော့ဟု ဆိုရာ၏၊ မင်းချင်း ယောကျ်ားတို့သည် ကောင်းပါပြီဟု ဝန်ခံ၍ ခိုးသူကို သူသတ်ကုန်း၌ ထိုင်နေစေကုန်ရာ၏၊ ထိုခိုးသူသည် သူသတ်တို့ကို အရှင် သူသတ်တို့ ဤမည်သော ရွာနိဂုံး၌ အကျွန်ုပ်၏ အဆွေ ခင်ပွန်း သားချင်း ပေါက်ဖော်တို့သည် ရှိပါကုန်၏၊ အကျွန်ုပ်သည်

ထိုသူတို့အား မိမိဥစ္စာကိုပြ၍ ပြန်လာသည်တိုင်အောင် ဆိုင်းငံ့ပါကုန်ဦးလော့ဟု အခွင့်တောင်းသော် ရရာသလော”။

“အရှင်ကဿပ မရရာပါ၊ စင်စစ်သော်ကား ငိုကြွေး မြည်တမ်းစဉ်ပင်လျှင် ထိုသူသတ်တို့သည် ထိုသူ၏ ဦးခေါင်းကို ဖြတ်ကုန်ရာပါ၏”။

“မြို့စား လူသားဖြစ်သော ထိုခိုးသူသည် လူသားဖြစ်သော သူသတ်တို့ကို အခွင့်တောင်း၍ မရအံ့၊ ယင်းသို့ဖြစ်မူ ငရဲထိန်းတို့ကို အခွင့်တောင်း၍ ရရာအံ့နည်း”။

“အရှင်ကဿပ ဤသို့ဆိုသော်လည်း ကျွန်ုပ်၏ အဆွေခင်ပွန်းသားချင်း ပေါက်ဖော်တို့သည် အသက်ကိုသတ်ခြင်း မပေးသောဥစ္စာကိုယူခြင်း ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း, မဟုတ် မမှန်သောစကားကို ပြောခြင်း, ကုံးချောစကားကို ပြောခြင်း, ကြမ်းတမ်းသော စကားကို ပြောခြင်း, ပိန်ဖျင်းသောစကားကို ပြောခြင်းတို့မှ ရှောင်ကြဉ်ကုန်၏၊ တပ်မက်မောခြင်း မများကုန်၊ ပျက်စီးစေလိုသော စိတ် မရှိကုန်၊ မှန်သော အယူရှိကုန်၏၊ ထိုသူတို့သည် နောင်အခါ၌ ရောဂါ နှိပ်စက်အပ်ကုန်၏၊ အကျွန်ုပ်သည် သူတို့ထံ ချဉ်းကပ်၍ အချင်းတို့ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ နတ်ပြည်သို့ အကယ်၍ ရောက်ကုန်သော် ငါ့ထံလာ၍ ပြောကြပါကုန်လော့ဟု ပြောဆိုပါသည်၊ သူတို့သည် ကောင်းပါပြီဟုဝန်ခံပြီးလျှင် လာ၍လည်း မပြောကြပါကုန်၊ တမန်ကိုလည်း မစေလွှတ်ကြပါကုန်”။

“မြို့စား သို့ဖြစ်လျှင် ယောကျ်ားတယောက်သည် မစင်တွင်း၌ ဦးခေါင်းနှင့်တကွ နစ်မြုပ်လျက် ရှိရာ၏၊ ထိုအခါ သင်သည်

မင်းချင်းယောကျ်ားတို့ကို အချင်းတို့ ထိုယောကျ်ားကို မစင်တွင်းမှ ထုတ်ယူကုန်လော့၊ ကိုယ်၌ ပေကျံနေသော မစင်တို့ကို သုတ်သင်ကုန်လော့၊ ကိုယ်ကို မြေဖြူဖြင့် ကောင်းစွာ ပွတ်တိုက်ကုန်လော့၊ ဆံဖြင့် သုတ်ပြန်၍ နူးညံ့သော ကသယ်မှုန့်ဖြင့် ဆေးကျောဖြင်းကို ပြုကုန်လော့၊ ဆံ မုတ်ဆိတ်တို့ကို ပြုပြင်ကုန်လော့၊ အဘိုးထိုက်သော ပန်းကုံး နံ့သာပျောင်း အဝတ်တို့ကို ဆောင်နှင်းကုန်လော့၊ ပြာသာဒ်ထက်၌ တင်၍ ကာမဂုဏ်ငါးပါးတို့ကို ထားကုန်လော့၊ ထိုသူတို့သည် ထိုယောကျ်ားကို ပြာသာဒ်ထက်သို့တင်၍ ကာမဂုဏ်ငါးပါးတို့ကို ထားကုန်ရာ၏၊ ထိုယောကျ်ားအား ထိုမစင်တွင်း၌ တဖန် နစ်မြုပ်လိုသော သန္ဓေ ဖြစ်ရာသေးသလော"။

"အရှင်ကဿပ ထိုသို့ မဖြစ်ရာပါ"။

"မင်းကြီး ဤအတူသာလျှင် လူတို့သည် နတ်တို့၏ အငြှိအငြင်၌ ညစ်ညမ်းသည်လည်း ဖြစ်၏၊ နံစော်သည်လည်း ဖြစ်၏၊ စက်ဆုပ်ဘွယ်လည်း ဖြစ်၏၊ ရွံရှာဘွယ်လည်း ဖြစ်၏၊ ပျူဝန္နာ တရာကပင် လူတို့၏ အနံ့သည် နတ်တို့ကို နှိပ်စက်နိုင်၏၊ သေပြီးသည်မှ နောက်၌ နတ်ပြည်သို့ ရောက်ကုန်သည်ရှိသော် အဘယ်မှာ လာ၍ ပြောကြားကုန်အံ့နည်း။

"မင်းကြီး ထိုပြင် ဤလူ့ပြည်၌ အနှစ်တရာသည် တာဝတိံသာ နတ်တို့၏ တနေ့ တညဥ့်ဖြစ်၏၊ ထိုသို့သော နေ့ညဥ့် သုံးဆယ်သည် တလမည်၏၊ ထိုသို့သော ဆယ့်နှစ်လသည် တနှစ်မည်၏၊ ထိုသို့သော နှစ်ဖြင့် နတ်ပြည်၌ ဖြစ်သော အနှစ် တထောင်သည် တာဝတိံသာ နတ်တို့၏ သက်တန်းဖြစ်၏၊ သင်၏ အဆွေခင်ပွန်း သားချင်း ပေါက်ဖော်တို့သည် တာဝတိံသာသို့ ရောက်ကုန်သော် ထိုသူတို့သည် လာ၍ ပြောကြားနိုင်ကုန်ရာ သလော"။

"အရှင် ကဿပ မပြောကြား နိုင်ကုန်ရာပါ၊ စင်စစ်အားဖြင့် ကျွန်ုပ်တို့သည် ကြာမြင့်စွာ အခါကပင် သေပြီး ဖြစ်ကုန်ရာပါ၏၊ သို့ရာတွင် တာဝတိံသာ နတ်တို့သည်ရှိကုန်၏ ဟူ၍ငှင်း ဤသို့ အသက်ရှည်ကုန်၏ ဟူ၍ငှင်း အဘယ်သူ ပြောကြားပါသနည်း၊ အကျွန်ုပ်တို့ မယုံကြည်ပါကုန်"။

"မြို့စား ဝမ်းတွင်းကန်းသော ယောကျာ်းသည် အမဲ အဖြူ အညို အရွှေ အနီ အမောင်း အဆင်းတို့သည် မရှိကုန်၊ ထိုအဆင်းတို့ကို မြင်သောသူတို့သည် မရှိကုန်၊ ညီညွတ်သော အရာ, မညီညွတ်သော အရာ, ကြယ်တာရာ အရောင် လ နေတို့ မရှိကုန်၊ မြင်သူတို့သည် မရှိကုန်ဟုဆိုသော် ထိုဝမ်းတွင်းကန်းသည် မှန်စွာ ဆိုသည် မည်ရာ သလော"။

"အရှင်ကဿပ မှန်စွာ ဆိုသည် မမည်ရာပါ"။

"မြို့စား ဤအတူပင် ဤ မံသစက္ခုဖြင့် တပါးသော လောကကို မြင်အပ်သည်ဟု မမှတ်အပ်၊ သမဏ ဗြာဟ္မဏတို့သည် အထူးသဖြင့် ကြည်လင်သော ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ဤလောကကိုငှင်း တပါးသော လောကကိုငှင်း သေ၍တဖန် ဖြစ်ပေါ်သော သတ္တဝါ တို့ကိုငှင်း မြင်ကုန်၏"။

"အရှင် ကဿပ ဤသို့ ဆိုသော်လည်း သီလရှိကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် သေကုန် သော် ဤလောကထက် မွန်မြတ်သည် ဖြစ်လတ္တံ့ဟု သိကုန်ငြားအံ့၊ ထိုသူတို့သည် ယခုချက်ခြင်း အဆိပ်ကိုမူလည်း စား၍ သေကုန်ရာ၏၊ ထား လက်နက်ကိုမူလည်း ဆောင်ယူ၍ သတ်သေကုန်ရာ၏၊ ကြိုးဆွဲ ချ၍မူလည်း သေကုန်ရာ၏၊ ကမ်းပါးပြတ်၌ မူလည်း ခုန်ချ၍ သေကုန်ရာ၏၊ ထိုသူတို့သည် မသိကုန်သောကြောင့် အသက်ရှည်

ခြင်းငှာ အလိုရှိကုန်၏၊ မသေခြင်းငှာ အလိုရှိကုန်၏၊ ချမ်းသာကို အလိုရှိကုန်၏၊ ဆင်းရဲကို စက်ဆုပ်ကုန်၏၊ မိမိကိုယ်ကို မသတ်ကုန်”။

“မြို့စား ရှေး၌ဖြစ်ဘူးသည်ကား ပုဏ္ဏားတယောက်အား မယားနှစ်ယောက်ရှိ၏၊ တယောက်အား ဆယ်နှစ် ဆယ့်နှစ်နှစ် အရွယ် သားတယောက် ရှိ၏၊ တယောက်သည်ကား ကိုယ်ဝန် အရင့်အမာ သားဖွားခါနီးဖြစ်၏၊ ထိုအခါ ပုဏ္ဏားသည် သေလေ၏၊ ထိုပုဏ္ဏား၏ သားလုလင်ငယ်သည် အမိ၏ ရန်သူ မိထွေးအား အမိ ဤဥစ္စာ စပါး ရွှေ ငွေ အလုံးစုံသည် ကျွန်ုပ်၏ ဥစ္စာသာတည်း၊ ဤဥစ္စာ စု၌ သင်၏အဘို့ တစုံတခုမျှ မရှိ၊ ကျွန်ုပ်အား အဖ၏ အမွေ အနှစ်ကို အပ်နှင်းပါလော့ဟု ဆို၏၊ မိထွေးသည် ထိုလုလင်ငယ်အား အမောင် မွေးဖွားသည် တိုင်အောင် ဆိုင်းငံ့ပါဦး၊ အကယ်၍ သတို့သား မွေးဖွားသည်ဖြစ်အံ့၊ အချို့ တဝက်သည် ထိုသား၏ အဘို့အစုလည်း ဖြစ်လတ္တံ့၊ အကယ်၍ သတို့သမီး မွေးဖွားသည် ဖြစ်အံ့၊ ထိုသတို့သမီးသည်လည်း သင်၏ အလုပ်အကျွေး ဖြစ်လတ္တံ့၊ ဤသို့လျှင် သုံးကြိမ်တိုင်မျှ တောင်းပန်သော်လည်း မရ၍ ပုဏ္ဏေးမသည် ဒါးလက်နက်ကိုယူ၍ တိုက်ခန်းသို့ ဝင်ပြီးလျှင် သတို့သား ဖြစ်စေ၊ သတို့သမီး ဖြစ်စေ ဖွားစေခြင်းငှာ ဝမ်းကို ခွဲလေ၏၊ ထိုပုဏ္ဏေးမသည် မိမိကိုယ်ကိုရင်း အသက်ကိုရင်း အလုံးစုံသော ဥစ္စာကိုရင်း ဖျက်ဆီး၏၊ ဆင်ခြင်ကင်းမဲ့စွာ အမွေအနှစ်ကို ရှာသည် ဖြစ်၍ ပျက်စီးခြင်းသို့ ရောက်ဘိသကဲ့သို့ တပါးသော လောကကို ရှာသည်ဖြစ်၍ ပျက်စီးခြင်းသို့ ရောက်လတ္တံ့၊ သီလရှိကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် မရင့် ကျက်သေးသည်ကို ရင့်ကျက်အောင် မပြုကုန်၊ ရင့်ကျက်သော

အခါကို ဆိုင်းငံ့ကုန်၏၊ ပညာရှိတို့သည် အသက်ရှင်နေခြင်းကို အလိုရှိအပ်ကုန်သည်သာတည်း”။

“ရှင်ကဿပ ဤသို့ဆိုသော်လည်း အကျွန်ုပ်၏ မင်းချင်းယောကျ်ားတို့သည် အပြစ် ကျူးလွန်သော ခိုးသူကို ဖမ်း၍ ပြကုန်၏၊ ထိုခိုးသူယောကျ်ားကို အသက်ရှင်စဉ်ပင် အိုး၌ထည့်၍ အိုးဝကို ပိတ်ပြီးလျှင် စိုစွပ်သော သားရေဖြင့် ကျက်၍ စိုစွပ်သော မြေဖြင့် ထူစွာ လိမ်းကျံပြီးသော် ခုံလောက်ပေါ်သို့ တင်လျက် မီးတိုက်ကုန်၏၊ သေပြီဟု သိသောအခါ အိုးဝကို ဖြည်းညှင်းစွာ ဖွင့်ပြီးလျှင် ထွက်သွားသော အသက်ကို ကြည့်ကြပါကုန်၏။ မမြင်ရပါကုန်”။

“မြို့စား သင် နေ့အချိန် အပန်းဖြေ အိပ်စက်စဉ်အခါ အာရာမ်၏ မွေ့လျော်ဘွယ် ဥယျာဉ်၏ မွေ့လျော်ဘွယ် မြစ်၏ မွေ့လျော်ဘွယ် ရေကန်၏ မွေ့လျော်ဘွယ်တို့ကို အိပ်မက်၌ မြင်မက်ဘူးသည်ကို မှတ်မိပါသလော”။

“မှတ်မိပါ၏”။

“ထိုအခါ မောင်းမတို့သည် သင့်ကို စောင့်နေကုန်သလော၊”

“စောင့်နေပါကုန်၏”။

ထိုမောင်းမဘို့သည် သင်၏အသက် ဝင်သည်ကိုရင်း ထွက်သည်ကိုရင်း မြင်ကြကုန်သလော”။

“မမြင်ကြပါကုန်”။

“မြို့စား အသက်ရှင်လျက် ရှိကုန်သော မောင်းမတို့သည် အသက်ရှင်လျက်ရှိသော သင်၏ အသက် ဝင်သည်ကိုရင်း ထွက်သည်ကိုရင်း မမြင်ရမူ သင်သည် သေသောသူ၏ အသက် ဝင်သည်ကိုရင်း ထွက်သည်ကိုရင်း အဘယ်မှာ မြင်ပါအံ့နည်း”။

"အရှင်ကဿပ ခိုးသူယောကျ်ားကို အသက်ရှင်စဉ်ပင် စဉ်းချိန်ဖြင့် ချိန်စက်လျက် ထွက်သက် မရှိအောင် လေးကြိုးဖြင့် လည်၌ ညှစ်၍ သတ်ပြီးလျှင် တဖန် စဉ်းချိန်၌ ချိန်စက်ပါကုန်၏၊ ထိုယောကျ်ားသည် သေသည့်အခါ၌ ပို၍ လေးလည်း လေး၏၊ ပို၍ ခက်မာလည်း ခက်မာ၏၊ ပို၍ အပြုအပြင်လည်း မခံ"။

"မြို့စား ယောကျ်ား တယောက်သည် တနေ့ပတ်လုံး ရဲရဲ ညီသော သံတွေခဲကို စဉ်းချိန်ဖြင့် ချိန်စက်ရာ၏၊ နောင်အခါ အေးပြီးသော ထိုသံတွေခဲကို စဉ်းချိန်ဖြင့် တဖန် ချိန်စက်ပြန်၏၊ ဘယ်အခါမှာ ထိုသံတွေခဲသည် ပို၍ ပေါ့လည်း ပေါ့သနည်း၊ ပို၍ ပျော့ပျောင်းလည်း ပျော့ပျောင်းသနည်း၊ ပို၍ အပြုအပြင်လည်း ခံသနည်း"။

"အရှင်ကဿပ ထိုသံတွေခဲသည် အပူဓာတ် လေဓာတ်နှင့် ပေါင်းဆုံမိ၍ ရဲရဲညီသောအခါ ပို၍ ပေါ့လည်း ပေါ့၏၊ ပို၍ ပျော့ပျောင်းလည်း ပျော့ပျောင်း၏၊ ပို၍ အပြုအပြင်လည်း ခံ၏"။

"မြို့စား ဤအတူပင် ဤကိုယ်သည် အသက် ကိုယ်ငွေ့ ဝိညာဉ်တို့နှင့် ပေါင်းဆုံမိသောအခါ ပို၍ ပေါ့လည်း ပေါ့၏၊ ပို၍ ပျော့ပျောင်းလည်း ပျော့ပျောင်း၏၊ ပို၍ အပြုအပြင်လည်း ခံ၏"။

"အရှင်ကဿပ အကျွန်ုပ်သည် ခိုးသားယောကျ်ားကို အရေ၊ အရေထူ အသား အကြော အရိုး ရိုးတွင်း ချဉ်ဆီကို မပျက်စီးစေမူ၍ ဇီဝိတိန္ဒြေမှ ချပါကုန်၏၊ ထိုခိုးသူ သေတော့မည့် ဆဲဆဲဖြစ်သောအခါ ပက်လက်ချထား၍ သူ၏ အသက် ထွက်သည်ကို ကြည့်ကြပါသည်၊ မမြင်ပါကုန်"။

"မြို့စား ရှေး၌ ဖြစ်ဘူးသည်ကား ခရုသင်းမှုတ်သော ယောကျ်ား တယောက်သည် ရွာတရွာသို့ ချဉ်းကပ်၍ ရွာ၏ အလယ်၌ ရပ်လျက်

ခရုသင်းကို သုံးကြိမ် မှုတ်ပြီးလျှင် ခရုသင်းကို မြေ၌ ချထား၍ သင့်လျော်သော အရပ်၌ ထိုင်နေ၏၊ ထိုအခါ ကျေးလက်သား တို့သည် ထိုခရုသင်းကို ပက်လက်ချထားကုန်၍ ခရုသင်း မြည်လော့၊ ခရုသင်း မြည်လော့ဟု ဆိုကြကုန်၏၊ ခရုသင်းကို မှောက်ခုန် ချထားကုန်၏၊ တဖက်သို့စောင်း၍ ချထားကုန်၏၊ အခြားတဖက်သို့ စောင်း၍ ချထားကုန်၏၊ မတ်ရပ် ထောင်၍ ချထားကုန်၏၊ ဦးစောက် ပြောင်းပြန် ထားကုန်၏၊ လက်ဖြင့် ပုတ်ခတ်ကုန်၏၊ ခဲဖြင့် ထုကုန်၏၊ တုတ်ဖြင့် ရိုက်ကုန်၏၊ ထားဖြင့် ခုတ်ကုန်၏၊ဤမှာ ဘက်မှ ပွတ်ကုန်၏၊ထိုမှာဘက်မှ ပွတ်ကုန်၏၊ဤဘက် ထိုဘက် အပြန်ပြန် အလှန်လှန် ပွတ်ကုန်၏၊ ခရုသင်း မြည်လော့၊ခရုသင်း မြည်လော့ဟု ဆိုကုန်၏၊ အသံ မမြည်သည်သာတည်း၊ ထိုကျေးလက်သားတို့ ကြည့်နေစဉ် ခရုသင်းမှုတ်သော သူသည် ခရုသင်းကို ကိုင်၍ သုံးကြိမ် မှုတ်ပြီးလျှင် ခရုသင်းကို ယူ၍ ဖဲသွားလေ၏၊ခရုသင်း မြည်သည်ကား မှုတ်သော ယောကျ်ား မှုတ်ခြင်း လုံ့လ မှုတ်အပ်သော လေနှင့် ပေါင်းဆုံမိသောအခါ အသံမြည်၏၊ဤအတူ ဤကိုယ်သည် အသက် ကိုယ်ငွေ့ ဝိညာဉ်တို့နှင့် ပေါင်းဆုံမိသောအခါ ရှေ့သို့လည်း တက်၏၊ နောက်သို့လည်း ဆုတ်၏၊ ရပ်လည်း ရပ်၏၊ ထိုင်လည်း ထိုင်၏၊ အိပ်လည်း အိပ်၏၊ အာရုံတို့ကိုလည်း တွေ့ထိ၏၊ သိ၏”။

“အရှင်ကဿပ ဤသို့ဆိုသော်လည်း ကျွန်ုပ်သည် ခိုးသူ ယောကျ်ား၏ အရေပါးကိုခွာ၍ ထိုယောကျ်ား၏ အသက်ကို ကြည့် ပါ၏၊ မမြင်ပါ”။

“မြို့စား ရှေး၌ ဖြစ်ဘူးသည်ကား မီးကို လုပ်ကျွေးသော ရသေ့ တယောက်သည် ဇနပုဒ်၌ ပြုဘွယ်ကိစ္စ ဖြစ်ပေါ်လာ၍ ရသေ့ငယ်

အား ချစ်သား ငါသည် ဇနပုဒ်သို့ သွားလို၏၊သင် မီးကို လုပ်ကျွေးရစ်လော့၊ မငြိမ်းစေလင့်၊ အကယ်၍ မီးငြိမ်းခဲ့ငြားအံ့၊ ဤကား ပဲခွပ်တည်း၊ ဤသည်တို့ကား ထင်းတို့တည်း၊ ဤကား မီးပွတ် အစုံတည်း၊ မီးကို ဖြစ်စေ၍ မီးကို လုပ်ကျွေးရစ်လော့ဟု ဆို၍ သွားလေ၏၊ သူငယ်သည် ကစားမြူးတူး၍ နေစဉ် မီးငြိမ်းလေ၏၊ မီးကို ရကောင်း ရတန်ရာ၏ဟု စဉ်းစားလျက် မီးပွတ်အစုံကို ပဲခွပ်ဖြင့် ရွေ၏၊ စိတ်စိတ် ခွဲ၏၊ ဆုံ၌ ထောင်း၏၊ ထိုသူငယ်သည် မီးကို မရသည်သာတည်း၊ မွှိုစား ဤအတူ မိုက်မဲသော မလိမ်မာသော သင်သည် အဆင်ခြင်ကင်းမဲ့စွာ တပါးသော လောကကို ရှာဘိ၏”။

“အရှင်ကဿပ အရှင်၏ ရှေးဦးစွာသော ဥပမာဖြင့် အကျွန်ုပ် နှစ်သက်ပါ၏၊ ကြည်ညိုပါ၏၊ ထိုသို့ ဖြစ်သော်လည်း ကျွန်ုပ်သည် ဆန်းကြယ်သော အမေး အဖြေတို့ကို နာကြားလိုသည် ဖြစ်၍သာ လျှင် အရှင့်ကို ဆန့်ကျင်ဘက်ကဲ့သို့ ပြုအပ်သည်ဟု မှတ်ထင်ခဲ့ မိပါ၏၊ အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ဥပါသကာဟု မှတ်တော်မူပါ”။

သုတ် မဟာဝါ အကျဉ်းချုပ်



# သုတ်ပါထေယျ



ဟိန္ဒူ ပန်းချီဆရာ ရေးဆွဲသော
ဗြာဟ္မဏဝါဒီ ရသေ့ ပရိဗိုဇ်များ

# ၁-ပါထိက သုတ်

## သုနက္ခတ် ရဟန်း

အခါတပါး မြတ်စွာဘုရားသည် မလ္လတိုင်း အနုပိယ နိဂုံး၌ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဘဂ္ဂဝ ပရိဗိုဇ်၏ အရံ ဘဂ္ဂဝ ထံသို့ ချဉ်းကပ်တော်မူ၏၊ ထိုအခါ ဘဂ္ဂဝသည်-"မြတ်စွာ ဘုရား ယခင် နေ့တို့၌ လိစ္ဆဝီ မင်းသား သုနက္ခတ်သည် အကျွန်ုပ်ထံ ချဉ်းကပ်၍ ငါသည် ယခု ဗုဒ္ဓကို စွန့်လွှတ်လိုက်ပြီ၊ သူ့ကို ရည်ညွှန်း၍ မနေတော့ပါဟု ဆိုပါ၏၊ သူဆိုသည့် အတိုင်း မှန်ပါ သလော-"ဟု လျှောက်၏။

ဘဂ္ဂဝ သူဆိုသည့်အတိုင်း မှန်၏၊ ယခင် နေ့တို့၌ သုနက္ခတ် ရဟန်းသည် ငါ့ထံ ချဉ်းကပ်ပြီး ပြောပြ၏-

"မြတ်စွာဘုရား ယခု အကျွန်ုပ်သည် သင့်ကို စွန့်ပါ၏၊အကျွန်ုပ် သည် သင့်ကို ရည်ညွှန်း၍ နေတော့မည် မဟုတ်ပါ"။

"သုနက္ခတ် သင် ငါ့ကို ရည်ညွှန်း၍ နေလော့၊ သင်ကလည်း ငါ့ကို ရည်ညွှန်း၍ အကျွန်ုပ် နေပါအံ့ဟု ဆိုဘူးသလော"။

"မဆိုဘူးပါ မြတ်စွာဘုရား"။

"အချည်းနှီးဖြစ်သော ယောကျ်ား ဤသို့ဖြစ်လျှင် သင်သည် အဘယ်သူဖြစ်၍ အဘယ်သူ့ကို စွန့်သနည်း၊ သင် အဘယ်မျှ လွန်ကျူး ပြစ်မှားသည်ကို ရှုဘိလော့"။

"မြတ်စွာဘုရား အရှင်သည် အကျွန်ုပ်အား တန်ခိုးပြာဋိဟာကို ပြတော်မမူပါ"

"သုနက္ခတ် တန်ခိုး ပြာဋိဟာ ပြမည်ဟု သင့်ကို ဆိုဘူးသလော"

"မဆိုဘူးပါ မြတ်စွာဘုရား"

"မြတ်စွာဘုရားတန်ခိုးပြာဋိဟာ ပြမည်ဆိုလျှင် အကျွန်ုပ်သည် သင့်ကို ရည်ညွှန်း၍ နေပါအံ့ဟု သင်ကလည်း ငါ့အား ဆိုဘူးသလော"။

"မဆိုဘူးပါ မြတ်စွာဘုရား"။

"အချည်းနှီးဖြစ်သော ယောကျ်ား ဤသို့ဖြစ်လျှင် သင်သည် အဘယ်သူဖြစ်၍ အဘယ်သူကို စွန့်သနည်း၊ တန်ခိုး ပြာဋိဟာ ပြသည်ဖြစ်စေ မပြသည်ဖြစ်စေ ဆင်းရဲကုန်ခြင်း အကျိုးငှာ ငါဟောသော တရားသည် ဟောသည့်အတိုင်း ကျင့်သူ၏ အလုံးစုံသော ဆင်းရဲကုန်ခြင်း အကျိုးငှာဖြစ်သည် မဟုတ်လော"။

"မြတ်စွာဘုရား ဖြစ်ပါ၏"။

"သုနက္ခတ် ဤသို့ဖြစ်သော် တန်ခိုး ပြာဋိဟာ ပြခြင်းသည် အဘယ် ပြုအံ့နည်း၊ အချည်းနှီးဖြစ်သော ယောကျ်ား သင်အဘယ်မျှ ကျူးလွန် ပြစ်မှားသည်ကို ရှုဘိလော့"။

"မြတ်စွာဘုရား သင်သည် အကျွန်ုပ်အား လောက၏ အစဟု သိအပ်သော အဂ္ဂည တရားကို ဟောတော် မမူပါ"

"သုနက္ခတ် ငါ အဂ္ဂည တရားကို ဟောမည်ဟု သင့်ကို ဆိုဘူးသလော၊ သင်ကလည်း ဟောပါဟု ငါ့အား ဆိုဘူးသလော"။

"မဆိုဘူးပါ မြတ်စွာဘုရား"။

"သုနက္ခတ် လိစ္ဆဝီမင်းသား သုနက္ခတ်သည် ရဟန်း ဂေါတမထံ၌ မြတ်သော အကျင့်ကို ကျင့်ရန် မစွမ်းနိုင်သဖြင့် သိက္ခာချ၍ လူထွက်၏ဟု သင့်ကို ကဲ့ရဲ့ကုန်လတ္တံ့"။

ဘဂ္ဂဝ ဤသို့ ငါပြောသော်လည်း အပါယ် ငရဲ လားထိုက်သူသည် ဖဲသွားသကဲ့သို့ သုနက္ခတ်သည် ဤသာသနာမှ ဖဲသွားသည်သာတည်း။

## ကောရ ခတ္တိယ

ဘဂ္ဂဝ အခါတပါး၌ ငါသည် ထူလု ဇနပုဒ် ဥတ္တရကာ မည်သော နိဂုံး၌ နေ၏၊ ထိုအခါ ငါသည် နောက်လိုက် ရဟန်း လိစ္ဆဝီမင်းသား သုနက္ခတ်နှင့် အတူ ဥတ္တရကာ နိဂုံးသို့ဆွမ်းခံဝင်၏၊ ထိုအခါ အဝတ် မဝတ်သော ကောရ ခတ္တိယ တက္ကတွန်းသည် ခွေးကျင့် ကျင့်၏၊ လေးဘက်ထောက် သွား၏၊ မြေ၌ ချထားသည့် အစာကို ပါးစပ်ဖြင့်သာ ဟပ်၍ စား၏၊ သုနက္ခတ်သည်ထိုတက္ကတွန်းကို မြင်၍ ကြံတွေးနေ၏၊ ငါသည် သူ၏ အကြံကို စိတ်ဖြင့်သိ၍ ဤစကားကို ဆို၏-

"အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် သာကီဝင်မင်းသား ဗုဒ္ဓ၏ တပည့်သား ရဟန်းဟု ဝန်ခံဘိ၏"။

"မြတ်စွာဘုရား ဤသို့ အဘယ်ကြောင့် ဆိုပါသနည်း"

"သုနက္ခတ် သင်သည် ခွေးကျင့်ကျင့်သော တက္ကတွန်းကိုမြင်၍ ဤရဟန်းကား ချီးမွမ်း အံ့ဩဖွယ် ကောင်းလေစွဟု အကြံဖြစ်သည် မဟုတ်လော"။

"မှန်ပါသည်-မြတ်စွာဘုရားသည် အဘယ်ကြောင့်အရဟတ္တဖိုလ်ကို ဝန်တိုပါသနည်း"။

"အချည်းနှီးသော ယောကျ်ား ငါသည် အရဟတ္တဖိုလ်ကို ဝန်မတို၊ စင်စစ် သင့်အားသာ ဤယုတ်မာသော မိစ္ဆာအယူ ဖြစ်ပေါ်နေ၏၊ ထိုအယူကို စွန့်လော့၊ သင့်အား ကြာမြင့်စွာ အစီးအပွားမဲ့ခြင်း ဆင်းရဲခြင်း မဖြစ်စေလင့်၊ ထိုတက္ကတွန်းသည် ခုနစ်ရက်မြောက်သောနေ့၌ စားပိုးနင့်၍ သေလိမ့်မည်၊ သေပြီးသော် အယုတ်ဆုံးသော အသုရာဘုံ၌ အသုရာ ဖြစ်လိမ့်မည်၊ သူ့ကို ပြိတ်မြက်တောရှိသော သင်းချိုင်း၌ စွန့်ကြမည်"။

ဘဂ္ဂဝ စင်စစ် ကောရ ခတ္တိယ တက္ကတွန်းသည် ငါဆိုသည့်အတိုင်းပင် သေဆုံး၍ ပြိတ်မြက်တောရှိသော သင်းချိုင်း၌ စွန့်ကြ၏၊ ထိုအခါ သုနက္ခတ်သည် သင်းချိုင်းသို့ သွားပြီး- "ငါ့ရှင် ကောရ ခတ္တိယ မိမိ လားရာကို သိပါ၏လော"-ဟု လက်ဖြင့် ပုတ်၍ တက္ကတွန်းကို မေး၏၊ ထိုအခါ တက္ကတွန်းသည် လက်ဖြင့် ကျောကို ပွတ်လျက် ထပြီးလျှင်-"ငါ့ရှင် သုနက္ခတ် မိမိလားရာကို သိပါ၏၊ အယုတ်ဆုံးသော အသုရာဘုံ၌ ကာလကဉ္စိကာမည်သော အသုရာ ဖြစ်နေပါ၏-"ဟုဆို၍ ထိုနေရာ၌ပင် ပက်လက်လည်းလေ၏၊ ထို့နောက် သုနက္ခတ်အား ငါသည် ဤသို့ဆို၏-

"သုနက္ခတ် ကောရ ခတ္တိယ တက္ကတွန်းကို အကြောင်းပြု၍ ငါပြောသည့်အတိုင်း ဖြစ်သလော၊ သို့မဟုတ် တနည်းတဖုံအားဖြင့် ဖြစ်သလော"။

"မြတ်စွာဘုရား၏ စကားအတိုင်း ဖြစ်ပါ၏၊ တနည်းတဖုံအား ဖြင့် မဖြစ်ပါ"။

"အချည်းနှီးဖြစ်သော ယောကျ်ား ဤသို့ တန်ခိုး ပြာဋိဟာ ပြသော ငါ့ကို မပြဟု သင်ဆိုဘိ၏၊ သင် အဘယ်မျှ လွန်ကျူး ပြစ်မှားသည်ကို ရှုဘိလော"။

ဘဂ္ဂဝ ဤသို့ပင် ငါဆိုသော်လည်း အပါယ်ငရဲ လားထိုက် သူသည် ဖဲသွားသကဲ့သို့ သုနက္ခတ်သည် ဤသာသနာမှ ဖဲသွား သည်သာတည်း။

## ကဠာရ မဋ္ဋက

ဘဂ္ဂဝ ငါသည် အခါတပါး ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ကျောင်း၌ နေ၏၊ ထိုအခါ အဝတ် မဝတ်သော ကဠာရ မဋ္ဋက တက္ကတွန်းသည် ဝေသာလီပြည် ဝဇ္ဇီမင်းတို့၏ ရွာ၌လာဘ် များခြင်း အခြံအရံများခြင်း အထွတ်အထိပ်သို့ ရောက်နေ၏၊ သူသည် အဝတ်မဝတ်, မေထုန်မမှီဝဲ, သေအရက်နှင့် အသားတို့ ဖြင့်သာ မျှတ၏၊ ဥဒေန စေတီ, ဂေါတမ စေတီ, သတ္တမ္ဗစေတီ, ဗဟုပုတ္တ စေတီကို လွန်၍ မသွား ဟူသော ကျင့်ဝတ်များကို ဆောက်တည်နေ၏၊ ထိုအခါ သုနက္ခတ်သည် ထိုတက္ကတွန်းထံ ချဉ်းကပ်ပြီး ပြဿနာမေး၏၊ တက္ကတွန်းသည် ပြဿနာကို မဖြေ နိုင်သောကြောင့် အမျက်ထွက်၍ စိတ်ပျက်မှု မနှစ်သက်မှုကို ဖော်ပြ ၏၊ သုနက္ခတ်သည် ရဟန္တာကို ထိပါးမိလေစွဟု နောင်တဖြစ်နေ၍ ငါက ဤသို့ဆို၏—

“အချည်းနှီးဖြစ်သော ကောက်ချား သင်သည် သာကီဝင်မင်းသား ဗုဒ္ဓ၏ တပည့်သား ရဟန်းဟု ဝန်ခံဘိ၏”။

“မြတ်စွာဘုရား အဘယ်ကြောင့် ဤသို့ မိန့်တော်မူပါသနည်း”။

“သင်သည် ကဠာရ မဋ္ဋက တက္ကတွန်းအား ပြဿနာ မေးပြီး ရဟန္တာကို ထိပါးမိလေစွတကားဟု နောင်တဖြစ်သည် မဟုတ်လော”။

“မှန်ပါသည်—မြတ်စွာဘုရား အဘယ်ကြောင့် အရဟတ္တဖိုလ်ကို ဝန်တိုဘိသနည်း”။

“သုနက္ခတ် ထိုတက္ကတွန်းသည် မကြာမီပင် လူအဝတ်ကို ဝတ်လျက် ခင်ပွန်းမနှင့်အတူ လှည့်လည်ကာ ထမင်း မုံ့ကို စားပြီးလျှင် ဝေသာလီပြည်ရှိ စေတီတို့ကို လွန်၍ အခြံ အရံ ဆုတ်ယုတ်လျက် သေလိမ့်မည်”။

ဘဂ္ဂဝ ထိုနောက် မကြာမီပင် သုနက္ခတ်သည် ငါ့ထံသို့ ချည်းကပ်လာ၍ သူအား ငါ ဤစကားကို ဆို၏—

“သုနက္ခတ် ကဠာရ မဋ္ဋက တက္ကတွန်းကို အကြောင်းပြု၍ ငါပြောသည့်အတိုင်း ဖြစ်သလော၊ သို့မဟုတ် တမျိုးတဖုံအားဖြင့် ဖြစ်သလော”။

“မြတ်စွာဘုရား ပြောကြားသော စကားအတိုင်း ဖြစ်ပါ၏၊ တမျိုး တဖုံအားဖြင့် မဖြစ်ပါ”။

“သုနက္ခတ် ယင်းသို့ဖြစ်သော် တန်ခိုး ပြာဋိဟာကို ပြသည် မည်သလော၊ မပြသည် မည်သလော”။

“မြတ်စွာဘုရား စင်စစ် ပြသည် မည်ပါ၏၊ မပြသည် မမည်ပါ”။

## ပါထိက ပုတ္တ

ဘဂ္ဂဝ အခါတပါး ငါသည် ဝေသာလီပြည် မဟာဝုန်တော ပြသာဒ်ကျောင်း၌ နေ၏၊ ထိုအခါ အဝတ် မဝတ်သော ပါထိက ပုတ္တ တက္ကတွန်းသည် ဝေသာလီပြည် ဝဇ္ဇီမင်းတို့၏ ရွာ၌ လာဘ်များခြင်း အခြံအရံများခြင်း အထွတ် အထိပ်သို့ ရောက်၍ နေ၏၊ ထိုအခါ သူသည် ပရိသတ်၌ ဤသို့သော စကားကို ဆို၏—

"ရဟန်း ဂေါတမသည် သဗ္ဗညုတ ဉာဏ်ကို ဝန်ခံ၏၊ ငါးလည်း ဝန်ခံ၏၊ ဝန်ခံသူသည် ဝန်ခံသူနှင့် တန်ခိုး ပြာဋိဟာ ပြထိုက်၏၊ အကယ်၍ ရဟန်း ဂေါတမ တခု ပြလျှင် ငါ နှစ်ခုပြအံ့၊ သူ နှစ်ခု ပြလျှင် ငါ လေးခုပြအံ့၊ သူ လေးခု ပြလျှင် ငါ ရှစ်ခု ပြအံ့၊ သူ ပြတိုင်း ပြတိုင်းသက် ငါ ဤသို့ နှစ်ဆ နှစ်ဆ တက်၍ ပြအံ့"။

ဘဂ္ဂဝ ဤစကားကို သုနက္ခတ်သည် ငါ့အား လျှောက်လာသော် ငါသည် ဤသို့ ဆိုလိုက်၏—

"သုနက္ခတ် ပါထိက တက္ကတွန်းသည် ဤစကားကို မယုတ် သိမ်းမူ၍ ငါ၏ မျက်မှောက်သို့ လာရန် မထိုက်၊ အကယ်၍ လာလျှင် ဦးခေါင်းသော်လည်း ပြတ်၍ ကျရာ၏"။

"မြတ်စွာဘုရား ဤစကားကို စောင့်စည်းတော်မူပါ"။

"သုနက္ခတ် သင် အဘယ်ကြောင့် ဤစကားကို ဆိုသနည်း"။

"မြတ်စွာဘုရား ပါထိက တက္ကဘွန်းသည် ရုပ်ပြောင်းလွဲ၍ လာခဲ့သော် အရှင်၏ စကား မှားရာ၏"။

"သုနက္ခတ် တထာဂတသည် နှစ်ခွသော စကားကို ပြောရာ သလော၊ ငါသည် ဆွမ်းစားပြီးသော် ပါထိက တက္ကတွန်း၏ အရံသို့ ချဉ်းကပ်မည်"။

ထိုအခါ ထင်ရှားကုန်သော လိစ္ဆဝီမင်းများ ပုဏ္ဏား သူဌေးများ အမျိုးသား သူဌေးများ အယူ အမျိုးမျိုးရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် ပါထိက ပုတ္တ တက္ကတွန်း ထံသို့ ချဉ်းကပ်ကြကုန်၏၊ ပရိသတ်ကား များလှ၏၊ အရာ အထောင် မက ဖြစ်၏၊ ပါထိက ပုတ္တ တက္ကတွန်းသည် ကြောက်လန့် တုန်လှုပ် ကြက်သီးမွေးညှင်း ထသည်ဖြစ်၍ တိန္ဒုက ခါဏု ပရိဗိုဇ် အရံသို့ သွားနေ၏၊ ထိုအခါ ပရိသတ်သည် ယောကျ်ား တယောက်ကို စေလွှတ်လိုက်၏၊ အဘန်ကြာလျှင် ထိုသူပြန်လာပြီး–"အရှင်တို့ ပါထိက ပုတ္တသည် ငါ့ရှင် လာအံ့၊ ငါ့ရှင် လာအံ့ဟုဆို၍ ထိုနေရာ၌သာလျှင် လူးလွန့်၍ နေ၏၊ နေရာမှ ထရန် မစွမ်းနိုင်၊ ရှုံးပုံပေါ်၏"-ဟု ပြောကြား၏၊ ထိုအခါ လိစ္ဆဝီ အမတ်ကြီး တဦးသည် နေရာမှထ၍ သွားခေါ်၏၊ ခဏကြာ ပြန်လာ၍ ထိုအတူ ပြောကြား၏၊ ထိုနောက် ဒါရုပတ္တိကာ၏ တပည့် ဇာလိယသည် နေရာမှ ထ၍ သွား၏၊ သူလည်း မကြာမီ ပြန်လာပြီး ထိုအတူ ပြောကြား၏။

ဘဂ္ဂဝ ထိုအခါ ငါသည် ထို ပရိသတ်ကို တရားစကားဖြင့် သိမြင်ဆောက်တည်စေကာ ထက်သန် ရွှင်လန်းစေပြီးသော် တေဇော ဓာတ်ကို ဝင်စား၍ ကောင်းကင်သို့ ထန်း ခုနစ်ဆင့်တိုင်အောင် တက်၍ အထက်သို့ အခြား ထန်းခုနစ်ဆင့် တိုင်အောင်လည်း မီးလျှံ ဖန်ဆင်း၍ မဟာဝုန်တော ပြာသာဒ်ကျောင်းသို့ ပြန်၍ တည်၏၊ သို့ရာတွင် အပါယ်ငရဲ လားထိုက်သူသည် ဖဲသွား သကဲ့သို့ သုနက္ခတ်သည် ဤသာသနာမှ ဖဲသွားသည်သာတည်း။

ငါသည် လောက၌ အစဟု သိအပ်သော အဂ္ဂည တရားကို လည်း သိ၏၊ ထိုထက် လွန်မြတ်သော တရားကိုလည်း သိ၏၊ ထိုသို့

သိသော်လည်း မှားသောအားဖြင့် မသုံးသပ်၊ ထိုကြောင့် ငါသည် မိမိ၌ ကိလေသာ ငြိမ်းခြင်းကို ကိုယ်တိုင်သာလျှင် သိ၏၊ ယင်းသို့ သိသော ဗုဒ္ဓသည် ဆင်းရဲခြင်းသို့ မရောက်။

မြတ်စွာဘုရား အကျွန်ုပ်သည် ဝိမောက္ခ ချမ်းသာကို ဝင်စား၍ နေနိုင်သည့်တိုင်အောင် မြတ်စွာဘုရားသည် အကျွန်ုပ်အား တရား ဟောစွမ်းနိုင်ပါ၏။

ဘဂ္ဂဝ အယူတမျိုး, အလိုတမျိုး, အကြိုက်တမျိုး, အားထုတ်မှု တမျိုး, ဆရာတမျိုးရှိသော သင်သည် ဝိမောက္ခချမ်းသာကို ဝင်စား၍ နေရန် ခဲယဉ်း၏။

မြတ်စွာဘုရား အကယ်၍ ခဲယဉ်းပါလျှင် မြတ်စွာဘုရား၌ အကျွန်ုပ်၏ ကြည်ညိုခြင်းကိုသာ အကျွန်ုပ် ကောင်းစွာ စောင့်ထိန်း ပါအံ့။

## ၂- ဥဒုမ္ဗရိက သုတ်

### တပေါ ဇိဂုစ္ဆာဝါဒ

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ် တောင်၌ နေတော်မူ၏၊ ထိုအခါ နိဂြောဓ ပရိဗိုဇ်သည် ဥဒုမ္ဗရိက မိဘုရား၏ ပရိဗိုဇ် အရံ၌ သုံးထောင်မျှသော ပရိသတ်နှင့် အတူ နေ၏၊ ထိုအခါ မြတ်စွာဘုရားသည် နိဂြောဓ ပရိဗိုဇ်ထံ ချဉ်းကပ် တော်မူ၏-

"နိဂြောဓ ယခုအခါ အဘယ်စကားဖြင့် စုဝေး နေထိုင်ကုန်သနည်း၊ သင်တို့ မပြီးသေးသော အကြားစကားသည် အဘယ်နည်း"။

"ရဟန်းဂေါတမ အကျွန်ုပ်တို့သည် တပေါ် ဇိဂုစ္ဆာဝါဒကို နှုတ်ဖြင့် ပြောဆိုလေ့ ရှိပါကုန်၏၊ စိတ်ဖြင့် အနှစ်သာရဟု မှတ်ယူလေ့ရှိပါကုန်၏၊ ကိုယ်ဖြင့် စွဲမြဲစွာ ကျင့်သုံးလေ့ရှိပါကုန်၏၊ ယင်းဝါဒသည် အဘယ်သို့လျှင် စင်ကြယ်ပါသနည်း၊ အဘယ်သို့လျှင် မစင်ကြယ် ပါသနည်း"။

ဤလောက၌ တပဿီ ပုဂ္ဂိုလ်သည် စောင့်စည်းခြင်း လေးမျိုးတို့ဖြင့် စောင့်စည်း၏၊ သူ့အသက်ကို မသတ်, မသတ်စေ, အလိုမတူ၊ မပေးသော ဥစ္စာကို မယူ, မယူစေ, အလို မတူ၊ မဟုတ် မမှန်သော စကားကို မပြော, မပြောစေ, အလို မတူ၊ ကာမဂုဏ် မခံစား, မခံစားစေ, အလို မတူ၊ ဤစောင့်စည်းခြင်း လေးမျိုးဖြင့် စောင့်စည်းသော အခါ ထက်သန်သော လုံ့လရှိသည်၏ အဖြစ်ကြောင့် ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာကို မှီဝဲ၏၊ ဆွမ်းစားပြီးနောက် ထက်ဝက်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ကမ္မဋ္ဌာန်းကို ရှေးရှု သတိကို ဖြစ်စေလျက်ထိုင်၏။

ထိုသူသည် လောက၌ မက်မောခြင်း အဘိဇ္ဈာ, ပျက်စီးစေလိုခြင်း ဒေါသ, လေးလံ ထိုင်းမှိုင်းခြင်း ထိန မိဒ္ဓ, ပျံ့လွင့်ခြင်း ဥဒ္ဒစ္စ, နောင်တ ပူပန်ခြင်း ကုက္ကုစ္စ, ယုံမှားခြင်း ဝိစိကိစ္ဆာတို့ကိုပယ်၍ ထိုတရားတို့မှ ကင်းသော စိတ်ဖြင့် နေ၏၊ ထိုတရားတို့မှ စိတ်ကို စင်ကြယ်စေ၏။

ထိုသူသည် စိတ်ညစ်ညူးကြောင်း ဖြစ်သော, ပညာ အားနည်းအောင် ပြုတတ်သော ဤအပိတ် အပင် နီဝရဏတို့ကို ပယ်ပြီး၍

သတ္တဝါအားလုံးကို မိမိနှင့် အတူပြု၍ ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိသော ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာနှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍နေ၏။

"နိဂြောဓ ဤသို့ဖြစ်သော် တပေါဇိဂုစ္ဆာဝါဒသည် ဆင်ကြယ်သလော၊ မစင်ကြယ်သလော"။

"မြတ်စွာဘုရား ဤသို့ဖြစ်သော် ကေန် စင်ကြယ်ပါ၏၊ မစင်ကြယ်သည် မဟုတ်ပါ၊ အကျွန်ုပ်သည် မိုက်မဲ တွေဝေ မလိမ္မာသည့်အလျောက် အပြစ်သည် အကျွန်ုပ်ကို လွှမ်းမိုးခဲ့ပါ၏၊ မြတ်စွာဘုရားသည် ထိုအကျွန်ုပ်၏ အပြစ်ကို နောင်အခါ စောင့်စည်းရန် အပြစ်ဟု သည်းခံတော်မူပါ"။

"နိဂြောဓ အပြစ်ကို အပြစ်ဟုမြင်၍ အကြောင်းအားလျော်စွာ ကုစား၏၊ နောင်အခါ စောင့်စည်း၏၊ ယင်းသည် အရိယာ၏ ဝိနည်း အဆုံးအမ၌ ကြီးပွားကြောင်းသာလျှင် ဖြစ်၏၊ စင်စစ် ငါသည် ဤသို့ဆို၏"—

မစဉ်းလဲ မလှည့်စား ဖြောင့်မတ်သော သဘောရှိသော ပညာရှိ ပုဂ္ဂိုလ်လာပါစေ၊ ငါ ဆုံးမ သွန်သင်အံ့၊ တရား ဟောအံ့၊ ငါဆုံးမ သွန်သင်သည့် အတိုင်း ကျင့်သော သူသည် သာသနာ၏ အထွတ်အထိပ်ဖြစ်သော အတုမဲ့ အကျိုးကို ခုနစ်ရက်အတွင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ကပ်ရောက်၍ နေရလတ္တံ့။

"ရဟန်း ဂေါတမသည် ငါတို့ကို တပည့်ခံစေလိုသဖြင့် ဤစကားကို ဆို၏"ဟု မမှတ်အပ်၊ သင်တို့၏ ဆရာသာလျှင် သင်တို့၏ ဆရာ ဖြစ်ပါစေ၊ သင်တို့၏ ကျမ်းစာသာလျှင် သင်တို့၏ကျမ်းစာ ဖြစ်ပါစေ၊ သင်တို့၏ ကျင့်စဉ်သာလျှင် သင်တို့၏ ကျင့်စဉ်ဖြစ်ပါစေ။

"နိဗ္ဗာန်ဖြင့် စင်စစ်သော်ကား မပယ်ရကုန်သေးသော ကိလေသာ၏ အာရုံဖြစ်ကုန်သော ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော ပူပန်ခြင်းနှင့် ယှဉ်ကုန်သော ဆင်းရဲကျိုးကို ပေးတတ်ကုန်သော နောက်အခါ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းကို ဖြစ်စေတတ်ကုန်သော အကုသိုလ်တရားတို့ကို ပယ်ရန် ငါသည် တရားကို ဟော၏"။

သို့ရာတွင် ထိုပရိဗိုဇ်တို့သည် တိတ်ဆိတ် ညှိုးငယ်စွာ ဦးခေါင်းငိုက်စိုက် မှိုင်တွေလျက် စကားမဆိုနိုင်ကုန်ဘဲ ထိုင်နေကြကုန်၏။

# ၃-စက္ကဝတ္တိ သုတ်

## စကြဝတေးမင်း

အခါတပါး မြတ်စွာဘုရားသည် မဂဓတိုင်း မာတုလမြို့၌ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ မိန့်တော်မူ၏-

မိမိနှင့် တရားသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာ ရှိကုန်သည်ဖြစ်၍ မိမိနှင့် တရားမှ အခြားတပါး ကိုးကွယ်ရာ မရှိကုန်သည်ဖြစ်၍ နေကုန်လော့၊ ပြင်းစွာ အားထုတ် ဆင်ခြင်လျက် သတိရှိလျက် ရုပ်အပေါင်းကိုယ်၌ ရုပ်အပေါင်း ကိုယ်ဟု, ခံစားမှု ဝေဒနာတို့၌ ခံစားမှု ဝေဒနာဟု, စိတ်၌ စိတ်ဟု, သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန်ရှုလျက် လောက၌ လိုချင် တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေခြင်းပင် ဖြစ်၏၊ အဖမှ လာသည့် အမွေဖြစ်ကုန်သော မိမိတို့၏ ကျက်စားရာ အာရုံ၌

ကျက်စားကုန်သော သင်တို့ သန္တာန်၌ မာရ်သည် အခွင့် မရ လတ္တံ့၊ အကြောင်း မရ လတ္တံ့၊ ကုသိုလ် တရားတို့ကို ဆောက်တည်ခြင်းကြောင့် ကုသိုလ် ကုသိုလ်၏ အကျိုးသည် တိုးပွား၏။

ရှေး၌ ဖြစ်ဘူးသည်ကား ဒဠှနေမိ အမည်ရှိသော စကြဝတေးမင်းသည် ရှိ၏၊ ထိုမင်းအား စကြာရတနာ, ဆင်ရတနာ, မြင်းရတနာ, ပတ္တမြားရတနာ, မိန်းမရတနာ, သူဌေးရတနာ, သားကြီးရတနာ တို့ ရှိကုန်၏၊ ထိုမင်းသည် နှစ်ပေါင်း အထောင်တို့ ကုန်လွန်သော အခါ မင်းချင်းတယောက်ကို-"အချင်း စကြာရတနာ တည်ရာမှ အနည်းငယ် လျှောကျ သက်ဆင်းသည်ကို မြင်လျှင် ငါ့အား ပြောကြားလော့-" ဟု မှာကြား၏၊ နှစ် အထောင်ပေါင်းများစွာကုန်လွန်သောအခါ စကြာရတနာ အနည်းငယ် လျှောကျ သက်ဆင်းသည်ကို မြင်၍ မင်းအား လျှောက်၏၊ ထိုအခါ မင်းသည် သားကြီးကို ခေါ်၍ ပြော၏-

"ချစ်သား စကြာရတနာသည် တည်နေရာမှ အနည်းငယ် လျှောကျ သက်ဆင်း သတတ်၊ သို့ဖြစ်လျှင် စကြာမင်းသည် ကြာမြင့်စွာ အသက် မရှည်ရာဟု ငါကြားဘူး၏၊ ငါသည် လူ့စည်းစိမ်ချမ်းသာကို ခံစားခဲ့ပြီ၊ ယခုအခါ နတ်စည်းစိမ်ကို ရှာဖွေချိန်တန်ပြီ၊ သင်သည် ဤမြေကြီးကို သိမ်းဆည်းလော့၊ ငါမူကား ရသေ့ဘောင်သို့ ဝင်အံ့"။

ဒဠှနေမိမင်း ရသေ့ပြုပြီး၍ ခုနစ်ရက်မြောက်နေ့၌ စကြာရတနာ ပျောက်ကွယ်လေ၏၊ ထိုအခါ သားတော်မင်းသည် မင်းရသေ့အား-"မင်းမြတ် အမှန် သိတော်မူပါလော့၊ စကြာရတနာ ပျောက်ကွယ်ပါပြီ-" ဟု လျှောက်၏။

"ချစ်သား နှလုံး မသာ မဖြစ်လင့်၊ စကြာရတနာသည် သင့်အဖမှ ဆင်းသက်လာသော အမွေ ပစ္စည်း မဟုတ်၊ အပြစ်ကင်းသော စကြာမင်း၏ ကျင့်ဝတ်ကို ကျင့်ဘိလော့၊ လပြည့်နေ့၌ ဦးခေါင်းဆေး မင်္ဂလာ ပြုပြီးလျှင် ပြာသာဒ်ထက်သို့တက်၍ ဥပုသ်ဆောက်တည်လျက် စကြာဝတေး ကျင့်ဝတ်ကို ကျင့်နေသော သင့်အားအကန့်တထောင်ရှိသော အကွပ် ပုန်တောင်းနှင့်တကွသော စကြာရတနာ ထင်ရှားဖြစ်ပေါ်အံ့သော အကြောင်းရှိ၏"။

"စကြာမင်းတို့၏ ကျင့်ဝတ်ဟူသည် အဘယ်ပါနည်း"။

"တရားကိုသာလျှင် အမှီပြု၍ တရားကိုသာလျှင် အရှိ အသေအလေးအမှတ် ပြုလျက် အတွင်း သား မယား စသည် စစ်သည် ဗိုလ်ပါ အရံမင်း ပုဏ္ဏားနှင့် အမျိုးသား နိဂုံး ဇနပုဒ်သား သမဏ ဗြာဟ္မဏ သားငှက်တို့၌ တရားနှင့် လျော်သော စောင့်ရှောက် ကာကွယ် လုံခြုံစေမှုကို စီရင်လော့၊ နိုင်ငံတော်၌ အနိုင် အထက် နှိပ်စက်မှုများ မဖြစ်စေလင့်၊ ပစ္စည်း ဥစ္စာ မ ရှိ သူ တို့ အား လည်း ပစ္စည်း ဥစ္စာပေးကမ်းလော့၊ မာန်ယစ်ခြင်း မေ့ လျော့ ခြင်း တို့မှ ရှောင်ကြဉ်သော သည်းခံခြင်း ကောင်းသော မွေ့လျော်ခြင်း၌ တည်ကြည်ကုန်သော မိမိစိတ်ကို ဆုံးမကုန်သော ငြိမ်သက်စေကုန်သော ငြိမ်းအေးစေကုန်သော သမဏ ဗြာဟ္မဏတို့၌ လျောက်ပတ်သော အခါ ချဉ်းကပ်၍ ကုသိုလ် အကုသိုလ်ကို မေးမြန်း စုံစမ်းလော၊ သူတို့၏ တရားကို နာကြား၍ အကုသိုလ် တရားကို ကြဉ်ရှောင်လော့၊ ကုသိုလ် တရားကို ဆောက်တည်လော၊ ဤသည်ကား စကြာဝတေး မင်းတို့၏ ကျင့်ဝတ်တည်း"။

သားတော်မင်းသည် မင်းရသေ့၏ စကားကို ဝန်ခံ၍ စကြာဝတေး မင်းတို့၏ ကျင့်ဝတ်ကို ကျင့်၏၊ စကြာရတနာ ပေါ်လာ

သောအခါ အရပ်လေးမျက်နှာကို လှည့်လည်၍ ငါးပါးသီလကို စောင့်ထိန်းရန် တိုက်တွန်း၏၊ ဤသို့လျှင် မင်းအဆက်ဆက် စကြာ ရတနာကို ဖြစ်ပေါ်စေကြ၏၊ ခုနစ်ဆက်မြောက် စကြာမင်း၏ သားကြီးသည်ကား စကြာရတနာ ကွယ်သော်လည်း မင်းရသေ့ထံ ချဉ်းကပ်၍ စကြာဝတေးမင်းတို့၏ ကျင့်ဝတ်ကို မမေး၊ မိမိ ပညာဖြင့်သာ နိုင်ငံကို ဆုံးမ အုပ်စိုး၏၊ ရှေးမင်းတို့ နိုင်ငံတို့သည် တိုးပွားကုန်သကဲ့သို့ ရှေ့နောက် ညီညွတ်စွာ မတိုးပွားကုန်၊ထိုအခါ အမတ်တို့နှင့် တိုင်ပင်၍ တရားနှင့်လျော်သော စောင့်ရှောက်မှု ကာ ကွယ်မှု လုံခြုံမှုကို စီရင်၏၊ ပစ္စည်းဥစ္စာ မရှိသူတို့အား ပစ္စည်းဥစ္စာ ကိုကား မပေး၊ ထိုကြောင့် ဆင်းရဲခြင်း ပွားများလာ၏၊ ထိုအခါ သူတပါး ဥစ္စာကို ခိုး၏၊ ထိုယောကျ်ားကို ဖမ်း၍ မင်းအား ပြကုန်၏—

"အချင်း ယောကျ်ား သင်သည် သူတပါး ဥစ္စာကို ခိုးယူ သလော"။

"မှန်ပါသည် ဘုရင်မင်းမြတ်"။

"အဘယ်ကြောင့်...."

"မင်းမြတ် အသက်မွေးမှု မလုံလောက်သောကြောင့်ပါတည်း"။

"ယောကျ်ား သင်သည် ဤဥစ္စာဖြင့် ကိုယ်တိုင်လည်း အသက် မွေးလော့၊ မိဘကိုလည်း ကျွေးမွေးလော့၊ သားမယားကိုလည်း ကျွေးမွေးလော့၊ အလုပ်အကိုင်ကိုလည်း လုပ်ကိုင်လော့၊ အလှူကို သမဏ ဗြာဟ္မဏတို့၌ တည်စေပါလော"။

ထိုနောက် ခိုးသူကိုလည်း ဤသို့ စစ်မေး၍ ဥစ္စာပေးကာ ဆုံးမပြီး လွှတ်လိုက်၏၊ ထိုနောက်လည်း ထိုအတူပင်၊ ကြား၍

များလှလေသော် မင်းအား ဤသို့ အကြံဖြစ်၏၊ခိုးသူအား အကယ်၍ ငါသည် ဥစ္စာပေးအံ့၊ သို့ကြောင့် ဤ ခိုးမှုသည် တိုးပွားလိမ့်မည်၊ ငါသည် ခိုးသူကို ကောင်းစွာ နှိပ်ကွပ်ရမူ ကောင်းမည်၊ ခိုးမှု အမြစ်ပြတ်အောင် ပြုရမူ ကောင်းမည်ဟု ခိုးသူကို လက်ပြန်ကြိုး တုပ်နှောင်လျက် ခေါင်းတုံးရိတ်ပြီးလျှင် ထက်စည်တီးကာ မြို့ပြင် ထုတ်ပြီး နှိပ်ကွပ်စေ၏၊ ဦးခေါင်းကို ဖြတ်စေ၏။

ထိုအခါ ခိုးသူတို့သည် လက်နက်တို့ ပြုလုပ်ပြီး ဥစ္စာကို ခိုးယူပြီးလျှင် ဥစ္စာရှင်၏ ဦးခေါင်းကို ဖြတ်ကုန်၏၊ ဤသို့လျှင် ပစ္စည်းဥစ္စာ မရှိသူတို့အား ပစ္စည်း ဥစ္စာကို မပေးသော် ဆင်းရဲခြင်း တိုးပွားလာ၏၊ ထိုကြောင့် ခိုးယူမှု ပွားများလာ၏၊ ထိုကြောင့် လက်နက် ပွားများလာ၏၊ ထိုကြောင့် သတ်မှု ပွားများလာ၏၊ ထိုကြောင့် သတ္တဝါတို့ အသက်လည်း ဆုတ်ယုတ်လာ၏၊ အဆင်း သည်လည်း ဆုတ်ယုတ်လာ၏၊ အသက် အဆင်း ဆုတ်ယုတ်ကုန် သော် အနှစ် ရှစ်သောင်း အသက်ရှည်သော သူတို့၏ သားသမီး တို့သည် အနှစ် လေးသောင်း အသက်ရှည်ကုန်၏။

အနှစ်လေးသောင်း အသက်ရှည်ကုန်သော လူတို့တွင် တယောက် သော ယောကျ်ားသည် သူတပါး ဥစ္စာကို ခိုးယူ၏၊ ထိုသူ့အား စစ်ဆေးသောအခါ မဟုတ် မမှန်သော စကားကို ဆို၏၊ မဟုတ် မမှန် ပြောမှု တိုးပွားလာသော် အနှစ် နှစ်သောင်း အသက်ရှည် ကုန်၏၊ထိုအခါ ဂုံးချောမှု ပွားများလာသဖြင့် ထိုသူတို့၏ သားသမီး တို့သည် အနှစ် တသောင်း အသက်ရှည်ကုန်၏၊ ထိုအခါ အချို့မှာ အဆင်းလှ၍ အချို့ကား မလှကုန်၊ အဆင်းမလှသော သူတို့သည် အဆင်းလှသူတို့ကို တပ်မက်ကုန်၍ သူတပါးတို့၏ သားမယားတို့ကို

လွန်ကျူးကုန်၏၊ ထိုသူတို့၏ သားသမီးတို့သည် အနှစ်၄ါးထောင် အသက်ရှည်ကုန်၏၊ ထိုအခါ ကြမ်းတမ်းသော စကား ပြိန်ဖျင်းသော စကားဟူသော တရားနှစ်ပါး ပွားများလာ၍ အနှစ် နှစ်ထောင့်ငါးရာ အသက်ရှည်ကုန်၏၊ ထိုအခါ လိုချင် တပ်မက်ခြင်း အဘိဇ္ဈာ ပျက်စီးစေလိုခြင်း ဗျာပါဒ တရားတို့ ပွားများသော အခါ အနှစ် နှစ်ထောင် အသက်ရှည်ကုန်၏။

လူတို့၌ မှားသော အယူဝါဒတို့ ပွားများလာသော် အနှစ် ငါးရာ အသက်ရှည်ကုန်၏၊ ထိုတွင် မတရား တပ်မက်ခြင်း အဓမ္မရာဂ အလွန်အကျူး တပ်မက်ခြင်း ဝိသမလောဘ မှားသော အကျင့်တရား မိစ္ဆာဓမ္မ ဟူသော တရား သုံးပါးတို့ များပြားကုန်သော အခါ အနှစ် နှစ်ရာ့ငါးဆယ် အသက် ရှည်ကုန်၏၊ ထိုအခါ အမိ အဖ သမဏ ဗြာဟ္မဏတို့၌ ကောင်းစွာ ပြုသင့်သော ဝတ်ကို မပြုခြင်း,အမျိုး၌ ကြီးသူတို့ကို ရိုသေ တုပ်ဝပ်မှု မပြုခြင်းဟူသော တရားတို့ ပွားများလာကုန်သောအခါ အနှစ် တရာ အသက်ရှည်ကုန်၏။

အသက် တိုးပွားကြောင်းကား အဘယ်နည်း—

ဆန္ဒ,စိတ်,ပညာ ကြီးမှူးသော သမာဓိနှင့်ရင်း, သမ္မပ္ပဓာန် ဝီရိယတို့နှင့်ရင်း ပြည့်စုံသော ဣဒ္ဓိပါဒ်တရားတို့ကို ပွားများ၏၊ ဤတရားတို့ကို ပွားများခြင်း အဖန်ဖန် အလေ့အလာ ပြုခြင်းကြောင့် အလိုရှိခဲ့သော် အာယုကပ် ပတ်လုံး တည်ရာ၏၊ ဤကား အသက် တိုးပွားခြင်း၏ အကြောင်းတည်း။

အဆင်း တိုးပွားခြင်း၏ အကြောင်းသည် အဘယ်နည်း—

သီလ ရှိ၏၊ ပါတိမောက္ခ သံဝရ သီလကို စောင့်ထိန်းလျက် နေ၏၊ အကျင့် အာစရ ကျက်စားရာ ဂေါစရနှင့် ပြည့်စုံသည်ဖြစ်၍

အနည်းငယ်မျှသော အပြစ်တို့၌ ဘေးဟု ရှုသည်ဖြစ်၍ နေ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏၊ ဤကား အဆင်း တိုးပွားခြင်း၏ အကြောင်းတည်း။

ချမ်းသာ တိုးပွားခြင်း အကြောင်းသည် အဘယ်နည်း—

ကာမဂုဏ် အကုသိုလ် တရားတို့မှ ကင်းဆိတ်၍ သာလျှင် ဝိတက် ဝိစာရ ပီတိ သုခ ရှိသော ဈာန်သို့ ရောက်၍ နေ၏၊ ဤကား ချမ်းသာ တိုးပွားခြင်း၏ အကြောင်းတည်း။

စည်းစိမ် တိုးပွားခြင်း၏ အကြောင်းကား အဘယ်နည်း—

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာနှင့် ယှဉ်သော စိတ်ဖြင့် အရပ် မျက်နှာတို့ကို ပြန့်နှံ့စေ၍ နေ၏၊ သတ္တဝါအားလုံးကို မိမိနှင့် အတူပြု၍ ပြန့်ပြောသော မြတ်သော အတိုင်းအရှည် မရှိသော ငြိုငြင်ခြင်း မရှိသော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ ဤကား စည်းစိမ် တိုးပွားခြင်း အကြောင်းတည်း။

"ရဟန်းတို့ နှိပ်ကွပ် အောင်မြင်နိုင်ခဲသော ဤမာရ်၏ ခွန်အား နှင့်တူသော အခြားသော တခုသော ခွန်အားကိုမျှလည်း ငါမမြင်၊ အရဟတ္တဖိုလ် ခွန်အားသည်သာ မာရ်၏ ခွန်အားကို နှိပ်ကွပ် အောင်မြင်နိုင်၏၊ ကုသိုလ် တရားတို့ကို ဆောက်တည်၍ ကျင့်ခြင်း ကြောင့် ဤ ဆိုခဲ့သည့် အတိုင်း ကုသိုလ်နှင့် ကုသိုလ်၏ အကျိုးသည် တိုးပွား၏"။

ရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရား တော်ကို နှစ်လိုကုန်သည် ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန် သတည်း။

# ၄- အဂ္ဂည သုတ်

## ပုဏ္ဏားနှင့် တရား

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ ဝိသာခါ ပြာသာဒ်၌ နေတော်မူ၏၊ ထိုအခါ ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် ရဟန်းတို့ ထံ၌ ရဟန်းအဖြစ်ကို တောင့်တကုန်သည်ဖြစ်၍ နေကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ညချမ်းအခါ ပြာသာဒ်ရိပ် လွင်တီးခေါင်၌ စင်္ကြံကြွတော်မူ၏၊ ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် နောက်မှ လိုက်၍ စင်္ကြံသွားကြရာ မြတ်စွာဘုရားက မေး၏—

"သင်တို့သည် ပုဏ္ဏားမျိုးမှ ထွက်၍ ရဟန်းပြုကြ၏၊ သင်တို့ကို ပုဏ္ဏားတို့ မဆဲရေး မရေရွတ်ကုန်သလော"။

"မြတ်စွာဘုရား ပုဏ္ဏားတို့သည် အကျွန်ုပ်တို့ကို ဆဲရေး ရေရွတ် ကြပါကုန်၏"။

"အဘယ်သို့ ဆဲရေး ရေရွတ်ကြကုန်သနည်း"

"ပုဏ္ဏား မျိုးသာလျှင် မြင့်မြတ် ဖြူစင်၏၊ ဗြဟ္မာ၏ ခံတွင်းမှ ဖွားသော ဗြဟ္မာ့ အမွေခံ ဗြဟ္မာ့သားတည်း၊ သင်တို့သည် မြတ်သော အမျိုးကိုစွန့်၍ မာရ်မင်း၏ အသင်းဝင် ဖြစ်ကုန်သော ဗြဟ္မာ၏ ခြေဖမိုးမှ ဖွားသော သားဖြစ်ကုန်သော ဇာတ်နိမ့် ရဟန်းညံ့တို့ထံ ကပ်ရောက်ခြင်းသည် မကောင်းသည်သာတည်းဟု ဆိုကြပါ၏"။

"ဝါသေဋ္ဌ စင်စစ် ပုဏ္ဏားတို့သည် ရှေးလောက ဖြစ်စဉ်ကို မအောက်မေ့နိုင်ကုန်၍သာ ဤသို့ဆိုကုန်၏၊ အမျိုးလေးပါးတို့၌ ပညာရှိတို့ ကဲ့ရဲ့အပ်သည်လည်း ဖြစ်ကုန်သော ချီးမွမ်းအပ်သည်

လည်း ဖြစ်ကုန်သော အမည်း အဖြူ တရားနှစ်ပါးတို့ ရောပြွမ်းသည် ဖြစ်ပါလျက် ပုဏ္ဏားတို့က ပုဏ္ဏားသာလျှင် မြင့်မြတ် ဖြူစင်၏ ဆိုသော စကားကို ပညာရှိတို့ ဝန်မခံကြကုန်၊ ဤလောက၌ တရားသည် သာလျှင် အမြတ်ဆုံးဖြစ်၏၊ သာကီဝင် မင်းမျိုးတို့သည် ပသေနဒီ ကောသလ မင်း၌ လက်အုပ်ချီမိုး ရှိခိုးကြကုန်၏၊ သို့ရာတွင် သာကီဝင် မင်းမျိုးမှ ရဟန်းပြုသော ဗုဒ္ဓ၌ကား ပသေနဒီ ကောသလ မင်းသည် လက်အုပ် ချီမိုး ရှိခိုးခြင်းကို ပြု၏၊ စင်စစ် တရားအတွက် ငါ၌ ထိုမင်း ရှိခိုးခြင်း ဖြစ်၏။

"သင်တို့သည် အဘယ်သူတို့နည်းဟု မေးသော် ငါတို့သည် သာကီဝင် မင်းသား ဘုရားသားတော် ရဟန်းတို့တည်းဟု ဝန်ခံကြကုန်လော့၊ ဗုဒ္ဓ၌ မတုန် မလှုပ် သက်ဝင် ယုံကြည်သူသည် ဗုဒ္ဓ၏ ရင်မှဖြစ်သော ဗုဒ္ဓ၏ ခံတွင်းမှ ဖွားသော တရားကြောင့် ဖြစ်သော တရားသည် ဖန်ဆင်းအပ်သော တရား အမွေခံတည်း၊ အကြောင်းကား ဓမ္မကာယ ဗြဟ္မကာယ ဓမ္မဘူတ ဗြဟ္မဘူတ ဟူသော ဤအမည်သည် ငါ၏ အမည်ဖြစ်သောကြောင့်တည်း"။

## ကမ္ဘာလောက

ကာလ လွန်လတ်သော် တရံတခါ ဤလောကသည် ပျက်၏၊ ထိုအခါ သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရဘုံ၌ ဖြစ်ကုန်၏၊ သူတို့သည် ထိုဘုံ၌ စိတ်ကြောင့် ဖြစ်ကုန်၏၊ နှစ်သိမ့်ခြင်းလျှင် အစာရှိကုန်၏၊ မိမိတို့ ကိုယ်ရောင်ဖြင့် လင်းလျက် ရှိကုန်၏၊ ကောင်းကင်၌ ကျက်စား ကုန်၏၊ တင့်တယ်သော နေရာ ရှိကုန်၏၊ ကြာရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။

ရှည်သောကာလ လွန်လတ်သော် တရံတခါ ဤလောကသည် ပျက်၏၊ ထိုအခါ သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရဘုံမှ စုတေ၍ ဤသို့ လာကုန်၏၊ သူတို့သည် ဤလူ့ဘုံ၌ စိတ်ကြောင့် ဖြစ်ကုန်၏၊ နှစ်သိမ့်ခြင်းလျှင် အစာရှိကုန်၏၊ မိမိတို့ ကိုယ်ရောင်ဖြင့် လင်းလျက် ရှိကုန်၏၊ ကောင်းကင်၌ ကျက်စားကုန်၏၊ တင့်တယ်သော နေရာ ရှိကုန်၏၊ ကြာရှည်စွာသော ကာလ ပတ်လုံး တည်ကုန်၏။

ထိုအခါ တခုတည်းသော ရေပြင်ကြီးသာ ဖြစ်၏၊ မှောင်အတိ ဖြစ်၏၊ လ နေတို့ ထင်ရှား မရှိကုန်၊ လ လခွဲ ဥတု နှစ်၊ မိန်းမ ယောကျ်ားတို့သည် ထင်ရှား မရှိကုန်၊ သတ္တဝါဟုသာ ခေါ်ဝေါ် ခြင်းသို့ ရောက်ကုန်၏၊ တရံတခါ ထိုသတ္တဝါတို့အား အရသာနှင့် ပြည့်စုံသော မြေဆီသည် ရေ၌ ထက်ဝန်းကျင် အနှံ့ တည်၏၊ ပူသော နို့သည် အေးသည်ရှိသော် အထက်၌ အမြှေး ဖြစ်သကဲ့သို့ တည်း၊ ထိုမြေဆီသည် အဆင်း အနံ့ အရသာနှင့် ပြည့်စုံ၏၊ ထောပတ် ဆီဦး ပျားငယ်ရည် ကဲ့သို့တည်း၊ ထိုအခါ လျှပ်ပေါ်သော သတ္တဝါ တယောက်သည် ဘယ်သို့ အရသာ ရှိလိမ့်မည်နည်းဟု လက်ချောင်းဖြင့် ယူ၍ လျက်၏၊ ထိုအခါ သူ့အား အရသာ ပျံ့နှံ့၍ တည်၏၊ တပ်ခြင်း တဏှာလည်း ဖြစ်၏။

ထိုအခါ သူတို့သည် မြေဆီကို လက်တို့ဖြင့် အလုတ်အလွေးပြု၍ စားရန် အားထုတ်ကြသောအခါ သူတို့အား ကိုယ်ရောင်သည် ကွယ်၏၊ လ နေ နက္ခတ် တာရာတို့ ထင်ရှား ဖြစ်ကုန်၏၊ ထိုအခါ ညဉ့် နေ့ လ လခွဲ ဥတု နှစ်တို့ ထင်ရှား ဖြစ်ကုန်၏။

မြေဆီကိုစားကုန်သော ထိုသူတို့၏ ကိုယ်၌ ကြမ်းတမ်းခြင်းလည်း ဖြစ်၏၊ အဆင်း ဖောက်ပြန်ခြင်းလည်း ထင်၏၊ အချို့သော

သတ္တဝါတို့ အဆင်း လှကုန်၏၊ အချို့သော သတ္တဝါတို့ အဆင်း မလှကုန်၊ အဆင်း လှသော သတ္တဝါတို့သည် အဆင်း မလှသူတို့ အပေါ် အဆင်းကြောင့် မာန်မူကုန်၏၊ အလွန် မာန်မူသော် မြေဆီ ကွယ်လေ၏၊ ထိုအခါ မြေလွှာသည် မှိုကဲ့သို့ ထင်ရှားဖြစ်၏၊ မြေလွှာသည်လည်း ထောပတ် ဆီဉ ပျားရည်ငယ်ကဲ့သို့ အဆင်း အနံ့ အရသာနှင့် ပြည့်စုံ၏၊ သူတို့သည် ထိုမြေလွှာကို စားကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ကုန်၏၊ ထိုအခါ သူတို့၏ ကိုယ်၌ ပိုမို၍ ကြမ်းတမ်းလျက် အဆင်း ဖောက်ပြန်ခြင်းလည်း ထင်ရှား၏၊ အဆင်း လှသူတို့ အဆင်း လှခြင်းကို အလွန် မာန်မူ သောကြောင့် မြေလွှာ ကွယ်လေ၏။

မြေလွှာ ကွယ်သော် ထောပတ် ဆီဉ ပျားရည်ငယ်ကဲ့သို့ အဆင်း အနံ့ အရသာနှင့် ပြည့်စုံသော နွယ်ချို ထင်ရှားဖြစ်၏၊ သူတို့သည် နွယ်ချိုကို စားကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ကုန်၏၊ ထိုအခါ သူတို့သည် ရှေးကထက် ပိုမို ကြမ်းတမ်းလျက် အဆင်း ဖောက်ပြန်ကုန်၏၊ အဆင်း လှသူတို့သည် အဆင်းကို စွဲ၍ မာန်မူ လှသောကြောင့် နွယ်ချို ကွယ်လေ၏။

ထိုအခါ ထင်းဖြင့် မချက်ရသော ဖွဲနု မပါသော ဖြူစင်၍ အနံ့ ကောင်းသော သလေးပင် ထင်ရှားဖြစ်၏၊ ယင်း သလေးဆန်ကို ညအခါ ညစာ အတွက် ဆောင်ယူလျှင် နံနက်အခါ မှည့်လျက် တဖန် ပေါက်၏၊ နံနက်အခါ နံနက်စာ အတွက် ဆောင်ယူလျှင် ညဉ့်အခါ မှည့်၍ တဖန် ပေါက်၏၊ ယူရာ အရပ်သည် မထင်၊ သူတို့သည် ထင်းဖြင့် မချက်ရသော သလေးဆန်ကို စားကုန်လျက် ရှည်စွာသော ကာလပတ်လုံး တည်ကုန်၏၊ ထိုအခါ မိန်းမအား

လည်း မိန်းမလိင်, ယောကျ်ားအားလည်း ယောကျ်ားလိင် ထင်ရှား ဖြစ်၏၊ မိန်းမသည်လည်း ယောကျ်ားကို ယောကျ်ားသည်လည်း မိန်းမကို တစိမ်းစိမ်း ကြည့်၏၊ ထိုကြောင့် သူတို့အား တပ်မက်ခြင်း ရာဂ ထင်ရှား ဖြစ်၏၊ ရာဂကြောင့် ပူပန်ခြင်း ဖြစ်သောကြောင့် မေထုန်အကျင့်ကို မှီဝဲ ကုန်၏၊ ထိုအခါ တပါးသော သူတို့သည်- "ညစ်သောသူ ပျက်လေလော့၊ သတ္တဝါ တယောက်သည် သတ္တဝါ တယောက်အား ဤသို့သော အမှု အဘယ်ကြောင့် ပြုရသနည်း"ဟု ဆို၍ မြေမှုန့် ပြာ နွားချေးတို့ဖြင့် ပစ်ကုန်၏။

ထိုအခါ၌ ယင်းကို အဓမ္မဟု သမုတ်၏၊ ယခုအခါ ယင်းကို ဓမ္မဟု သမုတ်၏၊ ထိုအခါက မေထုန် အကျင့် မှီဝဲ သူတို့သည် တလ လုံးလုံးရင်း, နှစ်လ လုံးလုံးရင်း ရွာ နိဂုံးသို့ ဝင်ခွင့် မရကြကုန်၊ မေထုန် အကျင့်၌ အပိုင်း အခြား မရှိ မှီဝဲခြင်းသို့ ရောက်သော အခါ ထိုအကျင့်ကို ဖုံးကွယ်ခြင်း အလို့ငှာ အိမ်ဆောက်ရန် အား ထုတ်ကြကုန်၏၊ ထိုအခါ ပျင်းရိသော သတ္တဝါ တယောက်သည် သလေးဆန်ကို တကြိမ်တည်းဖြင့်သာ ညစာ နံနက်စာ အတွက် ယူဆောင်၏၊ ထိုအခါ တပါးသော သတ္တဝါတို့သည်လည်း အတု လိုက်၍ တကြိမ်တည်းဖြင့်သာ နှစ်ရက်စာ အတွက် ယူဆောင်၏၊ အချို့က လေးရက်စာ၊ အချို့က ရှစ်ရက်စာ သိုမှီး၍ စားရန် အားထုတ်ကြသောအခါ ဖွဲနုသည်လည်း ဆန်ကို မြှေးယှက်၏၊ ဖွဲသည်လည်း ဆန်ကို ဖုံးအုပ်၏၊ ရိုးပြတ်သည်လည်း ပြန်၍ မစည်ပင်၊ ဖြတ်ရာ အရပ်သည် ထင်ရှား၏၊ သလေးပင်တို့သည် အစုလိုက် အစုလိုက်တည်ကုန်၏။

ထိုအခါ သတ္တဝါတို့သည် စည်းဝေးကြပြီးသော် သလေးပင် ကို ဝေကုန်၏၊ အပိုင်း အခြားထားကုန်၏၊ ထိုအခါ လျှပ်ပေါ်

သော သတ္တဝါ တယောက်သည် မိမိ အဖို့ကို စောင့်ရှောက်၍ သူတပါး အဖို့ကို မပေးဘဲ ယူ၍ သုံးစား၏၊ ထိုသူ့ကို ဖမ်းပြီး– “အချင်း သတ္တဝါ သင်သည် ယုတ်ညံ့သော ဤအမှုကို ပြုဘိ၏၊ နောက်တဖန် ဤသို့ အမှုကို မပြုလင့်”ဟုဆိုကုန်၏၊ထိုသတ္တဝါသည်- “အရှင်တို့ ကောင်းပါပြီ–”ဟု ဝန်ခံပြီး နှစ်ကြိမ် သုံးကြိမ်မြောက်လည်း သူတပါးဥစ္စာအဖို့ကို မပေးဘဲ ယူ၍ စားသုံး၏၊ ထိုအခါ ခိုးသူကို လက်ဖြင့် ပုတ်ခတ်ကုန်၏၊ ခဲဖြင့် ပေါက်ကုန်၏၊ ထုတ်ဖြင့် ရိုက်ကုန်၏၊ ထိုအခါကစ၍ မပေးသည်ကို ယူခြင်းသည် ထင်ရှား၏၊ ကဲ့ရဲ့ခြင်းသည် ထင်ရှား၏၊ မဟုတ် မမှန် ပြောခြင်းသည် ထင်ရှား၏၊ တုတ်လက်နက် ကိုင်ခြင်းသည် ထင်ရှား၏။

ထိုအခါ သတ္တဝါတို့သည် စည်းဝေးကုန်ပြီးသော် သတ္တဝါတို့တွင် အလွန် အဆင်း လှသော အလွန် ရှုချင်ဖွယ်ရှိသော အလွန် ကြည်ညိုဖွယ်ရှိသော အလွန် တန်ခိုးကြီးသော သတ္တဝါထံ ချဉ်းကပ်၍-“အရှင် လူ လာပါ၊ ရှုတ်ချ ထိုက်သူကို တရားသဖြင့် ရှုတ်ချပါ၊ ကဲ့ရဲ့ ထိုက်သူကို တရားသဖြင့် ကဲ့ရဲ့ပါ၊ နှင်ထုတ် ထိုက်သူကို တရားသဖြင့် နှင်ထုတ်ပါလော့၊ အကျွန်ုပ်တို့သည် သင့်အား သလေးဆန်တို့၏ အဖို့ အစုကို ပေးပါကုန်အံ့–”ဟု ဆိုကုန်၏၊ ထိုသတ္တဝါသည်-“အချင်းတို့ ကောင်းပါပြီ”ဟု ဝန်ခံ၏၊ ထိုသတ္တဝါကို လူတို့သည် သမုတ်အပ်သောကြောင့် မဟာသမတဟု ခေါ်ကြ၏၊ ထိုနောက် လယ်မြေတို့၏ အရှင်ဖြစ်သောကြောင့် ခတ္တိယဟု ခေါ်ဆိုကြ၏၊ ထိုနောက် တရားဖြင့် သူတပါးတို့ကို နှစ်သက်စေတတ်သောကြောင့် ရာဇာဟု ခေါ်ဆိုကြ၏၊ ဤသို့လျှင် ရှေးကျသော ရှေးဦးစွာ သိအပ်သော မင်းမျိုး၏ အမည်သည် ဖြစ်၏၊ထိုသတ္တဝါ

တို့၏သာလျှင် ဖြစ်၏၊ တပါးသော သတ္တဝါတို့၏ မဖြစ်၊ တူသော သတ္တဝါတို့၏ သာလျှင် ဖြစ်၏၊ မတူသော သတ္တဝါတို့၏ မဖြစ်။

ထိုသတ္တဝါတို့တွင် အချို့သော သတ္တဝါတို့သည် မပေးဘဲ ယူခြင်း အစရှိသော ယုတ်ညံ့သော အကုသိုလ် တရားတို့ကို မျှော ကြကုန်၏၊ ထိုကြောင့် သူတို့ကို ဗြာဟ္မဏ ဟု ခေါ်၏၊ သူတို့သည် တောအရပ် သစ်ရွက်မိုးကျောင်း၌ ဈာန် ဝင် စား ကုန် ၏၊ မီးခဲ မီးခိုးမှ ကင်းကုန်သည်ဖြစ်၍ ကျည်ပွေ့တို့ကို ချ ထား ကုန် ၏၊ ညဉ့်အခါ ညဉ့်စာ အတွက် နံနက်ခါ နံနက်စာ အတွက် ရွာနိဂုံး မင်းနေပြည်တို့သို့ အစာရှာ ဝင်ကုန်၏၊ဈာန် ဝင်စားသောကြောင့် ဈာယက ဟုလည်း ခေါ်ကြ၏၊ ဈာန် မရသောအခါ ဝေဒကျမ်း ကို ပြုစု ပို့ချ၍ အဇ္ဈာယက ဟု ခေါ်ကြ၏၊ ဤသို့လျှင် ထိုပုဏ္ဏား မျိုး၏ရှေးကျသော ရှေးဦးစွာ သိအပ်သောဝေါဟာရဖြင့် ဗြာဟ္မဏ ဈာယက အဇ္ဈာယက ဟူသော အမည်သည် ဖြစ်၏၊ ထိုသတ္တဝါ တို့၏ သာလျှင် ဖြစ်၏၊ တပါးသော သတ္တဝါတို့၏ မဖြစ်။

အချို့သော သတ္တဝါတို့သည် အိမ်ထောင်ပြုကုန်၍ အသီးအခြား အလုပ်ကို အားထုတ်ကုန်၏၊ ထိုကြောင့် ဝေဿ ဟု ခေါ်ဝေါ် ခြင်း ဖြစ်၏၊ ဝေဿ ဟူသော အမည်သည် ထိုသတ္တဝါတို့၏သာလျှင် ဖြစ်၏၊ တပါးသော သတ္တဝါတို့၏ မဖြစ်၊ကြွင်းကျန်သော သတ္တဝါ တို့သည် ကြမ်းတမ်းသေးနုတ်သော အလုပ်ဖြင့် အသက်မွေးမှုရှိကုန် ၏၊ ထိုကြောင့် သုဒ္ဒ ဟူသော အမည်ဖြစ်၏၊ ဤသို့လျှင် ထိုသူ ဆင်းရဲမျိုး၏ သာလျှင် အမည်ဖြစ်၏၊ တပါးသော သတ္တဝါ၏ မဖြစ်။

''ဝါသေဋ္ဌ ဤလူအပေါင်း၌ တရားသည်သာလျှင် မျက်မှောက် တမလွန်ဘဝ၌ အမြတ်ဆုံး ဖြစ်၏၊ မင်းမျိုး,ပုဏ္ဏားမျိုး, အသည်

မျိုး သို့မဟုတ် သူဆင်းရဲမျိုးသည် မိမိတို့၏ ကျင့်ဝတ်တရားကို ကဲ့ရဲ့လျက် ရဟန်းပြုသော အခါ ရှိသေး၏၊ ဤအမျိုး လေးပါးတို့မှ ရဟန်းမျိုး၏ အမည်ဖြစ်သောကြောင့် ထိုသတ္တဝါ၏ သာလျှင် ဖြစ်၏၊ တပါးသော သတ္တဝါတို့၏ မဖြစ်၊ တူသော သတ္တဝါတို့၏ သာလျှင် ဖြစ်၏၊ မတူသော သတ္တဝါတို့၏ မဖြစ်၊ တရားသဖြင့် သာလျှင် ဖြစ်၏၊ မတရားသဖြင့် မဖြစ်၊ ဤသတ္တလောက၌ တရားသည်သာလျှင် အမြတ်ဆုံးဖြစ်၏''။

> လူအပေါင်း၌ အမျိုးအနွယ်ကို အားကိုးလေ့ရှိကုန်သောအခါ မင်းမျိုးသည် မြတ်၏၊ နတ်လူအပေါင်း၌ အသိဉာဏ် ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံသူသည် မြတ်၏။

ဝါသေဋ္ဌနှင့် ဘာရဒွါဇတို့သည် မြတ်စွာဘုရားဟောကြားသော တရားကိုနှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာခံယူ လေကုန်သတည်း၊

## ၅-သမ္ပသာဒနီယသုတ်

### ကြည်ညိုခြင်း အကြောင်း

အခါတပါး မြတ်စွာဘုရားသည် နာလန္ဒာမြို့ ပါဝါရိကသူဌေး၏ သရက် ဥယျာဉ်၌ နေတော်မူ၏၊ ထိုအခါ အရှင်သာရိပုတြာသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍- ''မြတ်စွာဘုရားအကျွန်ုပ်သည် မြတ်စွာဘုရား၌ ဤသို့ ကြည်ညိုပါ၏၊ ပိုင်းခြား၍

သိတော်မူသော မြတ်စွာဘုရားထက် လွန်ကဲသော အသိဉာဏ်ရှိသော တပါးသော သမဏဗြာဟ္မဏသည် မရှိစဘူး, မရှိလတ္တံ့, ယခုလည်း မရှိဟု ကြည်ညိုပါ၏”-ဟု လျှောက်၏။

“သာရိပုတြာ သင်သည် အဘယ်ကြောင့် တုန်လှုပ်ခြင်း မရှိ ရဲရဲတောက် ကေန္တ စကားကို ပြောကြားဘိသနည်း”

“မြတ်စွာဘုရား ဟောကြားသော တရားကို အစဉ်လျှောက်၍ အကျွန်ုပ် သိပါ၏”-

မြတ်စွာဘုရားသည် အဆင့်ဆင့် မြင့်သည်ထက် မြင့် မြတ်သည်ထက် မြတ်သော မည်းညစ်သော သံကိလေသ တရား ဖြူစင်သော ဝေါဒါန တရားများ၏ ဆန့်ကျင်ခြင်းရှိသည်၌ ဟောတော်မူပါ၏၊ ကုသိုလ် တရားတို့၌ ဟောကြားသော ဒေသနာ, အာယတနကို သိစေခြင်းတို့၌ ဟောကြားသော ဒေသနာ, အမိဝမ်းဝယ် ပဋိသန္ဓေ နေခြင်းတို့၌ ဟောကြားသော ဒေသနာ, သူတပါး၏ စိတ်ကို ထုတ်ဖော်ပြောဆိုခြင်း အစီအရင်တို့၌ ဟောကြားသော ဒေသနာ, ဉာဏ်အမြင်သို့ ရောက်ခြင်းတို့၌ ဟောကြားသော ဒေသနာ, ပုဂ္ဂိုလ်ကို သိစေခြင်းတို့၌ ဟောကြားသော ဒေသနာ, ပဓာန ဟူသော မဂ်ဉာဏ်၏ အကြောင်းဖြစ်ကုန်သော ဗောဇ္ဈင် တရားတို့၌ ဟောကြားသော ဒေသနာ, နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် ပဋိပဒါတို့၌ ဟောကြားသော ဒေသနာ, ကိုယ် နှုတ် အကျင့် လူတို့၏ သီလ အကျင့် ဆုံးမနည်းတို့၌ ဟောကြားသော ဒေသနာ, တပါးသော ပုဂ္ဂိုလ်တို့၏ မဂ်ဖြင့် ကိလေသာတို့မှ လွတ်မြောက်သော ဉာဏ်၌ ဟောကြားသော ဒေသနာတို့သည် မိမိထက် လွန်ကဲခြင်း မရှိ မြင့်မြတ်ပါ၏။

ထိုပြင် မြတ်စွာဘုရားသည် သဿတ အယူဝါဒတို့၌ ဟောကြားသော ဒေသနာ, ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်၌ ဟောကြားသော ဒေသနာ, သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော စုတူပပါတဉာဏ်၌ ဟောကြားသော ဒေသနာ, တန်ခိုး အစီအရင်တို့၌ ဟောကြားသော ဒေသနာတို့သည် မိမိထက် အလွန်အကဲ မရှိ မြင့်မြတ်ပါ၏၊ မြတ်စွာဘုရားသည် လောကုတ္တရာတရားသို့ အစဉ် ရောက်တော်မူအပ်ပါပြီ။

"ငါ့ရှင် သာရိပုတြာ သစ္စာလေးပါးကို သိရာ အလုံးစုံသော တရားကို သိရာ၌ မြတ်စွာဘုရားထက် လွန်ကဲသော အသိဉာဏ်ရှိသော သမဏ ဗြာဟ္မဏတို့သည် လွန်လေပြီးသော အခါက ရှိခဲ့သလော၊ နောင်အခါ ရှိကုန်လတ္တံ့လော၊ ယခုအခါ ရှိသလော"-ဟု မေးသည်ရှိသော်-"မရှိပါ"-ဟု အကျွန်ုပ် ဖြေဆိုပါမည်။ •

"အရှင်ဘုရား ဤသို့ဖြေသော် အကျွန်ုပ်သည် တရားတော်ကို ဆိုသော သူလည်း ဖြစ်ပါသလော၊ မဟုတ် မမှန်သော စကားဖြင့် စွပ်စွဲရာလည်း မရောက်ရာသလော၊ လောကုတ္တရာ တရားအားလျော်သော အကျင့်တရားများကို ဖြေကြားသည်လည်း ဖြစ်ပါသလော၊ အကြောင်း ယုတ္တိရှိသော တစုံတခုသော အယူဝါဒသည် ကဲ့ရဲ့နိုင်သော အခွင့်သို့ မရောက်ပါလော"။

"သာရိပုတြာ ဤသို့မေး၍ ဤသို့ ဖြေသော် အမှန်အားဖြင့် သင်သည် ဗုဒ္ဓတရားကို ဆိုသူလည်း ဖြစ်၏၊ လောကုတ္တရာ တရားအား လျော်သော အကျင့်ကိုလည်း ဖြေကြားသည်လည်း ဖြစ်၏၊ အကြောင်း ယုတ္တိ ရှိသော တစုံတခုသော အယူဝါဒသည် ကဲ့ရဲ့နိုင်သော အခွင့်သို့လည်း မရောက်"။

ဤသို့လျှင် အရှင်သာရိပုတြာသည် မြတ်စွာဘုရား မျက်မှောက်၌ ကြည်ညိုခြင်းကို ပြောကြား၏၊ ဤတရား၏ အမည်သည် သမ္ပသာဒနီယဟု တွင်သတည်း။

## ၆-ပါသာဒိက သုတ်

### ကြည်ညိုဖွယ် ဒေသနာ

အခါတပါး မြတ်စွာဘုရားသည် သက္ကတိုင်း ဝေဓည မည်သော သာကီဝင် မင်းမျိုးတို့၏ သရက် ဥယျာဉ် ပြာသာဒ်၌ နေတော်မူ၏၊ ထိုအခါ စုန္ဒသည် ပါဝါပြည်မှ ရောက်လာ၍ မြတ်စွာဘုရားအား လျှောက်ကြား၏—

"မြတ်စွာဘုရား နာဋ၏သား နိဂဏ္ဌသည် ပါဝါပြည်၌ သေပြီးခါစ ဖြစ်ပါ၏၊ ထိုကြောင့် နိဂဏ္ဌတို့သည် ကွဲပါကုန်၏၊ နှစ်စု ဖြစ်ပါကုန်၏၊ ဆန့်ကျင်သောစိတ် ရှိပါကုန်၏၊ ငြင်းခုံခြင်းသို့ ရောက်ပါကုန်၏၊ ခိုက်ရန် ဖြစ်ပါကုန်၏၊ အချင်းချင်း နှုတ်လှံထိုး၍ နေကြပါကုန်၏"၊

"စုန္ဒ မကောင်းသဖြင့် ဟောအပ်သော မကောင်းသဖြင့် သိအပ်သော ဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သော ကိလေသာ ငြိမ်းမှုကို မဖြစ်စေတတ်သော ဗုဒ္ဓ မဟုတ်သူ ဟောအပ်သော ထောက်တည်ရာ မရှိသော မှီခိုရာ မရှိသော သာသနာ၌ ဤသို့ ငြင်းခုံခြင်း စသည် ဖြစ်မြဲပေတည်း"-

ဤသာသနာ၌ ဆရာသည်လည်း ကိုယ်တိုင် မှန်စွာ သိသူဖြစ်၏၊ တရားသည်လည်း ကောင်းစွာ ဟောအပ်သော တရားဖြစ်၏၊ ကောင်းစွာ သိစေအပ်သော တရားဖြစ်၏၊ မဂ်ဖိုလ် ဆိုက်ရောက်ကြောင်း တရားဖြစ်၏၊ ကိလေသာ ငြိမ်းမှုကို ဖြစ်စေတတ်သော တရားဖြစ်၏၊ ဗုဒ္ဓ စစ်စစ် ဟောအပ်သော တရားဖြစ်၏။

ထိုကြောင့် ငါသည် သင်တို့အား ထူးကဲ လွန်မြတ်သော သဗ္ဗညုတ ဉာဏ်ဖြင့်သိ၍ ဟောသော တရားတို့၌ သင်တို့ အလုံးစုံ စည်းဝေးကုန်၍ အတူတကွ လာရောက်ကုန်၍ သာသနာတော် အရှည်ခန့်၍ ကြာမြင့်စွာ တည်တံ့သော အခြင်းအရာဖြင့် အနက်ဖြင့် အနက်ကို, သဒ္ဒါဖြင့် သဒ္ဒါကို ညီညွတ်စေလျက် ရွတ်ဆိုအပ်၏၊ မငြင်း ခုံအပ်၊ ယင်းသည် လူအများ၏ အစီးအပွား အလို့ငှာ ချမ်းသာ အလို့ငှာ စောင့်ရှောက်ရန် အလို့ငှာ ဖြစ်ရာ၏။

ပစ္စုပ္ပန် လောက တမလွန် လောက၌ ဖြစ်တတ်သော အာသဝေါ တရားတို့ကို ပိတ်ပင်တားမြစ်ရန် ငါသည် သင်တို့အား တရား ဟော၏၊ သင်တို့ ရဟန်းတရား အားထုတ် ကျင့်ဆောင်နိုင်ရန် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကို ငါခွင့်ပြု၏၊ ဤသာသနာ၌ ရဟန်းသည် ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ရုပ်အပေါင်းကိုယ်၌ ရုပ် အပေါင်းကိုယ်ဟု, ခံစားမှု ဝေဒနာတို့၌ ခံစားမှု ဝေဒနာဟု, စိတ်၌ စိတ်ဟု, သဘော တရားတို့၌ သဘောတရားဟု အဖန်ဖန်ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင်တတ်မက်ခြင်းနှင့် နှလုံး မသာယာခြင်းကို ပယ်ဖျောက်၍ နေ၏၊ ရှေးအဖို့ကို စွဲ၍ ဖြစ်ကုန်သော မိစ္ဆာအယူတို့ကိုရင်း နောက်အဖို့ကို စွဲ၍ ဖြစ်ကုန်သော မိစ္ဆာအယူတို့ကိုရင်း ပယ်ခြင်းငှာ

လွန်မြောက်ခြင်းငှာ ဤသို့သောနည်းဖြင့် ငါသည် ဤ သတိပဋ္ဌာန် လေးပါးတို့ကို ဟောအပ်ကုန်၏၊ ထားအပ်ကုန်၏။

ထိုအခါ အရှင် ဥပဝါဏသည် မြတ်စွာဘုရား၏ နောက်မှ ယပ်ခတ်လျက်-"မြတ်စွာဘုရား ဤဒေသနာသည် ကြည်ညိုဖွယ်ရှိ၏၊ အလွန် ကြည်ညိုဖွယ်ရှိပေစွ"-ဟု လျှောက်ကြားလေ၏။

## ၇-လက္ခဏ သုတ်

### မဟာ ပုရိသ

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍-"ရဟန်းတို့ မဟာပုရိသ လက္ခဏာနှင့် ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်ပါးသော ဖြစ်ဘို့သာလျှင် ရှိကုန်၏၊ အခြား တပါးသော အဖြစ်တို့ မရှိကုန်၊ အကယ်၍ လူ့ဘောင်၌နေသော် စကြာဝတေးမင်း ဖြစ်၏၊ ရဟန်းဘောင်သို့ ဝင်ရောက်သော် ဗုဒ္ဓ ဖြစ်၏"-ဟု အစချီပြီးလျှင် မဟာပုရိသ လက္ခဏာ သုံးဆယ့်နှစ်ပါးကို ဟောကြားတော်မူလေသည်။

၁- အညီအညွတ် ကောင်းစွာထိသော ခြေဖဝါးရှိ၏၊

၂- အောက်ခြေဖဝါးပြင်၌ အကွပ် ပုံတောင်းတို့နှင့်တကွ အခြင်းအရာ အလုံးစုံနှင့် ပြည့်စုံသော စက်ဝန်းတို့ ဖြစ်ပေါ်လျက် ရှိကုန်၏၊

၃- ရှည်သော ဖနှောင့် ရှိ၏၊(မနှောင့် ရှည်၏)
၄- ရှည်သွယ်သော လက်ချောင်း ခြေချောင်း ရှိ၏၊
၅- နူးညံ့ နုနယ်သော လက်ဖဝါး ခြေဖဝါး ရှိ၏၊
၆- ကွန်ရက်ပမာ ညီညာသော လက်ချောင်း ခြေချောင်းရှိ၏၊
၇- ဖမျက်မြင့်သော ခြေရှိ၏၊(ဖမျက် မြင့်၏)
၈- ဧဏီသားကောင်၏ သလုံး မြင်းခေါင်းကဲ့သို့သော သလုံး မြင်းခေါင်း ရှိ၏၊
၉- မကိုင်း မညွတ်ဘဲ ရပ်လျက်ပင် နှစ်ဖက်သော လက်ဝါးပြင်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ် နိုင်၏၊
၁၀- အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသ နိမိတ် ရှိ၏၊
၁၁- ရွှေအဆင်း ရှိ၏၊ ရွှေနှင့် တူသော အရေရှိ၏၊
၁၂- ချောမွေ့သော အသား အရေရှိ၏၊ ထိုကြောင့် မြူ အညစ် အကြေး မလိမ်းကျံ မကပ်ငြိ၊
၁၃- မွေးညှင်းပေါက်တို့၌ တပင် တပင်သော မွေးညှင်းတို့ သာလျှင် ပေါက်ကုန်၏၊
၁၄- အထက်သို့ ကော့တက်သော မွေးညှင်းရှိ၏၊
၁၅- ပြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိ၏၊
၁၆- အရပ် ခုနစ်ပါး၌ အသား ဖြိုးမောက်ခြင်း ရှိ၏၊
၁၇- ခြင်္သေ့ ကိုယ်ရှေ့ပိုင်းနှင့် တူသော ကိုယ် ရှိ၏၊

၁၈- လက်ပြင် နှစ်ဖက်အကြား၌ ပြည့်ဖြိုးသော ကျောပြင်ရှိ၏၊
၁၉- ပညောင်ပင်ကဲ့သို့ ဝန်းသော ကိုယ် ရှိ၏၊
၂၀- ညီညာ လုံးသော လည်ပင်း လည်တိုင် ရှိ၏၊
၂၁- အရသာကို ဆောင်သော အလွန်ကောင်းသော အကြော ရှိ၏၊
၂၂- ခြင်္သေ့၏ မေးနှင့် တူသော မေး ရှိ၏၊
၂၃- လေးဆယ်သော သွား ရှိ၏၊
၂၄- ညီညွတ်သော သွား ရှိ၏၊
၂၅- မကျဲသော သွား ရှိ၏၊
၂၆- အလွန်ဖြူစင်သော အစွယ် ရှိ၏၊
၂၇- ကြီးမား ရှည်လျား နူးညံ့သော လျှာ ရှိ၏၊
၂၈- ဗြဟ္မာ ကရဝိက်ငှက် အသံနှင့်တူသော အသံ ရှိ၏၊
၂၉- အလွန်ညိုသော မျက်လုံး ရှိ၏၊
၃၀- နွားငယ် မျက်တောင်နှင့် တူသော မျက်တောင် ရှိ၏၊
၃၁- မျက်မှောင် နှစ်ခု အကြား၌ လဲဝါဂွမ်း ကဲ့သို့ ဖြူစင်သော ဥဏ္ဏာလုံ မွေးရှင် ပေါက်လျက် ရှိ၏၊
၃၂- သင်းကျစ် ဆင်ထားဘိသကဲ့သို့သော ဦးခေါင်း ရှိ၏၊

"ရဟန်းတို့ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာ တို့သည် ဤသည်တို့ပေတည်း"။

ရဟန်းတို့သည် မြတ်စွာဘုရား ဟောကြားသော တရားကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန် သတည်း။

## ၈-သိင်္ဂါလသုတ်

### သိင်္ဂါလ လုလင်

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဆွမ်းခံကြွတော်မူရာ သူကြွယ်သား သိင်္ဂါလကို မြင်၍- "သူကြွယ်သား သင်သည် စောစောထ၍ မြို့မှ ထွက်ပြီးလျှင် စိုသော အဝတ်ဆံပင် ရှိသည်ဖြစ်၍ လက်အုပ်ချီလျက် အရပ်တို့ကို အဘယ်ကြောင့် ရှိခိုးဘိသနည်း"-ဟု မေး၏။

"မြတ်စွာဘုရား အဖသည် သေခါနီးမှာ ဤသို့ အရပ်မျက်နှာတို့ကို ရှိခိုးလော့ဟု မှာခဲ့ပါ၏"။

"သူကြွယ်သား အရိယာတို့၏ သာသနာ၌ အရပ် ခြောက်ပါးကို ဤသို့ ရှိမခိုးအပ်"။

"ရှိခိုးအပ်သော အရပ် ခြောက်ပါးကို ဟောကြားတော်မူပါ"။

"အရိယာသာဝကသည် ညစ်ညူးသော ကံလေးပါးတို့ကို ပယ်အပ်ကုန်၏၊ လေးပါးသော အကြောင်းတို့ဖြင့် မကောင်းမှုကို မပြု၊ စည်းစိမ် ပျက်ကြောင်း ခြောက်ပါးတို့ကို မမှီဝဲ၊ ဤတဆယ့်လေးပါးသော မကောင်းမှုမှ ကင်းသည်ဖြစ်၍ အရပ် ခြောက်ပါးတို့ကို လုံခြုံစေလျက် လောက နှစ်ပါးကို အောင်ခြင်းငှာ ကျင့်၏"—

ညစ်ညူးသော ကံလေးပါး–အသက်သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ မဟုတ် မမှန် ပြောခြင်း၊ သူတပါး၏ မယားၾ သွား လာခြင်း။

အကြောင်း လေးပါး–ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာ ဂတိ၊ ဘယာဂတိ။

စည်းစိမ်ပျက်ကြောင်း ခြောက်ပါး–သေရည်သေရက် သောက် လေ့ရှိခြင်း၊ အခါမဲ့ ခရီးသွားလေ့ရှိခြင်း၊ ပွဲလမ်းသဘင် ကြည့်ရှုလေ့ ရှိခြင်း၊ လောင်းကစားလေ့ရှိခြင်း၊ မကောင်းသော ခင်ပွန်းတို့နှင့် ပေါင်းသင်းလေ့ရှိခြင်း၊ ပျင်းရိလေ့ ရှိခြင်း။

သေရည်သေရက်သောက်ခြင်း အပြစ်–ဥစ္စာ ဆုတ်ယုတ်ရာ၏၊ ခိုက်ရန် ဖြစ်ပွားတတ်၏၊ အနာရောဂါ၏ အကြောင်းဖြစ်၏၊ အရှိန် အစော်မဲ့တတ်၏၊ လျှို့ဝှက်အပ်သည်ကို ဖော်ပြတတ်၏၊ ပညာ၏ အားနည်းသည်ကို ပြုတတ်၏။

အခါမဲ့ သွားလာခြင်း အပြစ်–မိမိကိုယ်သည်လည်း အကာ အကွယ် အစောင့်အရှောက် ကင်း၏၊ သားမယား တို့သည်လည်း အကာအကွယ် အစောင့်အရှောက် ကင်း၏၊ ဥစ္စာနှစ်သည်လည်း အကာအကွယ် အစောင့်အရှောက် ကင်း၏၊မကောင်းမှုတို့၌ ယုံမှား အပ်၏၊ မဟုတ် မမှန် စွပ်စွဲသော စကားလည်း ကျရောက်တတ်၏၊ များစွာသော ဆင်းရဲတို့၏ ရှေသွားဖြစ်၏။

ပွဲလမ်းသဘင် ကြည့်ရှုခြင်း အပြစ်–အဘယ်မှာ ကပွဲ ရှိသနည်း၊ အဘယ်မှာ သီဆိုပွဲ ရှိသနည်း၊ အဘယ်မှာ တီးမှုတ်ပွဲ ရှိသနည်း၊ အဘယ်မှာ စာဟောပွဲ ရှိသနည်း၊ အဘယ်မှာ လက်ခုပ်တီးပွဲ ရှိသနည်း၊ အဘယ်မှာ စည်တီးပွဲ ရှိသနည်းဟု မေး၍ သွား၏။

လောင်းကစားခြင်း အပြစ်-နိုင်သော် ရန်ပွား၏၊ ရှုံးသော် ဥစ္စာအတွက် ပူပန်ရ၏၊ ကိုယ်တွေ့ မျက်မြင် ဥစ္စာ ဆုတ်ယုတ်၏၊ တရားရုံး၌ စကားမတည်၊ အဆွေခင်ပွန်းတို့ မထေမဲ့မြင် ပြုအပ်၏၊ သမီးပေး သားယူ ပြုလိုသူတို့ အလို မရှိအပ်။

ခင်ပွန်းယုတ် အပြစ်-လောင်းကစား ကျူးကုန်၏၊ ကာမဂုဏ်ကျူးကုန်၏၊ သေသောက် ကျူးကုန်၏၊ အထူးပြု၍ လှည့်ပတ်တတ်ကုန်၏၊ မာယာဖြင့် လှည့်ပတ်တတ်ကုန်၏၊ အနိုင်အထက် ပြုတတ်ကုန်၏။

ပျင်းရိခြင်း အပြစ်-အေးလွန်းသည်ဟု အမှုကိစ္စကို မပြု၊ ပူလွန်းသည်ဟု အမှုကိစ္စကို မပြု၊ စောလွန်းသည်ဟု အမှုကိစ္စကို မပြု၊ ဆာလွန်းသည်ဟု အမှုကိစ္စကို မပြု၊ ဝလွန်းသည်ဟု အမှုကိစ္စ မပြု။

မိတ်ဆွေတု-ယူသာ ယူတတ်သူ၊ နှုတ်မျှဖြင့်သာ ပေးတတ်သူ၊ အကြိုက်ကို လိုက်၍ ပြောတတ်သူ၊ ပျက်စီးကြောင်း၌ အပေါင်းအဖော် ဖြစ်သူ။

မိတ်ဆွေစစ်-ကျေးဇူး ပြုတတ်သူ၊ ချမ်းသာဆင်းရဲ အတူဖြစ်သူ၊ အကျိုးစီးပွားကို ပြောကြားသူ၊ အစဉ် သနားတတ်သူ။

အရပ်ခြောက်ပါး-အမိ အဖတို့ကို အရှေ့အရပ်၊ ဆရာသမားတို့ကို တောင်အရပ်၊ သားမယားတို့ကို အနောက်အရပ်၊ ချစ်သောအဆွေခင်ပွန်းတို့ကို မြောက်အရပ်၊ အစေအပါး အလုပ်သမားတို့ကို အောက်အရပ်၊ သမဏ ဗြာဟ္မဏတို့ကို အထက်အရပ်ဟု သိအပ်၏။

ဤသို့ မိန့်တော်မူသော် သူကြွယ်သား သိင်္ဂါလသည် မြတ်စွာဘုရားအား-"မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ဥပါသကာဟု မှတ်တော်မူပါ"-ဟု လျှောက်လေသတည်း။

# ၉-အာဋာနာဋိယသုတ်

## နတ်မင်းကြီး လေးယောက်

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူ၏၊ ထိုအခါ နတ်မင်းကြီး လေးယောက်တို့သည် အရပ်လေးမျက်နှာ၌ ကင်းထောက်တပ် ချထား၍ မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရိုသေစွာရှိခိုးပြီး တနေရာ၌ ထိုင်နေကုန်၏၊ ထိုတွင် ဝေဿဝဏ် နတ်မင်းကြီးသည် မြတ်စွာဘုရားအား-"အရှင်ဘုရား များစွာသော ဘီလူးတို့သည် မြတ်စွာဘုရားကို မကြည်ညိုကြပါ၊ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် ကာမငါးပါးကို ရှောင်ကြဉ်ရန် တရားဟောပါ၏၊ သူတို့သည် ကာမငါးပါးကို မရှောင်ကြဉ်ကြပါ၊ မြတ်စွာဘုရား၏ တပည့်တို့သည် တောကျောင်းတို့ကို မှီဝဲ နေထိုင်ပါကုန်၏၊ ထိုဘီလူးတို့ ကြည်ညိုစေရန် တပည့်တို့အား အာဋာနာဋိယ ပရိတ် အရံအတားကို သင်ပေးတော်မူပါ"-ဟု လျှောက်၏၊

မြတ်စွာဘုရားသည် ဆိတ်ဆိတ် နေခြင်းဖြင့် လက်ခံတော်မူ၏၊ ထိုအခါ ဝေဿဝဏ် နတ်မင်းကြီးသည် အာဋာနာဋိယ မည်သော ဂဏ္ဍအစောင့်အရှောက်ကို ရွတ်ဆိုလျှောက်ကြား၏-

စက္ခုငါးပါး ဘုန်းကြက်သရေနှင့် ပြည့်စုံသော
ဝိပဿီ မြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်း
ဖြစ်ပါစေသတည်း၊ သတ္တဝါ အားလုံးကို သနား
တော်မူသော သိခီ မြတ်စွာဘုရားအားလည်း

အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။ ကိလေသာ စင်ကြယ်စေပြီး ခြိုးခြံသော အကျင့်ရှိသော ဝေဿဘူ မြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ မာရ်စစ်သည်ကို ဖျက်ဆီးတော်မူတတ်သော ကကုသန် မြတ်စွာဘုရားအား အကျွန်ု၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

မကောင်းမှုကို အပပြုပြီးသော ကျင့်သုံးပြီးသော ဗြဟ္မစရိယရှိသော ကောဏာဂုံ မြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ အခါခပ်သိမ်း ဝိမုတ္တိ ငါးပါး၏ အစွမ်းဖြင့် လွတ်မြောက်သော ကဿပ မြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေ သတည်း၊ သာကီဝင် မင်းသားဖြစ်သော မြတ်စွာဘုရားသည် ဆင်းရဲခပ်သိမ်းကို ပယ်ဖျောက်တတ်သောဤအာဋာနာဋိယ ပရိတ်တရားကို ဟောကြား၏၊ ကိုယ်တော်မှ ထွက်သော ရောင်ခြည်ရှိသော ဘုန်းကြက်သရေနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရားအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

လောက ကိလေသာ ငြိမ်းကုန်ပြီးသော ဟုတ်မှန်စွာ သိမြင်သော မြတ်စွာဘုရားတို့သည် ဂုံးစကားကို မဆိုကုန်၊ ကြီးမြတ်ကုန်၏၊ ကြောက်ရွံ့ခြင်း ကင်းကုန်၏၊ နတ်လူတို့၏ အကျိုးစီးပွားကို ဆောင်တတ်

သော အသိဉာဏ် ဝိဇ္ဇာ အကျင့် စရဏနှင့် ပြည့်စုံ
သော မြတ်စွာဘုရားကို ရှိခိုးကြကုန်၏။

"အရှင်ဘုရား ဤအာဋာနာဋိယ ပရိတ်အရံအတားသည် ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာတို့၏ အကာအကွယ် အစောင့်အရှောက် အလို့ငှာ မပင် မပန်း မဆင်းရဲခြင်းငှာ ချမ်းသာစွာ နေရခြင်းငှာ ဖြစ်ပါ၏၊ အရှင်ဘုရား ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် ကိစ္စများကုန်၏၊ ပြုဖွယ် များကုန်၏"။

"နတ်မင်းကြီးတို့ ယခုအခါ သွားရန် အချိန်ကို သင်တို့ သိကုန်၏"။

ထိုအခါ နတ်မင်းကြီး လေးယောက်တို့သည် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြု၍ ထိုအရပ်၌ပင် ကွယ်ကုန်၏။

## ၁၀-သံဂီတိ သုတ်

### အညီအညွတ်ရွတ်ဆိုခြင်း

အခါတပါး မြတ်စွာဘုရားသည် ရဟန်း သံဃာ ငါးရာမျှနှင့် အတူ မလ္လတိုင်း၌ ဒေသစာရီ ကြွတော်မူသော် ပါဝါပြည်သို့ ရောက်၍ ရွှေပန်းတိမ်သည်သား စုန္ဒ၏ သရက်ဥယျာဉ်၌ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာကို တစောင်း ကြည့်တော်မူ၍ အရှင် သာရိပုတြာကို- "သာရိပုတြာ ရဟန်း သံဃာသည် ထိုင်းမှိုင်းခြင်း ကင်း၏၊ ရဟန်းတို့အား တရားစကား

သည် ထင်စေလော့၊ ငါ၏ ကျောက်ကုန်းသည် ညောင်း၏၊ ကျောက်ကုန်းဆန့်အံ့”- ဟုဆို၍ လျောင်းစက်ခြင်းကို ပြုတော်မူ၏၊ ထိုနောက် အရှင် သာရိပုတြာသည် ရဟန်းတို့ကို မိန့်ဆို၏-

“ငါ့ရှင်တို့ ငါတို့၏ မြတ်စွာဘုရားသည် ဤတရားကို ကောင်းစွာ ဟောတော်မူအပ်၏၊ ကောင်းစွာ သိစေတော်မူအပ်၏၊ ဝဋ်မှ ထွက်ကြောင်းဖြစ်၏၊ ကိလေသာငြိမ်းခြင်းကို ဖြစ်စေတတ်၏၊ ဘုရားဟောဖြစ်၏၊ ထိုတရား၌ အလုံးစုံသော အညီ အညွတ် ရွတ်ဆိုအပ်၏၊ မငြင်းခုံအပ်၊ ယင်းသို့ ရွတ်ဆိုသော် ဤသာသနာသည် အရှည်ခံ့သည်၊ ကြာမြင့်စွာ တည်သည် ဖြစ်ရာ၏၊ ထိုသို့ ဖြစ်ခြင်းသည် လူအများ၏ စီးပွားချမ်းသာ အလို့ငှာ လောကကို စောင့်ရှောက်ရန် အလို့ငှာ နတ်လူတို့၏ အကျိုးစီးပွား ချမ်းသာ အလို့ငှာ ဖြစ်ရာ၏၊ ထိုတရားသည် အဘယ်နည်း”-

ဧကက (တခုတည်းသော တရားစု)- အလုံးစုံသော သတ္တဝါတို့သည် အစာ အာဟာရလျှင် တည်ရာရှိကုန်၏၊ အလုံးစုံသော သတ္တဝါတို့သည် သင်္ခါရလျှင် တည်ရာရှိကုန်၏။

ဒုက (တရား နှစ်ပါးစု)- နာမ်တရားငုင်း ရုပ်တရားငုင်းတည်း။

တိက (တရားသုံးပါးစု)- လောဘ အကုသိုလ်မူလ, ဒေါသ အကုသိုလ်မူလ, မောဟ အကုသိုလ် မူလအားဖြင့် သုံးပါးတို့တည်း။

စတုက္က (တရားလေးပါးစု)- ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟူ, ဝေဒနာတို့၌ ဝေဒနာဟူ, စိတ်၌ စိတ်ဟူ, သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန်ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင် တပ်မက်ခြင်းနှင့် နှလုံး မသာခြင်းကို ပယ်ဖျောက်၍နေ၏၊ ဤလေးပါးတို့တည်း။

**ပဉ္စက** (တရား ငါးပါးစု)- ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာအားဖြင့် ငါးပါး တို့တည်း။

**ဆက္က** (တရား ခြောက်ပါးစု)- စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတန ဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့တည်း။

**သတ္တက** (တရားခုနစ်ပါးစု)- သဒ္ဓါ, သီလ, ဟိရိ, ဩတ္တပ္ပ, သုတ, စာဂ, ပညာဟူသော အရိယာ ဥစ္စာ ခုနစ်ပါးတို့တည်း။

**အဋ္ဌက** (တရား ရှစ်ပါးစု)- မှားသော အယူ, မှားသော အကြံ, မှားသော စကား, မှားသော အမှု, မှားသော အသက်မွေးမှု, မှားသော အားထုတ်မှု, မှားသော အောက်မေ့မှု, မှားသော တည်ကြည်မှုအားဖြင့် ရှစ်ပါးတို့တည်း။

**နဝက** (တရားကိုးပါးစု)- ငါ၏ အကျိုးမဲ့ကို ပြုကျင့်ဘူးသည်, ပြုနေဆဲ, ပြုလတ္တံ့။ ငါချစ်ခင်နှစ်သက်သူ၏ အကျိုးမဲ့ကို ပြုကျင့် ဘူးသည်, ပြုနေဆဲ, ပြုလတ္တံ့။ ငါမချစ်ခင် မနှစ်သက်သူ၏ အကျိုး ကို ပြုဘူးသည်, ပြုနေဆဲ, ပြုလတ္တံ့ဟု ခိုက်ရန်ဖြစ်ခြင်း ရန်ညိုး ဖွဲ့ခြင်း အကြောင်း ကိုးပါးတို့တည်း။

**ဒသက** (တရားဆယ်ပါးစု)- သီလရှိ၏၊ များသော အကြား အမြင်ရှိ၏၊ အဆွေခင်ပွန်းကောင်း ရှိ၏၊ ဆိုဆုံးမ လွယ်၏၊ သီတင်း သုံးဖော်တို့၏ ကိစ္စတို့၌ လိမ္မာ၏၊ တရားတော်ကို အလိုရှိ၏၊ ရရသမျှသော ပစ္စည်းလေးပါးတို့ဖြင့် ရောင့်ရဲ၏၊ အားထုတ်အပ် သော ဝီရိယ ရှိသည်ဖြစ်၍ နေ၏၊ သတိ ရှိ၏၊ ပညာ ရှိ၏၊ မှီခိုရာ ပြုတတ်သော ဤတရား ဆယ်ပါးတို့တည်း။

ထိုအခါ မြတ်စွာဘုရားသည် ထ၍- "သာရိပုတြာ သာဓု သာဓု၊ သင်သည် ရဟန်းတို့အား သံဂီတိသုတ်ကို ကောင်းစွာ ဟောအပ်ပေ၏"— ဟု မိန့်ဆိုလေသည်။

## ၁၁-ဒသုတ္တရ သုတ်

### ဆယ်လွန် တရားစု

အခါတပါး မြတ်စွာဘုရားသည် စမ္ပာမြို့ ဂဂ္ဂရာ ရေကန်နား၌ ရဟန်း သံဃာ ငါးရာမျှနှင့် အတူ နေတော်မူ၏၊ ထိုအခါ အရှင် သာရိပုတြာသည် ရဟန်းတို့အား ဒသုတ္တရ သုတ္တန်တရား ဟောကြားလေသည်။

**တပါးစု ဆယ်ပါး**—ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းသည် များသော ကျေးဇူးရှိ၏၊ ကာယဂတာ သတိကို ပွားများအပ်၏၊ အာသဝေါတရား ဥပါဒါန် တရားတို့၏ အကြောင်းဖြစ်သော ဖဿကို ပိုင်းခြား၍ သိအပ်၏၊ ရုပ်စသည်၌ ငါဟု ထင်မှားခြင်းကို ပယ်အပ်၏၊ မှားသော နှလုံးသွင်းခြင်းသည် ယုတ်သော အဖို့ရှိ၏၊ မှန်သော နှလုံးသွင်းခြင်းသည် ထူးသော အဖို့ရှိ၏၊ စိတ်၏ တည်ကြည်ခြင်းကို ထိုးထွင်း၍ သိနိုင်ခဲ၏၊ မဖျက်ဆီးနိုင်သော ဉာဏ်ကို ဖြစ်စေအပ်၏၊ အလုံးစုံသော သတ္တဝါတို့ အစာဟူသော အကြောင်းလျှင် တည်ရာရှိသည်ကို ထူးသောဉာဏ်ဖြင့် သိအပ်၏၊ မဖျက်ဆီးနိုင်သော လွတ်မြောက်သောစိတ်ကို မျက်မှောက်ပြုအပ်၏။

**နှစ်ပါးစု နှစ်ဆယ်**— သတိ သမ္ပဇဉ်တို့သည် များသော ကျေးဇူးရှိကုန်၏၊ သမထ ဝိပဿနာတို့ကို ပွားများအပ်ကုန်၏၊ နာမ်ရုပ်တို့ကို

ပိုင်းခြား၍ သိအပ်ကုန်၏၊ အဝိဇ္ဇာ တဏှာတို့ကို ပယ်အပ်ကုန်၏၊ ဆုံးမခက်ခြင်း မကောင်းသော အဆွေခင်ပွန်း ရှိခြင်းတို့သည် ယုတ်သော အဘို့ရှိကုန်၏၊ ဆုံးမလွယ်ခြင်း ကောင်းသော အဆွေခင်ပွန်းရှိခြင်းတို့သည် ထူးသော အဘို့ရှိကုန်၏၊ သတ္တဝါတို့၏ ညစ်ညူးခြင်း အကြောင်း အထောက် အပံ့ စင်ကြယ်ခြင်း အကြောင်း အထောက် အပံ့တို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏၊ အရိယာမဂ် ဉာဏ် ဖိုလ်ဉာဏ်တို့ကို ဖြစ်စေအပ်ကုန်၏၊ သင်္ခတဓာတ် အသင်္ခတဓာတ်တို့ကို ထူးသော ဉာဏ်ဖြင့် သိအပ်ကုန်၏၊ ဝိဇ္ဇာ ဝိမုတ္တိတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

သုံးပါးစု သုံးဆယ်— သူတော်ကောင်းကို မှီဝဲခြင်း သူတော်ကောင်း တရားကို နာခြင်း လောကုတ္တရာတရားအား လျော်သော တရားကို ကျင့်ခြင်းတို့သည် ကျေးဇူးများကုန်၏၊ ဝိတက် ဝိစာရနှင့် တကွဖြစ်သော သမာဓိ ဝိစာရမျှသာရှိသော သမာဓိ ဝိတက်လည်း မရှိ ဝိစာရလည်းမရှိသော သမာဓိတို့ကို ပွားများအပ်ကုန်၏၊ သုခ ဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာတို့ကို ပယ်အပ်ကုန်၏၊ လောဘ ဒေါသ မောဟ အကုသိုလ်မူလတို့သည် ယုတ်သော အဘို့ရှိကုန်၏၊ အလောဘ အဒေါသ အမောဟ ကုသိုလ်မူလတို့သည် ထူးသော အဘို့ရှိကုန်၏၊ နေက္ခမဓာတ် အရူပဓာတ် နိရောဓဓာတ်တို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏၊ အတိတ်အဘို့လျှင် အာရုံရှိသော ဉာဏ်, အနာဂါတ် အဘို့လျှင် အာရုံရှိသော ဉာဏ်, ပစ္စုပ္ပန် အဘို့လျှင် အာရုံရှိသော ဉာဏ်တို့ကို ဖြစ်စေအပ်ကုန်၏၊ ကာမဓာတ် ရူပဓာတ် အရူပ ဓာတ်တို့ကို ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏၊

ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏ်ဝိဇ္ဇာ စုတူပပါတ ဉာဏ်ဝိဇ္ဇာ အာသဝက္ခယ ဉာဏ်ဝိဇ္ဇာတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

**လေးပါးစု လေးဆယ်**— သင့်လျော်သော အရပ်၌နေခြင်း သူတော်ကောင်းတို့ကို မှီဝဲဆီးကပ်ခြင်း မိမိကိုယ်ကို ကောင်းစွာထားခြင်း ရှေး၌ပြုဘူးသော ကောင်းမှုရှိခြင်းတို့သည် များသော ကျေးဇူးရှိကုန်၏၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွားများအပ်ကုန်၏၊ အာဟာရ လေးပါးတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ ဩဃ လေးပါးတို့ကို ပယ်အပ်ကုန်၏၊ ယောဂ လေးပါးတို့သည် ယုတ်သော အဘို့ရှိကုန်၏၊ ဝိသံယောဂ လေးပါးတို့သည် ထူးသော အဘို့ရှိကုန်၏၊ သမာဓိ လေးပါးတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏၊ ဉာဏ်လေးပါးတို့ကို ဖြစ်စေအပ်ကုန်၏၊ အရိယာသစ္စာ လေးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏၊ သာမည ဖလ လေးပါးတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

**ငါးပါးစု ငါးဆယ်**— ကမ္မဋ္ဌာန်း အားထုတ်သော ရဟန်း၏ အင်္ဂါငါးပါးတို့သည် များသော ကျေးဇူးရှိကုန်၏၊ အင်္ဂါငါးပါး ရှိသော သမာဓိကို ပွားများအပ်ကုန်၏၊ တဏှာ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ နီဝရဏတရား ငါးပါးတို့ကို ပယ်အပ်ကုန်၏၊ ငြောင့်တံသင်း ငါးပါးတို့သည် ဆုတ်ယုတ်သော အဘို့ရှိကုန်၏၊ ဣန္ဒြေ ငါးပါးတို့သည် ထူးသော အဘို့ရှိကုန်၏၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေတတ်သော ဓာတ်ငါးပါး တို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏၊ ဉာဏ်နှင့် ယှဉ်သော သမ္မာ သမာဓိ ငါးပါး တို့ကို ဖြစ်စေအပ်ကုန်၏၊ ကိလေသာမှ လွတ်မြောက်ခြင်း အကြောင်း ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏၊ ဓမ္မက္ခန္ဓာ ငါးပါးတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

**ခြောက်ပါးစု ခြောက်ဆယ်**— အောက်မေ့အပ်သော တရားခြောက်ပါးတို့သည် များစွာကျေးဇူးရှိကုန်၏၊ အဖန်ဖန် အောက်မေ့ရာ ဌာန ခြောက်ပါးတို့ကို ပွားများအပ်ကုန်၏၊ အဇ္ဈတ္တိကာယတန ခြောက်ပါးတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ တဏှာအပေါင်း ခြောက်ပါးတို့ကို ပယ်အပ်ကုန်၏၊ မရှိသေခြင်းတရား ခြောက်ပါးတို့သည် ယုတ်သောအဘို့ ရှိကုန်၏၊ ရှိသေခြင်းတရား ခြောက်ပါးတို့သည် ထူးသော အဘို့ ရှိကုန်၊ ကိလေသာမှ လွတ်သော ဓာတ်ခြောက်ပါးတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏၊ မြဲသောနေခြင်း ခြောက်ပါးတို့ကို ဖြစ်စေအပ်ကုန်၏၊ အမြတ်ဆုံးတရား ခြောက်ပါးတို့ကို ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏၊ အဘိညာဉ် ခြောက်ပါးတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

**ခုနစ်ပါးစု ခုနစ်ဆယ်**— အရိယာ၏ ဥစ္စာ ခုနစ်ပါးတို့သည် များသော ကျေးဇူးရှိကုန်၏၊ မဂ်ဖိုလ်ရကြောင်း အင်္ဂါ သမ္ဗောဇ္ဈင် ခုနစ်ပါးတို့ကို ပွားများအပ်ကုန်၏၊ ဝိညာဉ်၏ တည်ရာ ခုနစ်ပါးတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ အနုသယ ခုနစ်ပါးတို့ကို ပယ်အပ်ကုန်၏၊ မသူတော်တရား ခုနစ်ပါးတို့သည် ယုတ်သော အဘို့ရှိကုန်၏၊ သူတော်ကောင်းတရား ခုနစ်ပါးတို့သည် ထူးသော အဘို့ရှိကုန်၏၊ သူတော်ကောင်းတရား ခုနစ်ပါးတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏၊ သညာ ခုနစ်ပါးတို့ကို ဖြစ်စေအပ်ကုန်၏၊ ရဟန္တာဖြစ်ခြင်း အကြောင်း ခုနစ်ပါးတို့ကို ထူးသော ဉာဏ်ဖြင့် သိအပ်ကုန်၏၊ ရဟန္တာပုဂ္ဂိုလ်၏ အား ခုနစ်ပါးတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

**ရှစ်ပါးစု ရှစ်ဆယ်**—ရှစ်ပါးသော အကြောင်း အထောက် အပံ့တို့သည် များသော ကျေးဇူးရှိကုန်၏၊ မြတ်သော မဂ္ဂင်ရှစ်ပါးတို့ကို ပွားများစေအပ်ကုန်၏၊ လောကဓံတရား ရှစ်ပါးတို့ကို ပိုင်းခြား၍

သိအပ်ကုန်၏၊ မှားသော သဘောတရား ရှစ်ပါးတို့ကို ပယ်အပ်ကုန်၏၊ ပျင်းရိခြင်း အကြောင်း ရှစ်ပါးတို့သည် ဆုတ်ယုတ်သော အဘို့ရှိကုန်၏၊ အားထုတ်ခြင်း အကြောင်း ရှစ်ပါးတို့သည် ထူးသော အဘို့ရှိကုန်၏၊ မြတ်သော အကျင့်ကို ကျင့်ခြင်းငှာ အခွင့် မဟုတ်သော အက္ခဏ ရှစ်ပါးတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏၊ ယောကျ်ား မြတ်တို့ အကျင့်ရှစ်ပါးတို့ကို ဖြစ်စေအပ်ကုန်၏၊ ဆန့်ကျင်ဘက် တရားနှင့် အာရုံတို့ကို လွှမ်းမိုးနိုင်ကြောင်း အဘိဘာယတန ရှစ်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ လွတ်လပ်ခြင်း ဝိမောက္ခ ရှစ်ပါးတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

ကိုးပါးစု ကိုးဆယ်-အသင့်အားဖြင့် နှလုံးသွင်းခြင်း အကြောင်း ရင်းရှိသော တရားကိုးပါးတို့သည် များသော ကျေးဇူးရှိကုန်၏၊ ပါရိသုဒ္ဓိကို ပွားစေခြင်း၏ ပဓာနဖြစ်သော အကြောင်း အင်္ဂါ ကိုးပါးတို့ကို ပွားစေအပ်ကုန်၏၊ သတ္တဝါတို့၏ နေရာ ကိုးပါးတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ တဏှာ အကြောင်းရင်းရှိသော ကိုးပါးသော တရားတို့ကို ပယ်အပ်ကုန်၏၊ ခိုက်ရန်ဖြစ်ခြင်း အကြောင်း ကိုးပါးတို့သည် ယုတ်သော အဘို့ရှိကုန်၏၊ ရန်ငြိုးပြေကြောင်း ကိုးပါးတို့သည် ထူးသော အဘို့ရှိကုန်၏၊ ထူးသည့်အဖြစ်ကို ပြုတတ်သောတရား ကိုးပါးတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏၊ ကိုးပါးသော သညာတို့ကို ဖြစ်စေအပ်ကုန်၏၊ အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ်ကိုးပါးတို့ကို မျက်မှောက် ပြုအပ်ကုန်၏၊ အစဉ်အတိုင်း ချုပ်ခြင်း ကိုးပါးတို့ကို မျက်မှောက် ပြုအပ်ကုန်၏။

ဆယ်ပါးစု တရား-မှီခိုရာပြုတတ်သော တရားဆယ်ပါးတို့သည် များသော ကျေးဇူးရှိကုန်၏၊ ကသိုဏ်း အာရုံဆယ်ပါးတို့ကို ပွားစေ

အပ်ကုန်၏၊ အာယတန ဆယ်ပါးတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ မှားသော အကျင့်ဆယ်ပါးတို့ကို ပယ်အပ်ကုန်၏၊ အကုသိုလ် ကမ္မပထတရား ဆယ်ပါးတို့သည် ယုတ်သော အဘို့ရှိကုန်၏၊ ကုသိုလ် ကမ္မပထတရား ဆယ်ပါးတို့သည် ထူးသော အဘို့ရှိကုန်၏၊ မြတ်သော အကျင့်ဆယ်ပါးတို့ကို ထိုးထွင်း၍ သိနိုင်ခဲကုန်၏၊ အမှတ်သညာ ဆယ်ပါးတို့ကို ဖြစ်စေအပ်ကုန်၏၊ ပျက်စီးခြင်း အကြောင်း ဆယ်ပါးတို့ကို ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏၊ ရဟန္တာ ပုဂ္ဂိုလ်တို့၏ တရား ဆယ်ပါးတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

"ဤသို့ ဤတရားတို့သည် ဟုတ်မှန်ကုန်၏၊ မချွတ် မယွင်းသော သဘောရှိကုန်၏၊ ဖောက်ပြန်သော သဘော မရှိကုန်၊ မြတ်စွာဘုရားသည် မှန်စွာ ထိုးထွင်း၍ သိအပ်ကုန်၏"-ဟု အရှင် သာရိပုတြာ ဟောကြားတော်မူလေသတည်း။

## သုတ်ပါထေယျ အကျဉ်းချုပ်





# နိဂုံး

သာမာန်အားဖြင့် ပိဋကသုံးပုံ အနက်မှ တပုံကို ဖတ်ပြီးပြီဟု ဆိုနိုင်ပါပြီ၊ ပိဋက တပုံဆောင်ဟုလည်း ဝိသေသန မှုနိုင်ပါ၏၊ ရှေးအခါက သုတ္တန်ဆောင် ဝိနည်းဆောင် အဘိဓမ္မာဆောင် ပုဂ္ဂိုလ်ကြီးများ ရှိကြ၏၊ သုတ္တန်နှင့် ပတ်သက်လျှင် သုတ္တန်ဆောင် ပုဂ္ဂိုလ်၏ စကားကိုဖယ်ရှား ဆန့်ကျင်ဘို့ ခက်၏၊ လေးစားစွာ မှတ်သားလိုက်ရ၏၊ အကြောင်းကား သူသည် သုတ္တန်ဆောင် ဖြစ်၏၊ သုတ္တန်တို့ကို အထူး လေ့လာထား၏၊ သုတံ = ကြားလိုက်ရ၏သာ မဟုတ်၊ ဥပလက္ခိတံ = မှတ်သား၍လည်း ထား၏၊ ဥပဓာရိတံ = နှုတ်လွတ်အာဂုံလည်း ဆောင်၍ ထားသည်၊ ထိုကြောင့် သုတ္တန်နှင့် ပတ်သက်လျှင် သူ၏ မိန့်ဆိုချက်မှာ လေးနက်ခြင်း ဖြစ်၏၊ သာမည ဖတ်ရုံဖြင့်ကား ပိဋက သုံးပုံ ကုန်သော်လည်း အကျိုးများလှမည် မဟုတ်ချေ၊ ဖတ်လည်း ဖတ်ရမည်၊ မှတ်လည်း မှတ်ရမည်၊ ဆောင်လည်း ဆောင်ရမည်၊ ထိုပြင် ဖတ်တတ်ဖို့လည်း လိုသည်၊ မှတ်တတ်ဘို့လည်း လိုသည်၊ ဆောင်တတ်ဘို့လည်း လိုသည်။

ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် အများအားဖြင့် အချို့ မင်္ဂလသုတ်ကို အလွတ် ရကြသည်၊ အချို့ ပရိတ်ကြီး, ဓမ္မစကြာ, အနတ္တလက္ခဏ အစရှိသော သုတ်တို့ကို မပြတ် မလတ် ရွတ်ဖတ် သရဇ္ဈာယ် နေကြသည်၊ အချို့ အနက်ကိုပါ သွက်လက်စွာ ပြန်ဆိုနိုင်ကြသည်၊ ထိုကြောင့် သုတံ, ဥပလက္ခိတံ, ဥပဓာရိတံဟု ဆိုနိုင်ပါသည်၊ ထိုအားလုံးကို ကောင်းစွာ ကျက်ခြင်း, ကောင်းစွာ မှတ်ခြင်း, ကောင်းစွာ ဆောင်ထားခြင်းဟု မဆိုနိုင်ပါ၊အန္တရာယ် ပျောက်ကင်း ကျန်းမာခြင်း, စီးပွား ဥစ္စာ တိုးတက်ခြင်းတို့ အတွက်သာ ရွတ်ဖတ် သရဇ္ဈာယ်ပါသော် မိမိ ရွတ်ဆိုနေသော သုတ်နှင့် မိမိ၏ ရည်ရွယ်ချက်မှာ တဖက်စီ ဖြစ်နေပေလိမ့်မည်၊ မြတ်စွာဘုရား ဟောကြားတော်မူ၏—

လာဘ်ရကြောင်း အကျင့်သည် တပါး၊
နိဗ္ဗာန် ရောက်ကြောင်း အကျင့်သည် တခြား၊
ဤနှစ်ပါးကို ခွဲခြားသိ၍ ဗုဒ္ဓတပည့်သည်
လာဘ် ပူဇော် သက္ကာရကို မတောင့်တဘဲ
ဆိတ်ငြိမ်မှု ဝိဝေကကို ပွားရာ၏။

ဤလောကသည် မျက်ကန်း အတိသာ ဖြစ်၏၊
အနည်းငယ်မျှသော သူသာ အသိ အမြင် ရှိ၏၊
ပိုက်ကွန်မှ လွတ်သော ငှက်သည် နည်းသကဲ့သို့
လွတ်မြောက်ရာ နိဗ္ဗာန်သို့ သွားသူ နည်းလှ၏။

ကပ်ငြိ တွယ်တာ မက်မောခြင်း မရှိ၊
အမှန်တရားကို သိ၍ ယုံမှားခြင်း မရှိ၊

သေခြင်း ကင်းရာသို့ ရောက်သောသူကို
စင်ကြယ်သူ (ဗြာဟ္မဏ)ဟု ငါ ဆိုပေသည်။

ဤလောက၌ ကောင်းမှု မကောင်းမှုကို ပယ်၍
မြတ်သော အကျင့်ကို ကျင့်ပြီးလျှင် ခန္ဓာစသော
လောကီတရားစု၌ ပညာဖြင့် ဆင်ခြင်၍
နေထိုင်သူကိုသာ စင်စစ် ဗြာဟ္မဏဟု ဆို၏။

ဤ လေးဂါထာကို ပြန်ပြီး ဖတ်ကြည့်ပါဦး၊ ထိုအခါ မိမိ အလုပ် မဟုတ်သေးကြောင်း တွေ့ရမည်၊ အမေက သွား၌ ကပ်ငြိ နေသော အညစ်အကြေးများ စင်ကြယ်စေရန် ကြံကို ဝါးစေ၏၊ သို့ရာတွင် သမီးက ကဇွန်းဥကို စား၏၊ ထိုနည်းဆင်ဆင် မြတ်စွာ ဘုရားက ဘဝသံသရာ အနှောင်အဖွဲ့မှ လွတ်မြောက်စေရန် ဓမ္မ တရား ဟောကြားတော်မူ၏၊သို့ရာတွင် လူတို့သည် ကုသိုလ်ရစေရန် ပူဇော်လုပ်နေကြ၏၊ သုတ်တို့ကို ရွတ်ဖတ် သရဇ္ဈာယ် နေကြ၏၊ ဝိမုတ္တိ ရသကို မခံစားကြချေ၊ ဝိမုတ္တိ ရသကို ဗန္ဓန ရသ အဖြစ် ပြောင်းလွဲ ပစ်သည်နှင့် တူ၏။

စားဝတ်နေရေး ဖွံ့ဖြိုးခြင်း မရှိသော မိမိအား ဆရာသမား ကဲ့သို့ မိမိ လေးစားမိသော မိတ်ဆွေက နေ့စဉ် ဘုရားဂုဏ်တော်ကို မှန်မှန် သရဇ္ဈာယ်လျှင် စားဝတ်နေရေး ဖူလုံလိမ့်မည်၊ သို့ဖြင့် သူ့အား ထင်သည်ထက် မြင့်သော အလုပ်ကို ရနေကြောင်း အကြံဉာဏ်ပေး၏၊သို့ရာတွင် မိမိကား မြတ်စွာဘုရား၏ ဂုဏ်တော်ကို စားဝတ်နေရေးအတွက် အသုံး မချ နိုင်ပေ၊ သူက မိမိမှာ စားဝတ် နေရေး ဖွံ့ဖြိုးခြင်း မရှိ၊ ဖူလုံခြင်း မရှိ၊ ဝင်ငွေ မကောင်း၍ ဆင်းရဲ နေသည်ဟု ထင်၏၊ ဝင်ငွေ မရှိသည်ကို ဆင်းရဲသည်ဟု ဆိုလို

ပါက မိမိသည် လူဆင်းရဲ ဖြစ်ပေမည်၊ သို့ရာတွင် မိမိကား ဗုဒ္ဓ ဩဝါဒဖြင့် ချမ်းသာနေပါသည်—

သူကောင်းတို့သည် အလုံးစုံသော အရာတို့၌
တွယ်တာခြင်းကို စင်စစ် စွန့်ပစ်ကုန်၏၊
ကာမဂုဏ်တို့၌ အလိုရှိသော သဘောနှင့် စကားမပြော၊
ချမ်းသာသော်လည်း တက်ကြွခြင်း မရှိချေ၊
ဆင်းရဲသော်လည်း ငြိုငြင်ခြင်း မရှိချေ။

ငါတို့သည် သုတ်သုံးကျမ်းကို နာရီပိုင်း အတွင်းမှာဘဲ ဖတ်၍ ပြီးပါပြီ၊ ပိဋက တပုံကို ဖတ်ပြီးပြီဟု ဆိုနိုင်ပါသည်၊ သို့ရာတွင် ငါတို့သည် ကောင်းစွာ ဖတ်ခြင်းဖြင့် ဖတ်ပြီးသလော၊ မှန်စွာ ဖတ်ခြင်းဖြင့် ဖတ်၍ပြီးပါသလော၊ သုတံ= ကြားလိုက်ရုံသာလော၊ ဥပလက္ခိတံ=မှတ်မှတ်သားသားရှိပါ၏လော၊ကောင်းမွန် မှန်ကန်စွာ မှတ်သားပါ၏လော၊ ဥပဓာရိတံ = နှုတ်တက် အာဂုံ ဆောင်၍ ထားပါ၏လော၊ ကောင်းမွန်မှန်ကန်စွာ ဆောင်ထားခြင်း ဖြစ်ပါ ၏လော၊ အလုပ်ရအောင် တိုးတက် ခိုင်မြဲအောင် ရွတ်ဖတ်သရဇ္ဈာယ် နေခြင်းတို့ပေလော၊ ဝိမုတ္တိရသ အတွက် ဖြစ်ပါ၏လောဟု ပြန်လည် ဆန်းစစ်ဘို့ လိုပေသည်၊ လောကမှာ ဝင်ငွေကောင်းဘို့ကား လောကသားတို့အတွက် သိပ်မခက်လှ၊ အရှင် သာရိပုတြာက သူတပည့်များကို ဟောကြားတော်မူဘူးသည်—

"ငါ့ရှင်တို့ သင်တို့သည် မရှုးသော်လည်း အရူးကဲ့သို့ ပြုကျင့်, ဂုံးမတိုက်တတ်သော်လည်း ကတုံးကတိုက် ဂုံးတိုက်, ကချေသည်

မဟုတ်သော်လည်း ကချေသည်ကဲ့သို့ လုပ်, အုတ်အုတ်ကျက်ကျက် တခဲနက် အံ့ဖွယ်သရဲ မလုပ်တတ်သော်လည်း လုပ်တတ်အောင် ကျင့်ပြီး အံ့ဩဖွယ်ကို ဖြစ်စေလော့၊ ဤသို့ပြုလုပ်ပါလျှင် သူမိုက်တို့ အကြားမှာဖြင့် လာဘ်လာဘ ပေါများပေလိမ့်မည်"။

အရှင်သာရိပုတြာသည် လာဘ်လာဘ ပေါများသူ တိုးတက် ကြီးပွားနေသူ ရာထူးဂုဏ်သိမ် စည်းစိမ် ကြက်သရေ တက်ဖြိုးဝေ နေသူတို့၏ အလုပ်ကို ဖော်ထုတ်ပေးခြင်းသာ ဖြစ်၏၊ "ဒီလိုလူစား တွေ ခေတ်စားနေဒါပါကွာ၊ အားကျ မနေကြစမ်းပါနဲ့"—ဟုဆိုလို ရင်း ဖြစ်၏၊ မြတ်စွာဘုရားသည် လူရိုး လူကောင်းတို့အတွက် ပစ္စည်း ဥစ္စာ ကောင်းကောင်းကို ထုတ်ဖော် ပြသတော်မူ၏-

ကျန်းမာခြင်းသည် မှန်မြတ်သော လာဘ်ဖြစ်၏၊
ရောင့်ရဲခြင်းသည် မှန်မြတ်သော ဥစ္စာဖြစ်၏၊
ချစ်ခင်ခြင်းသည် မှန်မြတ်သော ဆွေမျိုးဖြစ်၏၊
နိဗ္ဗာန်သည် မှန်မြတ်သော ချမ်းသာဖြစ်၏။

"ဗမာနိုင်ငံမှာ ငတ်လို့တော့ မသေနိုင်ပါဘူး ဆရာ"—ဟု တပည့်တဦးက ဆရာအား ပြောပြ၏၊ ထိုအခါ ဆရာက- "ငတ်လို့ သေချင်လဲ သေပါစေ၊ မငတ်တဲ့ လူတွေလဲ သေနေကြတယ် မှတ်လား"- ဟု ပြန်ကြား၏၊ ဖြစ်လာလျှင် ပျက်မည်ကား သေချာ သည်၊ ဖြစ်လို့ပင် ပျက်ရ၏၊ မဖြစ်လျှင် ပျက်ဖွယ် မရှိချေ၊ သို့ရာတွင် မပျက်မီ စပ်ကြား ကျန်းမာရေးက အရေးကြီးသည်၊ ထိုပြင် ရောင့်ရဲ လွယ်တဲ့ဥစ္စာကို အပြည့် သိုလှောင်ထားဘို့ လိုသည်၊ ဤဥစ္စာသာ ရှိလျှင် အမြဲပင် ချမ်းသာ ပျော်ရွှင်နိုင်၏၊ ဆိုလိုသည်မှာ အနှောင်

အဖွဲ့ လွတ်မြောက်ရေးအတွက် ဟောကြားသော သုတ်တို့ကို အနှောင်အဖွဲ့အတွက် ရွတ်ဖတ် သရဇ္ဈာယ်ခြင်း မပြုရန် ဖြစ်ပါသည်၊ ဤတွင် သုတ်ပေါင်း ၄၃ သုတ်ပါဝင်၏၊ ဓမ္မစက္ကပဝတ္တန သုတ်ကို ဟောကြားပြီးသောအခါ အရှင်ကောဏ္ဍညသည် မြူကင်းသော အညစ်အကြေးကင်းသော ဓမ္မစက္ခု ထင်ရှားဖြစ်၏၊ အလုံးစုံသော တေဘုမ္မက တရားသည် ဖြစ်ခြင်း သဘောရှိ၏၊ ထိုဖြစ်ခြင်း သဘော ရှိသော တရားဟူသမျှသည် ချုပ်ခြင်း သဘောရှိ၏ဟု ဤသို့ ထင် ရှားဖြစ်၏၊ မြတ်စွာဘုရား ကိုယ်တိုင်ကလည်း-"ရဟန်းတို့ ကောဏ္ဍည သိသွားပြီ၊ သိသွားပြီ"-ဟု ဥဒါန်း ကျူးရင့်တော်မူ၏၊ သူ၏ အခြေအနေကား ဤသို့တည်း—

ဒိဋ္ဌဓမ္မော = ဓမ္မတရားကို မြင်၏၊
ပတ္တဓမ္မော = တရားသို့ ရောက်၏၊
ဝိဒိတ ဓမ္မော = ဓမ္မတရားကို သိ၏၊
ပရိယောဂါဠှ ဓမ္မော = ဓမ္မတရားကို သက်ဝင်၏၊
တိဏ္ဏ ဝိစိကိစ္ဆော = ယုံမှားခြင်းကို လွန်မြောက်၏၊
ဝိဂတ ကထံကထော = သို့လော သို့လော ကင်း၏၊
သတ္ထုသာသနေ = ဆရာ၏ အဆုံးအမ၌
ဝေသာရဇ္ဇပ္ပတ္တော = ရဲရင့်ခြင်းသို့ ရောက်၏၊
အပရပ္ပစ္စယော = သူတပါးကို အားမထားတော့ချေ။

မတရားသာ ခက်သည်၊ တရားက မခက်ပေ၊ လွယ်သည်၊ မတရား လုပ်ရန်အတွက် ကိုယ့်ထက် မတရားသူများကို ထောက် ထားရန် ရှိသည်၊ ကိုယ်ကလည်း မတရားသဖြင့် ကြောက်ရ လန့်ရ ထိတ်ရသည်၊ နိုင်လျှင် စံ၊ ရှုံးလျှင် ခံရမည်ဖြစ်၍ အထူး ဂရုစိုက်၍ တိုက်ခိုက်ရပေမည်၊ တရားအတွက်ကား ဤမျှ ခက်ခဲခြင်း မရှိ

ချေ၊ ဘယ်သူ့ကိုမျှ ငဲ့ကွက်နေဖွယ် မရှိချေ၊ တရားသာ စင်စစ် ဖြစ်ပါစေ၊ အရှင် သာရိပုတြာ၊ အရှင် ကောဏ္ဍညတို့ကို ထား၍ မြတ်စွာဘုရားကိုပင် အားထားနေဖွယ် မရှိချေ၊ ပရပစ္စယော = သူတပါးကို အားထားနေရသည်၊ အပရပစ္စယော = သူတပါးကို အားထား မနေချေ၊ မြတ်စွာဘုရားသည် ကိုယ့်ကိုယ်ကို အားကိုး နိုင်အောင် အားပေး—

မိမိကိုယ်သာ မိမိ ကိုးကွယ်ရာ ဖြစ်၏၊
သူတပါးသည် မိမိ ကိုးကွယ်ရာ ဘယ်မှာ ဖြစ်အံ့နည်း၊
မိမိကိုယ်ကို ကောင်းစွာ ဆုံးမခြင်းဖြင့်
ရနိုင်ခဲသော ကိုးကွယ်ရာကို ရလေ၏။

ထိုမှတပါး မြတ်စွာဘုရားသည် ကိုယ့်ကျွန်း ကိုယ်လုပ်ဖို့ မကြာ ခဏ တိုက်တွန်း၏၊ အဓိပ္ပာယ်မှာ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်ဖို့ပင် ဖြစ်၏၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်ဘဲ သူ တပါးကို အားကိုးနေသူ တို့များ၍ ဖြစ်၏၊ ယနေ့ပင် သူတပါး နှာခေါင်းပေါက်နှင့် အသက် ရှူလိုသူတို့ အများအပြား ရှိနေ သေး၏၊ အလုပ်ရအောင် အလုပ် လုပ်ရပေမည်၊ ကျန်းမာအောင် ကျန်းမာရေး ဂရုစိုက်ရပေသည်၊ အရှင် ကောဏ္ဍညမို့ တရားသိလွယ် သည်၊ အရှင် သာရိပုတြာပေကို အသိမြန်မှာပေါ့ဟု အချည်းနှီး ဆုတ်နစ်နေရန် မသင့်ချေ၊ သိအောင် လုပ်ရန်မှာ မိမိ အလုပ်ဖြစ်၏၊ မိမိ ကျွန်းကို မိမိ လုပ်ပြီး မိမိ ကိုယ်ကို မိမိ ကိုးကွယ်ကြည့်ပါဘိ၊ အဘယ်မျှ ထိမိသည်ကို ကိုယ်တိုင် သိရမည်။

ဤခေတ်သည် မဆုတ်ယုတ်ပါ၊ တိုးတက်နေ၏၊ အဘယ်မျှ တိုးတက်နေကြောင်း ကိုယ်တိုင် ဒိဋ္ဌနေ့စဉ် တွေ့ကြုံနေရလျက် သူတို့မို့

သိကြခြင်းဖြစ်သည်၊ မိမိ အနေဖြင့် ထိုသို့ သိနိုင်ပါ့မလားဟု ယုံမှား မနေသင့်ချေ၊ ယုံမှားနေလျှင် ဘယ်နည်းနှင့်မျှ သိမည် မဟုတ်ချေ၊ ယုံမှားကင်းမှ ရဲရင့်ပေမည်၊ သို့မှ သုတပါးကို အားကိုးရခြင်း ကင်းမည်၊ လောကတွင် သုတပါးကို အားထားနေရခြင်းသည် ဆင်းရဲ၏ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏၊ ငါတို့သည် လေ့လာစရာ သိစရာကို ကိုင်ထားပြီး ငိုင်နေ၍ တော်ပါမည်လော၊ ယခုအခါ ငါတို့သည် ဤစာအုပ်ကို ဆုပ်ကိုင်ထားနိုင်သဖြင့် ရှေးက လူတွေထက် သာလွန်နေခြင်းကို ပြလျက်ရှိကြ၏၊ ကောင်းစွာ ဖတ်, ကောင်းစွာ မှတ်, ကောင်းစွာ ဆောင်ဘို့သာ လိုပေသည်။

အကျိုးစီးပွားနှင့် စပ်ဆိုင်ခြင်း မရှိသော
စကားပေါင်း ဂါထာပေါင်း တထောင်ထက်
ယင်းတရား ကြားနာ မှတ်သားရခြင်းကြောင့်
ငြိမ်းအေးသော စကား တလုံးက မြတ်၏။

သုတ် တသုတ်ကို ဖတ်ပြီးပြီ၊ နှစ်သုတ် သုံးသုတ် လေးသုတ် ငါးသုတ်ကို ဖတ်ပြီးပြီ၊ တအုပ်လုံး ဖတ်လိုက်ထာ ကုန်သွားပြီ၊ သို့ရာတွင် ဘာမျှ အကျိုးမရှိလေက အချည်းနှီးသာတည်း၊ ဖတ်ပြီး ပါပြီဟု ပြောရရုံသာ ရှိ၏၊ ငြိမ်းအေးခြင်း မရှိချေ၊ စကားတလုံးဖြင့် ငြိမ်းအေးခြင်းကို ရရှိပါက အခြားစကား ရာထောင်တို့လည်း ငြိမ်းအေးရန်အတွက်တို့ပင် ဖြစ်ကုန်၏၊ ရှေးအခါက ငါတို့သည် မြတ်စွာဘုရား၏ စကားကို မူရင်းအတိုင်း မကြားကြရချေ၊ ဆရာ့ ဆရာကြီးများ သူတို့သဘောပေါက်သလို စီရင်ထားသော အဖွင့် တို့ကိုသာ ကြည့်ရှုလေ့လာကြရ၏၊ ဆရာကြီးတို့ သဘောပေါက်

သလို မိမိ သဘောပေါက်ချင်မှ ပေါက်မည်၊ တရား သဘော ပေါက်သည်မှာ အမျိုးမျိုး ဖြစ်ကြ၏၊ အချို့သည် ခြေဆေးသော ရေကို ကြည့်ပြီး သဘောပေါက်၏၊ အချို့ကား ဆီမီးခွက်ကို ကြည့်ပြီး သဘောပေါက်၏၊ အချို့ကား အိမ်သာတက်ယင်း သဘော ပေါက်၏၊ တယောက်နှင့် တယောက် သဘောပေါက်ချင်း မတူချေ၊ ထိုကြောင့် သူသဘောပေါက်သည့် အတိုင်း ပြောပြသည်ကို မိမိ သဘောပေါက်ချင်မှ ပေါက်မည်၊ ယခုမူရင်း ကျကျဖြစ်၍ အငြင်း ပွားစရာ မရှိချေ၊ မိမိတို့၏ ရှေးက ရှိနေသော အလို အစွဲ အယူတို့ကို ဖယ်ရှားပြီး ဖြူဖြူစင်စင်နှင့် ကြည့်ရှု လေ့လာကြည့်ဖို့ လိုပေသည်။

ငါတို့တွင် ဗုဒ္ဓဓမ္မနှင့် ဆန့်ကျင်သော အလို အစွဲ အယူတို့ ရှိနှင့် နေသည်၊ အချို့မှာ သဒ္ဓါယ ပရိဗိုဇ်ကြီးထက် ဆိုးကောင်း ဆိုးနေမည်၊ ထိုသူတို့၏ အစွဲကို နှုတ်ရန်မှာ စရပ်ဟောင်းက ခြောက်မ သံကို နှုတ်ရသည်ထက် ခက်ပေမည်၊ နားပွင့်သာ ပြတ်မည်၊ စူးဝင်နေသော သံကား ကျွတ်မည် မဟုတ်ချေ၊ မိမိတို့၏ အလို အစွဲ အယူတို့ကို စင်ကြယ်အောင် သုတ်သင်ပြီး ဖတ်ပါလျှင် တသုတ် နှစ်သုတ် လောက်နှင့်ပင် တရားသဘောကို စောကြောမိပေမည်၊ ထိုအခါ တရားကို သိမြင် သက်ဝင်မည်၊ ယုံမှားခြင်းကို လွန်မြောက်၍ သို့လော သို့လော တွေးတောခြင်း ကင်းကာ ဗုဒ္ဓသာသနာ၌ ရဲရင့် ခြင်းသို့ ရောက်ပြီး သူတပါးကို အားထားနေဖွယ် မရှိတော့ချေ။

ဗုဒ္ဓဓမ္မကို လေ့လာရာတွင် ရှေးဦးစွာ ဗုဒ္ဓ၏ ဘဝကို မှန်စွာ သိထားဘို့ လိုအပ်၏၊ ဗုဒ္ဓသည် ဘယ်အတွက် ဓမ္မတရား ဟောကြား သည်ကို ကောင်းစွာ သိထားပါက တပုဒ် တဂါထာဖြင့်ပင် သဘော ပေါက်နိုင်၏၊ သဘော မပေါက်ဘဲနှင့် ဗုဒ္ဓ ဓမ္မကို လက်ခံခြင်းသည်

လည်း မမှန်ချေ၊ လက်မခံခြင်းသည်လည်း မှန်မည် မဟုတ်ချေ၊ လက်ခံခြင်း လက်မခံနိုင်ခြင်းမှာ မိမိ၏ အလို အစွဲ အယူ အတိုင်း ဖြစ်၏၊ သို့ရာတွင် မြတ်စွာဘုရား၏ ပဓာန ရည်ရွယ်ချက်ကို လေးနက်စွာ သိပြီး ကောင်းစွာ လေ့ကျက်ရန် သင့်ပေသည်—

> လှပသော အဆင်းသာရှိ၍ အနံ့ မရှိသော ပန်းသည် အကျိုး မရှိ သကဲ့သို့ ကောင်းစွာ ဟောကြားသော တရားသည်လည်း ရိုသေ လေးစားခြင်း မရှိသူအား အကျိုး မရှိချေ၊ အရောင် အဆင်း လှပ၍ မွှေးကြိုင်သော ပန်းသည် အကျိုးရှိသကဲ့သို့ ကောင်းစွာ ဟောကြားသော တရားသည်လည်း ရိုသေ လေးစားခြင်း ရှိသူအား အကျိုးများ၏။
>
> —ဓမ္မပဒ



# မိလိန္ဒပဉှာ

## ဦးသော်ဇင်

### အထူဖုံးဖြင့် ပြန်လည် ပုံနှိပ်ပါမည်-

စာပလ္လေတိုက်တွင် မိလိန္ဒပဉှာ ကုန်နေသည်မှာ အတန်ကြာနေပါပြီ ဖြစ်ပါ၍ ယခု တဖန် ပြန်လည် ပုံနှိပ်ရန် စီစဉ်နေပါသည်၊ သို့ရာတွင် အုပ်ရေ (၂၀၀၀)မျှသာ ဖြစ်၍ ဤစာအုပ် ကဲ့သို့ အထူဖုံးနှင့် ဈေးနှုန်း ၅-ကျပ် သတ်မှတ် လိုက်ပါသည်၊ အကြောင်းကား ဤစာအုပ်နှင့် ပတ်သက်၍ ကုန်ကျမည့် စရိတ်တို့သည် ယခင်က ကဲ့သို့ မဟုတ်တော့ပါ၊ အစစ မြင့်နေသဖြင့် သူ့ကိုမှ ဈေးနှုန်း ချည်နှောင် မထားနိုင်တော့ပါ၊ အထူဖုံးနှင့် ဖြစ်၍ အုပ်ရေလည်း နည်းသည်၊ ပိုမိုကောင်းမွန် သေသပ်စွာလည်း ထုတ်လုပ်ပါသဖြင့် ဈေးနှုန်း ပြင်ရခြင်း ဖြစ်ပါသည်၊ အလိုရှိသူများ အလိုရှိသလောက် မှာကြား နိုင်ပါသည်၊ အေးအေး ဆေးဆေး သပ်သပ် ရပ်ရပ် ပုံနှိပ်ပြီးပါက ပို့ပေးပါမည်၊

> မိမိ မှာကြား သည်ကိုလည်း မှတ်သားထားစေလိုပါသည်၊ ခါတိုင်းလို အမှာစာပို့ဖြစ်မှ ပို့ဖြစ်ပါမည်။

ထိုနောက် အစဉ်အတိုင်း ပြန်လည်ပုံနှိပ်ရမည့် စာပလွေထုတ် စာအုပ်တို့မှာ ဓမ္မပဒ ဘာသာပြန်, နိဗ္ဗာန်နှင့် ဝိသုဒ္ဓိမဂ်တို့ ဖြစ်၏၊ တအုပ်ပြီးမှ တအုပ် အစဉ်အတိုင်း ထုတ်မည်ဖြစ်ပါသည်၊ ထိုအခါ သူ့ရှေ့က စာအုပ်တွင် ပုံနှိပ်မည့် စာအုပ်ကို ပြည့်စုံစွာ ဖော်ပြပါမည်၊ ဥပမာ မိလိန္ဒပဉှာတွင် နောက် ထုတ်မည့်စာအုပ်ကို ဤသို့ ပြည့်စုံစွာ ကြေငြာပါမည်။



## စာပလွေတိုက်တွင်
## အသင့်ရှိသော စာအုပ်များ

၁– **အမေပြောသောပုံ–** ကမ္ဘာပေါ်တွင်ရှိသော ပုံပြင်ဝတ္ထု တို့၏ မူလဘူတဖြစ်သော ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုတို့မှ ကလေးသူငယ်တို့ ချစ်မြတ်နိုးသော သမင် ဒရယ် ဂျီငယ် စိုင် ဆတ် ဖွတ် ပဒတ် စသော တိရစ္ဆာန်တို့အကြောင်း ဖြစ်၏၊ ကာတွန်းရုပ်ရှင်များသဖွယ် တိရစ္ဆာန်တို့ လှုပ်ရှား ပြောဆိုလျက် သရုပ်ဖော်နေကြသည်၊ အပျင်းပြေရုံသာမဟုတ်၊ ပညာလည်းရစေ နိုင်၍ လူချွန် လူမွန် ဖြစ်စေနိုင်၏၊ ပုံနှိပ်ဒါန်းမှာကား ကမ္ဘာပေါ်ရှိ ပုံပြင်သမိုင်း အပြည့်အစုံ ပါဝင်လေသည်။ အဖိုး ၂-ကျပ်။

၂– **ရာဇဝင်ကျော်မြန်မာစစ်သည်တော်–** မြန်မာရာဇဝင်တို့မှ အထူးသဖြင့် ရာဇဓိရာဇ် အရေးတော်ပုံမှ ကမ္ဘာကျော်သော်လည်း ဥဒါန်းမကြေသော မြန်မာဇာနည် စစ်သည်တော်တို့ကို လူရွယ်များ အတွက် အလေးအနက် ပြုစုပေးခြင်းဖြစ်၏၊ မြန်မာလူငယ် လူရွယ် တို့သည် သူတပါး နိုင်ငံက လူစွမ်းကောင်းများ အကြောင်းကို ကောင်းစွာသိကြသည်၊ ကိုယ့်လူမျိုးတို့ အဘယ်မျှ အစွမ်းရှိသည်ကို မသိကြသည်မှာ ရှက်စဖွယ် ကောင်းလှပါသည်၊ သူတပါးတို့၏ သူရဲကောင်းသုံးယောက်ကို အလုအရက် ဘာသာပြန်မည့်အစား

ကိုယ့်သူရဲကောင်းတွေကို သူတို့ထက်သာအောင် ဘောက်မဲ့ကြောင့် ပွဲမထုတ် နိုင်သနည်း၊ ဘယ်ကြောင့် ကဗျာဖွဲ့ရ ကောင်းမှန်း မသိကြ လေသနည်း။ အဖိုး ၃-ကျပ်။

**၃- မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ-** ဘုရားလောင်း သိဒ္ဓတ္ထ မင်းသား ဥရုဝေလတောအုပ်၌ ဘုရားဖြစ်ရန် တပအကျင့်တို့ကို ကျင့်သည်မှစ၍ ဘုရားဖြစ်သည့်အထိ၊ ထိုနောက် ဓမ္မတရား လှည့်လည်ဟောကြားရာမှ ပရိနိဗ္ဗာန်ပြုသည့်အထိ၊ ထိုနောက် ပထမ သံဂါယနာတင်သည်မှ မြန်မာပြည် ပဥ္စမ သံဂါယနာတင်သည် အထိ အစဉ်အတိုင်း တောင်ပိုင်း ထေရဝါဒ ရှုဒေါင့်မှ ရေးဖွဲ့ထား သော စာအုပ်ဖြစ်၏၊ မြောက်ပိုင်း ဟီနယာနမှ အဃောသ၏ ဗုဒ္ဓစရိတာနှင့် နှိုင်းယှဉ်နိုင်၏၊ တနည်း- တောင်ပိုင်း ထေရဝါဒ ဗုဒ္ဓသာသနာ သမိုင်းချုပ်ဟုလည်း သမုတ်နိုင်၏၊ ဤစာအုပ်ကို ဖတ်ပြီးမှ ဗုဒ္ဓသာသနာ သို့မဟုတ် ဗုဒ္ဓဓမ္မကို လေ့လာသင့်၏။ အဖိုး ၅-ကျပ်။

**၄- မဃဒေဝ အဘိဓာန်-** လေဘာတီ မမြရင်က စိန်ဗေဒါ ကြီးအား- "ဆရာမပါလျှင် အလှူမဖြစ်"-ဟု သီကျူး၏၊ ထိုအတူ မန်လည်ဆရာတော်၏ မဃဒေဝ လင်္ကာမပါလျှင်လည်း မြန်မာမှု မဖြစ်သလို ဖြစ်နေ၏၊ မြန်မာ့ယဉ်ကျေးမှုနှင့် ပတ်သက်၍ ဘယ် အကြောင်းဘဲကိုင်ကိုင် မဃဒေဝတွင် တွေ့နိုင်၏၊ သူ့ကို ကိုးကား နိုင်ကလည်း ခိုင်ခန့်၏၊ သို့ရာတွင် မဃဒေဝလင်္ကာကြီးကို လူသာမန် တို့ ကြည့်ရှုလေ့လာရန် မစွမ်းနိုင်ကြချေ၊ ထိုကြောင့် လူတိုင်း မဃဒေဝကို အချောကျကျ ကိုးကားနိုင်စေရန် အဘိဓာန် သဖွယ်

စီစဉ်လိုက်ခြင်း ဖြစ်၏၊ မိမိလိုရာရာကို လွယ်ကူစွာ ယူ၍ အသုံးပြုနိုင်ပါသည်။ အဖိုး ၅-ကျပ်။

၅- မဟာ ဗုဒ္ဓဝင်- မကြာမီ မြောက်ပိုင်း မဟာယာနဂိုဏ်းမှ အဘိဓမ္မာဆရာကြီး အရှင် အဿဃောသ၏ 'ဗုဒ္ဓစရိတ' အမည်ရှိသော မဟာကဗျာ စာအုပ်ကို ထုတ်ရန် အစီအစဉ်လုပ်ထားပါသည်၊ ဗုဒ္ဓစရိတ ဟူသည်မှာလည်း ဗုဒ္ဓဝင်ပင်ဖြစ်၍ နှိုင်းယှဉ်ကြည့်ရန် အမှန်ပင် လိုအပ်ပေသည်၊ ဗုဒ္ဓစရိတကို ဝေဖန်ရန် ဤမဟာဗုဒ္ဓဝင်ကို လေ့ကျက်ပြီး ဖြစ်နေသင့်၏၊ ဤဗုဒ္ဓဝင်၏ အကြောင်းကို ကောင်းစွာသိပြီးမှ ဗုဒ္ဓစရိတကိုကြည့်၍ကောင်းမည်၊ စင်စစ် ဗုဒ္ဓ၏ အကြောင်းအရာ အတ္ထုပ္ပတ္တိ မဟာကဗျာနှစ်အုပ်ပင် ဖြစ်၏၊ သင်၏ စာစင်တွင် ဤဗုဒ္ဓဝင်ကို တင်ထားပါဘိ။ အဖိုး ၂-ကျပ်။

၆- စွယ်စုံကျော်ထင်- ကျည်းကန်ရှင်ကြီးက ကပ်သီးကပ်သပ် လုပ်မေးသော ပုစ္ဆာပေါင်း တထောင်ကျော်ကို ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်က အကိုးအကား အထောက်အထား ပေါင်းများစွာဖြင့် ဖြေဆိုသော ကျမ်းဖြစ်၏၊ မူရင်းကျမ်းမှာ ဆယ့်ငါးကျပ်တန် နှစ်ဆယ်တန် စာအုပ်ကြီးနှစ်အုပ်ဖြစ်၍ အဖတ်ရလည်း ခက်၏၊ လူတထောင်မှာ တယောက်လောက်ပင် ကောက်၍ ကိုင်ရန် မဝံ့သော စာအုပ်ကြီးဖြစ်၏၊ ဤတွင် အမေးကိုပြေရုံသာ ဖြေဆိုထား၍ ပေါ့ပါးသွက်လက်သွား၏၊ အထွေထွေ ဗဟုသုတကိုလည်း ရနိုင်၍ ခွဲထားသတ်ပုံအတွက်လည်း ပြည့်စုံ၏၊ လူတိုင်းလည်း ကိုင်နိုင်၏၊ သို့ရာတွင် "ခွင့်သာတုန်းမှ မသုံးချင်လျှင် အရှုံး

သင့်ပြင် ရှိသေးရှာလိမ့်လား” ဟူသော လယ်တီဆရာတော်၏ ဩဝါဒကဲ့သို့ မဖြစ်သင့်ချေ။ အဖိုး ၆–ကျပ်။

၇– **စာပေရေးရာ အလင်္ကာ**- ယခုအခါ မြန်မာနိုင်ငံ ကျောင်းတို့တွင် အလယ်တန်းကြိုမှစ၍ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်အထိ အလင်္ကာကို သင်ကြားပို့ချနေကြ၏၊ အလင်္ကာအတတ်နှင့်ပတ်သက်၍ သက္ကတ ဟိန္ဒူဘာသာတို့တွင် အပြည့်စုံ အကြွယ်ဝဆုံး ဖြစ်၏၊ ထို့နောက် ပါဠိစာပေဖြစ်၏၊ ထိုအလင်္ကာမျိုးစုံတို့အပြင် မြန်မာဘာသာ အလင်္ကာတို့ပါ ဤစာအုပ်၌ ပေါင်းစုနေ၏၊ ဤစာအုပ်ကို မွေ့နှောက်နိုင်ပါလျှင် အလင်္ကာကို အရေကြိုပြီး သောက်နိုင်၏၊ ဤမျှ ပြည့်စုံ ခိုင်လုံသော အလင်္ကာစာအုပ်မျိုး ဟိန္ဒူဘာသာမှာပင် မရှိသေးကြောင်း ဟိန္ဒီပဏ္ဍိတ်ကြီးတို့ မိန့်ဆိုကြသည်၊ စာပေ ဝါသနာပါသူတိုင်း လက်ကိုင် ထားသင့်သော စာအုပ်ဖြစ်သည်။ အဖိုး ၄-ကျပ်။

၈– **ရှင်ရဋ္ဌသာရ ကဗျာသာရ**- မြန်မာ အဿဃောသ ဟု ဆိုသင့်သော ရှင်ရဋ္ဌသာရ၏ လုံးခြင်းကဗျာတို့ကို ပေါင်းစုထားသော စာအုပ်ဖြစ်၏၊ တိုင်းပြည်၏ အနှစ်သာရဖြစ်သော ရှင်ရဋ္ဌသာရသည် ကဗျာ၏ အနှစ်သာရတို့ကို စီရင်ခဲ့၏၊ ရဋ္ဌသာရနှင့် ကဗျာသာရမှာ လွန်စွာပဏ္ဏာရ၏၊ ဤတွင် သူ၏ ကဗျာတို့ကို အလွယ်တကူ ပေါင်းစုပြီး ကူးချခြင်း မဟုတ်ချေ၊ ကဗျာ၏ ဆိုလိုရင်း လျှို့ဝှက်ချက် အဓိပ္ပါယ် အနက်နှင့် ဖြည့်စွက်ပေးထား၍ နှစ်သက်ဖွယ် ကောင်းလှပါသည်၊ ဆန်အိုးထဲဆောက်တွေ့သည့် ဟေးလားဝါးလားမျိုး မဟုတ်ချေ၊ ထိုကဗျာတို့နှင့် အသက်မွေး

သူတို့ မသိနိုင်သော အခြံအရံတို့ဖြင့် ကဗျာသာရကို အရသာ ပြည့်ဝစေ၏။ အဖိုး ၃-ကျပ်။

**၉— မြတ်စွာဘုရား၏ဥဒါန်းစကားများ-** မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ကို ရသည်မှစ၍ လောကကြီး၏ ဖြစ်အင်ကို ရှုဆင်ခြင်၏၊ ထိုတွင် သူ၏အသဲနှလုံး၌ သက်ဝင်စွဲထင် လာသော သဘောတရားတို့ကို သူ့ဘာသာ ထုတ်ဖော်ကျူးရင့်၏၊ ယင်းကို ဥဒါန်းကျူးသည်ဟု ခေါ်၏၊ မြတ်စွာဘုရား၏ အသဲစကားဟု ခေါ်ဆိုနိုင်၏၊ ဗုဒ္ဓ၏ လောကအပေါ် ရှုမြင်သုံးသပ်ချက်တို့ဖြစ်၍ ကြည်နူးဖွယ်ကောင်းလှပါ၏၊ စိတ်ကြည်နူးချင်လျှင်ဖြင့် ဥဒါန်းကို ဖတ်သင့်၏၊ ယင်းဥဒါန်းစကားတို့ ဖြစ်ပေါ်လာပုံ အတ္ထုပ္ပတ္တိတို့ မှာလည်း စိတ်ဝင်စားဖွယ်တို့ပင် ဖြစ်၏။ အဖိုး ၂-ကျပ်။

**၁၀- ဝိသုဒ္ဓိမဂ်-** ဤစာအုပ်နှင့် ပတ်သက်၍ မန္တလေးခရိုင် မတ္တရာမြို့ ရွှေပုထိုးစွန်းလွန်းကျောင်း ကမ္မဋ္ဌာနာစရိယ လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်တော်မူသော အရှင်ဝိစာရ၏ ပေးစာကို ကောက် နုတ်ဖော်ပြပါမည်—"ဦးပဥ္ဇင်း စာရေးလိုက်ပါသည်၊ ပေးပို့လိုက် သော ဝိသုဒ္ဓိမဂ် စာအုပ်ကို ရရှိပါ၍ များစွာ ကျေးဇူးတင် ဝမ်း မြောက်လျက်ရှိပါသည်၊ ဦးပဥ္ဇင်းထံမှာ ရဟန်းခံထဲက ဝိသုဒ္ဓိမဂ် မြန်မာပြန် ရှိပါသည်၊ ကောင်းကောင်း သဘောမပေါက်ပါ၊ ဦးသော်ဇင် ရေးသော စာအုပ်ကိုဦးပဥ္ဇင်း သဘောပေါက်ပါသည်၊ ၎င်းစာအုပ်ကြည့်ပြီး အရင်စာအုပ်များကိုပါ ပိုမိုသဘောကျလာ ပါသည်"၊ ဝိသုဒ္ဓိမဂ် စာအုပ်မှာ များများမရှိတော့ပါ၊ မကြာမီ ပြန်လည်ပုံနှိပ်ရပါတော့မည်၊ ထိုအခါ အထူဖုံးဖြင့် ဈေးနှုန်းပြင်ရန် ရည်ရွယ်ထားပါသည်။ ယခု အဖိုး ၃-ကျပ်။

၁၁- စာဥယျာဉ်-ဘာသာရေးနှင့် စာပေကြောင်းရပ်မျိုးစုံကို ရေးသော 'ဦးသော်ဇင်' အမည်အပြင် အခြား ကလောင်အမည် တခုရှိသေး၏၊ 'ဥယျာဉ်မှူး'ဖြစ်သည်၊ 'ကဗျာဂီတဥယျာဉ်မှူး' ဟု ဆိုလို၏၊ 'ဥယျာဉ်မှူး' ဖြင့် ကဗျာ, ဂီတ ကြောင်းရပ် မျိုးစုံကို ရေး၍ တိုင်းရင်းမေ ကဗျာ့ဥယျာဉ်ကို ကိုင်သည်၊ ယခု'စာဥယျာဉ်' တွင်မူ သူပိုင်သမျှ ဥယျာဉ်ကြီးတခုလုံးကို ဖွင့်ပြလိုက်သည်ဟု ဆိုရဘို့ ရှိသည်၊ အိုးစည်မောင်းမယ်ရုပ်ဖြင့်'စာဥယျာဉ်'ကိုဖွင့်၍ 'မုခ်ဦးဖွင့်ပွဲ' အခန်းကို မြန်မာ့အခြေအမြစ် ကဗျာ ဂီတ အသံ ရိုးရာသွင်ပြင် ပေါ် အောင် စိန်ဗေဒါလက်သံကဲ့သို့ အကွက်စိပ်စိပ် ရေးသည်၊ ကဗျာ ပုံစံသစ်ကို ဆွေးနွေးသည်၊ ပုံစံနှင့်အကြောင်းရပ်ကို တင်ပြသည်၊ ဒုတိယအခန်းတွင် စောင်းသို့ ကူး၏၊ မြန်မာ့အခြေခံ စောင်းဖြင့် မြန်မာ့ဟန် မြန်မာ့အသံစစ်စစ် ပေါ်အောင် စောင်းကို စာဖြင့်ညှိ၍ ဖော်သည်။'ကဗျာခြောက်ဆယ်'တတိယ ကဏ္ဍတွင်လည်း ထူးခြား၏၊ 'ခြောက်ဆယ်'ဟု ဆိုရုံမျှဖြင့် ကာဠုဒါယီ ဂါထာခြောက်ဆယ်ကို သိကြပြီးဖြစ်သည်၊ သို့ရာတွင် ဥယျာဉ်မှူး၏ ခြောက်ဆယ်မှာ ထူး၏၊ အများသိကြသော ရှင်ဥတ္တမကျော် ရှင်အုန်းညိုတို့ အပြင် စိတ်ကူး ယဉ် လောကီဆံလွန်းသဖြင့် ပိဋကတ်သမားတို့ ခပ်ဖယ်ဖယ် ပြုထား ခံရသော ရှင်ဗုဒ္ဓဒတ္တ၏ 'ခြောက်ဆယ်'ကို သူ့နည်း သူ့ဟန်ဖြင့် ထုတ်ပြသည်၊ မေဃဒူတ, ရတုသံဟာရ တည်းဟူသော ကာလိ ဒါသ၏ မိုးတိမ်တမန် ရာသီဖွဲ့ တို့မှာကား သက္ကတ နိုင်ပြီးသော ဥယျာဉ်မှူး၏ ကျက်စားရာများ ဖြစ်ကြ၏၊ တဂိုး၏ 'ဂီတဉ္စလိ'မှာ ဗမာ့စာပေလောကတွင် ထင်ရှားပြီးဖြစ်သော်လည်း ဥယျာဉ်မှူး၏ ယခု ဂီတဉ္စလိမှာ ဟိန္ဒူမှ တိုက်ရိုက် ယူပေးခြင်း ဖြစ်၏၊ သို့ဖြင့် 'စာဥယျာဉ်'သည် စာသမား,ကဗျာသမား,ဂီတသမားတို့ အတွက်

ရင်ဝယ်ပိုက်အပ်သော မြတ်နိုးဘွယ် လေးစားဘွယ် စာအုပ် တအုပ် ဖြစ်လာသည်။ အဖိုး ၅-ကျပ်၊ (စာကြေးမှ)

၁၂- ဓမ္မသတ် ပုံပြင်များ-ဝတ္ထုပုံပြင်ကို လူတိုင်းကြိုက်သည်၊ ခေတ်တိုင်းကြိုက်သည်၊ သို့ရာတွင် စာနယ်ဇင်းခေတ် မရောက်မီ မြန်မာ့သမိုင်းတလျှောက် ထွန်းကားခဲ့သော ဝတ္ထုများမှာ ဇာတ်နိပါတ် ဓမ္မသတ် ပုံပြင်များ ဖြစ်သည်၊ ရှေးခေတ် ပုံပြင်များကို အဆင့် သုံးဆင့် ခွဲခြားနိုင်အံ့ ထင်သည်၊ ပထမ အဆင့်မှာ ပေပုရပိုက် တို့ကို လက်လှမ်း မမှီနိုင်ရှာသော တောင်သူယာလုပ် ခေါ်မခုတ်တို့ နှုတ်ဆင့်ကမ်း ပြောဆိုကြသည့် ရွှေယုန် ရွှေကျား မောင်ပျင်း ငလက်မ စသော ပုံပြင်များ ဖြစ်သည်၊ ဒုတိယ အဆင့်မှာ ပေပုရပိုက်ဝင် ဖြစ်သော သုဓမ္မစာရီ ခုံတော် မောင်ကျဘမ်း ပေတာလန် ကြမ္မာဒိုက် စသော ဓမ္မသတ် ပုံပြင်များဖြစ်၍ တတိယ အဆင့်မှာ ဘာသာရေးနှုံစာပေအဖြစ် သတ်မှတ်ကြသော ဇာတကများ ဖြစ်သည်၊ ဓမ္မသတ်ဟု ဆိုရသည်မှာ ယင်းပုံပြင်များသည် ရှေးဟောင်းစဉ်လာ ဥပဒေဖြစ်သော မနုမနော စသည့် ဓမ္မသတ် မျိုးစုံမှ ဆင်းသက်လာသောကြောင့် ဖြစ်သည်၊ ဓမ္မသတ်ပုံပြင်များသည် ဆန်းကြယ်သော ဇာတ်လမ်းများကို သိစေခြင်းနှင့်အတူ စိတ်ကူးဉာဏ်ကို ပွင့်လင်းစေခြင်း, ရွှင်မြူးစေခြင်း, အံ့ဩစေခြင်း စသော ရသမျိုးစုံကို ပေးနိုင်ကြသည်၊ ယင်း ပုံပြင် ဇာတကတို့ တည်ရှိရာ ပေပရပိုက်များကို လူသာမန်တို့ လက်လှမ်းမှီဘို့ရန်မှာ ခက်ခဲသော အခြေအနေ ရှိသည့်အပြင် ပုံနှိပ်စာအုပ်တို့ ခေတ်သို့ ရောက်လာသော အခါ၌ပင်လျှင် ပြည့်စုံအောင် ဖတ်ခွင့်ရဘို့ရန်မှာ ခက်ခဲသည်၊ ယနေ့စာနယ်ဇင်း ဖတ်ရှုဖွယ် မျိုးစုံတို့ ခေတ်စား

လာသော အချိန်တွင်မှု ယဉ်ကျေးမှု အမွေ အနှစ်တရပ်ဖြစ်သော ယင်း ဓမ္မသတ် ပုံပြင်တို့၏ ကဏ္ဍသည် ပျောက်ကွယ်လုမတတ် မှေးမှိန်လျက် ရှိပေတော့သည်၊ ဤသည်ကို ဦးသော်ဇင်က ဓမ္မသတ် ပုံပြင် ဖြတ်ထုံးများ မကျန်တော့လောက်အောင် စုဆောင်းစီစဉ် ဖော်ထုတ်၍ ပေးသည်၊ ဓမ္မဝိလာသဖြတ်ထုံး, သုဓမ္မစာရီဖြတ်ထုံး, အမတ်ဒိန်ဖြတ်ထုံး,မဟာပညာကျော်ဖြတ်ထုံး,ခုံတော်မောင်ကျဘမ်း ဖြတ်တုံး, ကြမ္မာဒိုက်မင်းကြီးဖြတ်ထုံး, လက်ဝဲသုန္ဒရဖြတ်ထုံး ဟူ၍ ဖြတ်ထုံး ရှစ်မျိုးပါဝင်၍ ရှေ့ပိုင်းတွင် ဓမ္မသတ် ဖြတ်ထုံးတို့၏ ဆင်းသက်လာရာ အစီအစဉ်ကို မဏ္ဍိုမ မြန်မာအခြေခံကျမ်းများစွာ၏ အကိုးအကားဖြင့် ဖော်ပြသည်၊ ပညာရှာသော ယနေ့ခေတ် လူငယ် တို့၏ ကံကောင်းခြင်း တရပ်ဟု ဆိုရမည်ဖြစ်၏။ အဖိုး ၃-ကျပ်၊ (စာကြေးမှုံ)

၁၃- နိဗ္ဗာန်- ယခုနှစ် ဝါဆိုလ ဓမ္မချိန်ခါတွင် လုပ်သား ပြည်သူတို့အဖို့ နှစ်တိုင်းနှင့်မတူ နိဗ္ဗာန်နှင့်နီးလာကြသည်ဟု ဆိုရဘို့ ရှိသည်၊ အကြောင်းကား ၆၄-က နိဗ္ဗာန်များသည် ယခုနှစ် ဝါတော်ချိန်တွင်မှ ပေါ်လာကြရုံမက ဦးသော်ဇင် နိဗ္ဗာန်, ပါရဂူ နိဗ္ဗာန်တို့လည်း သူ့ထက်ငါ အလျှိုလျှိုပေါ်လာကြသောကြောင့် ဖြစ်သည်၊ ကောင်းလှပေစွ= ဦးသော်ဇင်၏ နိဗ္ဗာန်မှာ နိဗ္ဗာန်ရိုး, နိဗ္ဗာန်ဆန်း, သူ့နိဗ္ဗာန်, ကိုယ့်နိဗ္ဗာန်, ကမ္ဘာ့နိဗ္ဗာန်- အထူးသဖြင့် ဗုဒ္ဓသာသနာ ထွန်းကားသော နိဗ္ဗာန် မျိုးစုံတို့၏ သရုပ်ကို ဖော်ထုတ် ထားသော နိဗ္ဗာန်ဖြစ်သည်၊ တနည်းအားဖြင့် နိဗ္ဗာန်မျိုးစုံ အဖွင့် နိဗ္ဗာန် အဘိဓာန်ဟု ဆိုသော် ဆိုနိုင်၏၊ နိဗ္ဗာန်ဆိုကလည်း သူ့နိဗ္ဗာန်, ကိုယ့်နိဗ္ဗာန် ရှိသေးရာ ကိုယ့်နိဗ္ဗာန်မှာ ဘယ်စာအုပ် လှန်လှန်

တွေ့နိုင်သည်၊ တွေ့နိုင်ခက်သော သူတပါး နိဗ္ဗာန်မျိုးစုံကို အဓိက ထား၍ ဖော်ပြထားသည်၊ ကျမ်းဆရာ(ဦးသော်ဇင်)မှာ သက္ကတ ဟိန္ဒူ ပါရဂူတယောက် ဆိုစလောက်ရာ အထူးသဖြင့် အိန္ဒိယမှ ဒဿနိက ဆရာကြီးတို့၏ အယူအဆမျိုးစုံ အတွေးအခေါ် အဖုံဖုံကို တွေ့ကြရမည်ဖြစ်သည်။ အဖိုး ၅-ကျပ်။ (စာကြေးမုံ)

၁၄-နီတိစွယ်စုံ-တချိန်သောအခါက စာဆိုသည်မှာ အသိဉာဏ်ပေး၍ ဆုံးမသောအရာဟု မှတ်ယူခဲ့ကြသည်၊ ထို့ကြောင့် ဘာသာရေးဆိုင်ရာ ဗုဒ္ဓ၏ဩဝါဒ မျိုးစုံတို့အစ သက္ကတ မြန်မာထွက် ဩဝါဒ နီတိမျိုးစုံ အလယ် ဆရာပီမိုးနင်း, ဆရာပဂျိုင့်, ဆရာဒဂုန်နတ်ရှင်, ဆရာမြို့မမောင် စသူတို့၏ ခေတ်မှီဩဝါဒမျိုးစုံတို့ အဆုံး စစ်ကြို့ခေတ် အထိ ထွန်းကားခဲ့သည်၊ စစ်ပြီးခေတ်တွင်မူ စာဟူသည် ဩဝါဒ မပေးရ ဆိုကာ ဩဝါဒ နီတိစာများကို ပုတ်ခတ် လာသောကြောင့် နီတိသမားများ လက်တွန့်သွားကြသည်၊ သို့ရာတွင် ဗုဒ္ဓဩဝါဒများသည် ရှိမြဲတိုင်း ရှိ၏၊ ခေတ်မှီ ဩဝါဒစာများသည်လည်း တထောင့်တနားတွင် မှေးမှေး မှိန်မှိန်နှင့် ရှိမြဲတိုင်းရှိ၏၊ အလယ်အလတ်ဖြစ်သော သက္ကတ မြန်မာ ဩဝါဒ နီတိများသည်ကား ဘာသာရေးစာအုပ်များကြားတွင် ညပ်၍ ပျောက်ကွယ်လု မတတ် ရှိခဲ့ရသည်၊ စင်စစ်အားဖြင့် ယင်း နီတိ ကျမ်းများသည် မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်ကြရုံမျှမက ယေဘုယျ မြန်မာတို့၏ အသည်းနှလုံးတွင် စွဲထင်နေသော အရာများလည်း ဖြစ်ကြသည်၊ ယင်းနီတိကျမ်းများကို ဆရာဦးသော်ဇင်က စုစည်းပြီး 'နီတိစွယ်စုံ' အမည်ဖြင့် ပြန်လည်ဆန်းသစ် ပွဲထုတ်ပေး၏၊ မနုနီတိ, မဟာရဟနီတိ, လောကနီတိနှင့် နဝရတ်နီတိတို့ ဖြစ်ကြသည်၊ 'နီတိ' ဟူသည် လောကီ လော

ကုတ္တရာဟု ခွဲခြား၍ ထားပြီး လူ့ကောင်းစားရေး၊ လူ့တိုးတက်ရေး နှင့် ပတ်သက်၍ ကြမ်းကြမ်း ဆုံးမသည်လည်း ရှိသည်၊ ယဉ်ယဉ် လမ်းညွှန်သည်လည်းရှိသည်၊ မဖတ် ဘူးသူများအဖို့ အချို့သော နီတိများကို ဖတ်လိုက်လျှင် အံ့အားသင့်လောက်ဖွယ်ပင်၊ ချက်ပိုင်-လက်ပိုင် ဆုံးမ စကားများကို တွေ့ရှိကြရမည်ဖြစ်၏။ အဖိုး ၃-ကျပ် (စာကြေးမှုံ)



# बुद्धचरितम्

## ဂန္ထဝင် တွင်စေမည့် စာအုပ်သစ်

ခရစ်တော် ပေါ်ပြီးနောက် အနှစ် ၄၀-ခန့်တွင် အိန္ဒိယ အနောက်မြောက်ပိုင်းတွင် မင်းပြုသော စတုတ္ထ သံဂါယနာတင် ကနိဿျက မင်းလက်ထက် ဗုဒ္ဓ အဘိဓမ္မာ ဆရာကြီးဟု ထင်ရှားသော အဿဃောသသည် မြတ်စွာဘုရား သခင်၏ လောကုတ္တရာ အကျင့် စရိုက်များနှင့် ဥပဒေသများကို 'ဗုဒ္ဓစရိတ' အမည်ရှိသော မဟာကဗျာ၌ ဖော်ကျူး ထားလေသည်၊ လေသည် သင်းပျံ့သော ရနံ့ကို အရပ်မျက်နှာတို့သို့ ကြိုင်လှိုင်စေသကဲ့သို့ အဿဃောသသည် ဗုဒ္ဓ၏ တောက်ပသော အကျော်အစောကို ပြန့်နှံ့စေလေသည်၊ ကဗျာ အတတ်သည် သူ၏ ပင်ကိုယ်သဘာဝဖြစ်၏၊ သူသည် မိမိ၏ ကဗျာတွင် ဗုဒ္ဓ၏ စရိတ္တကို အသက်သွင်းကာ ချယ်မှုံး၏၊ သူ၏ ပသာဒဂုဏ် ပဓာန ဖြစ်သော ကဗျာကို ဖတ်လျှင် ဖတ်ခြင်း စာဖတ်သူ၏ မျက်မှောက်သို့ ဗုဒ္ဓ၏ ရုပ်ပုံတော် ထင်ရှား ရောက်လာ၏။

ယင်း ဗုဒ္ဓစရိတ မဟာကဗျာကို ခရစ်သက္ကရာဇ် ၄၁၄-ခုနှစ်ခန့်က တရုပ်ပညာရှိများ တရုပ်ဘာသာသို့ ပြန်ဆိုကြ၏၊ ထိုနောက် သက္ကရာဇ် ၇၀၀ ၏ ပတ်ဝန်းကျင်တွင် တိဗက် ဘာသာသို့ပြန်ဆိုကြ၏၊ သို့ရာတွင် သက္ကရာဇ် ၁၇၉၃-ခုနှစ်တွင်မှ ပါမောက္ခ ကာဝေလ်ဆိုသူက ထိုကျမ်းကို အင်္ဂလိပ်သို့ ပြန်ဆို၏၊ တဖန် အောက်စဖိုဒ် တက္ကသိုလ် သက္ကတဆရာ ဒေါက်တာ ဂျွန်စတန်က ယင်းကျမ်းကို တရုပ် တိဗက် ဘာသာတို့နှင့် တိုက်ဆိုင်ပြီး ပြန်ဆိုလိုက်၏၊ သို့ဖြင့် ဗုဒ္ဓစရိတသည် ကမ္ဘာတွင် ထင်ရှားသွားပြီး ဘာသာ အမျိုးမျိုးဖြင့် ပြန်ဆိုကာ သူ၏ အနှစ်သာရကို ခံစားကြ၏။

မြန်မာတို့သည် တောင်ပိုင်း ထေရဝါဒခေါ် ဟီနယာန ဗုဒ္ဓဝင် အမျိုးမျိုးတို့ကို ပါဠိ ဘာသာဖြင့်ရင်း၊ မြန်မာ စကားပြေဖြင့်ရင်း၊ ကဗျာလင်္ကာဖြင့်ရင်း အမျိုးမျိုး ဖတ်ရှုလေ့လာခဲ့ကြ၏၊ မြောက်ပိုင်း မဟာယာန ဗုဒ္ဓဝင်ကိုကား ဖတ်ရှုဘူးသူ လွန်စွာ ရှားလိမ့်မည် ထင်ပါသည်၊ တောင်ပိုင်းနှင့် မြောက်ပိုင်း ဗုဒ္ဓဓမ္မမှာ အတန် ကွဲပြားနေသည့်နည်းတူ ဗုဒ္ဓဝင်ချင်းလည်း မတူလှပေ၊ တောင်ပိုင်း ဗုဒ္ဓဝင်တွင် ဒီပင်္ကရာ အစရှိသော ဘုရားပေါင်း များစွာတို့၏ အကြောင်းအရာများ ပါဝင်၏၊ ဗုဒ္ဓစရိတ မှာကား ဂေါတမ ဗုဒ္ဓတဆူကိုသာ ပြည့်ပြည့်

စုံစုံ ဖွဲ့ဆိုထား၏၊ ဗုဒ္ဓ၏ ဘဝ၊ ဗုဒ္ဓ၏ဓမ္မကို ကဗျာ၏
အလှဖြင့် ချယ်မှုန်းထား၍ ပို၍ မက်မောစရာ
ကောင်း၏၊ ကမ္ဘာ့ဘာသာ အမျိုးမျိုးသို့ ပြန်ဆို
နေကြခြင်းဖြင့် သူ၏ဂုဏ်ကို အာရုံပြုနိုင်လေသည်။

ယင်း ဗုဒ္ဓစရိတကို မြန်မာတို့အတွက် ဆရာ ဦးသော်ဇင်က သက္ကတ၊ ပါဠိ၊ ဟိန္ဒီ အစရှိသော ဘာသာရပ်တို့ဖြင့် အထပ်ထပ် တိုက်ဆိုင်၍ မြန်မာ စကားပြေ ပြန်ဆိုနေပါသည်၊ ရောင်းပန်း အတွက် လိုတိုးပိုလျှော့ မဟုတ်ဘဲ ပြည့်ပြည့်စုံစုံ တည့်တည့်ကျကျ ဖြစ်၍ ဂန္ထဝင်အတွက် နှစ်သက်ဖွယ် ဖြစ်နိုင်ပါသည်၊ မြောက်ပိုင်း မဟာယာန ဗုဒ္ဓသာသနာနှင့် ဗုဒ္ဓဓမ္မ အကြောင်းကို ကောင်းစွာ လေ့လာသူများနှင့် ကမ္ဘာကျော် ကာလိဒါသကပင် ဆရာတင်ရ သော အဿဃောသ၏ ကဗျာအလှကို အကဲဖြတ်လိုသူများ ဗုဒ္ဓ စရိယကို ကြိုဆိုကြပါကုန်။

—စာပလွေ



# စာပုလွေတိုက်တွင်
# အသင့်ရှိသောစာအုပ်များ

| | | | |
|---|---|---|---|
| (၁) | သုတ်သုံးကျမ်း.... | တအုပ် | ၄-ကျပ် |
| (၂) | နီတိစွယ်စုံ.... | ။ | ၃ ။ |
| (၃) | နိဗ္ဗာန်.... | ။ | ၅ ။ |
| (၄) | စာဥယျာဉ်.... | ။ | ၅ ။ |
| (၅) | ဓမ္မသတ်ပုံပြင်များ.... | ။ | ၃ ။ |
| (၆) | ဝိသုဒ္ဓိမဂ်.... | ။ | ၃ ။ |
| (၇) | မြတ်စွာဘုရားဥဒါန်းစကားများ.... | ။ | ၂ ။ |
| (၈) | မဟာဗုဒ္ဓဝင်.... | ။ | ၂ ။ |
| (၉) | မြန်မာပြည်ရောက်ဗုဒ္ဓသာသနာ.... | ။ | ၅ ။ |
| (၁၀) | အမေပြောသောပုံ.... | ။ | ၂ ။ |
| (၁၁) | ရာဇဝင်ကျော်မြန်မာစစ်သည်တော် | ။ | ၃ ။ |
| (၁၂) | ရှင်ရဋ္ဌသာရ ကဗျာသာရ.... | ။ | ၃ ။ |
| (၁၃) | စာပေရေးရာ အလင်္ကာ.... | ။ | ၄ ။ |
| (၁၄) | မဃဒေဝ အဘိဓာန်.... | ။ | ၅ ။ |
| (၁၅) | စွယ်စုံ ကျော်ထင်.... | ။ | ၆ ။ |
| (၁၆) | ဓမ္မပဒ.... | ။ | ၃ ။ |
| (၁၇) | မဟာဂီတပြဇာတ်(မောင်ကြည်ရှင်) | ။ | ၅ ။ |
| (၁၈) | ကလေးပညာပေးသရုပ်ဖော်(၂တွဲ) | ။ | ၃ စီ |

[စာရှုသူတို့အတွက် မည်သည့် စာအုပ်မဆို တအုပ်တည်းဖြစ်စေ တိုက်မှစရိတ်ခံ၍ အဖိုးနှုန်းအတိုင်း အိမ်အရောက်ပို့ပေးပါမည်။]